# ဂါလီဗားခရီးစဉ်

## မောင်မြတ်မိုး



JONATHAN SWIFT

# GULLIVER'S TRAVELS

စာမူခွင့်ပြုချက်အမှတ် - ၂၈၉/၂၀၀၁ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၄၉/၂၀၀၁ (၅)

ထုတ်ဝေသူ - ဦးသန်းဆွေ
စစ်သည်တော်စာပေ (မြ - ၀၁၄၇၃)
အမှတ် ၁၁၃၁/က ဥယျာဉ်လမ်း
(၁၉) ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း။

ကွန်ပျူတာစာစီ - အောင်သုခ
အမှတ် ၁၅၇၊ ၃၂လမ်း၊ အလယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - အောင်ချမ်းသာပုံနှိပ်တိုက်
အတွင်းသားပုံနှိပ် ဦးကြည်မြင့် (၀၂၉၃၆ - မြ)
၁၃/၂၇၊ စက်ဝန်း၊ ရွှေဂါလမ်း၊
မာန်အောင်ရပ်ကွက်၊
တာမွေမြို့နယ်။

စာအုပ်ချုပ် - အောင်ချမ်းသာ စာအုပ်ချုပ်လုပ်ငန်း

တန်ဖိုး - (၄၂၀/-)

မျက်နှာဖုံးပန်းချီ - ဦးစန်းလှိုင်

၂၀၀၁ ခုနှစ်၊ ဇူလိုင်လ၊ အုပ်ရေ [၅၀၀]

## အပိုင်း(၁)

## လီလီပတ်သို့ခရီးထွက်ခြင်း

## အခန်း(၁)

နိုတင်ဂန်ရှဲတွင် ကျွန်ုပ်၏ဖခင်၌ အိမ်ယာအဆောက်အဦး ကလေးတစ်ခုရှိ၏။ သားငါးယောက်ထဲတွင် ကျွန်ုပ်ကတတိယ မြောက်ဖြစ်၏။ အသက်(၁၄)နှစ်သားအရွယ်တွင် သူကကျွန်ုပ်ကို "ကန်ဘရိုက်" ရှိ-အီမန်နုရယ်ကောလိပ်သို့ စေလွှတ်ပြီး၊ ထိုနေရာ၌ ကျွန်ုပ်(၃)နှစ် နေထိုင်ကာ လေ့လာသင်ကြားမှုထဲ၌၊ ကျွန်ုပ်ကိုကျွန်ုပ် မြှုပ်နှံထား၏။ သို့သော် (ထောက်ပံ့မှုအနည်းငယ်မျှသာကျွန်ုပ်ရ သော်လည်း) ငွေကြေးနည်းပါးသူအဖို့၊ ကျွန်ုပ်အား ထောက်ပံ့ရသည့် စရိတ်က အလွန်ကြီးမြင့်လွန်းလှသဖြင့် လန်ဒန်မှထင်ရှားသောခွဲစိတ် ဆရာဝန်၊ မစ္စတာဂျိမ်းဘိတ်ထံတွင် ကျွန်ုပ်တပည့်ခံ၍ အလုပ်လုပ် ရ၏။ သူနှင့် အတူကျွန်ုပ်(၄)နှစ်ဆက်လက်နေရပြီး၊ ကျွန်ုပ်ဖခင်က ကျွန်ုပ်ထံ ငွေကြေးအနည်းငယ်ပေးပို့သည့်အခါတိုင်း၊ တနေ့နေ့တချိန် ချိန်တွင် ကျွန်ုပ်ခရီးသွားရမည်ဟု အမြဲယုံကြည်ထားသည့် အတိုင်း ခရီးသွားရန်ကြံရွယ်ထားသူတို့အတွက် အသုံးဝင်သော သင်္ချာပညာ နှင့် ရေကြောင်းပညာအားသင်ကြားရန်အတွက် ထိုပိုက်ဆံများကို ကျွန်ုပ်သုံးစွဲရ၏။ မစ္စတာဘိတ်ထံမှ ကျွန်ုပ်စွန့်ခွာ လာသောအခါ

ကျွန်ုပ်ဖခင်ထံကျွန်ုပ်သွားပြီး၊ သူနှင့်ကျွန်ုပ်၏ ဦးလေးနှင့် အခြားဆွေမျိုး များ၏အကူအညီဖြင့်ပေါင်(၄၀)ကျွန်ုပ်ရပြီး၊ လေဒင်၌ကျွန်ုပ်အား တနှစ်လျှင် ပေါင်(၃၀)ထောက်ပံ့ရန် ကတိပေးကြ၏။ ခရီးရှည်သွားရာ တွင် အသုံးဝင်မည်ဟု ကျွန်ုပ်သိသဖြင့် ရူပဗေဒပညာကို ထိုနေရာ၌ ကျွန်ုပ်(၂)နှစ်နှင့်(၇)လ သင်ကြား၏။

လေဒင်မှကျွန်ုပ်ပြန်လာပြီး မကြာခင်တွင် ကျွန်ုပ်၏ဆရာ မစ္စတာဘိတ်၏ ထောက်ခံချက်ဖြင့် ကပ္ပတိန်"အီလာရာဟမ်မန်နဲ" ဦးစီးသော "ပျံလွှား" သင်္ဘောတွင် ခွဲစိတ်ဆရာဝန်ကျွန်ုပ်ဖြစ်ခဲ့ပြီး၊ သူနှင့်ကျွန်ုပ်(၃)နှစ်ခွဲဆက်လက်ရှိနေခဲ့ကာ လီဗာန်နှင့်အခြား နေရာများသို့ ကျွန်ုပ်တို့တစ်ကြိမ်၊ နှစ်ကြိမ်သွားခဲ့၏။ ကျွန်ုပ် ပြန်လာသောအခါ၊ ကျွန်ုပ်၏ဆရာမစ္စတာဘိတ်တိုက်တွန်းသည့် အတိုင်း၊ လန်ဒန်တွင် ကျွန်ုပ်အခြေချရန်ဆုံးဖြတ်လိုက်ပြီး၊ သူ့ကြောင့် လူနာများစွာ ကျွန်ုပ်ရခဲ့၏။ အိုဂျယ်ရီမှ အိမ်ကလေး၏တစိတ်တပိုင်း ကို ကျွန်ုပ်ယူပြီး၊ ကျွန်ုပ်၏အခြေအနေကိုပြောင်းလဲရန် အကြံပြုကြ သဖြင့် နယူးဂိတ်လမ်းမှ အထည်သည်မစ္စတာအက်ဒ်မွန်ကာတွန်၏ ဒုတိယသမီးမစ္စမာရီကာတွန်ကို ကျွန်ုပ်လက်ထပ်ပြီး၊ မင်္ဂလာလက်ဖွဲ့ အမွေအဖြစ်ပေါင်(၄၀၀)ကျွန်ုပ်လက်ခံရရှိခဲ့၏။

သို့သော်(၂)နှစ်ကြာသောအခါ၊ ကျွန်ုပ်၏ကောင်းလှသော ဆရာဘိတ်သေဆုံးပြီး၊ ကျွန်ုပ်တွင်မိတ်ဆွေအနည်းငယ်သာရှိသဖြင့်၊ ကျွန်ုပ်၏လုပ်ငန်းများကျဆုံးစပြုလာ၏။ ကျွန်ုပ်ညီအစ်ကိုများ၏



အကျင့်ဆိုးကို၊ ကျွန်ုပ်အတုခိုးပြုလုပ်လိုစိတ်မရှိပါ၊ ထို့ကြောင့် ကျွန်ုပ်၏ အသိမိတ်ဆွေအချို့နှင့် ကျွန်ုပ်၏ဇနီးဖြင့်တိုင်ပင်ပြီးနောက် ပင်လယ် ပြင်သို့နောက်တကြိမ်သွားရန် ဆုံးဖြတ်လိုက်၏။ သင်္ဘောနှစ်စင်းတွင် ကျွန်ုပ်အောင်မြင်သော ခွဲစိတ်ဆရာဝန်ဖြစ်ခဲ့ပြီး၊ အရှေ့နှင့်အနောက် အိန္ဒိယကို(၆)နှစ်မျှ ခရီးများစွာသွားကာ ၎င်းကြောင့် ကျွန်ုပ်ငွေကြေး အချို့ထပ်စုဆောင်းမိ၏။ အားလပ်ချိန်တွင် ခေတ်ပေါ်၊ ခေတ်ဟောင်း မှ အကောင်းဆုံးစာရေးဆရာတို့၏စာများကို ကျွန်ုပ်ဖတ်ရှုပြီး၊ စာအုပ် ကောင်းအတော်များများကိုလည်း ကျွန်ုပ်အမြဲရရှိ၏။ ကမ်းပေါ်သို့ ကျွန်ုပ်ရောက်သောအခါ လူများ၏အမူရာနှင့်အကျင့်စရိုက်ကို ကျွန်ုပ်လေ့လာကြည့်ရှုသလို၊ သူတို့၏ဘာသာစကားကို လေ့လာသင် ကြားကာ၊ ဤကိစ္စတွင် ကျွန်ုပ်၏မှတ်ဉာဏ်စွမ်းရည်ကြောင့် ကျွန်ုပ် သင်ကြားရန်များစွာလွယ်ကူခဲ့၏။

ဤခရီးစဉ်များထဲမှ နောက်ဆုံးခရီးစဉ်မှာအလွန်ကံကောင်း ကြောင်း၊ သက်သေမပြခဲ့သဖြင့် ပင်လယ်ပြင်ကို ကျွန်ုပ်ငြီးငွေ့လာပြီး၊ ကျွန်ုပ်၏ဇနီးနှင့်မိသားစုတို့ဖြင့် အိမ်၌ကျွန်ုပ်နေရန်ကြံရွယ်ထား၏။ အိုဂျရီမှဖက်တားလိန်းသို့ ကျွန်ုပ်ပြောင်းရွှေ့လာပြီး၊ သင်္ဘောသားများ အကြားလုပ်ငန်းအချို့ရရန် မျှော်လင့်လျှက်၊ ထိုနေရာမှ စက်ပင်းသို့ ကျွန်ုပ်ပြောင်း၏။ သို့သော်၎င်းက အကျိုးဖြစ်ထွန်းခြင်းမရှိပါ၊ အခြေ အနေများစွာပြေလည်သွားမည်ဟု (၃)နှစ်မျှော်လင့်ပြီး နောက် 'အန်တီလို' သင်္ဘောမာလိန်မှူး၊ ကပ္ပတိန်ဝီလိယန်ပရစ်ချက်ထံမှ

အခွင့်သာသောကမ်းလှမ်းချက်ကို ကျွန်ုပ်လက်ခံလိုက်၏။ သူက တောင်သမုဒ္ဒရာသို့ ခရီးထွက်တော့မည်ဖြစ်၏။ ၁၆၉၉-ခု၊ မေလ(၄)ရက်တွင် ကျွန်ုပ်တို့ဘရစ်စ်တွန်မှသင်္ဘောရွက်စလွှင့်ပြီး၊ အစပထမ၌ ကျွန်ုပ်တို့၏ ရေလမ်းခရီးကအောင်မြင်လှ၏။

ဤပင်လယ်ပြင်မှ ကျွန်ုပ်တို့၏စွန့်စားမှုကို အသေးစိတ်ပြောပြလျှင် စာရှုသူအား စိတ်အနှောက်အယှက်ဖြစ်စေမည်ဖြစ်သဖြင့်၊ သင့်တော်မည် မဟုတ်ပါ၊ ထို့နေရာမှ အရှေ့အိန္ဒိယသို့ ကျွန်ုပ်တို့သွားကြစဉ်၊ ပြင်းထန်သောမုန်တိုင်းကြောင့် ဗန်ဒီမန်ကမ်းခြေအနောက်မြောက်ဘက်သို့ ကျွန်ုပ်တို့လွင့်မျောသွားသည်ဟု အသိပေးခြင်းဖြင့် လုံလောက်ကြပါစို့၊ တိုင်းတာချက်အရ၊ တောင်လတ္တီတွဒ်(၃၀)ဒီဂရီ၊ ၂-တွင် ကျွန်ုပ်တို့ရှိနေ၏။ အလုပ်မတရားလုပ်ရပြီး၊ အစားအသောက်ကောင်းကောင်းမစားရသဖြင့်၊ ကျွန်ုပ်တို့သင်္ဘောသား(၁၂)ယောက်သေဆုံးခဲ့၏။ ကျန်လူများအားလုံးက၊ အလွန်အားနည်းနေသောအခြေအနေတွင်ရှိနေ၏။ ကမ္ဘာထိုဘက်အခြမ်းမှ နွေဦးအစဖြစ်သည့် နိုဝင်ဘာလ(၅)ရက်တွင် ရာသီဥတုက မြူနှင်းများအလွန်ကျနေပြီး၊ သင်္ဘောနှင့်ကြိုးအပြန်တစ်ရာမရှိတရှိတွင် ကျောက်တုံးကြီးတစ်ခုကိုသင်္ဘောသားများ တွေ့မြင်ကြ၏။ သို့သော် လေက အလွန်ပြင်းထန်လွန်းသဖြင့် ကျောက်တုံးကို ကျွန်ုပ်တို့တည့်တည့်ဝင်တိုက်ပြီး၊ သင်္ဘောကချက်ချင်းပင်ထက်ခြမ်းကွဲသွား၏။ ကျွန်ုပ်အပါအဝင်ဖြစ်သော သင်္ဘောသား(၆)ယောက်က လှေကို



ပင်လယ်အတွင်းချပြီး၊ သင်္ဘောနှင့်ကျောက်တုံးတို့နှင့် လွတ်ကင်းရန်အတွက် အလျှင်အမြန်ရွှေ့လျားမှုပြုလုပ်ကြ၏။ ကျွန်ုပ်၏တွက်ချက်မှုဖြင့် (၁၀)မိုင်ခန့် ကျွန်ုပ်တို့လှော်ခတ်ကြရာ၊ သင်္ဘောတွင် ကျွန်ုပ်တို့ရှိစဉ်က၊ အားစိုက်အလုပ်လုပ်ခဲ့ကြရသဖြင့် ကျွန်ုပ်တို့မှာဆက်လက်၍အလုပ်မလုပ်နိုင်တော့ပါ၊ ထို့ကြောင့် ကျွန်ုပ်တို့မှာ လှိုင်းတို့၏ပြုသမျှနုကြရပြီ၊ နာရီဝက်ခန့်မျှအတွင်းတွင်၊ မြောက်ဘက်မှရုတ်တရက်လေပြင်းကျရောက်မှုကြောင့်၊ လှေမှောက်သွား၏။ လှေထဲမှ ကျွန်ုပ်၏အဖော်များသော်၎င်း၊ ကျောက်တုံး၏ ဘေးအန္တရာယ်မှ ကင်းလွတ်သွားသူများသော်၎င်း၊ သို့မဟုတ် သင်္ဘောအတွင်း၌ ကျန်ရစ်ခဲ့သူများသော်၎င်း ဘာဖြစ်သွားကြသည်ကို ကျွန်ုပ်မသိပါ၊ သို့သော် သူတို့အားလုံးပျောက်ဆုံးကုန်သည်ဟုသုံးသပ်ချက်ချရ၏။ ကျွန်ုပ်အဖို့မှာမူ ကံကြမ္မာစေခိုင်းသည့်အတိုင်း ကူးခတ်ရပြီး၊ လေနှင့်ဒီရေကြောင့် ရှေ့သို့တိုးသွားနေ၏။ ကျွန်ုပ်မကြာမဏခြေချကြည့်ပြီး၊ ကြမ်းပြင်နှင့်ထိတွေ့ခြင်းမရှိသေးပါ၊ သို့သော်ကျွန်ုပ်အားကုန်လုနီးပါးဖြစ်ပြီး နောက်ထပ်ရုန်းကန်ကြိုးစားနိုင်ခြင်းမရှိသောအခါ ကျွန်ုပ်၏အရပ်နှင့်မှီသောရေနက်အတွင်း ကျွန်ုပ်ရောက်လာသည်ကိုတွေ့ရ၏။ ဤအချိန်၌ မုန်တိုင်းကများစွာလျော့ပါးသွားပြီးဖြစ်၏။ ကမ်းခြေ လျှောဆင်းမှုကအလွန်ပြေလွန်းသဖြင့် ကမ်းစပ်သို့ရောက်ရန် ကျွန်ုပ်တမိုင်နီးပါးလမ်းလျှောက်ရပြီး၊ ည(၈)နာရီခန့်တွင်မှ ရောက်သည်ဟု ကျွန်ုပ်ခန့်မှန်း၏။ ထို့နောက်ကျွန်ုပ်ကမိုင်ဝက်နီးပါးခန့်ရှေ့တိုးသွား၏။ သို့သော်

အိမ်များကိုသော်၎င်း၊ နေထိုင်သူများကိုသော်၎င်း၊ အရိပ် အယောင် မတွေ့ရပါ။ အဆုံးစွန်ပြောရလျှင် ကျွန်ုပ်အလွန်အားနည်း လွန်းသော အခြေအနေတွင်ရှိနေသဖြင့်၊ ၎င်းတို့ကို ကျွန်ုပ်မတွေ့ခြင်း ဖြစ်မည်၊ ကျွန်ုပ်အလွန်တရာမောပန်းနေပြီး၊ ၎င်းနှင့်အတူရာသီဥတု၏ အပူနှင့် သဘော်မှကျွန်ုပ်စွန့်ခွာစဉ် ကျွန်ုပ်သောက်ခဲ့သော ဘရန်ဒီပိုင့်ဝက် ကြောင့်၊ ကျွန်ုပ်အလွန်အိပ်ချင်နေမိ၏။ မြက်ပင်များပေါ်တွင် ကျွန်ုပ်လဲလျောင်းနေပြီး၊ မြက်ပင်များကအလွန်တို၍၊ နူးညံ့လှကာ၊ ထိုနေရာ၌ ကျွန်ုပ်၏ဘဝတွင် ကျွန်ုပ်မှတ်မိသမျှ အနှစ်ခြိုက်ဆုံးဖြစ်စွာ အိပ်ပျော်သွား၏။ ကျွန်ုပ်အိပ်ယာမှနိုးသောအခါ နေထွက်စရှိသေး သဖြင့်၊ ကျွန်ုပ်(၉)နာရီကျော်အိပ်သည်ဟုမှတ်ယူ၏။ ကျွန်ုပ်ကထရန် ကြိုးစား၏။ သို့သော် ကျွန်ုပ်မလှုပ်ရှားနိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ပက်လက်လှန် လဲလျောင်းနေစဉ်၊ ကျွန်ုပ်၏လက်နှင့် ခြေတို့ကို ဘေးတဖက်တချက်တွင် မြေပြင်နှင့်ခိုင်မာစွာချည်နှောင်ထားပြီး၊ ရှည်လျားထူထဲသော ကျွန်ုပ်၏ဆံပင်ကို၊ ထိုကဲ့သို့သော ပုံစံဖြင့်ချည် နှောင်ထားသောကြောင့်ဖြစ်၏။ သေးငယ်သော ပတ်တည်းစများစွာ တို့ကကျွန်ုပ်၏ဂျိုင်းကြားမှစ၍၊ ကျွန်ုပ်၏ပေါင်အထိ၊ ကျွန်ုပ်၏ကိုယ် ပေါ်တွင်လျှက်သိုင်းလျှက်ရှိနေသည်ဟု ကျွန်ုပ်ခံစားရ၏။ ကျွန်ုပ် အပေါ်ကိုသာကြည့်နိုင်၏။ နေကပူစပြုလာပြီး၊ အလင်းရောင်က ကျွန်ုပ်၏မျက်လုံးများကို ဒုက္ခပေးနေ၏။ ကျွန်ုပ်၏ဝန်းကျင်မှ ရှုပ်ထွေးနေသော အသံများကို ကျွန်ုပ်ကြားရ၏။ သို့သော် ကျွန်ုပ်လဲ



လျောင်းနေသောအနေအထားအရ ကောင်းကင်မှလွဲ၍ဘာကိုမှ ကျွန်ုပ်မမြင်ရပါ၊ ခဏကြာသောအခါ သက်ရှိတစ်စုံတစ်ရာက ကျွန်ုပ်၏ဘယ်ဘက်ခြေထောက်ပေါ်တွင် ရွေ့လျားနေသည်ကို ကျွန်ုပ်ခံစားရပြီး၊ ၎င်းကကျွန်ုပ်၏ရင်ဘတ်ပေါ်တွင် ရှေ့သို့ညင်သာစွာ တိုးလျက်၊ ကျွန်ုပ်၏မေးစေ့အနားသို့ ရောက်လုနီးပါးဖြစ်လာ၏။ ကျွန်ုပ်ကတတ်နိုင်သမျှမျက်လုံးကိုအောက်စိုက်ကြည့်သောအခါ၊ ၎င်းက၊ လေးနှင့်မြားကိုလက်(၂)ဘက်တွင် ကိုင်လျှက်၊ နောက်ကျော တွင်မြားထည့်ဘူးရှိလျှက်၊ အရပ်(၆)လက်မထက်မမြင့်သော လူ သတ္တဝါတစ်ယောက်ဖြစ်နေသည်ကို ကျွန်ုပ်တွေ့ရှိရ၏။ ထိုအချိန်တွင် ပင် (ကျွန်ုပ်ခန့်မှန်းရသလောက်) ပထမဦးဆုံးလူနောက်သို့ လိုက်လာ သော ထိုကဲ့သို့လူသတ္တဝါအနည်းဆုံးအယောက်(၄၀)ကျော်ခန့်ကို ကျွန်ုပ်ခံစားသိရှိမိ၏။ ကျွန်ုပ်အလွန်တရာအံ့ဩထိတ်လန့်မိပြီး၊ ကျယ်လောင်လွန်းလှစွာ အော်ဟစ်မိလိုက်သဖြင့်၊ သူတို့အားလုံးက ကြောက်လန့်စွာပြန်ပြေးကုန်ကြ၏။ ကျွန်ုပ်အားနောက်ပိုင်း၌ ပြန်ပြော ကြသည့်အတိုင်း၊ သူတို့ထဲမှအချို့မှာ ကျွန်ုပ်၏ကိုယ်ပေါ်မှ မြေပြင် ပေါ်သို့ခုန်ချကြရာတွင်၊ အကျမတော်သဖြင့် ဒဏ်ရာအနာတရ ဖြစ်ကြရ၏။ သို့သော်လည်း မကြာခင်တွင်သူတို့ပြန်လာကြပြီး၊ သူတို့ ထဲမှ တစ်ယောက်ကကျွန်ုပ်၏မျက်နှာကို အပြည့်အဝမြင်နိုင်လောက် အောင် စွန့်စားတိုးကပ်လာကာ နှစ်သက်သဘောကျဟန်ဖြင့်၊ မျက်လုံးကိုလှန်၊ လက်နှစ်ဖက်ကိုမြှောက်လျှက်၊ စူးရှသော်လည်း၊

သံကွဲသောအသံဖြင့် "ဟယ်ကီနာဒီရှုး" ဟု အော်လိုက်၏။ အခြားလူများကလည်း ထိုစကားလုံးကို အကြိမ်ပေါင်းများစွာ အော်ဟစ်ကြ၏၊ သို့သော်ထိုအချိန်က သူတို့ဘာဆိုလိုသည်ကို ကျွန်ုပ်မသိပါ။ စာရှုသူယုံကြည်မိမည့်အတိုင်း ထိုတချိန်လုံးတွင် အလွန်တရာမသက်သာစွာဖြင့် ကျွန်ုပ်လဲလျောင်းနေရ၏။ နောက်ဆုံး၌ လွတ်ထွက်ရုန်းကန်ရင်း၊ ကံကောင်းထောက်မစွာဖြင့် ကြိုးများကို ကျွန်ုပ်ဖြတ်တောက်နိုင်ပြီး၊ ကျွန်ုပ်၏ဘယ်ဘက်လက်ကို မြေပြင်နှင့်ချည်နှောင်ထားသောငုတ်တိုင်များကို ဆွဲချွတ်နိုင်ကာ၊ လက်ကိုကျွန်ုပ်၏ မျက်နှာရှေ့သို့မြှောက်ယူခြင်းဖြင့် ကျွန်ုပ်ကိုသူတို့ချည်နှောင်ခဲ့သည့်နည်းစနစ်များကို ကျွန်ုပ်တွေ့ရှိမိ၍၊ တချိန်တည်းတွင် ပြင်းထန်စွာတချက်ဆောင့်ရုန်းလိုက်ရာ၊ အလွန်တရာနာကျင်စွာဖြစ်မိလျှက်၊ ဘယ်ဘက်အခြမ်းမှကျွန်ုပ်၏ဆံပင်တို့အား ချည်နှောင်ထားသောကြိုးများကို ကျွန်ုပ်အနည်းငယ်ပြေလျော့သွားစေ၏။ ထို့ကြောင့် ကျွန်ုပ်၏ဦးခေါင်းကို (၂)လက်မခန့် ကျွန်ုပ်လှည့်နိုင်၏။ သို့သော် သူတို့ကို ကျွန်ုပ်မဖမ်းယူနိုင်ခင်၊ သတ္တဝါများက ဒုတိယအကြိမ်ထွက်ပြေးကြပြီး ထိုနေရာမှအလွန်စူးရှသောအသံဖြင့်၊ ကျယ်လောင်လှစွာ အော်ဟစ်သံတစ်သံထွက်ပေါ်လာ၍ အော်ဟစ်သံရပ်သွားပြီးနောက်တွင် ၎င်းတို့အထဲမှတစ်ယောက်က "တိုရိုမိုနာစ်" ဟု ကျယ်လောင်စွာအော်ဟစ်သည်ကိုကျွန်ုပ်ကြားရ၏။ ထိုအခါခဏအတွင်း ကျွန်ုပ်၏ဘယ်ဘက်လက်အပေါ်ပစ်ခတ်လိုက်သောမျှားအံစင်းတစ်ရာကျော်ကို ကျွန်ုပ်ခံစား



လိုက်ရပြီး၊ ၎င်းတို့ကများစွာသောအပ်များကဲ့သို့ ကျွန်ုပ်ကိုစူးရှစွာနာကျင်စေ၏။ ထို့အပြင်ဥရောပတွင် ကျွန်ုပ်တို့ဗုံးကြဲသကဲ့သို့ သူတို့ကလေထဲကိုနောက်တစ်ကြိမ်ပစ်ခတ်ကြပြီး၊ ဤသို့ဖြင့်များစွာတို့ကကျွန်ုပ်၏ကိုယ်ပေါ်နှင့်အချို့က ကျွန်ုပ်၏မျက်နှာပေါ်သို့ကျရောက်ကုန်ကြ၏။ ကျွန်ုပ်ကဘယ်လက်ဖြင့် ကျွန်ုပ်၏မျက်နှာကို ချက်ခြင်းဖုန်းကွယ်ထားလိုက်၏။ ဤမျှားများ မိုးသီးမိုးပေါက်ရွာချမှုပြီးဆုံးသွားသောအခါ၊ နာကျင်မှု၊ ဝမ်းနည်းမှုတို့ကြောင့် ကျွန်ုပ်ငြီးတွားမိချင်သလိုဖြစ်မိ၏။ ထို့နောက်လွတ်ထွက်ရန် နောက်တစ်ကြိမ်ကျွန်ုပ်ကြိုးစားသောအခါ၊ ပထမဦးဆုံးမျှားထက်ပိုမိုကြီးမားသော နောက်ထပ်မျှားမိုးကို သူတို့ပစ်လွှတ်ကြပြီး၊ သူတို့ထဲမှ အချို့ကကျွန်ုပ်၏ ဘေးကိုလှံများဖြင့်ထိုးနှက်ရန်ကြိုးစားကြ၏။ သို့သော် ကံကောင်းထောက်မသဖြင့်၊ သူတို့မထိုးဖေါက်နိုင်သော သားရေဂျာကင်အကျီကို ကျွန်ုပ်ဝတ်ဆင်ထား၏။ ငြိမ်ငြိမ်သက်သက်လဲလျောင်းနေခြင်းက အကောင်းဆုံးနည်းလမ်းဖြစ်မည်ဟု ကျွန်ုပ်တွေးထင်ပြီး၊ ကျွန်ုပ်၏ရည်ရွယ်ချက်ကညအချိန်ရောက်သည်အထိ ထိုကဲ့သို့ဆက်လက်နေရန်ဖြစ်ကာ၊ ကျွန်ုပ်၏လက်တဖက်၊ လွတ်ထွက်နေပြီဖြစ်၍၊ ထိုအချိန်၌ ကျွန်ုပ်လွယ်ကူစွာလွတ်မြောက်နိုင်မည်ဖြစ်၏။ ဤအရပ်၌နေထိုင်သူတို့အဖို့၊ ကျွန်ုပ်မြင်လိုက်ရသည့်အရွယ်အစားအတိုင်းသာ ရှိကြမည်ဆိုပါမူ၊ ကျွန်ုပ်အားဆန့်ကျင်ရန်အတွက် သူတို့သယ်ဆောင်လာသော အကြီးဆုံးစစ်တပ်များကိုပင်လျှင် ကျွန်ုပ်ရင်ဆိုင်နိုင်ရန် ယုံကြည်ရမည့်အကြောင်းရှိ၏။

သို့သော်ကုသိုလ်ကံကောင်းချင်တော့၊ ကျွန်ုပ်တမျိုးတဖုံဖြစ်ရ၏။ ကျွန်ုပ်ငြိမ်သက်နေကြောင်း၊ လူများကတွေ့မြင်ကြသောအခါ၊ သူတို့ကမျှားများကို ပစ်လွှတ်ခြင်းမရှိကြတော့ပါ၊ သို့သော်ကျွန်ုပ်ကြားရသောအသံအရ၊ သူတို့အရေအတွက်တိုးလာသည်ကို ကျွန်ုပ်ကြားရပြီး၊ ကျွန်ုပ်နှင့်(၄)ကိုက်ခန့်အကွာ ကျွန်ုပ်၏ညာဘက်နားပေါ်တွင် လူများအလုပ်လုပ်နေသကဲ့သို့ ရိုက်နှက်သံများကို ကျွန်ုပ်ကြားရ၏။ ငုတ်တိုင်များနှင့်ကြိုးများ၊ ခွင့်ပြုနိုင်သလောက်ထိုဘက်သို့ ကျွန်ုပ်ဦးခေါင်း လှည့်လိုက်သောအခါ၊ မြေပြင်မှတပေခွဲမျှမြင့်ပြီး၊ ထိုအရပ်သား (၄)ယောက်ကိုတင်နိုင်၍၊ ၎င်းအပေါ်သို့တက်ရန် လှေကား (၂)ခု(၃)ခုရှိသော စင်မြင့်တခုကို ကျွန်ုပ်တွေ့မြင်ရပြီး၊ အရည်အချင်းရှိဟန်တူသော သူတို့အထဲမှတစ်ယောက်က ထိုနေရာမှ မိန့်ခွန်းရှည်ကြီးကိုပြောနေရာ၊ ၎င်းကို ကျွန်ုပ်စကားတလုံးမျှနားမလည်နိုင်ပါ၊ သို့သော်သြဇာအကြီးဆုံးပုဂ္ဂိုလ်ကစကားမစခင်၊ သူက "လန်ဂရိုဒါဟူဆန်" ဟုသုံးကြိမ်အော်သည်ကို ကျွန်ုပ်ဖော်ပြရပေမည် (ဤစကားလုံးများနှင့် စောစောပိုင်းကစကားလုံးများကို ထိုနောက်တွင်ထပ်ပြောပြီး၊ ကျွန်ုပ်ကိုရှင်းပြ၏) ထို့နောက်ချက်ခြင်းဆိုသလိုပင် ထိုဒေမှလူ (၅၀)ခန့်က ကျွန်ုပ်၏ဦးခေါင်းဘယ်ဘက်အခြမ်းအားချီနှောင်ထားသောကြိုးများကို လာဖြတ်ကြသဖြင့် ကျွန်ုပ်ကဦးခေါင်းကို ညာဘက်သို့ လှည့်ရန်အခွင့်အရေးအပြီး၊ စကားပြောနေသောလူနှင့် သူ၏လက်ဟန်ခြေဟန်တို့ကို ကျွန်ုပ်မြင်ရ၏။ သူကအသက်အရွယ်အလည်အလတ်



ရှိဟန်တူပြီး၊ သူနှင့်အတူရှိနေသော အခြားလူ(၃)ယောက်ထက်ပိုအရပ်ရှည်၏။ (၃) ယောက်ထဲမှ တစ်ယောက်ကပစ်ခတ်သည့်လက်နက်တစ်ခုကို ကိုင်ဆောင်ထားသော အမှုထမ်းတစ်ယောက်ဖြစ်ပြီး၊ ကျွန်ုပ်၏လက်ခလည်ထက်အနည်းငယ်ပိုရှည်ဟန်တူ၏။ အခြားလူနှစ်ယောက်က သူ့ကို ထောက်ပံ့မှုပေးရန်သူ၏ ဘေးတဖက်တချက်တွင်ဝပ်နေကြ၏။ စကားပြောသူကစကားပြောခြင်းအမှုကို လုံးလုံးလျားလျားပြုမှုပြီး၊ ခြိမ်းခြောက်မှုများ မကြာခဏပြုလုပ်ပုံနှင့် ကြင်နာပုံ၊ သနားပုံနှင့် အခြားကတိစကားများပေးပုံတို့ကို ကျွန်ုပ်မြင်ရ၏။ ကျွန်ုပ်၏ဘယ်ဘက်လက်နှင့် ကျွန်ုပ်၏မျက်လုံး(၂)လုံးကို နေမင်းဆီသို့တိုင်တည်ဟန်ဖြင့်ပင့်မြှောက်လှန်ကြည့်ပြီး၊ အနည်းငယ်သောစကား၊ အလွန်ကျိုးနွံသောအမူအရာတို့ဖြင့်၊ ကျွန်ုပ်ကအဖြေပေးကာ သင်္ဘောမှကျွန်ုပ်စွန့်ခွာမလာခင်က နာရီအတော်ကြာ အစားတလုပ်မျှ ကျွန်ုပ်မစားခဲ့ရသဖြင့် ဆာလောင်မှုကြောင့် ဇော်မွတ်မတတ်ဖြစ်လျှက်သဘာဝ၏တောင်းဆိုမှုကို ကျွန်ုပ်မခံနိုင်အောင်ဖြစ်မိရာ၊ ကျွန်ုပ်အစားစာလိုကြောင်းအချက်ပြရန်အလို့ငှာ၊ ကျွန်ုပ်၏ပါးစပ်ကို မကြာခဏ လက်ညှိုးထိုးပြမိရင်းဖြင့်၊ စိတ်မရှည်တော့ကြောင်း ကျွန်ုပ်ပြမိ၏။ နောက်ပိုင်း၌ ကျွန်ုပ်သိခဲ့ရသည့်အတိုင်း ဟူရိုးဟု သူတို့ခေါ်ကြသည့်ဘုရင်ကြီးက၊ ကျွန်ုပ်ကိုအလွန်ကောင်းစွာနားလည်သွား၏။ သူက စင်မြင့်ပေါ်မှဆင်းလာပြီး ကျွန်ုပ်၏ဘေးပတ်လည်တွင် လှေကားများစွာကိုထောင်ရန်ပြောကာ ဒေသခံလူတစ်ရာကျော်က

အသားများပြည့်နေသောခြင်းများကိုသယ်ပိုးလျှက် လှေကားပေါ်တက်၍ ကျွန်ုပ်၏ပါးစပ်ဆီသို့လျှောက်လာကြ၏။ ဘုရင်က ကျွန်ုပ်အပေါ် ပထမဦးဆုံးအကြိမ်စတင်နားလည်မိသည်နှင့်တပြိုင်နက်သူ၏ အမိန့်ဖြင့် အသားများကရောက်လာခြင်းဖြစ်၏။ များစွာသောတိရိစ္ဆာန်များ၏အသားများရှိသည်ကို ကျွန်ုပ်တွေ့ရ၏။ သို့သော်၎င်းတို့ကိုအရသာဖြင့် ကျွန်ုပ်ခွဲခြားနိုင်ခြင်းမရှိပါ၊ **သိုးသားကဲ့သို့** ပုခုန်း-လက်နှင့်ကိုယ်ထည်ရှိသော အသားများရှိကာ အလွန်ကောင်းမွန်စွာသန့်စင်ပြင်ဆင်ထား၏။ သို့သော် ၎င်းတို့က စာကလေးဥက်အတောင်ပံထက်သေးငယ်၏။ ၎င်းတို့ကိုပါးစပ်အပြည့်(၂)ခု(၃)ခု ကျွန်ုပ်စားပြီး၊ မီးကျည်သေနတ်ကျည်ဆံအရွယ်အစားရှိ ပေါင်မုန့်တုံးများကိုတကြိမ်လျှင် ကျွန်ုပ်(၃)လုံးစား၏။ ကျွန်ုပ်၏အာသီသနှင့်စားသောက်နိုင်မှုကို အံ့သြထိတ်လန့်မှုအတောမသတ်နိုင်ပြလျှက်၊ သူတို့တတ်နိုင်သမျှ ကျွန်ုပ်ကိုကျွေးမွေးကြ၏။ ထို့နောက် ကျွန်ုပ်ကရေသောက်ချင်ကြောင်း နောက်ထပ်အမူအရာပြ၏။ ကျွန်ုပ်၏စားသောက်ပုံအရအနည်းအကျဉ်းမျှနှင့် ကျွန်ုပ်လုံလောက်မှုရှိမည်မဟုတ်ကြောင်း၊ သူတို့သိကြပြီး ဖြတ်ထိုးဉာဏ်အကောင်းဆုံးလူများဖြစ်ကြသဖြင့်၊ သူတို့၏အကြီးဆုံးစည်ပိုင်းတလုံးကို အလွန်တရာကျွမ်းကျင်စွာဖြင့် တွန်းလှိမ့်လိုက်၏။ ထို့နောက်၎င်းကို ကျွန်ုပ်၏လက်ဆီသို့ တွန်းလှိမ့်လာပြီး ထိပ်ကိုရိုက်ဖေါက်လိုက်၏။ ၎င်းက ပိုင့်ဝက်ခန့်ပင်မရှိသောကြောင့် ၎င်းကိုကျွန်ုပ်တခါတည်းမော့သောက်ချလိုက်ပြီး၊ ၎င်းကဝိုင်



အရက်ကဲ့သို့အရသာရှိ၏။ သို့သော်၎င်းကပို၍ အရသာရှိ၏။ သူတို့က ကျွန်ုပ်ဆီသို့ ဒုတိယစည်ကို သယ်ဆောင်လာ၏။ ၎င်းကိုကျွန်ုပ်ထိုကဲ့သို့ပင်သောက်ပြီး၊ ထပ်မံပေးရန်အမူအရာပြ၏။ သို့သော်သူတို့က ကျွန်ုပ်ကိုထပ်မပေးတော့ပါ။ ဤသို့အံ့သြဘွယ်ရာများကိုကျွန်ုပ်ပြုမူပြီးသောအခါ လူတို့က ဖမ်းသာအားရဖြင့် အော်ဟစ်ကြပြီး၊ ကျွန်ုပ်၏ရင်ဘတ်ပေါ်တွင်ကခုန်ကြကာ၊ အစကနဦးက သူတို့အော်ဟစ်သကဲ့သို့ "ဟယ်ကီနားဒီရှူး" စကားလုံးကို ထပ်ခါထပ်ခါအော်နေကြ၏။ စည်(၂)ခုကို ကျွန်ုပ်ပစ်ချသင့်ကြောင်း၊ သူတို့ကကျွန်ုပ်အားအမူအရာပြ၏။ သို့သော်အစပထမဦးဆုံး၌ အောက်မှလူများကိုလမ်းလွတ်အောင်ရပ်နေရန်သတိပေးပြီး "ဗိုရာချ်မီဗိုလာ"ဟု ကျယ်လောင်စွာအော်ဟစ်ကြ၏။ လေထဲ၌လွင့်သွားသော စည်များကိုသူတို့တွေ့မြင်ရသောအခါ "ဟယ်ကီနားဒီရှူး" ဟု ဝိုင်း၍အော်ဟစ်ကြ၏။ ကျွန်ုပ်၏ကိုယ်ပေါ်တွင်၊ သူတို့ရှေ့နောက်ရွှေ့လျားဖြတ်သွားနေကြသောအခါ၊ ကျွန်ုပ်၏လက်တကမ်းအတွင်း ပထမဦးဆုံးရောက်လာသူ(၄၀/၅၀)ခန့်ကို ကျွန်ုပ်ဖမ်းဆုတ်ပြီး၊ မြေပြင်ပေါ်သို့ပစ်ပေါက်ရန် မကြာခဏကဆန္ဒဖြစ်မိကြောင်းဝန်ခံ၏။ သို့သော်ကျွန်ုပ်ခံစားရခဲ့မှုကို အမှတ်ရမိပြီး၊ သူတို့အပေါ်ကျွန်ုပ်လေးစားရန်ကတိပေးခဲ့မှုတို့ကြောင့် ဤစိတ်ကူးများကို ကျွန်ုပ်ချက်ချင်းမောင်းထုတ်လိုက်၏။ထို့အပြင် ကျွန်ုပ်အားထိုမျှအကုန်အကျခံလျှက်ကြီးကျယ်ခန်းနားစွာပြုစုခဲ့ကြသော လူမျိုးတစုကို ရင်းနှီးဖော်ရွေမှု

ပြုရမည်ဟူသော ဥပဒေသများဖြင့် ယခုကျွန်ုပ်ငြိတွယ်နေပြီဟု စဉ်းစားမိ၏။ သို့သော်လည်း တမူထူးကဲစွာ သေးငယ်လှသော ဤလူသားတို့၏အကြောက်အလန့်ကင်းမဲ့မှုကို ကျွန်ုပ်စိတ်ထဲ၌အတောမသတ်နိုင်အောင် အံ့ဩမိ၏။ သူတို့၏အမြင်တွင် ကျွန်ုပ်အလွန်တရာကြီးမားလှသည့် သတ္တဝါကြီးဖြစ်နေမှုပေါ်နေသည်ကို တုန်လှုပ်မှုမရှိပဲ၊ ကျွန်ုပ်၏ လက်တဖက်ကလွတ်နေစဉ်၊ သူတို့ကျွန်ုပ်၏ကိုယ်ပေါ်သို့တက်ရဲ လမ်းလျှောက်ရဲကြ၏။ အချိန်အတော်ကြာ၍ ကျွန်ုပ်အစားတောင်းခြင်းမပြုလုပ်တော့ကြောင်း သူတို့တွေ့မြင်သောအခါ ဘုရင်ဧကရာဇ်၏ထိပ်ပိုင်းအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦးက ကျွန်ုပ်၏ရှေ့၌ပေါ်လာ၏ သူ၏မှူးမတ်တော်က၊ ကျွန်ုပ်၏ညာဘက်ခြေထောက်အဖျားပေါ်တက် ပြီးသော် သူ၏အခွေ့အရံတဒါဇင်ခန့်ဖြင့် ကျွန်ုပ်၏မျက်နှာဆီသို့ ချီတက်လာ၏။ တော်စင်စီးတံဆိပ်ရိုက်နှိပ်ထားသောသူ၏ အထောက်အထားစာရွက်များကိုထုတ်ယူ၍ ၎င်းတို့ကိုကျွန်ုပ်၏မျက်စေ့အနားသို့တိုးကပ်ကာ ဒေါသဖြစ်မှုတစုံတစ်ရာမပြသော်လည်း ဆုံးဖြတ်ချက်ပိုင်းဖြတ်ထားဟန်ဖြင့်၊ နောက်ပိုင်း၌ ကျွန်ုပ်တွေ့မြင်ရသည့်အတိုင်း မိုင်ဝက်အဝေး၌ရှိသော မြို့တော်ဆီသို့ မကြာခဏညွှန်ပြရင်း၊ ၁၀ မိနစ်ခန့်စကားပြော၏။ ဘုရင်မင်းမြတ်က ကျွန်ုပ်ကိုထိုနေရာသို့ သယ်ဆောင်သွားရမည်ဟု သဘောတူ၏။ ကျွန်ုပ်ကစကားအနည်းငယ်ဖြင့် ပြန်ဖြေ၏။ သို့သော်လိုရင်းကို မရောက်သဖြင့်လွတ်နေသော လက်တဖက်ဖြင့်အမူအရာပြလျက် ကျန်လက်တဖက်



ပေါ်သို့တင်လိုက်၏။ (သို့သော်မှူးမတ်တော်နှင့် သူ၏နောက်ပါအဖွဲ့အား ထိခိုက်နာကျင်စေမည်စိုးသဖြင့်၊ သူတို့ဦးခေါင်းပေါ်မှ ကျော်တင်လိုက်ခြင်းဖြစ်၏။) ထို့နောက် ကျွန်ုပ်၏ ဦးခေါင်းနှင့်ကိုယ်ပေါ်သို့တင်ပြပြီး ကျွန်ုပ်လွတ်လပ်မှုလိုချင်ကြောင်းအချက်ပြအသိပေး၏။ သူကကျွန်ုပ်ကိုကောင်းစွာနားလည်ဟန်တူ၏။ အဘယ်ကြောင့်ဆိုသော်သူကသဘောမတူဟန်ဖြင့် သူ၏ဦးခေါင်းကိုခါရမ်းပြီး ကျွန်ုပ်ကိုအကျဉ်းသားကဲ့သို့ သယ်ဆောင်သွားရမည်ဖြစ်ကြောင်း သူလက်ဖြင့်အမူအရာပြ၏။ သို့သော်လည်း အစားအသောက်လုံလောက်စွာနှင့်အလွန်ကောင်းမွန်သောပြုစုမှုကို ကျွန်ုပ်ရရှိစေမည်ဖြစ်ကြောင်း၊ သူကနောက်ထပ်အမူအရာပြ၍ ကျွန်ုပ်အားနားလည်စေ၏။ ထိုသို့ဖြစ်လျှင်ကျွန်ုပ်၏နှောင်ကြိုးများကို ချိုးဖျက်ဖို့ကြိုးစားရန် နောက်တစ်ကြိမ်ကျွန်ုပ်တွေးမိပြန်၏။ သို့သော် ကျွန်ုပ်၏မျက်နှာနှင့်လက်ပေါ်သို့ကျရောက်လာသော မြှားများ၏စူးရှသော နာကျင်မှုကို ကျွန်ုပ်ခံစားရသလို၊ ရန်သူများ၏အရည်အတွက်ကလည်း တိုးပွားလာနေကြောင်း၊ ကျွန်ုပ်တွေ့မြင်ရသဖြင့် သူတို့ကြိုက်နှစ်သက်သည့်အတိုင်း ကျွန်ုပ်ကိုပြုလုပ်နိုင်ကြောင်း သူတို့သိစေရန်ငှာ ကျွန်ုပ်အချက်ပေးရ၏။ ထိုသို့ဖြစ်လျှင် “ဟာရိုး”နှင့် သူ၏နောက်ပါတို့က များစွာသိမ်မွေ့၍ကြေနပ်ရွှင်လန်းသော မျက်နှာများဖြင့်ဆုတ်ခွာသွားကြ၏။ မကြာခင်တွင် “ဖက်လုံစီလန်” ဟူသောစကားလုံးများမကြာခဏ၊ ထပ်ခါထပ်ခါပါလျက်၊ ဝိုင်းဝန်းအော်ဟစ်သံကို ကျွန်ုပ်ကြားရပြီး၊ ကျွန်ုပ်၏

ဘယ်ဘက်မှများစွာသောလူအရည်အတွက်တို့က ကျွန်ုပ်ကိုညာဘက်သို့ စောင်းစေ၍ ကျွန်ုပ်ကျင်ငယ်စွန့်နိုင်ရန်အတွက် ကြိုးများကို လျှော့ပေး သည်ကိုကျွန်ုပ်ခံစားရ၏။ ကျင်ငယ်ကိုကျွန်ုပ်များစွာ စွန့်သဖြင့် ကျွန်ုပ်၏အမှုအရာကြောင့် ကျွန်ုပ်ဘာလုပ်တော့မည်ကို သိသော လူတို့ကအလွန်တရာ၊ ထိပ်လန့်အံ့ဩစွာဖြင့် ကျွန်ုပ်ဆီမှ ပြင်းထန် ဆူညံစွာ ထွက်လာသောရေစီးချောင်းကို ရှောင်ရှားရန် အတွက် ဘေးတစ်ဖက်တချက်သို့ လမ်းဖွင့်ပေးကြ၏။ သို့သော် ထိုမတိုင်မီတွင် သူတို့က ကျွန်ုပ်၏မျက်နှာနှင့် လက်နှစ် ဖက်စလုံးကို အနံ့အသက် အလွန်ကောင်းသောဆီတမျိုးကို သုတ် လိမ်းပေး၏။ ၄င်းက မီးနစ် အနည်းငယ်အတွင်း မျှားများ၏ စူးရှနာကျင်မှု အားလုံးကို ဖယ်ရှား ပေးလိုက်၏။ အလွန်အာဟာရ ပြည့်ဝသော သူတို့၏ အစားအသောက်များကို ကျွန်ုပ်မှီဝဲရသဖြင့် အားအင် ပြည့်လျှက် ဤအခြေ အနေများ ကြောင့် ကျွန်ုပ်အိပ်ပျော် သွား၏။ နောက်ပိုင်း၌ ကျွန်ုပ်သိရသည့် အတိုင်း ကျွန်ုပ်(၈)နာရီခန့် အိပ်ပျော်သွားပြီး၊ ဘုရင်ဧကရာဇ်၏ အမိန့်အရ ဆေးဆရာများက ဝိုင်အရက်စည်ထဲကို အိပ်ဆေးခတ်ခဲ့ သည်မှာ အံ့ဩဘွယ်ရာ မဟုတ်ပါ။

ကမ်းခြေပေါ်ကျွန်ုပ်ရောက်ပြီးနောက်၊ မြေပြင်ပေါ်တွင် ကျွန်ုပ်အိပ်လျှက်ရှိသည်ကို ပထမဦးဆုံးစတွေ့မြင်လိုက်သည်နှင့် တပြိုင်နက်၊ ဘုရင်ဧကရာဇ်က ၄င်းကိုအလျင်အမြန်သတင်းရပြီး၊



ကျွန်ုပ်အားသင့်လျော်သောအနေအထားဖြင့် ချီနှောင်ထားရန်၊ များစွာသောအစားအသောက်များကို ကျွန်ုပ်ဆီပို့ရန်နှင့် ကျွန်ုပ်အား မြို့တော်သို့သယ်ဆောင်ရေးအတွက်၊ စက်ယန္တရားတစ်ခုတည် ဆောက်ရန် ဆုံးဖြတ်လိုက်ပုံရ၏။

ဤဆုံးဖြတ်ချက်ကအလွန်ရဲရင့်၍အန္တရာယ်များဟန်တူပြီး၊ ဤကဲ့သို့သောအခြေအနေတွင် ဥရောပမှမည်သည့်ဘုရင်ကမှ ထိုကဲ့သို့အတုခိုးပြုလုပ်မည်မဟုတ်ကြောင်း ကျွန်ုပ်ယုံကြည်၏။ သို့သော်လည်း ကျွန်ုပ်၏အမြင်တွင်၄င်းကအလွန်တရာ ဂရုစိုက်လွန်း သလို၊ ရတ်ရက်ရောရောလည်းရှိ၏။ ကျွန်ုပ်အိပ်နေစဉ်သူတို့၏ မျှားများ၊ လှံများဖြင့်ကျွန်ုပ်ကိုသတ်ရန်ဤလူများကကြိုးစားလိမ့်မည် ဟုယူဆလျှင် ပထမဦးဆုံးစူးရှမှုဒဏ်ဖြင့် ကျွန်ုပ်အိပ်ရာမှနိုးလာရန် သေချာပြီး ဤသို့ဖြင့်ကျွန်ုပ်၏ဒေါသစိတ်နှင့် ခွန်အားများနိုးထလာ မည်ဖြစ်၍ ကျွန်ုပ်အားချည်နှောင်ထားသော ကြိုးများကို ကျွန်ုပ် ဖြတ်တောက်နိုင်ကာ၊ ထို့နောက်ပိုင်း၌ သူတို့ကာကွယ်တားဆီးမှု မပြုလုပ်နိုင်ကြသဖြင့်၊ သူတို့ချမ်းသာရာရရန် မျှော်လင့်နိုင်ကြမည် မဟုတ်ပေ။

ဤလူများကသင်္ချာအတွက်အလွန်ကောင်းလှပြီး၊ ပညာပါမောက္ခအဖြစ် ကျော်ကြားသောဧကရာဇ်၏အားပေးထောက်ပံ့မှုဖြင့် စက်ယန္တရားအမှုတွင်ကြီးကျယ်အောင်မြင်မှုရရှိခဲ့ကြ၏။ ဤမင်းတွင် သစ်ပင်များနှင့်အခြားဝန်လေးပစ္စည်းများသို့ သယ်ဆောင်ရန်

အတွက် ဘီးများပေါ်တွင် တပ်ဆင်ထားသော စက်ယန္တယားများ များစွာရှိ၏။ သူကအဲကြီးဆုံးစစ် သင်္ဘောများကို မကြာခဏတည် ဆောက်ပြီး၊ ၎င်းတို့ထဲမှအချို့က(၉)ပေရှည်လျားကာ၊ သစ်ပင်များ ပေါက်သည့်တောထဲတွင် သစ်များဖြင့်ဆောက်၍၊ ၎င်းတို့ကို ဤယန္တယားစက်များပေါ်တင်လျှက်၊ ကိုက်(၃၀၀-၄၀၀)အဝေး၌ရှိသော ပင်လယ်ဆီသို့သယ်ဆောင်စေ၏။ သူတို့တည်ဆောက်ခဲ့သမျှတွင် အကြီးကျယ်ဆုံးသော ယန္တယားစက်ကို လက်သမားများနှင့် အင်ဂျင်နီယာငါးရာတို့အား ချက်ခြင်းတည်ဆောက်စေ၏။ ၎င်းက မြေပြင်မှ(၃)ပေမြင့်သော သစ်သားဘောင်တစ်ခုဖြစ်ပြီး၊ (၇)ပေခန့် မျှရှည်၍ (၄)ပေမျှကျယ်ကာ၊ ဘီး-၂၂လုံးဖြင့် ရွေ့လျား၏။ ကျွန်ုပ် ကမ်းခြေသို့ရောက်ပြီး နောက်လေးနာရီအတွင်း၊ ထွက်ခွါလာဟန်တူ သော ဤယန္တယားစက်ရောက်သောအခါ၊ အော်ဟစ်သံများကို ကျွန်ုပ်ကြားရ၏။ကျွန်ုပ်လဲလျောင်းနေစဉ် ၎င်းကိုကျွန်ုပ်နှင့် ဘေးချင်းယှဉ်လျှက် ယူဆောင်လာ၏။ သို့သော်အဓိကအခက်အခဲက ကျွန်ုပ်ကို ထိုယာဉ်ယန္တယားပေါ်သို့မတင်ရန်ဖြစ်၏။ တပေအမြင့် အသီးသီးရှိသော တိုင်အလုံး(၈၀)ကို ဤရည်ရွယ်ချက်အတွက် စိုက်ထူရပြီး၊ ဂုံနီကြိုး ခန့်အရွယ်အစားရှိသော အလွန်ခိုင်ခန့်လှသည့် ကြိုးများကို ကျွန်ုပ်၏-လည်ပင်း၊ လက်၊ ခြေထောက်နှင့်ကိုယ်လုံးအား ချည် နှောင်ထားသည့် ပတ်တီးဖျားတွင် ချိတ်များဖြင့်တွယ်ချိတ် လိုက်၏။တိုင်များတွင်ချည်နှောင်ထားသည့် များစွာသောစက်သီး



များဖြင့်၊ ထိုကြိုးများကိုဆွဲရန်အတွက် အသန်မာဆုံးလူကိုးရာ အသုံးပြုရပြီး၊ ဤသို့ဖြင့်(၃)နာရီ မရှိတရှိအတွင်းကျွန်ုပ်ကို ထိုယန္တယားစက်ပေါ်သို့မတင်၍ ထိုနေရာ၌ တင်းကြပ်စွာချည်နှောင် လိုက်ကြ၏။ ဤဆောင်ရွက်မှုအားလုံးကို ထမ်းဆောင်နေကြစဉ် ကျွန်ုပ်မှာယမကာထဲသို့ခတ်လိုက်သော အိပ်ဆေးအစွမ်းကြောင့် နှစ်ခြိုက်စွာအိပ်ပျော်နေသဖြင့်၊ ၎င်းတို့ အားလုံးကိုနောက်ပိုင်း၌ ကျွန်ုပ်အားပြောပြ၏။ (၄)လက္ခခွဲခန့်မြင့်သော ဧကရာဇ်၏ အကြီးဆုံးမြင်းများအကောင်-၁၅၀၀ကိုအသုံးပြု၍ ကျွန်ုပ်ပြောသည့် အတိုင်း၊ မိုင်ဝက်အဝေး၌ရှိသော မြို့တော်ဆီသို့ ကျွန်ုပ်ကိုဆွဲယူသွား ၏။

ကျွန်ုပ်တို့ခရီးစတင်ပြီး(၄)နာရီခန့်ကြာသောအခါ၊ အလွန် ထူးစမ်းသောမတော်တဆမှုကြောင့် ကျွန်ုပ်အိပ်ယာမှနိုးလာ၏။ မြင်းရထားက တစုံတရာချွတ်ယွင်းသွားသဖြင့် ၎င်းကိုပြင်ဆင်ရန် ခဏရပ်နေသောအခါ၊ ငယ်ရွယ်သောအရပ်သား(၂)ယောက်၊ (၃)ယောက်က ကျွန်ုပ်အိပ်နေစဉ် မည်ကဲ့သို့ပုံပေါ်နေမည်ကို စပ်စု ကြည့်လိုကြ၏။ သူတို့ကယန္တယားစက်ပေါ်သို့ တက်လာပြီး၊ ကျွန်ုပ်၏ မျက်နှာဆီသို့ အလွန်ညင်သာစွာဖြင့် တိုးလာနေစဉ်၊ လုံခြုံရေးအရာရှိ ဖြစ်သူ သူတို့ထဲမှတစ်ယောက်က ချွန်ထက်သောသူ၏လှံတံအဖျားကို ကျွန်ုပ်၏လက်ဝဲဘက်နှာခေါင်းပေါက်အတွင်း အတော်ဝင်အောင် ထိုးထည့်လိုက်ပြီး၊ ကောက်ရိုးမျှင်တစ်ခုကဲ့သို့ ကျွန်ုပ်၏နှာခေါင်းကို

ကလိနေရာ၊ ကျွန်ုပ်ပြင်းထန်စွာနှာချေမိ၏။ ထိုသို့ဖြစ်သော် သူတို့
ထွက်ပြေးကြ၏။ ကျွန်ုပ်ထိုသို့ရုတ်တရက်နိုးလာရသည့်အကြောင်းရင်း
ကို ရက်သတ္တပတ်(၃)ပတ်ကြာပြီးမှသိရ၏။ ထိုနေ့အတွက် ကျန်ရှိ
သော ခရီးကိုကျွန်ုပ်တို့ရှည်လျားစွာချီတက်သွားကြပြီး၊ ညဘက်
တွင်ကျွန်ုပ်တို့အနားယူကြ၍၊ ကျွန်ုပ်၏ဘေးတဖက်တချက်တွင်
အစောင့်(၅၀၀)က၊ တဝက်ကမီးထုတ်ကိုင်လျက်၊ တဝက်ကလေးမြှား
ကိုင်လျက် ကျွန်ုပ်လှုပ်ရှားမှုပြုလျှင် ပစ်ခတ်ရန်အဆင်သင့်ဖြစ်နေ
ကြ၏။ နောက်တနေ့မနက်နေထွက်သောအခါ ကျွန်ုပ်တို့၏ ချီတက်မှု
ကို ပြန်လည်အစပြုပြီး မွန်းတည့်ချိန်ခန့်တွင် မြို့တော်ဂိတ်ပေါက်နှင့်
ကိုက်ရှစ်ရာအတွင်းသို့ ရောက်လာကြ၏။ ဧကရာဇ်နှင့်သူ၏မှူးမတ်
အဖွဲ့က ကျွန်ုပ်တို့ကိုထွက်၍တွေ့ကြ၏။ သို့သော်သူ၏ အရာရှိတော်
များက ကျွန်ုပ်၏ခန္ဓာကိုယ်ပေါ်တက်ခြင်းဖြင့် သူတို့၏အရှင်မင်းကြီး
ကို အန္တရာယ်အဖြစ်မခံလိုကြပေ။

ရထားယာဉ်ရပ်သည့်နေရာတွင် ရှေးဟောင်းဘုရားကျောင်း
တည်ရှိပြီး၊ ၎င်းကထိုနိုင်ငံတခုလုံးတွင် အကြီးဆုံးဖြစ်ဟန်တူကာ
လွန်ခဲ့သောနှစ်အနည်းငယ်ကလူသတ်မှုတစ်ခုကြောင့်၊ ၎င်းကို ဤလူ
များကမနှစ်မြို့ဘွယ်ရာနေရာအဖြစ်မြင်ကြ၏။ ထို့ကြောင့် ၎င်းကို
သာမန်ကိစ္စများအတွက် အသုံးပြုကြကာ၊ ၎င်း၏အလှတန်ဆာ
ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများကိုသယ်ဆောင်ယူနှင့်သွားကြ
ကုန်၏၊ ဤအဆောက်အအုံထဲတွင် ကျွန်ုပ်နေထိုင်ရန်ဆုံးဖြတ်ကြ၏။



မြောက် ဘက်သို့မျက်နှာမူနေသော ကြီးမားသည့်ဂိတ်ပေါက်ကြီးက
လေးပေ ခန့်မြင့်ပြီး၊ (၂)ပေနီးပါးခန့်ကျယ်ကာ ၎င်းအတွင်းမှ ကျွန်ုပ်
လွယ်ကူစွာ ငုံ့ဝင်သွားနိုင်၏။ ဂိတ်ပေါက်ဘေးတဖက်တချက်တွင်
မြေပြင်မှ (၆)လက်မထက်မမြင့်သောပြတင်းပေါက်ကလေးတစ်ခု
စီရှိ၏။ ဘယ်ဘက်တွင်ရှိသောပြတင်းပေါက်ထဲသို့ ဘုရင်၏ပန်းဘဲ
ဆရာများက အမျိုးသမီးဟန်းချိန်းကဲ့သို့သော ချိန်းကြိုးများကို
သယ်ဆောင်လာကြပြီး၊ ၎င်းကို ကျွန်ုပ်၏ဘယ်ဘက်ခြေထောက်တွင်
သော့ခလောက် များဖြင့်ခတ်ထားလိုက်၏။ ဤဘုရားကျောင်း၏
အလွန်ပေ(၂၀) အဝေး၌ရှိသော လမ်းမကြီး၏အခြားတဖက်တွင်
အနည်းဆုံး(၅)ပေ ခန့်မြင့်သည့် ကင်းမျှော်စင်တစ်ခုရှိ၏။ ဤနေရာမှ
ဧကရာဇ်က သူ၏ မှူးမတ်များစွာနှင့်အတူ ကျွန်ုပ်ကိုရှုမြင်နိုင်ရန်
ဆင်းသက်လာ၏။ သူတို့ကို ကျွန်ုပ်မမြင်နိုင်ဘဲ နောက်ပိုင်း၌
ကျွန်ုပ်အားပြန်ပြောပြကြ၏။ ဒေသခံလူတစ်သိန်းကျော်က
ထိုကဲ့သို့ကျွန်ုပ်ကို တွေ့မြင်နိုင်ရန် အတွက် မြို့ထဲမှထွက်လာကြ
သည်ဟုမှတ်ယူရပြီး၊ ကျွန်ုပ်အား စောင့်ကြပ်နေသူများရှိသော်လည်း
လှေကားများအကူအညီဖြင့် အကြိမ်ပေါင်းများစွာ ကျွန်ုပ်၏ကိုယ်ပေါ်
သို့တက်လာသူများ၊ တစ်သောင်းထက်မနည်းဟု ကျွန်ုပ်ယုံကြည်ရ၏။
သို့သော် ကျွန်ုပ်နာကျင်၍သေမည်ကိုစိုးရိမ်သဖြင့်၊ ၎င်းကိုအမိန့်
ကြေငြာချက်ထုတ်လျက် တားမြစ်ရ၏။ ကျွန်ုပ်လွတ်ပြေးရန်
မဖြစ်နိုင်ကြောင်း အလုပ်သမားများက တွေ့မြင်ကြသောအခါ

ကျွန်ုပ်အားချည်နှောင် ထားသည့်ကြိုးများအားလုံးကို ဖြတ်တောက်လိုက်ကြပြီး၊ ဤသို့ဖြင့် ကျွန်ုပ်၏တသက်တာတွင် ကြုံတွေ့ခဲ့ရသမျှ စိတ်ခါတ်အကျဆုံး ဖြစ်စွာဖြင့် ကျွန်ုပ်မတ်တပ်ရပ်လိုက်၏။ သို့သော် ကျွန်ုပ်ထပြီး လမ်းလျှောက်သည်ကို မြင်ကြရသောလူအများ၏ တအံ့တသြ အော်ဟစ်ဆူညံသံကို ဖော်ပြ၍ရနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်၏ ဘယ်ခြေအား ချုပ်နှောင်ထားသော သံကြိုးများက (၂)ကိုက်ခန့်ရှည် လျားပြီး၊ ကျွန်ုပ်အားပတ်ချာလှည့်၍၊ ရှေ့-နောက်-လမ်းလျှောက်နိုင် စေယုံသာမက၊ ဂိတ်ပေါက်ဝအတွင်း (၄)လက်မခန့်ထည့်၍ ၎င်းတို့ကို ချိတ်ချီထားသဖြင့် ဘုရားကျောင်းအတွင်း ကျွန်ုပ်တကိုယ်လုံးတွား သွားဝင်၍လဲလျောင်းနိုင်၏။



## အခန်း(၂)

ကျွန်ုပ်မတ်တပ်ရပ်မိသောအခါ၊ ကျွန်ုပ်၏ဘေးပတ်လည်ကို ကျွန်ုပ်ကြည့်ပြီးထိုကဲ့သို့သော ပရိတ်သတ်မြင်ကွင်းကို ကျွန်ုပ်တခါမှ မမြင်ဘူးခဲ့ကြောင်းဝန်ခံရပေမည်။ နိုင်ငံအဝှမ်းကတမျှော်တခေါ် ကျယ်သောပန်းခြံနှင့်တူပြီး၊ ယေဘုယျအားဖြင့် ပေ(၄၀)ပတ်လည် ရှိသောကွင်း၊ နယ်အစု၊ စုက များစွာသောပန်းခင်းကြီးများနှင့်တူလှ၏။ ဤကွင်းနယ်များက ထိုးထိုးထောင်ထောင်ဖြစ်နေသော သစ်ပင်များဖြင့် တောအုပ်များဖြစ်နေကာ၊ ကျွန်ုပ်ဆုံးဖြတ်ရသလောက် အမြင့်ဆုံး သစ်ပင်များမှာ(၇)ပေခန့် မြင့်ဟန်တူ၏။ ကျွန်ုပ်၏ဘယ်ဘက်အခြမ်းတွင်ရှိသော မြို့ကိုကျွန်ုပ်ကြည့်ရှုပြီး ၎င်းကဇာတ်ခုံထဲမှ မြို့တော်မြင်ကွင်းပန်းချီကားချပ်နှင့်တူလှ၏။

ကျွန်ုပ်နောက်ဆုံးကျင်ကြီးစွန့်ခဲ့သည်မှာ နှစ်ရက်နီးပါးရှိနေပြီဖြစ်သဖြင့် အံ့သြစရာမဟုတ်သည့်အတိုင်း၊ မလွှဲမရှောင်သာ အန္တရာယ်ကြောင့်ကျွန်ုပ်နာရီအတော်ကြာအဖိစီးခံနေရ၏။ မနေနိုင်မှုနှင့် ရှက်ကြောက်ခြင်းအကြား ကျွန်ုပ်အလွန်တရာဒုက္ခရောက်နေရ၏။ ကျွန်ုပ်စဉ်းစားရသလောက်အကောင်းဆုံးနည်းမှာ ကျွန်ုပ်၏

အိမ်အတွင်းသို့ ကျွန်ုပ်တွားသွားဝင်သွားရန်ဖြစ်ပြီး၊ ထိုအတိုင်းပင် ကျွန်ုပ်ပြုလုပ်ရကာ၊ ကျွန်ုပ်၏သံကြိုးအရှည်ခွင့်ပြုသလောက် ဝေးဝေး ကျွန်ုပ်သွား၍ ကျွန်ုပ်၏ခန္ဓာကိုယ်မှ မသက်သာသောထိုဝန်ထုပ်ကြီးကိုစွန့်ချရ၏။ သို့သော် ထိုမျှမသန့်ရှင်းသော အပြုအမူကြောင့် ကျွန်ုပ်အပြစ်မကင်းကြောင်း ခံစားရမိသည်မှာ ထိုအချိန်၌သာလျှင် ဖြစ်ပြီး ဤအကွက် ရိုးရှင်းပွင့်လင်းသောစာရှုသူအနေဖြင့် ကျွန်ုပ်၏ အခြေအနေနှင့် ကျွန်ုပ်တွေ့ကြုံနေရသောဒုက္ခကို ပြည့်စုံလုံလောက်စွာစဉ်းစားကြည့်မည်ဆိုလျှင် နားလည်ခွင့်လွှတ်တန်ရာသည်ဟုသာ ကျွန်ုပ်မျှော်လင့်ရ၏။ ထိုအချိန်မှစ၍ ကျွန်ုပ်နေ့တဓူဝပြုလုပ်ရသည့် ကိစ္စကို ကျွန်ုပ်၏သံကြိုးအဆုံး၊ လေဟာပြင်ထဲ၌ ပြုမူဆောင်ရွက်ရပြီး ညဉ့်ပရိတ်သတ်မလာခင် မနက်တိုင်း အချိန်မှန်ဂရုစိုက်မှုပြုလုပ်ရကာ မနှစ်မြို့ဘွယ်ကျင်ကြီးများကို ဤကိစ္စအတွက်ခန့်ထားသော အမှုထမ်းတစ်ယောက်က ဘီးတပ်တွန်းလှည်းဖြင့် သယ်ယူသွားကြရ၏။ ထိုကမ္ဘာမှ သန့်ရှင်းရေးကိစ္စတွင် ကျွန်ုပ်၏အပြုအမူကို ပြုပြင်မှုပြုလုပ်ရန်လိုအပ်သည်ဟု ကျွန်ုပ်မထင်လျှင် ရုတ်တရက်ကြည့်သော် အလွန်တရာအရေးမကြီးလှဟန်တူသော အခြေအနေတခုအကြောင်းကို ကျွန်ုပ်ရှည်လျားစွာ ပြောနေမည်မဟုတ်ပါ။ ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်ကိုမကောင်းပြောသူများက ၎င်းအတွက် နှစ်သက်ကြပြီး၊ မေးခွန်းများထုတ်ကြသည်ဟု ကျွန်ုပ်အားပြောပြ၏။



ဤစွန့်စားမှုကြီးပြီးဆုံးသွားသောအခါ၊ ကျွန်ုပ်၏အိမ်ထဲမှ ကျွန်ုပ်ပြန်ထွက်လာပြီး၊ လေကောင်းလေသန့်အတွက် အခွင့်အရေးပြန်ရ၏။ ဧကရာဇ်က မျှော်စင်ပေါ်မှဆင်းလာပြီးဖြစ်ကာ ကျွန်ုပ်ဆီသို့ မြင်းစီးပြီးလာနေစဉ်သူ၏ရှေ့တွင် တောင်ကြီးလှုပ်နေသကဲ့သို့ ပုံဖော်နေသည့် ထိုကဲ့သို့သောမြင်ကွင်းကို လုံးဝမတွေ့ကြုံဘူးသဖြင့်၊ မြင်းကပဒပ်ထရပ်လိုက်၏။ သို့သော်ကျွမ်းကျင်သော မြင်းစီးသမားဖြစ်သည့် ဧကရာဇ်က မြဲမြဲစွာဆက်လက်ထိုင်နေရာ သူ၏အမှုထမ်းများကပြေးလာကြပြီး၊ မြင်းဇက်ကြိုးကိုထိန်းလိုက်စဉ်၊ မင်းမြတ်က အချိန်မှီမြင်းပေါ်မှဆင်းလာ၏။ မြေပြင်ပေါ်သို့ ဆင်းလာပြီးသောအခါ သူကအလွန်တရာအံ့ဩဟန်ဖြင့် ကျွန်ုပ်ကိုလှည့်ပတ်ကြည့်ရှု၏။ သို့သော်ကျွန်ုပ်အားချည်နှောင်ထားသည့် သံကြိုးအဆုံးနှင့်လွတ်ရာတွင်နေ၏။ ကျွန်ုပ်အားအစားအသောက်များပေးရန် သူ၏စားဖိုမှူးနှင့်သားသတ်သမားများကို သူကအမိန့်ပေး၏။ သူတို့ကပြင်ဆင်နေပြီးဖြစ်ကာ ၎င်းတို့ကိုကျွန်ုပ်နှင့်လက်လှမ်းမီသည်အထိ ဘီးများပါသော ယာဉ်တမျိုးပေါ်တင်၍ တွန်းလာ၏။ ယာဉ်များက များစွာဖြစ်၏။ ဤယာဉ်များကို ကျွန်ုပ်က ကောက်ယူပြီးချက်ခြင်းပင်၎င်းတို့အားလုံးကို ကျွန်ုပ်အကုန်စားပစ်လိုက်၏။ ယာဉ်အစင်း(၂၀)ကို အသားများတင်ရပြီး၊ (၁၀)စင်းကိုယာမကာများတင်ရ၏။ အသားတင်ယာဉ်တစ်စီးက ကျွန်ုပ်အတွက်(၂)လုပ်(၃)လုပ်ကောင်းကောင်းစားရပြီး၊ ယာဉ်(၁၀)စီးမှ ယမကာများကို ကျွန်ုပ်အကုန်သောက်လိုက်၏။

ယာမကာများကို မြေအိုးထဲတွင် ထည့်ယူလာခြင်းဖြစ်ပြီး၊ ယာဉ်တစီး
ကို ကျွန်ုပ်တခါတည်းမော့ချ၍ ဤသို့ဖြင့်ကျန်ယာဉ်အားလုံးကိုလည်း
ကျွန်ုပ်တစ်ခါတည်းမော့သောက်၏။ မိဖုရားနှင့်သားတော်၊ သမီးတော်
များက အမျိုးသမီးများစွာခြံရံလျက်၊ ခပ်လှမ်းလှမ်းမှသူတို့၏
ထိုင်ခုံများတွင် ထိုင်နေကြ၏ သို့သော်ဧကရာဇ်၏မြင်းမတော်တဆ
ဖြစ်မှုကြောင့် သူတို့မြေပြင်ပေါ်ဆင်းကြပြီး၊ ဧကရာဇ်အနားဆီသို့
လာကြ၏။ သူ၏ပုံပန်းသဏ္ဌာန်ကို ကျွန်ုပ်ယခုဖော်ပြတော့မည်ဖြစ်၏။
သူ၏အရပ်က သူ၏မှူးမတ်အဖွဲ့ဝင်များထက်၊ ကျွန်ုပ်၏လက်သည်းခွံ
အကျယ်လောက်ပိုရှည်၏။ ဤတစ်ခု တည်းကပင် မြင်ရသူများကို
ထိတ်လန့်မှုဖြစ်စေ၏။ သူ၏သွင်ပြင်က သန်မာတောင့်တင်းပြီး၊
ယောကျ်ားဆန်၏။ သူ၏နှုတ်ခမ်းက ဩစတြေးလျနိုင်ငံသူတို့၏
နှုတ်ခမ်းကဲ့သို့ဖြစ်ပြီး၊ နှာခေါင်းက ကောက်နေ၏။ သူ၏အသား
အရည်ကစိမ်းဖန့်ဖန့်အရောင်ဖြစ်၏။ သူ၏ မျက်နှာကတင်းမာနေ၏။
သူ၏ခန္ဓာကိုယ်နှင့်ခြေလက်တို့က အချိုးအစားကျန၏။ သူ၏
လှုပ်ရှားမှုဟန်ပန်အားလုံးက ကျက်သရေရှိပြီး၊ သူ၏အမူအရာက
ခန့်ငြားထည်ဝါ၏။ ထိုအချိန်က၊ သက်ငယ်ပိုင်းကို သူကျော်လွန်ကာ၊
အသက်(၂၈)နှစ်ရှိပြီဖြစ်၍(၄)ပုံ(၃)ပုံ၊ သက်တမ်း သို့ရောက်နေပြီး၊
ထိုသက်တမ်းထဲမှအောင်မြင်စွာ၊ ပျော်ရွှင်စွာ(၇)နှစ် ခန့်အုပ်ချုပ်မင်း
လုပ်ခဲ့၏။ သူ့ကိုကောင်းကောင်းမြင်တွေ့နိုင်ရန် အလို့ငှာ၊ ကျွန်ုပ်
ဘေးစောင်းလှဲလိုက်၏။ ထို့ကြောင့် ကျွန်ုပ်၏မျက်နှာက၊ သူ၏



မျက်နှာနှင့် မျက်နှာချင်းဆိုင်ဖြစ်နေကာ သူက(၃) ကိုက်အကွာ၌
သာရပ်နေ၏။ သို့သော်လည်း ထိုအချိန်မတိုင်ခင်က ကျွန်ုပ်၏လက်ထဲ
တွင် သူ့အကြိမ်ပေါင်းများစွာရှိနေခဲ့သဖြင့်၊ သူ၏ ပုံပန်းသဏ္ဌာန်ကို
ကျွန်ုပ်မမှားနိုင်ပါ၊ သူ၏အဝတ်အစားများက အလွန်ရိုးရှင်းပြီး၊
အာရှနှင့်ဥရောပပုံစံ(၂)ခုကိုစပ်ထား၏။ သို့သော် သူ၏ဦးခေါင်း
တွင်ရတနာများစီချယ်ထားပြီး ထိပ်၌ငှက်အတောင်ပါသော
သရဖူတခုကိုသူဆောင်းထား၏။ ကျွန်ုပ်လွတ်ထွက်လာလျှင် သူ့ကို
ကာကွယ်ရန်အတွက် သူ၏ဓါးကိုဆွဲထုတ်၍ လက်ထဲ၌ ကိုင်ဆောင်
ထား၏။ ၄င်းက ၃-လက်မနီးပါးမျှရှည်လျားကာ၊ လက်ကိုင်နှင့်
ဓါးအိမ်ကိုစိန်စီ၍၊ ရွှေချထား၏ သူ၏အသံကစူးစူးရှရှ ဖြစ်၏။
သို့သော်အလွန်ကြည်လင်ပြတ်သားပြီး၊ ကျွန်ုပ်မတ်တပ်ရပ်လိုက်
သောအခါ ၄င်းကိုကျွန်ုပ်ကွဲပြားစွာကြားရ၏။ နန်းတွင်းသူများနှင့်
ကိုယ်လုပ်တော်များအားလုံးက ခန်းနားလှစွာ ဝတ်စားထားကြ၏။
ထို့ကြောင့်သူတို့ရပ်နေသောနေရာသည် ရွှေချည်ငွေချည်ထိုးထား
သော အတွင်းခံဘောင်းဘီတစ်ခုကို မြေပြင်ပေါ်တွင် ဖြန့်ခင်းထား
သကဲ့သို့အလားပုံသဏ္ဌာန်ဖြစ်ပေါ်နေဟန်တူ၏။ ဧကရာဇ်ဘုရင်က
ကျွန်ုပ်ကိုမကြာခဏစကားပြောပြီး၊ ကျွန်ုပ်ကပြန်လည်တုန့်ပြန်
အဖြေပေးခဲ့၏။ သို့သော်ကျွန်ုပ်တို့နှစ်ဦးစလုံးက စကားတစ်လုံးမျှ
နားမလည်နိုင်ကြပါ၊ သူ၏စာရေးစာချီနှင့် ရှေ့နေများစွာတို့ကလည်း
အခစားရှိနေကြပြီး (သူတို့၏အမူအကျင့်ကို ကျွန်ုပ်ခန့်မှန်းရ

သလောက်) ကျွန်ုပ်အားစကားပြောရန် သူတို့ကိုအမိန့်ပေးရာ၊ ကျွန်ုပ်ကလည်း မတောက်တခေါက်တတ်ကျွမ်းသည့်ဒတ်ချ်၊ လက်တင်၊ ပြင်သစ်၊ စပိန်၊ အီတလီ၊ လင်နာဖရန်ကာစသည်များစွာသောဘာသာစကားများဖြင့် သူတို့ကိုပြော၏။ သို့သော်အားလုံးကအရာရောက်မှုမရှိပါ၊ ၂-နာရီမျှကြာသောအခါ ဘုရင်ညီလာခံရပ်နားပြီးအကြမ်းဖက်လူတစ်စု၏ရမ်းကားမှုနှင့်စော်ကားမှုများကို ကာကွယ်ရန်အတွက် တောင့်တင်းသော အစောင့်တဖွဲ့ဖြင့်၊ ကျွန်ုပ်ကိုထားခဲ့ကာထိုအကြမ်းဖက်လူစုက သူတို့ရဲရင့်သလောက်၊ ကျွန်ုပ်၏ဝန်းကျင်တွင်အလွန်စိတ်မရှည်စွာ စုဝေးနေကြရာ၊ ကျွန်ုပ်၏တံခါးဝတွင် ကျွန်ုပ်ထိုင်နေစဉ် သူတို့ထဲမှ အချို့ကရမ်းကားစွာဖြင့် ကျွန်ုပ်ကိုမြားများနှင့်ပစ်ခတ်ကြလျှင် မြားတစင်းက ကျွန်ုပ်၏ဘယ်ဘက်မျက်လုံးကိုအလွန်ပွတ်ကာသီကာဖြင့်လွဲချော်သွား၏။ သို့သော် ဗိုလ်မှူးကဂိုဏ်းခေါင်းဆောင်(၆)ယောက်ကို ဖမ်းဆီးရန်အမိန့်ပေးပြီး၊ သူတို့ကိုကျွန်ုပ်၏လက်ထဲသို့ထည့်ပေးမှသာ အကောင်းဆုံးအပြစ်ပေးခြင်းဖြစ်မည်ဟု စဉ်းစားမိ၍ ဤသို့ဖြင့် သူ၏စစ်သားအချို့ကနာခံဆောင်ရွက်ကာ၊ သူတို့ကို လှံတံချွန်ဖြင့်ထိုးလျှက် ကျွန်ုပ်နှင့်လက်လှမ်းမီရာဆီသို့ တွန်းပေး၏။ ကျွန်ုပ်ကသူတို့အားလုံးကို ညာလက်ဖြင့်ဆုပ်ကိုင်ယူကာ(၅)ယောက်ကို ကျွန်ုပ်၏ကုတ်အင်္ကျီအိတ်ထဲထည့်၍ ဆဋ္ဌမမြောက်လူကိုမူသူအား ကျွန်ုပ်အရှင်လိုက်ဝါးစားမည်ဟုအမူအရာလုပ်ပြ၏။ သနားစရာလူက ထိတ်လန့်ကျယ်လောင်စွာ အော်ဟစ်ပြီး



အထူးသဖြင့် ကျွန်ုပ်၏အိပ်ဆောင်ဓါးကို ကျွန်ုပ်ဆွဲထုတ်လိုက်သည်ကို ဗိုလ်မှူးနှင့်သူ၏အရာရှိများက တွေ့မြင်ကြသောအခါ၊ သူတို့များစွာ မချိတင်ကဲဖြစ်ကြရ၏။ သို့သော် ကျွန်ုပ်ကမကြာခင်တွင် သူတို့အားထိတ်လန့်မှုကင်းဝေးစေ၏။ အကြောင်းမူကား ကျွန်ုပ်ကသနားကြင်နာစွာဖြင့် ကြည့်လျှက် သူ့အားချည်နှောင်ထားသည့်ကြိုးများကို ဖြတ်တောက်ပေးပြီး သူ့ကိုမြေပြင်ပေါ်သို့ညင်သာစွာချပေးလိုက်လျှင် သူကထွက်ပြေးသွားသောကြောင့်ဖြစ်၏။ ကျန်လူများကိုလည်း ကျွန်ုပ်၏အိတ်ထဲမှတစ်ယောက်ပြီးတစ်ယောက် ကျွန်ုပ်ထုတ်ယူပြီး၊ ထိုကဲ့သို့ပြုမူကာ စစ်သားများတော လူများကပါ ကျွန်ုပ်၏ ကြင်နာသနားမှုဤအမှတ်အသားကြောင့် ကျွန်ုပ်ကိုများစွာကျေးဇူးတင်ကြလျှက်၊ ကျွန်ုပ်၏အကျိုးအတွက် ၄င်းကိုညီလာခံတွင်အကျယ်တဝင့်တင်ပြကြ၏။

ညဘက်ရောက်သောအခါ၊ အိမ်ထဲသို့ဝင်ရန် ကျွန်ုပ်အခက်အခဲအချို့တွေ့ရပြီး မြေပြင်ပေါ်တွင် ကျွန်ုပ်လဲလျောင်းနေရကာ၊ ဤသို့ဖြင့် ရက်သတ္တပတ်(၂)ပတ်ခန့်၊ ကျွန်ုပ်ထိုသို့ ဆက်နေရ၍ထိုအချိန်အတွင်း ဧကရာဇ်က ကျွန်ုပ်အတွက်ကုတင်တလုံးပြုလုပ်ရန်အမိန့်ပေး၏။ သာမန်အရွယ်အစားရှိသော ကုတင်အလုံး(၆၀၀)ကိုယာဉ်ရထားများဖြင့်သယ်ဆောင်လာပြီး၊ ကျွန်ုပ်၏အိမ်ထဲတွင်ဆက်စပ်မှုပြုလုပ်၏။ အလျား အနံအကျယ်ရစေရန် သူတို့၏ကုတင်အလုံး ၁၅၀ကို ဆက်စပ်ပြီးနောက် ၄င်းတို့ကို ၄ထပ်ဆင့်လိုက်၏။

သို့သော်လည်း ၎င်းက ချောမွေ့သောကျောက်တုံးပြင်ဖြစ်သည့် ကြမ်းပြင်၏ချောကျောမှုကဲ့သို့ပင် ကျွန်ုပ်အားထူးခြားမှုမဖြစ်စေပါ။ ထိုကဲ့သို့သော တွက်ချက်မှုဖြင့် ကျွန်ုပ်ကဲ့သို့အခက်အခဲများနှင့် ထိုမျှကြာရှည်စွာကျင့်သားရနေသော လူတစ်ယောက်အဖို့ သည်းခံနိုင်လောက်သောစောင်များ၊ အိပ်ယာခင်းများကို ကျွန်ုပ်အား သူတို့ဆောက်ပံ့ပေးကြ၏။

ကျွန်ုပ်ရောက်လာကြောင်းသတင်းက တပြည်လုံးပျံ့နှံ့သွားသဖြင့်၊ မယုံကြည်နိုင်လောက်သော ဆင်းရဲချမ်းသာလူများစွာတို့က ကျွန်ုပ်အားလာရောက်ကြည့်ရှုကြသဖြင့် ကျေးရွာများတွင် လူမရှိသလောက်ဖြစ်သွားကာ ဘုရင်ဧကရာဇ်ကသာ ဤသို့မဆီလျော်မှုကို အစိုးရအမိန့်ပြန်တမ်းများ ထုတ်၍တားဆီးခြင်းမပြုလျှင် လယ်ယာစိုက်ပျိုးရေးနှင့်အိမ်ယာထိမ်းသိမ်းမှုကိစ္စကို ကြီးစွာလစ်လျူရှုမှုက၊ မလွဲမသွေဖြစ်ပေါ်လာရမည်ဖြစ်၏။ ကျွန်ုပ်အား မြင်ဘူးသူများသည် အိမ်ပြန်ရမည်ဖြစ်ပြီး နန်းတော်ရုံးမှခွင့်ပြုချက်မရလျှင် ကျွန်ုပ်၏ အိမ်နှင့်ကိုက်(၅၀)အတွင်းမလာရန် သူကညွှန်ကြားကာ ခွင့်ပြုချက်လိုင်စင်အတွက် ပြည်ထဲရေးဌာနက အခကြေးငွေအတော်ကိုရရှိ၏။

ထိုအတောအတွင်းကျွန်ုပ်နှင့်ပတ်သက်၍မည်သည့် ဆောင်ရွက်မှုများပြုလုပ်ရန် ဧကရာဇ်ကကောင်စီနှင့် မကြာခဏဆွေးနွေးပြီး၊ ထို့နောက်တွင်အလွန်အရည်အချင်းရှိသည့် ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သော မိတ်ဆွေတစ်ဦးက ကျွန်ုပ်နှင့်ပတ်သက်၍၊



နန်းတော်ရုံးတွင် များစွာသောအခက်အခဲများရှိနေကြောင်း ကျွန်ုပ်အား တိတိကျကျပြောပြ၏။ ကျွန်ုပ်၏အစားအစာစရိတ်က၊ ဈေးကြီးလှသဖြင့်ငတ်မွတ်မှုကိုဖြစ်စေနိုင်သောကြောင့် ကျွန်ုပ်ကိုလွှတ်ပေးရန် သူတို့သဘောပေါက်ကြ၏။ တခါတရံ၌ ကျွန်ုပ်ကိုအငတ်ထားရန် သူတို့ဆုံးဖြတ်ကြ၏။ ဤသို့ဆိုလျှင် ကျွန်ုပ်မကြာခင်သေရမည်။ သို့သော် တဖန်ထိုမျှကြီးမားလှသော အလောင်းတခုမှ ထိတ်လန့်ဘွယ်ရာကောင်းသော အနံ့ကြောင့်၊ မြို့တော်တွင် ပုလိပ်ရောဂါဖြစ်ပေါ်စေနိုင်ကြောင်းနှင့်၎င်းက တနိုင်ငံလုံးကို ပျံ့နှံ့သွားနိုင်ကြောင်း သူတို့စဉ်းစားကြပြန်၏။ ဤသို့ဆွေးနွေးနေကြစဉ် စစ်တပ်မှအရာရှိများစွာတို့က မဟာကောင်စီရုံးတော်တံခါးဆီသို့ သွားကြပြီး၊ သူတို့ထဲမှ နှစ်ယောက်မှာ အထဲသို့ဝင်ခွင့်ရသဖြင့်၊ အထက်၌ဖော်ပြခဲ့သော ရာဇဝတ်ကောင်(၆)ယောက်အပေါ် ကျွန်ုပ်၏အပြုအမူများကို ပြည့်စုံစွာရှင်းပြကြ၏။ ၎င်းကြောင့် ဧကရာဇ်နှင့် ဘုတ်တဖွဲ့လုံးက ကျွန်ုပ်အပေါ်သဘောကျလွန်းသဖြင့် အင်ပါယာကော်မရှင်ကို ထူထောင်ပြီး၊ မြို့တော်နှင့် ကိုက်(၉၀၀)ဝန်းကျင်ရှိ ကျေးရွာအားလုံးအား နံနက်တိုင်း နွား (၅)ကောင် သိုးအကောင်(၄၀)နှင့် အခြားသောအစားအစာများကို ပေါင်မုန့်-ဝိုင်နှင့် အခြားယမကာတို့ဖြင့် အချိုးအစားညီစွာ ကျွန်ုပ်၏အာဟာရအတွက် ပေးပို့ရန်တာဝန်ပေး၏။ ၎င်းတို့အတွက်ကုန်ကျစရိတ်များကို ပေးချေရန်အတွက် သူ၏ဘဏ္ဍာရေးဝန်ကြီးအား ဧကရာဇ်ကတာဝန်ပေး၏။ ၎င်းကြောင့်ဧကရာဇ်က

သူ၏ ပိုင်ဆိုင်မှုအပေါ်တွင်သာ အဓိကမှီခိုနေမည်ဖြစ်ပြီး၊ စစ်အသုံးစရိတ်ကို မိမိတို့ဖာသာမိမိတို့ကုန်ကျရမည်ဖြစ်၏။ ကျွန်ုပ်၏အိမ်တွင်း ရေးကိစ္စကို ဆောင်ရွက်ရန် လူ(၆၀၀)ပါသော အဖွဲ့အစည်းတခုကိုလည်း ဖွဲ့စည်းပြီး၊ သူတို့၏ဆောင်ရွက်မှုအတွက် သူတို့ဘုတ်အဖွဲ့ လစာရမည်ဖြစ်ကာ၊ ကျွန်ုပ်၏တံခါးတဖက်တချက်တွင် သူတို့အတွက် တဲများကို အလွန်ဆီလျော်စွာ တည်ဆောက်ပေးကြ၏။ ထို့အတူပင် ထိုနိုင်ငံမှ ပုံစံမျိုးဖြင့် ကျွန်ုပ်အတွက် ဝတ်စုံတစ်ခုကို အပ်ချုပ်သမား (၃၀၀)ကချုပ်ရန်၄င်း၊ သူတို့၏ဘာသာစကားကို ကျွန်ုပ်အားသင်ကြားပြသရေးအတွက် အရှင်မင်းမြတ်၏အကြီးကျယ်ဆုံးပါမောက္ခ(၆)ယောက်ကိုငှားရန်၄င်း၊ နောက်ဆုံးတွင် ဧကရာဇ်၏မြင်းများ၊ မင်းညီမင်းသားတို့၏မြင်းများ၊ အစောင့်စစ်တပ်တို့၏ မြင်းများအနေဖြင့် ကျွန်ုပ်နှင့်ရင်းနှီးကျွမ်းဝင်မှုဖြစ်စေရန်၊ ကျွန်ုပ်၏ရှေ့တွင် မကြာခဏ လေ့ကျင့်ပေးရန်၄င်း၊ အမိန့်ထုတ်၏။ ဤအမိန့်များအားလုံးကို ကျေပြွန်စွာဆောင်ရွက်ရပြီး ရက်သတ္တပတ်(၃)ပတ်အတွင်း သူတို့၏ ဘာသာစကားကို ကျွန်ုပ်သင်ကြားရာတွင် များစွာတိုးတက်ခဲ့ကာ ထိုကာလအတွင်း ဧကရာဇ်ကမကြာခဏလာရောက်လည်ပတ်ခြင်းဖြင့် ကျွန်ုပ်ကိုဂုဏ်ပြု၍ ကျွန်ုပ်အားသင်ကြားရေးကိစ္စတွင် ကျွန်ုပ်၏ ဆရာများကို ဧကရာဇ်က ကျေနပ်စွာအကူအညီပေး၏။ ကျွန်ုပ်တို့ စကားအတော်ပြောနေကြပြီးဖြစ်ကာ ကျွန်ုပ်သင်ယူသည့် ပထမဦးဆုံး စကားလုံးများက ကျွန်ုပ်အားလွတ်လပ်မှုပေးစေလိုသော ကျွန်ုပ်၏



ဆန္ဒများကို ဖော်ပြရန်ဖြစ်၏။ ၄င်းကို ကျွန်ုပ်နေ့စဉ်ဒူးထောက်လျက် ထပ်ခါထပ်ခါပြော၏။ ကျွန်ုပ်နားလည်သလောက်သူ၏ အဖြေက ၄င်းမှာအချိန်ယူရမည်ဖြစ်ကြောင်း ကောင်စီ၏အကြံပေးချက်မရှိဘဲ၊ စဉ်းစား၍မရကြောင်းနှင့်ပထမဦးဆုံးအနေဖြင့် သူနှင့်သူ့နိုင်ငံတို့နှင့် ကျွန်ုပ်ငြိမ်းချမ်းရေးသစ္စာဆိုရမည်ဖြစ်ကြောင်းကိုပင်ဖြစ်၏။ သို့သော် လည်း ကျွန်ုပ်ကိုကြင်နာစွာပြုမူဆက်ဆံမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ် သည်းခံ၍သူနှင့်သူ့အဖွဲ့၏အကြံဉာဏ်အတိုင်းပြုမူဆောင်ရွက်ရန် ကျွန်ုပ်ကိုအကြံပေးကြောင်းသူကပြော၏။ ကျွန်ုပ်ကဲ့သို့ ကြီးမားလှသော လူတစ်ယောက်ကလက်နက်များသယ်ဆောင်လာမည်ဆိုလျှင် မလွဲမသွေအန္တရာယ်ကြီးမားမည်ဖြစ်သဖြင့်၊ သင့်တော်သောအရာရှိ အချို့ကိုကျွန်ုပ်အားရှာဖွေရန်သူအမိန့်ပေးလျှက် ကျွန်ုပ်အနေဖြင့် စိတ်မကောင်းမဖြစ်ရန်သူဆန္ဒရှိ၏။ ကျွန်ုပ်ကအဝတ်အစားများ ချွတ်၍ ကျွန်ုပ်၏အင်္ကျီအိတ်များကို သူ့ရှေ့၌မှောက်ချပြရန်အဆင်သင့်ဖြစ်နေသဖြင့် အရှင်မင်းမြတ်အနေဖြင့် ကျေနပ်နှစ်သက်မှုရှိမည် ဖြစ်ကြောင်းကျွန်ုပ်ကပြော၏။ ၄င်းကိုကျွန်ုပ်ကစကားနှင့်တပိုင်း၊ အမူအရာနှင့်တပိုင်းဖော်ပြ၏။ တိုင်းပြည်၏ဥပဒေအရ ကျွန်ုပ်ကိုအရာရှိနှစ်ယောက်ကရှာဖွေရမည်ဖြစ်ကြောင်း၊ ကျွန်ုပ်၏သဘောတူညီချက်နှင့်ကူညီမှုမပါဘဲ ၄င်းကိုမပြုလုပ်နိုင်သည်ကိုသူသိကြောင်း၊ ကျွန်ုပ်၏သဘောကောင်းမှုနှင့်တရားမျှတမှုတို့ကို သူကောင်းကောင်းသိသဖြင့်၊ သူ၏အရာရှိများကို ကျွန်ုပ်၏လက်ထဲသို့ ဝကွက်အပ်ကြောင်း

ကျွန်ုပ်ဆီမှ သူတို့ယူထားသမျှအရာများကို ကျွန်ုပ်ဤနိုင်ငံမှ ထွက်ခွာသွားသောအခါ ပြန်လည်ပေးမည်ဖြစ်ကြောင်း၊ သို့မဟုတ် ကျွန်ုပ်သတ်မှတ်ထားသည့်နှုန်းဖြင့် ငွေပေးချေမည်ဖြစ်ကြောင်း သူက ပြန်ပြော၏။ ကျွန်ုပ်ကအရာရှိနှစ်ယောက်ကို ကျွန်ုပ်၏လက်နှစ်ဖက်ဖြင့်ယူပြီး၊ သူတို့ကိုပထမဦးဆုံး ကျွန်ုပ်၏ကုတ်အင်္ကျီအိတ်များထဲသို့ ထည့်၏။ ထို့နောက်ကျွန်ုပ်အတွက်မှလွဲ၍အခြားသူများအတွက် အကျိုးမရှိသည့် တိုလီမိုလီကလေးများရှိသော ဘောင်းဘီအတွင်းအိတ်(၂)ခုနှင့်အခြားလျှို့ဝှက်အိတ်တစ်ခုတို့မှလွဲ၍ ကျွန်ုပ်တစ်ကိုယ်လုံးရှိ အခြားအိတ်များအတွင်းသို့ သူတို့ကိုထည့်ပေး၏။ ကျွန်ုပ်ဘောင်းဘီအိတ်တစ်ခုတွင် ငွေနာရီတစ်လုံးနှင့် အခြားအိတ်တွင် ပိုက်ဆံအိတ်နှင့်ထည့်ထားသော ရွှေစအနည်းငယ်ရှိ၏။ ဤလူကြီးမင်းတို့ကသူတို့နှင့်အတူ ဖောင်တိန်များ၊ မှင်များ၊ စာရွက်များပါလျှက် သူတို့တွေ့မြင်သမျှအရာတိုင်းကို တိကျစွာစာရင်းပြုလုပ်ပြီး သူတို့ပြီးစီးသောအခါ ၄င်းကိုဧကရာဇ်အားပေးနိုင်ရန်အတွက် ကျွန်ုပ်ကိုသူတို့အားချပေးစေလို၏။ ဤစာရင်းကိုနောက်ပိုင်း၌ ကျွန်ုပ်ကအင်္ဂလိပ်ဘာသာသို့ပြန်ဆိုပြီး အောက်ပါအတိုင်းတလုံးချင်းတိတိကျကျ ပြန်ဆို၏။

"ပထမဦးဆုံးအနေဖြင့် စေ့စေ့စပ်စပ်ရှာဖွေပြီးနောက် ဧရာမလူတောင်ကြီး၏ညာဘက်ကုတ်အင်္ကျီအိတ်ထဲတွင် အရှင်မင်းကြီး၏နန်းတော်ခန်းမအတွက် ကြမ်းခင်းအဝတ်ဖြစ်လောက်အောင် ကြီးမား



သောအဝတ်ကြမ်းစကြီးတစကိုသာ ကျွန်ုပ်တို့တွေ့ရ၏။ ဘယ်ဘက်အိတ်ထဲတွင်အဖုံးပါသော ငွေရောင်သေတ္တာကြီးတလုံးကို ကျွန်ုပ်တို့တွေ့မြင်ရကာ ရှာဖွေသူကျွန်ုပ်တို့အနေဖြင့် ၄င်းကိုမမ့နိုင်ကြပါ။ ၄င်းကို ကျွန်ုပ်တို့ဖွင့်ကြည့်၍ ကျွန်ုပ်တို့ထဲမှတစ်ယောက်က ၄င်းအထဲသို့ ကျော်ဝင်လိုက်သောအခါ အမှုန့်တမျိုးထဲသို့ခြေတဝက်နစ်မြုပ်သွားသည်ကိုတွေ့ရပြီး၊ ၄င်း၏အမှုန့်တချို့က ကျွန်ုပ်တို့၏မျက်နှာများဆီသို့ လွင့်ပျံလာသဖြင့် ကျွန်ုပ်တို့အကြိမ်ပေါင်းများစွာ အတူတကွနှာချေမိကြ၏။ သူ၏ညာဘက်ဝေ့စ်ကုတ်အင်္ကျီအိတ်ထဲတွင် ဖြူဖြူပါးပါးအရာဝတ္ထုများကို တခုအပေါ်တခုထပ်ခေါက်၍၊ ခိုင်ခန့်သောသံကြိုးတချောင်းဖြင့်ချည်ထားသောလူ(၃)ယောက်စာမျှ ကြီးမားလှသည့် အထုပ်ကြီးတထုပ်ကို ကျွန်ုပ်တို့တွေ့မြင်ရပြီး၊ အထုပ်ပေါ်တွင် အနက်ရောင်ပုံသဏ္ဍာန်အမှတ်အသားများရှိကာ၊ ၄င်းတို့က စာလုံးများဖြစ်ရမည်ဟု ကျွန်ုပ်တို့မဝင့်မရဲဖြင့်မှတ်ယူရကာ ဤစာလုံးတိုင်းက ကျွန်ုပ်တို့၏ လက်ဝါးတဝက်မျှကြီးမားလှ၏။ ဘယ်ဘက်တွင် ကရိယာတစ်မျိုးရှိကာ ၄င်း၏နောက်မှရှည်လျားသောတိုင်အချောင်း(၂၀)က ထိုးထွက်နေပြီး၊ အရှင်မင်းကြီး၏နန်းတော်ရှေ့မှ ခြံစည်းရိုးတိုင်များနှင့်တူလှ၏။ ၄င်းဖြင့် လူတောင်ကြီးက သူ၏ဦးခေါင်းကို ဆံပင်ဖီးခြင်းပြုသည်ဟု ကျွန်ုပ်တို့ခန့်မှန်းကြ၏။ ကျွန်ုပ်တို့၏စကားကို နားလည်အောင်ပြုလုပ်ရာတွင် ကျွန်ုပ်တို့အခက်အခဲကြီးစွာ တွေ့ကြရသဖြင့်သူ့ကိုကျွန်ုပ်တို့အမြဲတန်း မေးခွန်းများမေးလျှက် ဒုက္ခမပေးနိုင်

ကြပါ။ သူ၏ကိုယ်အလယ်ပိုင်းကိုဖုံးထားသောအကျႌ၏ညာဘက်မှ ကြီးမားသောအိတ်ထဲတွင် လူတစ်ယောက်၏အမြင့်ခန့်ရှိသော သံပိုက်ခေါင်းအလုံးတခုကို ၎င်းထက်ပိုကြီးသော သစ်သားတောင့်တောင့်တင်းတင်းတစ်ခုတွင်ဆက်ထားသည်ကို ကျွန်ုပ်တို့တွေ့ရပြီး ထိုပိုက်ခေါင်း၏တဖက်အခြမ်းပေါ်တွင် ထူးဆန်းသောပုံသဏ္ဍာန်ဖြင့် ထိုးထွက်နေသော သံအစိုင်အခဲအတုံးကြီးတခုရှိကာ ၎င်းကဘာအတွက်ပြုလုပ်ထားသည်ကို ကျွန်ုပ်တို့မသိပါ၊ လက်ဝဲဘက်အိတ်ထဲတွင် ထိုကဲ့သို့သော နောက်ထပ်ကိရိယာတစ်ခုရှိ၏။ ညာဘက်မှ ပို၍သေးငယ်သောအိတ်ထဲတွင် အရွယ်အစားအမျိုးမျိုးရှိသော အဖြူရောင် အနီရောင်သတ္တုဝိုင်းဝိုင်းပြားပြားများစွာရှိ၏။ ငွေဖြစ်ဟန် တူသော အဖြူရောင်တချို့ကအလွန်ကြီးမားပြီး လေးလံလှသဖြင့် ကျွန်ုပ်၏ရဲဘော်နှင့်ကျွန်ုပ်မှာ ၎င်းတို့ကို မ,မနိုင်ကြပါ။ ဘယ်ဘက် အိတ်ထဲတွင် ပုံသဏ္ဍာန် ညီညာမှုမရှိသောအနက်ရောင်တိုင် ၂-ချောင်း ရှိ၏။ သူ့အိတ်၏အောက်ခြေတွင် ကျွန်ုပ်တို့ရပ်နေကြသဖြင့် ၎င်းတို့၏ထိပ်ပေါ်သို့ ကျွန်ုပ်တို့ခက်ခဲစွာဖြင့် ရောက်ရ၏။ ၎င်းတို့ထဲမှ တစ်ခုက အကာအရံဖြင့် ဖုံးအုပ်ထားပြီး၊ ပြည့်စုံသောပစ္စည်းတခုဖြစ်ဟန်တူ၏။ သို့သော်အခြားတစ်ခု၏အပေါ်ထိပ်ပိုင်းတွင် ကျွန်ုပ်တို့၏ဦးခေါင်းထက် ၂-ဆခန့်ကြီးမားသော ဖြူဖြူဝိုင်းဝိုင်းအရာတစ်ခုဖြစ်ပေါ်နေ၏။ ၎င်တို့အသီးသီးထဲတွင် ကြီးမားသော သံမဏိအပြားများကို ထည့်ထားပြီး ကျွန်ုပ်တို့၏အမိန့်အရ သူ့အားကျွန်ုပ်တို့ပြခိုင်း၏။



အဘယ်ကြောင့်ဆိုသော် သူတို့ကအန္တရယ်ဖြစ်နိုင်သော ကရိယာများဖြစ်နိုင်သည်ဟု ကျွန်ုပ်တို့နားလည်သောကြောင့်ဖြစ်၏။ သူက ၎င်းတို့ကို သေတ္တာထဲမှ ထုတ်ယူပြီး၊ သူ၏နိုင်ငံတွင် သူ၏မုတ်ဆိတ်မွေးများကို ၎င်းတို့ထဲမှတစ်ခုဖြင့်သူရိတ်၍ အသားများကိုအခြားတခုဖြင့်ဖြတ်တောက်သည့်အလေ့အကျင့်ရှိကြောင်း သူကကျွန်ုပ်တို့အားပြောပြ၏။ ကျွန်ုပ်တို့မဝင်နိုင်သည့်အိတ်(၂)ခုရှိ၏။ ၎င်းတို့ကိုသူကအတွင်းဘောင်းဘီအိတ်ဟုခေါ်၏။ သူ၏အလယ်ကာ အကျႌအပေါ်ပိုင်းတွင် ကြီးမားသောခွဲအိတ်(၂)ခုရှိ၏။ သို့သော်၎င်းတို့ကိုသူ၏ဝမ်းဗိုက်ဖြင့်သူဖိ၍ ပိတ်ထား၏။ ညာဘက်ဘောင်းဘီအတွင်းအိတ်မှ ကြီးမားသောငွေချိန်းကြိုးကြီးကထိုးထွက်နေပြီး၊ ချိန်းကြိုးနှင့်တွဲလျက်အိတ်ထဲတွင် အံ့ဩဘွယ်ကောင်းသော ကရိယာပစ္စည်းတခုရှိ၏။ ထိုချိန်းကြိုးကြီးနှင့်တွဲနေသောအရာက မည်သည့်အရာပင်ဖြစ်ပစေ၊ ၎င်းကိုဆွဲထုတ်ရန် သူ့ကို ကျွန်ုပ်တို့ညွှန်ကြား၏။ ၎င်းကကမ္ဘာလုံးတခုဖြစ်ဟန်တူပြီး၊ တဝက်ကငွေဖြစ်ကာ တဝက်ကအလင်းဖောက်သော သတ္တုတစ်မျိုးဖြစ်၏။ အလင်းဖေါက်သောဘက်တွင် ထူးထူးခြားခြား ဆွဲထားသောအဝိုင်းပုံသဏ္ဍာန်အချို့ကို ကျွန်ုပ်တို့တွေ့မြင်ပြီး၊ ၎င်းတို့ကို ကျွန်ုပ်တို့ တို့ထိကြည့်နိုင်သည်ဟုထင်ရာ ထိုအလင်းပေါက်အရာဝတ္ထုက ကျွန်ုပ်တို့၏ လက်ချောင်းများကို တားဆီးထားကြောင်းကို ကျွန်ုပ်တို့တွေ့ရ၏။ သူက ထိုကရိယာကို ကျွန်ုပ်တို့၏နားတွင်ကပ်လိုက်ရာ ၎င်းကရေတင်စက်ကဲ့သို့

အသံအဆက်မပြတ်ပြုလုပ်နေ၏။ ၎င်းက ကျွန်ုပ်တို့မသိရသော တိရစ္ဆာန်တစ်ကောင်သော်၎င်း သို့မဟုတ် သူကိုးကွယ်သော နတ်ဘုရားသော်၎င်း ဖြစ်မည်ဟု ကျွန်ုပ်တို့ခန့်မှန်း ၏။ သို့သော်နတ်ဘုရားဖြစ်မည်ဟူသော ထင်မြင်မှုကို ကျွန်ုပ်တို့ပို၍စိတ်သန်၏။ အဘယ်ကြောင့်ဆိုသော် ၎င်းနှင့်ညှိနှိုင်းခြင်းမရှိဘဲ၊ တစုံတရာသူပြုလုပ်ရန်ခဲယဉ်းသည်ဟု သူကကျွန်ုပ်တို့အား အသေအချာပြောသောကြောင့်ဖြစ်၏။ ၎င်းကိုသူ၏ နရီဟုခေါ်ပြီး ၎င်းကသူ့ဘဝ၏ဆောင်ရွက်ချက်တိုင်းအတွက် အချိန်ကိုညွှန်ပြသည်ဟု သူကပြော၏။ ဘယ်ဘက်ဘောင်းဘီအတွင်းအိတ်မှ တံဖါသည်သုံး သောပိုက်ကွန်ခန့်ကြီးမားသည့် ပိုက်ကွန်တစ်ခုကိုသူဆွဲထုတ်၏။ သို့သော်၎င်းကိုပိုက်ဆံအိတ်တခုကဲ့သို့ သူဖွင့်ပြီးပြန်ပိတ်လိုက်ကာ ထိုကဲ့သို့သောရည်ရွယ်ချက်အတွက် ၎င်းကိုသူအသုံးပြု၏။ ထိုအထဲမှ များစွာသောအဝါရောင်သတ္တုအစ-အနများကို ကျွန်ုပ်တို့တွေ့ရပြီး သူတို့ရွှေအစစ်အမှန်သာဖြစ်လျှင် တန်ဘိုးအလွန်တရာကြီးမားရမည်ဖြစ်သည်။

"ဤသို့ဖြင့် အရှင်မင်းကြီး၏အမိန့်ကိုနာခံလျှက် သူ၏အိတ် များအားလုံးကို ကျွန်ုပ်တို့ဂရုတစိုက်စေ့စေ့စပ်စပ်ရှာဖွေပြီးသောအခါ ကြီးမားသော တိရစ္ဆာန်တစ်ကောင်၏သားရေဖြင့်ပြုလုပ်ထားသော ခါးပတ်တခုကို သူ၏ခါးတွင် ကျွန်ုပ်တို့တွေ့မြင်ရ၏။ သူ၏ဘယ်ဘက်တွင် လူ(၅)ယောက်ခန့်အရှည်ရှိ



ဓါးတချောင်းက ၎င်းဆီမှတွဲ လောင်းကျနေပြီး၊ သူ၏ညာဘက်တွင်အိတ်တလုံးက အကန့်(၂)ကန့် ခွဲလျှက်ရှိနေကာ အကန့်တစ်ခုစီတွင်အရှင်မင်းကြီး၏ပစ္စည်း(၃)မျိုး ခန့်ကိုထည့်နိုင်၏။ ထိုအကန့်များထဲမှတခုတွင် အလွန်ကြီးမားသော သတ္တုအလုံးများ များစွာရှိကာ၎င်းတို့က ကျွန်ုပ်တို့၏ဦးခေါင်းများ ခန့်အရွယ်အစားကြီးမားပြီး၎င်းတို့ကို မ,ရန်အတွက်သန်စွမ်းသော လက်ရှိရန်လို၏။ အခြားအကန့်တခုထဲတွင် အနက်ရောင်အစေ့ပုံ တခုရှိ၏။ သို့သော်အရွယ်အစားနှင့်အလေးချိန်မှာမူ အလွန်ကြီးမားများပြားခြင်းမရှိပါ။ ၎င်းတို့အစေ့(၅၀)ကျော်ခန့်ကို ကျွန်ုပ်တို့၏ လက်ဝါးများတွင် ဆုပ်ကိုင်မနိုင်သောကြောင့်ဖြစ်၏။

"၎င်းကလူတောင်ကြီး၏ကိုယ်တွင် ကျွန်ုပ်တို့တွေ့မြင်ရသောပစ္စည်းများ၏ စာရင်းအတိအကျပင်ဖြစ်ပြီး သူကကျွန်ုပ်တို့ကိုအလွန်တရာဖော်ရွေစွာဆက်ဆံကာ အရှင်မင်းကြီး၏ကော်မရှင်အဖွဲ့အားလေးစားမှုပြုပါ၏။ အရှင်မင်းကြီး၏ကောင်းမြတ်သော အုပ်ချုပ်မှုကာလ၊ ၈၉လ၏(၄)ရက်မြောက်နေ့တွင်လက်မှတ်ထိုးပြီး ရုံးတံဆိပ်ခတ်နှိပ်လိုက်ပါ၏။"

"ဘလက်မရင်ဖရက်လော"

"မာစီ ဖရက်လော"

ဤစာရင်းကို ဧကရာဇ်အား ဖတ်ပြသောအခါ သူကများစွာ

သောပစ္စည်းများကို ပေးအပ်ရန် ကျွန်ုပ်အားညွှန်ကြား၏။ သို့သော် အလွန်ညင်သာသောသတ်မှတ်ချက်များဖြင့်ဖြစ်၏။ ပထမဦးဆုံးသူက ကျွန်ုပ်၏ဓါးကိုတောင်းဆို၏။ ၄င်းကို ကျွန်ုပ်ကဓါးအိမ်နှင့် အတူထုတ်ပေးလိုက်၏၊ ထိုအတောအတွင်းသူ၏လက်ရွေးစင် တပ်သား(၃)သောင်းကို သူတို့၏ လေးနှင့်မြှားအားပစ်ခတ်ရန် အသင့်ပြင်လျှက်နှင့်ကျွန်ုပ်အားဝိုင်းရံထားရန် သူကအမိန့်ပေး၏။ သို့သော် ၄င်းကို ကျွန်ုပ်မမြင်ပါ၊ ကျွန်ုပ်၏မျက်လုံးများက အရှင်မင်းကြီးပေါ်လုံးဝကျရောက်နေသောကြောင့်ဖြစ်၏။ ထိုအခါမှသာ သူက ကျွန်ုပ်ကို ဓါးဆွဲထုတ်ပေးလို၏။ ၄င်းကပင်လယ်ရေကြောင့်သံချေး အချို့တက်နေသော်လည်း အစိတ်အပိုင်းအများစုက အလွန်တရာတောက်ပနေ၏။ ကျွန်ုပ်ကထိုသို့ပြုလုပ်ပြီး ချက်ချင်းဆိုသလိုပင် စစ်သားအားလုံးက ထိပ်လန့်မှုနှင့်အံ့ဩမှုတို့ကြောင့် အော်ဟစ်ကြ၏။ နေကကြည်လင်စွာ တောက်ပနေသဖြင့်ဓါးကို ကျွန်ုပ်၏လက်ထဲတွင် ဟိုဒီဝှေ့ရမ်းသောအခါ အလင်းပြန်မှုကသူတို့၏ မျက်စေ့များကို ကျိန်းသွားစေသောကြောင့်ဖြစ်၏။ အလွန်စိတ်ထားမြင့်မြတ်သောမင်းညီမင်းသားဖြစ်သည့် အရှင်မင်းကြီးက ကျွန်ုပ်မျှော်လင့်သလောက် သူရဲဘောကြောင်ခြင်းမရှိပါ။ ၄င်းကိုဓါးအိမ်အတွင်း ပြန်ထည့်ပြီး ကျွန်ုပ်၏သံကြိုးအဆုံးမှ (၆)ပေခန့်အကွာတွင် ကျွန်ုပ်တတ်နိုင်သမျှ ညင်သာစွာမြေပြင်ပေါ်ပစ်ချရန် သူကကျွန်ုပ်ကိုအမိန့်ပေး၏။ သူတောင်းဆိုသောနောက်အရာဝတ္ထုကသံပိုက်ခေါင်းတခုဖြစ်ပြီး



၄င်းက ကျွန်ုပ်၏အိပ်ဆောင်ပစ္စတိုကိုဆိုလိုခြင်းဖြစ်၏။ ကျွန်ုပ်က ၄င်းကိုဆွဲထုတ်လိုက်ပြီး သူ၏ဆန္ဒအရ ကျွန်ုပ်တတ်နိုင်သမျှ ၄င်းအား အသုံးပြုပုံကို သူ့အားပြရ၏။ ကျွန်ုပ်၏အိတ်များကိုပိတ်ထားသဖြင့် (၄င်းကိုသင်္ဘောသားတိုင်း အထူးဂရုစိုက်ရမည်ဖြစ်၏) ပင်လယ်ရေစိုခြင်းမှကင်းဝေးသွားသော ယမ်းမှုန့်များဖြင့်သာကျွန်ုပ်၊ ကျည်ထိုးပြီးသောအခါ ပထမဦးဆုံးဧကရာဇ်ကိုမကြောက်ရန်သတိပေး၏။ ထို့နောက် ၄င်းကိုလေထဲ၌ကျွန်ုပ်ပစ်ခတ်လိုက်၏။ ဤတခါ၌ အံ့ဩထိတ်လန့်မှုက ကျွန်ုပ်၏ဓါးကိုတွေ့မြင်ရသောအခါကထက်အဆပေါင်းများစွာ သာ၏။ လူရာပေါင်းများစွာတို့က သူတို့ရိုက်အသတ်ခံလိုက်ရသကဲ့သို့အလားလဲကျကုန်ကြ၏။ ဧကရာဇ်တောင်မှ မြေပြင်ပေါ်ရပ်နေဆဲဖြစ်သော်လည်း အချိန်တော်တော်ကြာကြာသူ့အသိပြန်မဆယ်နိုင်ဖြစ်မိ၏။ ကျွန်ုပ်၏ဓါးကိုကျွန်ုပ်ပြုလုပ်သကဲ့သို့ ပစ္စတိုနှစ်လက်စလုံးကို ကျွန်ုပ်ပစ်ပေးလိုက်၏။ ထို့နောက်ကျွန်ုပ်၏ယမ်းမှုန့်အိတ်များနှင့်ကျည်ဆံများကို ကျွန်ုပ်ပေးလိုက်ပြီး ယမ်းမှုန့်အိတ်ကို မီးနှင့်ဝေးဝေးထားရန် သူ့အားကျွန်ုပ်တောင်းဆို၏။ အဘယ်ကြောင့်ဆိုသော် ၄င်းကမီးပွားသေးသေးဖြင့်မီးထတောက်နိုင်ပြီး သူ၏အင်ပါယာနန်းတော်ကိုလေထဲသို့ဖေါက်ခွဲပစ်လိုက်မည်ဖြစ်ကြောင်းတည်း။ ထိုကဲ့သို့ပင် ကျွန်ုပ်၏နာရီကိုလည်း ပေးအပ်ပြီး ၄င်းကိုဧကရာဇ်က အလွန်ကြည့်ရှုလိုစိတ်ဖြစ်ရာ၊ သူ၏အရပ်အရှည်ဆုံးအစောင့်တပ်သားနှစ်ယောက်အား ထုတ်တချောင်းဖြင့် ၄င်းကိုပုခုန်းတွင်ထမ်းစေ၏။

အဆက်မပြတ် ထွက်ပေါ်နေသော ၄င်း၏ဆူညံသံနှင့် (သူတို့၏အမြင်အာရုံက ကျွန်ုပ် တို့၏အမြင်အာရုံထက်ပိုမိုထက်မြက်သဖြင့်) သူအထွန်းလွယ်ကူစွာ ခွဲခြားမြင်နိုင်သော နာရီလက်တံ၏ လှုပ်ရှားမှုတို့ကြောင့် သူအံ့သြ သွားပြီး၊ ပညာတတ်မြောက်သော လူများ၏ ထင်မြင်ချက်ကို သူတောင်းဆို၏။ သူတို့၏စကားကို ကျွန်ုပ်ကောင်းစွာနားမလည်နိုင် သေးသော်လည်း ကျွန်ုပ်ထပ်ပြောစရာမလိုဘဲ စာရှုသူစိတ်ကူးကြည့်နိုင် သည့်အတိုင်း သူတို့၏ထင်မြင်ချက်များကအမျိုးမျိုး အဖုံဖုံကွဲပြားပြီး နီးစပ်မှုမရှိပါ၊ ထို့နောက်ကျွန်ုပ်၏ ငွေနှင့်ကြေးနီပိုက်ဆံများကို ကျွန်ုပ် ပေးအပ်လိုက်၏။ ထို့နောက် ကြီးမားသော ရွှေတုံးရွှေခဲ(၉)ခုနှင့် ရွှေစ ကလေးများရှိသော ကျွန်ုပ်၏ ပိုက်ဆံအိတ်၊ ကျွန်ုပ်၏မုတ်ဆိပ်ရိတ်ဓါး၊ ကျွန်ုပ်၏ဘီးနှင့်ငွေရောင်ဆေးရွက်အမှုန့်သေတ္တာ၊ ကျွန်ုပ်၏လက်ကိုင် ပုဝါနှင့်ဂျာနယ်စာအုပ်တို့ကိုပေး၏။ ကျွန်ုပ်၏ဓါး၊ ပစ္စတိုများနှင့် အိတ်တို့ကိုယာဉ်ရထားဖြင့် အရှင်မင်းကြီး၏သိုလှောင်တိုက်ဆီသို့ သယ်ဆောင်သွား၏။ သို့သော် ကျန်ရှိသောကျွန်ုပ်၏ပစ္စည်းများကို ကျွန်ုပ်အားပြန်ပေး၏။

စောစောပိုင်းက ကျွန်ုပ်ပြောခဲ့သည့်အတိုင်း၊ သူတို့ရှာဖွေမှုမှလွတ်မြောက်သွားသော လျှို့ဝှက်အိတ်တခု၊ ကျွန်ုပ်တွင်ရှိပြီး၊ ၄င်းအထဲတွင် မျက်မှန်တလက်(ကျွန်ုပ်မျက်စေ့အားနည်းသောကြောင့် ၄င်းကိုတခါတရံအသုံးပြု၏) အိတ်ဆောင်မှန်ပြောင်းတစ်ခုနှင့် ဧကရာဇ်အတွက် အကျိုးမရှိသဖြင့်၊ ကျွန်ုပ်ကိုယ်တိုင်ကလည်း ရှာဖွေ



တွေ့ရှိသင့်သည်ဟုမထင်ဘဲ ၄င်းတို့ကို ကျွန်ုပ်လက်လွတ်ခံလိုက်လျှင် ၄င်းတို့ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းဖြစ်မည်ဟု ကျွန်ုပ်နားလည်ထားသောအခြားပစ္စည်းကလေးများ များစွာရှိ၏။

## အခန်း(၃)

ကျွန်ုပ်၏ညင်သာမှုနှင့်ကောင်းမွန်သောအပြုအမူတို့က ဧကရာဇ်နှင့်သူ၏နန်းတော်ရုံးအပေါ် အလွန်တရာ အကျိုးသက်ရောက်မှုရှိပြီး၊ အမှန်ပင်([1]စစ်တပ်နှင့်ပြည်သူအပေါ် ယေဘုယျအားဖြင့် အကျိုးသက်ရောက်မှုရှိသဖြင့်) ကျွန်ုပ်၏လွတ်လပ်မှုကို အချိန်တိုတို အတွင်း ရမည်ဟု ကျွန်ုပ်မျှော်လင့်စပြုလာ၏။ နှစ်သက်လက်ခံသည့် ဤအနေအထားကို ပျိုးထောင်ရန် အတွက်ဖြစ်နိုင်သမျှနည်းလမ်း အားလုံးကို ကျွန်ုပ်အသုံးပြု၏။ နိုင်ငံသားများက ကျွန်ုပ်၏အန္တရာယ် ကိုသိရှိနားလည်မှုအတော်လျော့နည်းပါးလာကြ၏။ တခါတရံတွင် ကျွန်ုပ်လဲလျောင်းနေပြီး သူတို့(၅)ယောက် (၆)ယောက်ခန့်ကို ကျွန်ုပ်၏လက်ပေါ်တွင် ကခုန်ခွင့်ပြု၏။ အဆုံးစွန်ဆုံးအားဖြင့် ယောကျ်ားကလေး၊ မိန်းကလေးများကအရဲစွန့်လာပြီး၊ ကျွန်ုပ်၏ဆံပင် ကြားတွင်တူတူပုန်းတမ်းကစားကြ၏။ သူတို့၏ဘာသာစကားကို ပြောဆိုနားလည်ရာတွင် ကျွန်ုပ်ယခုအတော်ကို တိုးတက်နေပြီဖြစ်၏။ တနေ့တွင် ဧကရာဇ်ကကျွန်ုပ်အား ကျေးရွာပြပွဲများစွာဖြင့် ဧည့်ခံရန်စိတ်ကူးရပြီး၊ ထိုပွဲတွင် ကျွမ်းကျင်လိမ္မာစွာဖြင့်ကပြခဲ့ကြ

[1] The Army

The Army

သော တိုင်းရင်းသားများမှာ ကျွန်ုပ်သိသည်ထက်ပိုများ၏။ မြေပြင်မှ (၃)ပေခန့်မြင့်သောအဖြူရောင်ကြိုးမျှင်မျှင်ကလေးပေါ်တွင် ကပြကြသော၊ ကြိုးတန်းကသူများ၏ ပြပွဲကဲ့သို့ကျွန်ုပ်သဘောကြသောအရာ မရှိတော့ပါ၊ ၎င်းကိုကျွန်ုပ်အနည်းငယ်ချဲ့ထွင်ပြောမည်ကို စာရှုသူတို့သည်းခံကြပါကုန်။

ဤဖျော်ဖြေပွဲကို နန်းတော်ရှုံးတွင်အမှုထမ်းရန်အတွက် လျှောက်ထားကြသူများကသာ တင်ဆက်ပြသရ၏။ ဤအနုပညာအတွက် ငယ်စဉ်ကတည်းက သူတို့လေ့ကျင့်သင်ကြားရပြီး၊ သူတို့က မြင့်မြတ်သောအမျိုးအနွယ်မှ သို့မဟုတ် ပညာတတ်လူတန်းစားမှ အမြဲတန်းဆင်းသက်လာသူများ မဟုတ်ကြပါ၊ သေဆုံးမှုကြောင့်၎င်း သို့မဟုတ် (မကြာခဏဖြစ်တတ်သော)ဂုဏ်သရေပျက်မှုကြောင့်၎င်း၊ ရာထူးကြီးတစ်ခုနေရာလစ်လပ်သွားသောအခါ၊ ထိုလျှောက်ထားသူ (၅)ယောက်(၆)ယောက်က အရှင်မင်းကြီးနှင့် နန်းတော်ရှုံးအား ကြိုးတန်းအကဖြင့် ဖျော်ဖြေရန် ဧကရာဇ်ထံလျှောက်ထားရပြီး ပြုတ်ကြခြင်းမရှိဘဲ အမြင့်ဆုံးခုံနိုင်သူမှန်သမျှ ရာထူးကိုရရှိ၏။ အလွန်မကြာခဏဆိုသလိုပင် ဝန်ကြီးများကိုယ်တိုင် သူတို့၏ ကျွမ်းကျင်မှုကို ပြသကြရပြီး၊ သူတို့၏စွမ်းရည်အရည်အချင်းမကျဆင်းသေးကြောင်း ဧကရာဇ်ကိုသိစေအပ်၏။ ဘာသာရေးဝန်ကြီး ဖလင့်နာမ်သည် အင်ပါယာတစ်ခုလုံးတွင် အခြားသောဝန်ကြီးများထက် အနည်းဆုံးတလက်မပိုမြင့်အောင် ကြိုးခုန်နိုင်စွမ်းရှိ၏။ ကြိုးတန်း



ပေါ်တွင် တပ်ဆင်ထားသောသစ်သားပြားပေါ်၌ နွေရာသီအကုန်က သူအကြိမ်ပေါင်းများစွာ ကခုန်ခဲ့သည်ကိုကျွန်ုပ်မြင်ခဲ့ဘူး၏။ ကျွန်ုပ်၏မိတ်ဆွေပြည်ထဲရေးအတွင်းဝန်ရီဒရက်ဆဲလ်က ကျွန်ုပ်၏အထင်တွင် ဘဏ္ဍာရေးဝန်ကြီးနောက်ဒုတိယလိုက်၏။ ကျန်ရှိသောအရာရှိများမှာ သာမန်အနေအထားတွင်ရှိသူများသာများကြ၏။

ဤဖျော်ဖြေပွဲကို တက်ရောက်ကြည့်ရှုရာတွင် မကြာခဏ သေကြေပျက်စီးမှုများဖြစ်ပေါ်ပြီး ၎င်းတို့ထဲမှ များစွာသော အရည်အတွက်ကို မှတ်တမ်းတင်ထား၏။ လျှောက်ထားသူ ၂ယောက်-၃ယောက်တို့ ခြေလက်များကျိုးသည်ကို ကျွန်ုပ်ကိုယ်တိုင်မြင်ဘူး၏။ သို့သော်ဝန်ကြီးများကိုယ်တိုင် သူတို့၏ကျွမ်းကျင်မှုကိုပြသရန် အမိန့်ပေးခံရသောအခါ အန္တရာယ်ပိုမိုကြီးမား၏။ သူတို့၏နောက်လိုက်တပည့်များထက်ပိုမိုသာလွန်ရန်ကြိုးစားသောအားဖြင့်၊ သူတို့အလွန်တရာအားစိုက်ထုတ်ကြရာ ပြုတ်မကျဘူးသူမရှိသလောက်ဖြစ်ပြီး၊ တချို့က နှစ်ခါ-သုံးခါပင်ပြုတ်ကျကြ၏။ ကျွန်ုပ်မရောက်ခင်တနှစ်၊ နှစ်-နှစ်ခန့်က မြေပြင်ပေါ်တွင် မတော်တဆကျနေသော ဘုရင်၏ကူရှင်ထိုင်ခုံတစ်ခုသာ၊ ဖလင်နာမ်၊ ပြုတ်ကျသောအရှိန်ကို မယုတ်လျော့စေလျှင် မလွဲမသွေ သူဇက်ကြိုးမည်ဖြစ်ကြောင်း ကျွန်ုပ်အသေအချာပြောရဲ၏။

ဧကရာဇ်၊ မိဖုရားနှင့် ပထမဝန်ကြီးတို့အား အထူးအချိန်အခါများတွင်သာပြသသောအခြားပြပွဲလည်းရှိ၏။ ဧကရာဇ်က စားပွဲ

တစ်လုံးပေါ်တွင် (၆)လက်မရှိရှည်ပြီး၊ နူးညံ့ကောင်းမွန်သော ပိုးချည်မျှင်(၃)ခုကိုချထား၏ တခုကအပြာရောင်ဖြစ်ပြီး အခြားတစ်ခုက အဝါရောင်ဖြစ်ကာ တတိယတခုက အဖြူရောင်ဖြစ်၏။ ဧကရာဇ် စိတ်ထဲတွင်အထူးတလှယ်သဘောကျသောလူများအတွက် ဤပိုးမျှင်များကိုဆုလာဘ်အဖြစ်အဆိုပြုထား၏။ အခန်းအနားကို အရှင်မင်းကြီး၏ ညီလာခံခန်းမကြီးတွင်ဆောင်ရွက်ပြီး ပြိုင်ပွဲဝင်တို့က ယခင်ပြိုင်ပွဲနှင့်အလွန်ကွဲပြားခြားနားသော ကျွမ်းကျင်မှုအရည်အချင်းစစ်ဆေးခြင်းကို ခံယူကြရကာ၊ ကမ္ဘာသစ်တွင်သော်၎င်း၊ ကမ္ဘာဟောင်းတွင်သော်၎င်း၊ ရှိသောအခြားနိုင်ငံတခုခုတွင် ထိုကဲ့သို့ ဆင်ဆင်တူသော အရာကိုပင် ကျွန်ုပ်မမြင်ဘူးပါ ဧကရာဇ်ကတုတ်တစ်ချောင်းကို သူ၏လက်နှစ်ဖက်တွင် ဆုတ်ကိုင်ထားပြီး တုတ်အစွန်း(၂)ဖက်စလုံးက မြေပြင်နှင့်တပြေးတည်းဖြစ်နေစဉ် ပြိုင်ပွဲဝင်သူတို့က တစ်ဦးပြီးတစ်ဦး ရှေ့သို့တိုးသွားလျှက် တုတ်၏အတိုး-အဆုတ်အပေါ် မူတည်ကာ တခါတရံတွင် တုတ်ပေါ်ခုန်ကျော်၍၎င်း၊ တခါတရံတွင် တုတ်အောက်မှငုံ့ဝင်၍၎င်း အကြိမ်ပေါင်းများစွာ ရှေ့တိုးနောက်ဆုတ်ပြုလုပ်ရ၏။ တခါတရံတွင် ဧကရာဇ်က တုတ်၏အစွန်းတဖက်ကိုကိုင်ထားပြီး သူ၏ပထမဝန်ကြီးက အခြားအစွန်းတဖက်ကို ကိုင်ထား၏။ တခါတရံတွင် ၎င်းကိုဝန်ကြီးကိုယ်တိုင် တစ်ယောက်တည်းကိုင်ထားရ၏။ အသွက်လက်ဆုံးသော လှုပ်ရှားမှုနှင့်ဆောင်ရွက်နိုင်ပြီး ခုန်ကျော်ရာတွင်၎င်း၊ ငုံ့ဝင်ရာတွင်၎င်း၊ အရှည်ကြာဆုံးပြုလုပ်နိုင်သူ



မှန်သမျှသည် အပြာရောင်ပိုးချည်မျှင်ဖြင့် ဆုချီးမြှင့်ခြင်းခံရ၏။ နောက်လူကိုအဝါရောင်ပေးပြီး၊ အဖြူရောင်ကို တတိယလူအားပေးကာ ၎င်းတို့ကိုသူတို့အားလုံးကခါးတွင်(၂)ပတ်၊ ပတ်ချည်ဝတ်ဆင်၏။ ဤခါးပတ်အဆောင်အယောင်မရှိသောအရာရှိကြီးအချို့ကို နန်းတော်ရုံးတွင် အသင်တွေ့မြင်နိုင်၏။

စစ်တပ်မှမြင်းများနှင့်တော်ဝင်မြင်းဇောင်းမှ မြင်းများက နေ့စဉ်ကျွန်ုပ်၏ရှေ့သို့ခေါ်ဆောင်ခြင်းခံနေကြရသောအခါ ရှက်ကြောက်ထိတ်လန့်ခြင်းမဖြစ်တော့ဘဲ ကျွန်ုပ်၏ခြေထောက်ရင်းဆီသို့လာကြ၏။ ကျွန်ုပ်ကမြေပြင်ပေါ်တွင် လက်ဖြန့်ချထားစဉ် မြင်းစီးသူများက သူတို့ကို ကျွန်ုပ်၏လက်ပေါ်သို့ခုန်ကျော်တက်စေပြီး၊ ကြီးမားသောမြင်းတစ်ကောင်ပေါ်တွင်ရှိသည့် ဧကရာဇ်၏မုဆိုးတစ်ယောက်က ရှူးဖိနပ်ဝတ်ထားသော ကျွန်ုပ်၏ခြေထောက်ပေါ်သို့တက်၏။ ၎င်းကအမှန်ပင်အလွန်ကိုမြင့်မား၏။ တနေ့တွင်အလွန်တရာထူးခြားသော အပြုအမူဖြင့် ဧကရာဇ်ကိုပျော်တော်ဆက်ရန် ကျွန်ုပ်အခွင့်အရေးကောင်းရ၏။ ၂-ပေခန့်မြင့်၍ မူလကြိမ်လုံးအရွယ်ခန့်ရှိသောတုတ်ချောင်းများစွာကို ကျွန်ုပ်ထံယူလာနိုင်ရန်၊ သူ့အား ကျွန်ုပ်အမိန့်ပေးစေလို၏။ ထိုကိစ္စအတွက် အရှင်မင်းမြတ်က သစ်တောဝန်ကြီးကို စီစဉ်ညွှန်ကြားမှုပြုလုပ်ရန်အမိန့်ပေးပြီး၊ နောက်တနေ့မနက်တွင် ထင်းသမား(၆)ယောက်တို့က မြင်း(၈)ကောင်အသီးသီးဆွဲသော များစွာသော ယာဉ်ရထားများဖြင့် ရောက်လာ၏။ ဤထင်းချောင်းများထဲမှ

(၉)ခုကိုကျွန်ုပ်ယူလိုက်ပြီး ၎င်းတို့ကိုမြေပြင်ပေါ်တွင် (၂)ပေခွဲခန့်ခြားလျက် လေးတောင့်ပုံစံ ခိုင်မြဲစွာစိုက်ထူကာ နောက်ထပ်တုတ်ချောင်း (၉)ခုကို မြေပြင်မှ (၂)ပေခန့်ခွာလျက် ထောင့်အသီးသီးတွင် ၎င်းတို့ကို ပူး၍ချည်နှောင်လိုက်၏။ ထို့နောက်ကျွန်ုပ်၏ လက်ကိုင်ပုဝါကို တောင့်တင်းစွာစိုက်ထူနေသော တုတ်ချောင်း(၉)ချောင်းတွင် ချည်နှောင်လိုက်ပြီး၊ ၎င်းကိုမျက်နှာပြင်ကဲ့သို့ တင်းနေရန် အဖက်ဖက်မှဆွဲတင်းလိုက်ကာ လက်ကိုင်ပုဝါထက် (၅)လက်မခန့်ပိုမြင့်စွာ ထိုးထွက်နေသောတုတ်ချောင်း(၄)ခုက၊ ဘေးတဖက်အသီးသီးတွင် မိုး၍ထောင်နေကြ၏။ ကျွန်ုပ်၏အလုပ်ကို ကျွန်ုပ်ပြီးစီးသွားသောအခါ စုစုပေါင်းအရည်အတွက် ၂၄ကောင်ရှိသော သူ၏အကောင်းဆုံးမြင်းတပ်ကို ဤလွင်ပြင်ပေါ်သို့ လာရောက်၍ လေ့ကျင့်မှုပြုရန် ဧကရာဇ်ကို ကျွန်ုပ်ဆန္ဒပြု၏။ အရှင်မင်းမြတ်က အဆိုပြုချက်ကို လက်ခံပြီး၊ သူတို့ကိုလေ့ကျင့်ရန်အတွက် သင့်တော်သောအရာရှိများဖြင့် လက်နက်တပ်ဆင်စီးနင်းလျက် အဆင်သင့်ဖြစ်နေသော မြင်းများကို ကျွန်ုပ်၏လက်နှစ်ဖက်ဖြင့် တကောင်ပြီးတကောင်ယူ၏။ သူတို့အစီအစဉ်တကျဖြစ်သည့်နှင့်တပြိုင်နက် သူတို့အဖွဲ့ ၂ဖွဲ့ခွဲပြီး ဟန်ဆောင်တိုက်ပွဲကိုဆင်နွှဲကြကာ မျှားအတုံးများကို ပစ်ခတ်ကြ၍ ဓါးများကိုဆွဲထုတ်ပြီးလျှင် ပြေးလွှားတိုက်ခိုက်ကြရာ ကျွန်ုပ်တွေ့မြင်ခဲ့သမျှတွင် အကောင်းဆုံးသော စစ်စည်းကမ်းသေဝပ်မှုကို ကျွန်ုပ်တွေ့မြင်ရ၏။ ဘေးချင်ယှဉ်ထောင်နေသော တုတ်ချောင်းများ



က သူတို့နှင့်သူတို့၏မြင်းများကို စင်ပေါ်မှပြုတ်မကျစေရန် အကာအကွယ်ပေးပြီး ဧကရာဇ်ကသဘောကျလွန်းသဖြင့် ဖျော်ဖြေမှုကို ရက်ပေါင်းများစွာထပ်မံပြုလုပ်ရန် အမိန့်ပေးကာ တခါတွင်ထိုအပေါ်သို့ သူတက်၍မိန့်ခွန်းစကားပြောရသော် သူနှစ်သက်မိ၏။ မိဖုရားထိုင်နေသော ထိုင်ခုံကိုစင်မြင့်နှင့် (၂)ကိုက်ခန့်အတွင်းကိုင်မထားရန် သူမကိုကျွန်ုပ်ကြီးစွာသော အခက်အခဲဖြင့်တိုက်တွန်းရပြီး ဤသို့ဖြင့် ဖျော်ဖြေတင်ဆက်မှုတစ်ခုလုံးကို သူမအပြည့်အဝမြင်ရ၏။ ဤဖျော်ဖြေမှုတွင် ဆိုးဝါးသောမတော်တဆမှုမဖြစ်ပေါ်သဖြင့် ကျွန်ုပ်ကံကောင်းပြီး၊ တကြိမ်သာလျှင် စစ်ဗိုလ်တယောက်ပိုင်သော တက်ကြွသည့်မြင်းတကောင်က သူ့ခွာဖြင့်လျက်ရင်း ကျွန်ုပ်၏လက်ကိုင်ပုဝါတွင် အပေါက်တစ်ခုကို ထိုးဖောက်ကာ ခြေချော်ဆင်းသွားသဖြင့် သူနှင့်မြင်းစီးသူတို့ဂျွန်းထိုးမှောက်ခုံဖြစ်ကုန်ကြ၏။ သို့သော် ကျွန်ုပ်က ချက်ချင်းပင် သူတို့နှစ်ဦးစလုံးကို ထူမပေးလိုက်ပြီး အပေါက်ကို လက်တစ်ဖက်ဖြင့်ကာထားရင်း ကျန်လက်တစ်ဖက်ဖြင့် စစ်သားများကို သူတို့အား ကျွန်ုပ်တင်ပေးစဉ်ကကဲ့သို့သော ပုံစံဖြင့်ပြန်ချပေး၏။ လဲကျ သွားသောမြင်းက ဘယ်ဘက်ပုခုံးတွင် ဒဏ်ရာရသွား၏။ သို့သော် မြင်းစီးသမားကအနာတရမဖြစ်ပါ။ ကျွန်ုပ်၏လက်ကိုင်ပုဝါကို ကျွန်ုပ် တတ်နိုင်သလောက်ပြန်လည်ပြုပြင်၏။ သို့သော်လည်း အန္တရာယ်ရှိ သော လုပ်ငန်းတွင်၎င်း၏ခံနိုင်ရည်အင်အားကို ကျွန်ုပ်ယုံကြည်တော့ မည်မဟုတ်ပါ။

ကျွန်ုပ်မလွတ်မြောက်ခင်(၂)ရက်(၃)ရက်ခန့်က၊ နန်းတော်ရုံးအဖွဲ့ကိုဖျော်ဖြေမှုများဖြင့် ကျွန်ုပ်တင်ဆက်နေစဉ် မြေမြန်တော်တစ်ယောက်ရောက်လာပြီး ကျွန်ုပ်အားဖမ်းဆီးခေါ်ဆောင်ခဲ့သည့်နေရာအနီးတွင် မြင်းစီးနေကြသော သူ၏မြင်းစီးသမားတစ်ယောက်က အလွန်ထူးဆန်းသောပုံစံရှိသည့် မဲမဲအရာဝတ္ထုတစ်ခု မြေပြင်ပေါ်တွင် လဲလျောင်းနေပြီး ၎င်း၏နှုတ်ခမ်းအစက အရှင်မင်းကြီး၏အိပ်ခန်းတမျှ ကျယ်ပြန့်လှ၍ ခါးအလည်ကလူတစ်ယောက်ခန့်မျှမြင့်တက်နေသည်ကို တွေ့မြင်ရကြောင်း အစပထမကသူတို့ထင်သလို ၎င်းက သက်ရှိသတ္တဝါမဟုတ်ကြောင်း ၎င်းကမြက်ခင်းပေါ်တွင် လှုပ်ရှားမှုမရှိပဲ လဲလျောင်းနေကြောင်း ၎င်းကိုသူတို့အကြိမ်ပေါင်းများစွာ လှည့်ပတ်လျှောက်ကြကြောင်း တစ်ယောက်၏ပုခုံးပေါ်တစ်ယောက်တက်ခြင်းဖြင့် သူတို့အပေါ်သို့ရောက်သွားကြောင်း၊ ၎င်းက မျက်နှာပြင်တပြေးညီဖြစ်ကြောင်း ၎င်းအပေါ်သို့တက်နင်းကြည့်သောအခါအထဲတွင် အခေါင်းပေါက်ဖြစ်သည်ကို သူတို့တွေ့ရကြောင်း ၎င်ကလူတောင်ကြီး ပိုင်ဆိုင်သောအရာဖြစ်နိုင်သည်ဟုသူတို့ထင်ကြောင်း၊ အရှင်မင်းကြီးကျေနပ်လျှင် ၎င်းကိုသူတို့မြင်း(၅)ကောင်ဖြင့်သာသယ်ဆောင်လာမည်ဖြစ်ကြောင်း သတင်းပို့၏။ သူတို့ဘာဆိုလိုသည်ကို ထိုခဏ၌ ကျွန်ုပ်သိလိုက်ပြီး၊ ဤသတင်းကိုလက်ခံရရှိသဖြင့် ရင်ထဲ၌လှိုက်လှဲစွာဝမ်းသာမိ၏။ ကျွန်ုပ်သင်္ဘောပျက်ပြီးနောက် အလွန်ယောက်ယက်ခတ်လွန်းနေရာ ကျွန်ုပ်အိပ်ပျော်သွား



သောနေရာသို့မရောက်ခင် လှေလှော်စဉ်၌ ကျွန်ုပ်၏ဦးခေါင်းတွင်ကြိုးချီစောင်းထားသော ဦးထုပ်မှာကမ်းခြေသို့ ကျွန်ုပ်ရောက်ပြီးနောက်ပြုတ်ကျသွား၍ ကျွန်ုပ်ခန့်မှန်းရသလောက်ကြိုးမှာ ကျွန်ုပ်မမြင်လိုက်သော မတော်တဆမှုကြောင့် ပြုတ်သွားဟန်တူ၏။ သို့သော်ကျွန်ုပ်ကကျွန်ုပ်၏ဦးထုပ်၊ ပင်လယ်ထဲ၌ပျောက်ဆုံးခဲ့သည်ဟုထင်မိ၏။ ကျွန်ုပ်က ၎င်း၏သဘောသဘာဝ၏နှင့်အသုံးပြုပုံကို ဧကရာဇ်မင်းမြတ်အား ရှင်းပြလျှက် ၎င်းကိုကျွန်ုပ်ဆီသို့ဖြစ်နိုင်သမျှ မြန်မြန်သယ်ယူ လာရေးအတွက်အမိန့်ပေးရန် သူ့အားအလေးအနက်တောင်းဆို၏။ နောက်တနေ့တွင်မြင်းလှည်းမောင်းသမားများက၎င်းနှင့်အတူရောက်လာ၏။ သို့သော်အလွန်ကောင်းသော အခြေအနေဖြင့်မဟုတ်ပါ၊ ဦးထုပ်အဖျားတွင် အဖျားမှတစ်မလက်မခွဲခန့်၌အပေါက်နှစ်ပေါက် ကို သူတို့ဖေါက်ကြပြီး ချိတ်(၂)ခုကို အပေါက်များတွင်ချိတ်လိုက်၏။ ဤချိတ်များကို ရှည်လျားသောကြိုးဖြင့်မြင်းလည်တိုင်ကြိုးတွင်ချည် ပြီး၊ ဤသို့ဖြင့်ကျွန်ုပ်၏ဦးထုပ်ကိုအင်္ဂလိပ်မိုင် မိုင်ဝက်ကျော်မျှ ဆွဲ ယူလာကြ၏။ သို့သော်ဤနိုင်ငံမှမြေပြင်မှာအလွန်တရာချောမွေ့ပြီး၊ ညီညာသဖြင့် ထိခိုက်ပျက်စီးမှုကကျွန်ုပ်ထင်သလောက်မများပါ။

ဤစွန့်စားမှုဖြစ်ပြီးနောက် (၂)ရက်ကြာသောအခါ ဧကရာဇ်ကသူ၏မြို့တော်တဝိုက်တွင်ရှိသော သူ၏ စစ်တပ်များကို အဆင်သင့်ဖြစ်စေရန်အမိန့်ပေးပြီးသော် အလွန်ထူးဆန်းသောအမှုအရာဖြင့်

သူ့ကိုပျော်တော်ဆက်စေ၏။ သူကကျွန်ုပ်ကိုတတ်နိုင်သမျှခြေနှစ်ချောင်းကားလျက် ရပ်ထားစေလို၏။ ထို့နောက်စစ်သားများကို တပေလျှင် ၂၄ယောက်နှုန်းရင်ဘောင်တန်းစီစေလျက် မြင်းက ၁၆ကောင်တန်းစီလျက် ဗုံများတီးလျက် အလံများလွှင့်ထူလျက် လှံတန်များရှေ့တိုးလျက် စစ်သားများကို ပူးကပ်တန်းစီ၍ ကျွန်ုပ်၏အောက်မှချီတက်ရန်သူ၏ ဗိုလ်ချုပ်ကို အမိန့်ပေး၏ ဤတပ်စုတွင် ခြေလျင်တပ်သား(၃)ထောင်နှင့်မြင်းတစ်ထောင်ပါဝင်၏။ ချီတက်နေကြသောစစ်သားတိုင်းသည် ကျွန်ုပ်ကိုလေးစားမှုမပြုလျှင် သေဒဏ်အပေးခံရမည်ဟုအရှင်မင်းမြတ်က အမိန့်ထုတ်၏။ သို့သော်လည်း ငယ်ရွယ်သော အရာရှိတချို့သည် ကျွန်ုပ်၏အောက်မှကျော်ဖြတ်ကြစဉ် သူတို့မျက်လုံး မော့မကြည့်ဘဲ မနေနိုင်ကြပါ။ အမှန်ကိုဝန်ခံရမည်ဆိုလျှင်ထိုအချိန်က ကျွန်ုပ်၏ဘောင်းဘီများအလွန်ဆိုးဝါးသော အခြေအနေတွင် ရှိနေသဖြင့် သူတို့ရယ်မောသဘောကျဖြစ်မိကြ၏။

ကျွန်ုပ်၏လွတ်မြောက်မှုအတွက် အယူခံဝင် အသနားခံလွှာအများအပြားတင်သွင်းနေလွန်းရာ နောက်ဆုံး၌ အရှင်မင်းကြီးကထိုကိစ္စကို ပထမကက်ဘိနက်တွင်ဖော်ပြ၏။ ထို့နောက်တင်းပြည့်ကောင်စီတွင်ဖော်ပြပြီး ထိုကောင်စီတွင် စကိုင်းရက်တိုရီလမ်းမှလွဲ၍ဆန့်ကျင်ကန့်ကွက်သူမရှိဘဲ သူကအကြောင်းတစ်စုံတစ်ရာမရှိလျက်နှင့် ကျွန်ုပ်၏ရန်သူကြီးဖြစ်ချင်နေ၏။ သို့သော်ထိုကိစ္စနှင့်ပတ်သက်၍ဘုတ်အဖွဲ့တခုလုံးက သူ့ကိုဆန့်ကျင်ကာ ဧကရာဇ်က ၄င်းကိုအတည်





ပြုလုပ်၏။ ထိုဝန်ကြီးက တော်ဝင်တပ်မှူးကြီးဖြစ်ကာ သူ့ဆရာ၏ယုံကြည်အားကိုးမှုကို ခံရသူဖြစ်ပြီး အမှုကိစ္စများတွင် ကျွမ်းကျင်သူဖြစ်၏။ သို့သော်စိတ်ကောင်း စေတနာကောင်းရှိသူမဟုတ်ပါ၊ သို့သော်လည်း နောက်ဆုံးတွင် သူ့ကိုလက်ခံရန် တိုက်တွန်းကြ၏။ သို့သော်ကျွန်ုပ်အားလွတ်ပေးပြီး ကျွန်ုပ်လိုက်နာရမည့်အခြေအနေသတ်မှတ်ချက်စည်းကမ်းကို သူကိုယ်တိုင်ရေးဆွဲရမည်ဟုဆိုကြ၏။ ထိုစည်းကမ်းချက်များကို စကိုင်းရက်တိုရီလမ်က သူကိုယ်တိုင်ကျွန်ုပ်ထံယူလာပြီး ဒုတိယအတွင်းဝန်နှစ်ယောက်နှင့်ထင်ရှားသော ပုဂ္ဂိုလ်များစွာတို့ လိုက်ပါလာကြ၏။ ၄င်းတို့ကို ဖတ်ကြားပြပြီးနောက် ၄င်းတို့ကို လိုက်နာမည်ဖြစ်ကြောင်း ကျိန်ဆိုရန်ကျွန်ုပ်ကိုတောင်းဆိုကြ၏။ ပထမတွင် ကျွန်ုပ်နိုင်ငံ၏အပြုအမူဖြင့် ကျိန်ဆိုရန်ဖြစ်ပြီး ၄င်းနောက်တွင် သူတို့၏ဥပဒေအရ ဖော်ပြထားသော နည်းစနစ်ဖြင့်ကျိန်ဆိုရန်ဖြစ်၏။ ၄င်းမှာ ကျွန်ုပ်၏ညာဘက်ခြေထောက်ကို ဘယ်လက်ဖြင့်ကိုင်လျက် ကျွန်ုပ်၏ညာဘက်လက် လက်ခလယ်ကို ကျွန်ုပ်၏ဦးခေါင်းထိပ်တွင်ထား၍ . ကျွန်ုပ်၏လက်မကိုညာဘက်နားအဖျားတွင်ထားရန်ဖြစ်၏။ သို့သော်ဤလူများ၏ထူးခြားလှသော အမူအရာပုံစံကို စာရှုသူတို့သိချင်ကြမည်ဖြစ်သလို ကျွန်ုပ်လွတ်လပ်မှုပြန်ရသည့်စည်းကမ်းဥပဒေကိုလည်း သိချင်ကြမည်ဖြစ်သောကြောင့်ကျွန်ုပ်တတ်နိုင်သမျှနီးစပ်စွာ စကားတလုံးခြင်းအသေးစိတ်ဘာသာ

မြန်၍ငှင်းကို ကျွန်ုပ်ဤသို့ဖော်ပြလိုက်ပေသည်။

"လီလီပတ်တို့၏အမြင့်ဆုံးဧကရာဇ် စကြာဝဠာ၏အရှင်သခင် ရေမြေသေဌ်နှင်းအပြပေါင်းငါးထောင်(ပတ်လည်၁၂မိုင်ခန့်မျှ)ကို ပိုင်စိုး သော ဧကရာဇ်တို့၏ အရှင်သခင်၊ တပည့်သားတော်တို့ထက် အရပ် ပိုရှည်သော ရိုဘလပ်စတို မိုမာရင်အီဗလိန်းဂါဒီလိုမှပင် မူလီအူလီဂူး သည်ကား အလည်ဗဟိုမှာ ခြေစုံရပ်၊ နေမင်းကိုဦးခေါင်း နှင့်တိုက်၍ ခေါင်တချက်မျှညိမ့်လျှင် မဟာပထဝီဘူမိနတ်မင်းများပင် ဒူးတုန်ရ ကား နွေဦးကဲ့သို့ နှစ်သက်ဖွယ်ကောင်း၏။ နွေရာသီကဲ့သို့ သက်တောင့် သက်သာရှိ၏။ ဆောင်းဦးရာသီကဲ့သို့ ပေါကြွယ်လှ၏ ဆောင်းရာသီ ကဲ့သို့အလွန်ကောင်းလှ၏။ အလွန်တရာကြီးမြတ်လှ သော အရှင်မင်းကြီးက ကျွန်ုပ်တို့၏မြင့်မြတ်သော နယ်မြေသို့မကြာ သေးခင်က ရောက်လာသော လူတောင်ကြီးအား အောက်ပါအချက် အလက်များကို အဆိုပြုလိုက်၏။ ထိုအဆိုပြုချက်များကို စစ်မှန်သော သစ္စာဖြင့် သူလိုက်နာရမည်။

<u>ပထမ။</u> ကျွန်ုပ်တို့၏ မဟာရုံးတံဆိပ်ပါသော ခွင့်ပြုချက်လိုင်စင် မရှိလျှင် လူတောင်ကြီးသည် ကျွန်ုပ်တို့၏ အုပ်ချုပ်မှုနယ်ပယ်မှ ထွက်ခွာခြင်း မပြုရ။

<u>ဒုတိယ။</u> ကျွန်ုပ်တို့၏ခြေမြန်တော်အမိန့်မပါလျှင် ကျွန်ုပ်တို့၏ မြို့တော်အတွင်းသို့ သူမလာရပါ။ သူလာသည့်အခါတွင် ဒေသခံတို့ အနေဖြင့် သူတို့အိမ်အတွင်း၌ နေရန်(၂)နာရီကြိုတင်သတိပေးချက်



ရရှိရမည်။

<u>တတိယ။</u> အဆိုပါလူတောင်ကြီးသည် ကျွန်ုပ်တို့၏အဓိကလမ်း မြင့်ကြီးများတွင်သာ လမ်းလျှောက်ရမည်။ မြက်ခင်းပြင် သို့မဟုတ် ဘာလီခင်းများတွင် လမ်းလျှောက်ခွင့် သို့မဟုတ် လဲလျောင်းခွင့် မပြုပါ။

<u>စတုတ္ထ။</u> အဆိုပါလမ်းများတွင် သူလမ်းလျှောက်သောအခါ ကျွန်ုပ်တို့၏အမြတ်တနိုးပစ္စည်းများ၊ သူတို့၏မြင်းများ မြင်းလှည်းများ ကိုတက်မနင်းမိစေရန် အဆုံးစွန်ဂရုစိုက်ရမည်။ ကျွန်ုပ်တို့၏ အဆိုပါ ပစ္စည်းများကို ကျွန်ုပ်တို့၏ခွင့်ပြုချက်မရဘဲ သူ့လက်ဖြင့်ကိုင်ယူခြင်း မပြုရ။

<u>ပဉ္စမ။</u> ခြေမြန်တော်တစ်ယောက်က အထူးသတင်းပို့ရန် လိုအပ်လျှင် လူတောင်ကြီးက ခြေမြန်တော်နှင့်မြင်းကိုသူ၏အိတ် ထောင်ထဲတွင်ထည့်၍ လစဉ်တိုင်း (၆)ရက်ကြာခရီးဖြင့် သယ်ဆောင် ရမည် (လိုအပ်လျှင်) အဆိုပါခြေမြန်တော်ကို ကျွန်ုပ်တို့၏ ဧကရာဇ် ရှေ့တော်မှောက်သို့ လုံခြုံစွာ ပြန်သယ်ဆောင်လာရမည်။

<u>ဆဋ္ဌမ။</u> သူသည်ဘလီဖူစကူကျွန်းမှ ကျွန်ုပ်တို့၏ ရန်သူကို ဆန့်ကျင်သော ကျွန်ုပ်တို့၏ မဟာမိတ်ဖြစ်ရမည်ဖြစ်ပြီး ယခုကျွန်ုပ် တို့ကိုကျူးကျော်တိုက်ခိုက်ရန်ပြင်ဆင်နေသော သူတို့၏ ရေတပ်ကို ဖျက်ဆီးရန် သူအစွမ်းကုန်ဆောင်ရွက်ရမည်။

<u>သတ္တမ။</u> အဆိုပါလူတောင်ကြီးသည် အနားယူသောအချိန်များ

တွင် ကျွန်ုပ်တို့၏အလုပ်သမားများကို ကူညီပြီး အဓိကပန်းခြံနံရံနှင့် ကျွန်ုပ်တို့၏အခြားတော်ဝင်အဆောက်အဦးများနံရံများကို ကာရံမည့် ကျောက်တုံးကြီးအချို့ကို သယ်မပေးရမည်။

<u>အဋ္ဌမ။</u> အဆိုပါလူတောင်ကြီးသည် ကမ်းခြေသို့သူ၏ခြေလှမ်းများဖြင့် ပတ်လျှောက်လျှက် ကျွန်ုပ်တို့၏ပိုင်စိုးမှုနယ်နမိတ်ကို (၂)လ အတွင်းတိကျစွာစစ်ဆေးတွက်ချက်ပေးရမည်။

နောက်ဆုံးအဖြစ်။ ။အထက်ပါစည်းကမ်းချက်များအားလုံးကို လိုက်နာရန် ဆန္ဒပြုခြင်းအားဖြင့်အဆိုပါလူတောင်ကြီးသည် ကျွန်ုပ်တို့၏နိုင်ငံသား ၁၇၂၄ယောက်ကိုထောက်ပံ့ရန်လုံလောက်သည့် အစားအသောက်ခွင့်ပြုချက်ကို နေ့စဉ်ရရှိမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ တော်ဝင်အသိုင်းအဝိုင်းသို့ လွတ်လပ်စွာချဉ်းကပ်ခွင့်ရမည်ဖြစ်၏။ ကျွန်ုပ်တို့၏လှူပ်ရှားမှုကာလ ၉၁-လနှင့်၁၂-ရက်မြောက်နေ့တွင် ဘယ်ဖါတောရပ်စ်မှ ကျွန်ုပ်တို့၏နန်းတော်တွင် ထုတ်ပြန်လိုက်၏။

ဤစည်းကမ်းချက်များထဲမှ တချို့ကအလွန်ကြောက်မက်ဘွယ်ရာ ကောင်းလှသည်ဟု ကျွန်ုပ်ထင်သော်လည်း အလွန်ကြေနပ်ပျော်ရွှင်စွာဖြင့်သစ္စာပြုဆိုပြီး ဤစည်းကမ်းချက်များက ရေတပ်ဗိုလ်ချုပ် စကိုင်ရက်တိုရိုလမ်၏ မလိုတမာမှုမှလုံးလုံးလျားလျားထွက်ပေါ်လာခြင်းဖြစ်ကာ ကျွန်ုပ်ဤသို့သစ္စာပြုခြင်းဖြင့် ကျွန်ုပ်၏သံကြိုးများကို ချက်ခြင်းသော့ဖြုတ်ပေးကြ၍ ကျွန်ုပ်လုံးဝလွတ်လပ်သွား၏။ ဧကရာဇ်က ထိုအခန်းအနားတစ်ခုလုံးတွင် ကိုယ်တိုင်ရှိနေခြင်းဖြင့် ကျွန်ုပ်ကို



ကျက်ပြု၏။ ကျွန်ုပ်ကအရှင်မင်းမြတ်၏ ခြေထောက်ရှေ့တွင် ဝမ်းလျှား မှောက်လဲနေခြင်းဖြင့် အသိအမှတ်ပြု၏။ သို့သော်သူက ကျွန်ုပ်ကို တော်တပ်ထရန်အမိန့်ပေးကာ ကြင်နာသောအမူအရာများ များစွာ ပြုပြီးနောက် အသုံးဝင်သောအမှုထမ်းတစ်ယောက်ဖြစ်ကြောင်းကို ကျွန်ုပ်သက်သေပြပြီး ကျွန်ုပ်အပေါ်သူမျက်နှာသာပေးခဲ့မှုများကို ကျွန်ုပ်ထိုက်တန်စွာ တုန့်ပြန်မည်ဟု သူမျှော်လင့်ကြောင်းထပ်ပြော၏။

ကျွန်ုပ်လွတ်မြောက်မှုရရှိရေးအတွက် နောက်ဆုံးစည်းကမ်းချက်တွင် လီလီပတ်နိုင်ငံသား ၁၇၂၄-ယောက်ကို ထောက်ပံ့ရန် လုံလောက်သည့်အစားအသောက်ပမာဏကို ကျွန်ုပ်အားခွင့်ပြုရန် ဧကရာဇ်ကထည့်သွင်းဖော်ပြစေခဲ့သည်ကို စာရှုသူတွေမြင်ရသဖြင့် သဘောကျပေလိမ့်မည်။ ထိုနောက်ပိုင်း အချိန်အတော်ကြာခဲ့သော် သူတို့မည်ကဲ့သို့ အရည်အတွက်ကိုတွက်ချက်ဆုံးဖြတ်ခဲ့သနည်းဟု နန်းတော်ရုံးမှ မိတ်ဆွေတစ်ယောက်ကိုမေးကြည့်သောအခါ အရှင်မင်းမြတ်၏သင်္ချာပညာရှင်များက အမြင့်တိုင်းကိရိယာတစ်ခု၏ အကူအညီဖြင့် ကျွန်ုပ်၏ကိုယ်အမြင့်ကိုတိုင်းတာပြီး ၄င်းကသူတို့၏ အမြင့်ထက် ၁၂-ဆသာလွန်ကြောင်းတွေ့ရသဖြင့်၊ သူတို့၏ ခန္ဓာကိုယ်နှင့်နှိုင်းယှဉ်မှုအရ ကျွန်ုပ်၏ခန္ဓာကိုယ်တွင် အနည်းဆုံး သူတို့ခန္ဓာကိုယ် ၁၇၂၄-ခု ပါဝင်ရမည်ဖြစ်ပြီး၊ ဤသို့ဖြင့် ဤအရေအတွက်ရှိသော လီလီပတ် နိုင်ငံသားတို့ကို ထောက်ပံ့ရန်လိုသော အစားအစာကို လိုအပ်မည်ဖြစ်ကြောင်း သူတို့ကောက်ချက်ချကြ၏။

ထို့ကြောင့် စာရှုသူအားနေပြင့် ဤလူမျိုးတို့၏စိတ်ကူးစိတ်သန်ကောင်းမှု နှင့် ကြီးမြတ်သော [illegible]င်း၏အသုံးအစွဲ စေ့စပ်သေချာမှုကို နားလည် လောက်ပေ၏။



## အခန်း(၄)

ကျွန်ုပ်လွတ်မြောက်မှုရရှိပြီးနောက်၊ ပထမဦးဆုံးကျွန်ုပ်ပြုလုပ်သော တောင်းဆိုမှုက မြို့တော်မီလင်နိုကို ကျွန်ုပ်တွေ့မြင်ခွင့်လိုင်စင်ရရန် ဖြစ်၏။ ၎င်းကို ဧကရာဇ်ကလွယ်ကူစွာ ကျွန်ုပ်အားခွင့်ပြု၏။ သို့သော် နေထိုင်သူများကို၎င်း၊ သူတို့၏အိမ်များကို၎င်း တစုံတရာထိခိုက်မှု မဖြစ်စေရန်အထူး ဂရုစိုက်ရမည်ဖြစ်၏။ မြို့ကို ကျွန်ုပ်လည်ပတ်ရန် ရည်ရွယ်ကြောင်း ပြည်သူများကိုကြေညာ၏။ မြို့ကို ဝိုင်းပတ်ထားသော တံတိုင်းက(၂)ပေခွဲမြင့်ပြီး၊ အနည်းဆုံး ၁၁ လက်မကျယ်၏။ ထို့ကြောင့် မြင်းလှည်းတစ်စီးကို ၎င်းအပေါ်တွင်ကောင်းစွာ မောင်းနှင်နိုင်ပြီး ခိုင်မာသောမျှော်စင်များက တခုနှင့်တခု(၁၀)ပေ ခြားလျက် ၎င်းကိုခြံရံထား၏။ ကြီးမားသောအနောက်ဘက်တံခါး ပေါက်ကြီးပေါ် ကျွန်ုပ်လှမ်းကျော်ပြီး၊ အလွန်တရာညင်သာစွာဖြင့် ဖြတ်ကျော်ကာ အိမ်အမိုးများနှင့် တံစက်မြိတ်များကို ကျွန်ုပ်၏ကုတ်အင်္ကျီအနားဖြင့်ပျက်စီးစေမည်စိုးသဖြင့် ကျွန်ုပ်၏ဝေ့စ်ကုတ်အင်္ကျီအတိုကိုသာဝတ်ဆင်လျက်၊ အဓိကလမ်းမကြီး(၂)ခုပေါ်သို့ ကြိုးနွံစွာဖြင့်လျှောက်သွား၏။ လူအားလုံးတို့အား ၎င်းတို့၏အန္တရာယ်ကြောင့်

အိမ်ထဲ၌နေကြရန်အလွန်တင်းကြပ်စွာ အမိန့်ပေးထားသော်လည်း လမ်းများပေါ်၌ ကျန်ရှိနေသူလူတစ်ယောက်စ၊ နှစ်ယောက်စတို့အား တက်နင်းမိခြင်းမှ ရှောင်ရှားရန်အတွက် အလွန်တရာ သတိထားလျှက်၊ ကျွန်ုပ်လမ်းလျှောက်ရ၏။ အိမ်ခေါင်မိုးများနှင့် အပေါ်ထပ်ပြူတင်းပေါက်များတွင် ကြည့်ရှုသူများနှင့် အလွန်ပြည့်ကြပ်နေလွန်းသဖြင့် ကျွန်ုပ်၏ခရီးတလျှောက်တွင် ထိုကဲ့သို့လူဦးရေထူထပ်သောနေရာကိုမတွေ့မြင်ခဲ့ဘူးဟု ကျွန်ုပ်ထင်မိ၏၊ မြို့တော်က လေးထောင့်စတုရန်းပုံတိတိကျကျဖြစ်ပြီး မြို့ရိုးတံတိုင်းအသီးသီးကပေ ၅၀၀ ရှည်လျား၏၊ မြို့တော်ကိုလေးပိုင်းခွဲ၍ ဖြတ်သန်းသွားသော လမ်းမကြီး ၂ခုက ၅-ပေကျယ်၏။ ကျွန်ုပ်မဝင်နိုင်သော်လည်း ကျွန်ုပ်ဖြတ်ကျော်သွားစဉ် တွေ့မြင်ရသော လမ်းသွယ်လမ်းမြောင်များက ၁၂လက်မမှ ၁၈လက်မအထိကျယ်၏။ မြို့နေလူဦးရေ ၅သိန်းရှိ၏။ အိမ်များက ၃ထပ်မှ ၅ထပ်အထိရှိ၏။ ဆိုင်များနှင့်ဈေးများကို ကောင်းစွာ ထောက်ပံ့ပေးထား၏။

ဧကရာဇ်နန်းတော်က မြို့တော်၏ဗဟိုတွင်ရှိပြီး လမ်းမကြီး (၂)ခုက ထိုနေရာ၌တွေ့ဆုံကြ၏။ ၂-ပေမြင့်သောတံတိုင်းတစ်ခုက နန်းတော်ကိုပေ(၂၀)အကွာမှဝိုင်းပတ်ထား၏။ ဤတံတိုင်းအပေါ် ကျွန်ုပ်ကျော်တက်ရန် အရှင်မင်းမြတ်၏ခွင့်ပြုချက်ကို ကျွန်ုပ်ရထားပြီး တံတိုင်းနှင့်နန်းတော်ကြားမှ မြေကွက်လပ်က ကျယ်ဝန်းလှသဖြင့် နန်းတော်ကို ကျွန်ုပ်အဖက်ဖက်မှလွယ်ကူစွာကြည့်ရှုနိုင်၏။



အပြင်နန်းတော်ဆောင်က စတုရန်းပေ ၄၀ရှိပြီး၊ အခြားနန်းတော်ဆောင်၂-ခုလည်းရှိ၏ အတွင်းပိုင်းအကျဆုံးက တော်ဝင်ဆောင်များဖြစ်ပြီး ၎င်းကို ကျွန်ုပ်အလွန်ကြည့်ချင်သည့်ဆန္ဒဖြစ်မိ၏ သို့သော်၎င်းကအလွန်တရာခက်ခဲလှကြောင်းကျွန်ုပ်တွေ့ရ၏။ အဆောက်အဦးဝင်းတစ်ခုနှင့်တခုအကြားရှိ တံခါးပေါက်ကြီးများက ၁၈လက်မမြင့်ပြီး ၇-လက်မသာကျယ်၏။ ယခုမူ အပြင်ဘက်နန်းတော်ဆောင်မှ အဆောက်အဦးများက အနည်းဆုံး ၅-ပေမြင့်ပြီး၊ တံတိုင်းများကို လှီးဖြတ်ထားသော ကျောက်တုံးများဖြင့်(၄)လက်မထူထူခိုင်ခန့်စွာ ဆောက်လုပ်ထားသော်လည်း အဆောက်အဦးအမြင့်များကို အတိုင်းအဆမသိသော ပျက်စီးမှုမဖြစ်စေဘဲ ၎င်းတို့အပေါ်သို့ ကျွန်ုပ်ကျော်လွှားသွားရန်မဖြစ်နိုင်ပါ။ တချိန်တည်းတွင် ဧကရာဇ်က သူ့နန်းတော်ကြီး၏ကြီးကျယ်ခန်းနားမှုကို ကျွန်ုပ်အားအလွန်တရာမြင်စေလို၏။ သို့သော်နောက်(၃)ရက်ကြာသည့်တိုင် ၎င်းကို ကျွန်ုပ်မလုပ်နိုင်သေးပါ။ ထိုအတောအတွင်း မြို့တော်မှကိုက်တစ်ရာခန့်မျှဝေးကွာသော တော်ဝင်ပန်းခြံအတွင်းမှ အကြီးဆုံးသစ်ပင်ကချို့ကို ကျွန်ုပ်၏ဓါးဖြင့် ခုတ်ဖြတ်ရင်းအချိန်ဖြုန်းခဲ့၏။ ထိုသစ်ပင်များဖြင့် ၃-ပေခန့်အသီးသီးမြင့်၍ ကျွန်ုပ်၏အလေးချိန်ကိုခံနိုင်လောက်အောင် တောင့်တင်းသည့် ထိုင်ခုံနှစ်ခုကို ကျွန်ုပ်ပြုလုပ်၏။ ပြည်သူများကဒုတိယသတိပေးထုတ်ပြန်ချက်ရရှိကြသောအခါ ကျွန်ုပ်၏ထိုင်ခုံ ၂-ခုကို လက်ထဲတွင် ကိုင်လျှက် မြို့တော်အထဲသို့နောက်တစ်ကြိမ်သွားပြန်၏။ အပြင်

နန်းတော်ဆောင်ဘေးသို့ရောက်သောအခါ၊ ထိုင်ခုံတလုံးပေါ်တွင် ကျွန်ုပ်မတ်တပ်ရပ်ပြီး အခြားတလုံးကို ကျွန်ုပ်၏လက်ထဲတွင်ကိုင်ထား၏။ ထိုတလုံးကိုခေါင်မိုးပေါ်သို့ကျွန်ုပ်မြှင့်တင်လိုက်ပြီး၊ ၎င်းကို ၈-ပေခန့်ကျယ်ဝန်းသည့် ပထမနန်းတော်ဆောင်နှင့်ဒုတိယနန်းတော်ဆောင်အကြားကွက်လပ်ပြင်ပေါ်သို့ ညင်သာစွာချလိုက်၏။ ထို့နောက် ကျွန်ုပ်ကအဆောက်အဦးများပေါ်သို့ အလွန်ချောမွေ့စွာဖြင့် ထိုင်ခုံတစ်ခုမှတခုသို့ကျော်လှမ်းသွားပြီး ချိတ်ပါသောတုတ်တချောင်းဖြင့် ပထမထိုင်ခုံကို ကျွန်ုပ်နောက်သို့ဆွဲယူလာ၏။ ဤသို့နည်းလမ်းရှာဖွေရင်း အတွင်းနန်းတော်ဆောင်ထဲသို့ ကျွန်ုပ်ရောက်လာပြီး ဘေးတစောင်း လဲလျောင်းလျှက် အလယ်ထပ်မှပြူတင်းပေါက်များဆီသို့ ကျွန်ုပ်မျက်နှာမူလိုက်၏။ ၎င်းကြောင့် ပြတင်းပေါက်များကို ဖွင့်ထားကြပြီး စိတ်ကူးရသမျှတွင်ကြက်သေရအရှိဆုံး တိုက်ခန်းများကို ကျွန်ုပ်တွေ့မြင်ရ၏။ ထိုနေရာ၌ မိဖုရားနှင့်သားတော်ငယ်များကို သူတို့၏များစွာသောအခန်းများတွင် အခြွေအရံများ ခြံရံလျှက်ရှိသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ မိဘုရားခေါင်ကြီးက ကျွန်ုပ်ကိုအလွန်နှစ်သက်စွာ ကျက်သရေရှိရှိပြုံးပြပြီး ကျွန်ုပ်နမ်းရှုတ်ရန်သူမ၏လက်ကို ပြတင်းပေါက်မှကမ်းထုတ်ပေးလိုက်၏။

သို့သော်ဤကဲ့သို့သောကိစ္စများ နောက်ထပ်ကျွန်ုပ်ထုတ်ဖော်ပြလိမ့်မည်ဟုစာရှုသူကို ကျွန်ုပ်မမျှော်လင့်စေချင်ပါ။ အကြောင်းမူကား ပို၍ကြီးကျယ်သောကိစ္စများကို ကျွန်ုပ်ဖော်ပြချင်သောကြောင့်ဖြစ်၏။



ကျွန်ုပ်လွတ်လပ်မှုရပြီး ၂-ပတ်ခန့်အကြာ တညတွင်ပြည်ထဲရေး ပထမအတွင်းဝန်ကယ်ဒရီဆဲလ်က အမှုထမ်းတယောက်သာလိုက်ပါလျှက် ကျွန်ုပ်၏အိမ်သို့ ရောက်လာ၏။ သူကသူ၏မြင်းလှည်းမောင်းသမားကို ခပ်လှမ်းလှမ်းမှစောင့်နေရန်အမိန့်ပေးပြီး ကျွန်ုပ်ကိုသူနှင့် တစ်နာရီခန့်လက်ခံစကားပြောစေချင်၏။ နန်းတော်ရုံးတွင် ကျွန်ုပ်ခယတောင်းပန်ရစဉ်က ကျွန်ုပ်အပေါ်သူကောင်းစွာပြုမူခဲ့သည့်များစွာသောရုံးအမှုကိစ္စများနှင့် သူ၏အရည်အချင်းနှင့်ကောင်းမွန်သောကိုယ်ကျင့်တရားတို့ကြောင့် ကျွန်ုပ်ကသဘောတူလိုက်၏။ ကျွန်ုပ်၏နားအနီးသို့ သူပို၍အဆင်ပြေစွာရောက်နိုင်စေရန် ကျွန်ုပ်လဲလျောင်းပေးရန်ကမ်းလှမ်း၏။ သို့သော် ကျွန်ုပ်တို့စကားပြောနေစဉ် သူ့ကို ကျွန်ုပ်၏လက်တွင်ဆုပ်ကိုင်ထားရန်သူပိုသဘောကျ၏။ ကျွန်ုပ်၏ လွတ်မြောက်မှုအတွက် သူထောက်ခံပေးမှုပေးခဲ့ပုံနှင့်သူအစပြုပြီး ထိုသို့ထောက်ခံရာ၌ အင်တိုက်အားတိုက်ဖြစ်ချင်မှဖြစ်မည်ဟု သူကပြော၏။ သို့သော်နန်းတော်ရုံးတွင် လက်ရှိအခြေအနေများဖြစ်ပေါ်မှုမရှိလျှင် ထိုလွတ်မြောက်မှုကို ကျွန်ုပ်ထိုမျှမြန်ဆန်စွာဖြင့် ရချင်မှရပေလိမ့်မည်။ သူပြောပုံအရ မကောင်းဆိုးဝါး ၂-ကောင်ဒဏ်ကို ကျွန်ုပ်တို့ခံစားနေကြရ၏။ ၎င်းတို့က ပြည်တွင်းမှဆန့်ကျင်ပုန်ကန်မှုများနှင့်နိုင်ငံခြားမှအင်အားကြီးဆုံး ရန်သူ၏ကျူးကျော်တိုက်ခိုက်မှုအန္တရာယ်တို့ဖြစ်၏။ ပထမအန္တရယ်နှင့်ပတ်သက်၍လွန်ခဲ့သော လ ၇၀ကျော်ကဤအင်ပါယာတွင် ထရန်မီဆန်နှင့်စလန်မီဆန်အမည်ရှိ

ဆန့်ကျင်တိုက်ခိုက်နေကြသော ပါတီ(၂)ခုရှိသည်ကို အသင်နားလည်ထားရမည်ဖြစ်၏။ သူတို့ကသူတို့ကိုယ်သူတို့ ရှူးဖိနပ်ခွာနိမ့်နှင့် ခွာမြင့်ဖြင့်ခွဲခြားထားကြ၏။ ရှူးဖိနပ်ခွာမြင့်တို့က သူတို့၏ရှေးဟောင်းအခြေခံဥပဒေကိုအလွန်လက်ခံသည်ဟုဆိုကြ၏။ သို့သော်လည်း ၎င်းကမည်သို့ပင်ဖြစ်စေ အရှင်မင်းမြတ်ကအစိုးရအုပ်ချုပ်မှုနှင့် သရဖူဥသျှောင်ရုံးကိစ္စများတွင် ရှူးဖိနပ်ခွာနိမ့်ကိုသာအသုံးပြုရန်ဆုံးဖြတ်ခဲ့ပြီး အထူးသဖြင့် အရှင်မင်းမြတ်၏ ဧကရာဇ်ရှူးဖိနပ်သည် နန်းတော်ရုံးမှ မှူးမတ်များ၏ ရှူးဖိနပ်ထက်လက်မတစ်စိတ်ခန့်ခွာပိုနိမ့်၏။ ဤပါတီ(၂)ခု၏ ရန်လိုမှုကအလွန်ပြင်းထန်လွန်းသဖြင့် သူတို့အတူတကွစားသောက်ခြင်းမပြုကြသလို တစ်ယောက်ကိုတစ်ယောက်လည်း စကားမပြောကြပေ၊ ထရာမီဆန်-သို့မဟုတ်-ဖိနပ်ခွာမြင့်တို့သည် သူတို့ထက်အရေအတွက်သာလွန်သည်ဟု သူတို့တွက်ချက်၏။ သို့သော်အာဏာကမူ သူတို့တက်တွင်လုံးဝရှိနေ၏။ ထီးနန်းလောင်းလျာ အိမ်ရှေ့မင်းသားသည် ခွာမြင့်များဘက်သို့အတော်ရိမ်းယိုင်မှုရှိကြောင်း သူတို့နားလည့်ထား၏။ သူ၏ခွာတခုက အခြားခွာတခုထက်ပိုမြင့်သည်ကိုအဆုံး၌ သူတို့ရှင်းလင်းစွာတွေ့မြင်ကြရပြီး ဤသို့ခွာမညီမှုကြောင့်သူလမ်းလျှောက်ရာ၌ ပုံပန်းမကျဖြစ်နေ၏။ ဤသို့အတွင်းပိုင်းမှ မငြိမ်သက်မှုများကြောင့် ဘလီဖူးစကူကျွန်းမှ ကျူးကျော်တိုက်ခိုက်မှု အန္တရာယ်ဖြင့် ယခုသူတို့အခြိမ်းခြောက်ခံနေရပြီး ထိုကျွန်းသည် အရှင်မင်းမြတ်၏ အင်ပါယာကဲ့သို့ နီးပါးကြီးမားကျယ်ပြန့်၍ ဩဇာ



ကြီးမားသော အခြားအင်ပါယာတစ်ခုဖြစ်၏။ ကျွန်ုပ်တို့လောက်ကြီးမားသောလူသားများ နေထိုင်သည့် အခြားနိုင်ငံနှင့် တိုင်းပြည်များရှိသည်ဟု သူတို့ကြားဘူးခြင်းနှင့်ပတ်သက်၍မူ သူတို့၏အတွေးအခေါ်သမားများက သံသယအလွန်ဖြစ်နေကြပြီး ကျွန်ုပ်ကိုလပေါ်မှ သို့မဟုတ် ကြယ်တစ်ခုပေါ်မှပြုတ်ကျလာသည်ဟုသာ သူတို့ထင်မြင်ချင်ကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ကဲ့သို့ခန္ဓာကိုယ်အချိုးအစားရှိသူလူ (၁၀၀)ခန့်က၊ အချိန်တိုတိုအတွင်း အရှင်မင်းမြတ်၏အုပ်ချုပ်မှုနယ်ပယ်၌ရှိသောအသီးအနှံနှင့်ကျွဲနွားများကို ဖျက်ဆီးပစ်မည်ဖြစ်သောကြောင့်တည်း။ ထို့အပြင် သတင်းလပေါင်း(၆၀၀၀)က သူတို့၏ရာဇဝင်ဆရာတို့သည် ကြီးမားသောမဟာအင်ပါယာကြီး(၂)ခုဖြစ်သည့်လီလီပတ်နှင့်ဘလီဖူးစကူတို့ထက် အခြားနေရာဒေသများကိုထုတ်ဖော်ပြကြခြင်းမပြုပဲ ကျွန်ုပ်ကိုသူပြောပြမည့်အတိုင်း၊ ဤမဟာအင်အားကြီး(၂)ခုတို့သည် လွန်ခဲ့သောသတင်းလ(၆၃၀)ကျော်က အလွန်အကြိတ်အနယ်စစ်ဖြစ်ခဲ့၏။ အောက်ပါအကြောင်းကြောင့် ၎င်းကအစပြုခဲ့၏။ ဥများကို သူတို့မစားခင်၎င်းတို့ကိုခွဲသည့် ရှေးဟောင်းပုံစံက ဥ၏ပိုကြီးသောအခြမ်းဘက်မှ ခွဲရခြင်းဖြစ်၏။ သို့သော်လက်ရှိအရှင့်မင်းမြတ်၏ အဖိုးငယ်စဉ်ကကြက်ဥကိုစားမည်ပြု၍ ရှေးဟောင်းအမူအကျင့်အရ ၎င်းကိုခွဲလိုက်သောအခါ သူ၏လက်ချောင်းတစ်ချောင်းကို ရှမိသွား၏။ ထိုသို့ဖြစ်သောအခါ သူ၏ဖခင်ဧကရာဇ်က ပြစ်ဒဏ်ကြီးစွာထားလျက် ကြက်ဥများကို သေးသော

အခြမ်းမှခွဲရန် သူ၏နိုင်ငံသားများအား ညွှန်ကြားထားသော အမိန့်ပြန်တမ်းတစ်ခုထုတ်ပြန်၏။ ပြည်သူများက ဤဥပဒေကို အလွန်တရာစိတ်နာကြည်းလွန်းကြသဖြင့် ဤအကြောင်းကြောင့်ဖြစ်ပေါ်သောတော်လှန်ပုန်ကန်မှု(၆)ကြိမ်ဖြစ်ခဲ့သည်ဟု၊ သူတို့၏ရာဇဝင်ဆရာများက သူတို့ကိုပြောပြ၏။ ထိုသို့တော်လှန်ပုန်ကန်မှုဖြစ်ခဲ့ရာတွင် ဧကရာဇ်တပါးက အသက်ဆုံးရှုံးခဲ့ပြီး အခြားတစ်ဦးကထီးနန်းစွန့်လွှတ်ခဲ့ရ၏။ ပြည်သူတို့၏ ဤသို့အထိကရုန်းဖြစ်မှုများကို ဘလီဖူးစကူဘုရင်များကအမြဲတစေ လှုံ့ဆော်မှုပေးခဲ့ပြီး သူတို့အနှိပ်ကွပ်ခံရသောအခါပြည်ပြေးများက ထိုအင်ပါယာဆီသို့ အမြဲတမ်းပြေးဝင်ခိုလှုံကြ၏။ လူပေါင်းတစ်သောင်းတစ်ထောင်က သူတို့၏ကြက်ဥကိုသေးငယ်သောအခြမ်းမှခွဲရန်လိုက်နာမည့်အစားအကြိမ်ပေါင်းများစွာ အသေကျေခံခဲ့ကြ၏။ ဤအငြင်းအခုန်ဖြစ်မှုနှင့်ပတ်သက်၍ စာအုပ်ကြီးများရာပေါင်းများစွာကို ပုံနှိပ်ထုတ်ဝေခဲ့၏။ သို့သော်ကဒ်အယ်ဒီဇုန်၏စာအုပ်များကို ကာလကြာရှည်က ပိတ်ပင်ထားပြီး အလုပ်သမားထိန်းချုပ်မှုဥပဒေအရ ထိုတဖွဲ့လုံးမှာ ဘာမှမတတ်နိုင်ကြပါ၊ ဤဒုက္ခများဖြစ်ပေါ်စဉ်ကာလအတွင်း ဘလီဖူစကူဧကရာဇ်များက သူတို့၏သံအမတ်များမှတဆင့် မကြာခဏဆန့်ကျင်လျှက် ဘာသာရေးကိုကျွန်ုပ်တို့ ဂိုဏ်းကွဲအောင်ပြုလုပ်နေသည်ဟုစွပ်စွဲကြ၏။ သို့သော်လည်း ၄င်းကပြဋ္ဌာန်းချက်ကိုဆွဲဆန့်ရုံသက်သက်သာဖြစ်သည်ဟု ထင်ကြ၏။ အဘယ်ကြောင့်ဆိုသော် စကားလုံးများက ဤသို့ဖြစ်သောကြောင့်တည်း၊ အစစ်အမှန်





ယုံကြည်သူ အကြင်အားလုံးသည် သူတို့၏ကြက်ဥကိုအလျှင်းသင့်သောအခြမ်းမှခွဲသင့်၏ အလျှင်းသင့်သောအခြမ်းက မည်သည့်အခြမ်းဖြစ်မည်ကို လူတိုင်း၏အသိစိတ်ဖြင့် သို့မဟုတ် တရားသူကြီးချုပ်၏အာဏာဖြင့်ဆုံးဖြတ်ရမည်ဟူ၍ဖြစ်၏။ ယခုအခါဘစ်အင်ဒီယန်ပြည်ပြေးများသည် ဘလီဖူးစကူးအင်ပါယာရုံးတော်မှ ယုံကြည်လက်ခံမှုများကို များစွာရရှိထားပြီး အမိမြေရှိသူတို့၏ပါတီများမှ လျှို့ဝှက်အားပေးထောက်ခံမှုများကိုလည်း များစွာရရှိထားကာ ဤအင်ပါယာနှစ်ခု အကြားသွေးချောင်းစီးသောစစ်ပွဲက (၆၃)လကြာ အကျိုးတ်အနယ်ဖြစ်ပွားခဲ့၍ ၄င်းကာလအတွင်းသူတို့၏အကောင်းဆုံး သင်္ဘောသားများ၊ စစ်သားများဖြင့်အတူတကွသင်္ဘောကြီးအစင်း (၄၀)နှင့်ထိုထက်ပို၍ များပြားသောယာဉ်ငယ်ကလေးများကို သူတို့ဆုံးရှုံးကြရ၏။ ရန်သူများရရှိလိုက်သောပျက်စီးဆုံးရှုံးမှုက သူတို့ထက်အတော်ကလေးပိုများသည်ဟု မှတ်ယူရ၏။ သို့သော်လည်း သူတို့က ယခုများစွာလှသော ရေတပ်များကိုတည်ဆောက်ကာ သူတို့အပေါ် ထိုးစစ်ဆင်ရန်ပြင်ဆင်နေ၏။ အရှင်မင်းမြတ်က ကျွန်ုပ်၏ခွန်အားနှင့် ရဲရင့်မှုအပေါ် အလွန်ယုံကြည်မှုထားသဖြင့် သူ၏ကိစ္စအလုံးစုံကို ကျွန်ုပ်ရှေ့၌ချပြရန်သူ့အားအမိန့်ပေးကြောင်းပြော၏။

ကျွန်ုပ်ကနိုင်ငံခြားသားတစ်ယောက်ဖြစ်သဖြင့် ပါတီများနှင့်ဝင်ရောက်စွက်ဖက်လိုစိတ်မရှိကြောင်းကို ဧကရာဇ်အားအတွင်းဝန်မှတဆင့် သိစေချင်၏ သို့သော်လည်း ကျွန်ုပ်၏အသက်ပါအန္တရာယ်

ရှိနေသဖြင့် သူနှင့်သူ၏နိုင်ငံအား ကျူးကျော်သူများအားလုံးမှ ကာကွယ်ရန် ကျွန်ုပ်အဆင်သင့်ဖြစ်နေ၏။



## အခန်း(၅)

ဘလီဖူစကူး အင်ပါယာသည် လီလီပတ်၏အရှေ့မြောက်ဘက် စွန်းစွန်းတွင်တည်ရှိပြီး ၎င်းကိုကိုက်(၈၀၀)ကျော်သော ရေလက်ကြားတစ်ခုကပိုင်းခြားထား၏။ ၎င်းကိုကျွန်ုပ်မမြင်ဘူးသေးဘဲ ကျူးကျော်တိုက်ခိုက်ရန် ကြံရွယ်ထားကြောင်း ဤသတင်းကို ကျွန်ုပ်သိရသောအခါ ကမ်းခြေ၏ထိုဘက်အပိုင်းတွင် ကျွန်ုပ်ကိုအတွေ့မြင်မခံပါ။ ရန်သူသင်္ဘောအချို့ကကျွန်ုပ်အား တွေ့မြင်သွားမည်ကိုစိုးရိမ်သောကြောင့်ဖြစ်ပြီး ကျွန်ုပ်၏သတင်းကို၎င်းတို့ရရှိခြင်းမရှိစေဘဲ အင်ပါယာနှစ်ခုအကြား ဆက်သွယ်မှုအားလုံးကိုစစ်အတွင်းကစ၍ အသေအကြေခံရလျှက် တင်းကြပ်စွာပိတ်ပင်ထားကာ မည်သည့်သင်္ဘောယာဉ်များကိုမဆို ကျွန်ုပ်တို့၏ ဧကရာဇ်ကတားဆီးပိတ်ဆို့ထား၏။ ရန်သူ၏ရေတပ်တစ်ခုလုံးကို ဖမ်းဆီးရန် ကျွန်ုပ်ကြံစည်ထားသည့် စီမံချက် ကို အရှင်မင်းမြတ်အား ကျွန်ုပ်ကရှင်းပြ၏။ ကျွန်ုပ်တို့၏ ကင်းထောက်များက ကျွန်ုပ်တို့အား အသေအချာပြောပုံအရ ထိုရေတပ်က လေကောင်းကောင်းစတိုက်သည်နှင့်ရွက်လွှင့်ရန်

အဆင်သင့်ဖြစ်လျှက် ဆိပ်ကမ်းတွင် ကျောက်ချထားကြ၏။ ရေလက်ကြားရေအတိမ်အနက် နှင့်ပတ်သက်၍ အတွေ့အကြုံအရှိဆုံးသင်္ဘောသားများနှင့် ကျွန်ုပ်တိုင်ပင်၏။ သူတို့ကကို ရေအတိမ်အနက်ကိုမကြာခဏတိုင်းဘူးကြပြီး၊ ရေတက်ချိန်တွင် ရေလက်ကြား၏အလယ်ခေါင်က ၇ဝ'ဂလွန်ဂလပ်' ခန့်နက်ကြောင်း သူတို့က ကျွန်ုပ်အားပြောပြ၏။ ဥရောပအတိုင်းအတာအရ ၎င်းက(၆) ပေခန့်ရှိပြီး ကျန်အချိန်များတွင် အလွန်ဆုံး (၅ဝ) 'ဂလွန်ဂလပ်' သာရှိ၏။ ဘလီဖုစကူနှင့်မျက်နှာချင်းဆိုင်နေသော အရှေ့မြောက်ဘက်ကမ်းခြေဆီသို့ ကျွန်ုပ်လမ်းလျှောက်သွားပြီး တောင်ကုန်းတစ်ခုနောက်တွင် လဲလျောင်းရင်း ကျွန်ုပ်၏အိပ်ဆောင် မှန်ပြောင်းကလေးကိုထုတ်ယူ၍ စစ်သင်္ဘော(၅ဝ)ခန့်မျှနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များစွာပါဝင်လျှက် ကျောက်ချထားသော ရန်သူ၏ ရေတပ်ကို ကျွန်ုပ်ကြည့်ရှု၏။ ထို့နောက် ကျွန်ုပ်၏အိမ်သို့ကျွန်ုပ်ပြန်လာပြီး ကျွန်ုပ်ခွင့်ပြုချက်ရထားသည့်အတိုင်း အခိုင်အခန့်ဆုံးသံကြိုးများနှင့် သံချောင်းများများစွာကိုမှာကြား၏။ သံကြိုးများက ဂုံနီအိတ်ကြိုးခန့်ထုတ်ပြီး သံချောင်းများက ချုပ်အပ်အရွယ်အစားမျှ ရှည်လျား၏။ ကျွန်ုပ်ကသံကြိုးကို ပိုမိုခိုင်ခန့်စေရန်အတွက် ၃-ပင်ပူးပြီး ထိုကဲ့သို့ပင် သံချောင်း ၃-ခုကို ကျွန်ုပ်ပူးလိမ်၍ အဖျားများကိုချိတ်များအဖြစ်ခေါက်လိုက်၏။ ဤသို့ဖြင့်များနိုင်သမျှများများချိတ်ပေါင်း (၅ဝ)ခန့်ပြုလုပ်ပြီးနောက် အရှေ့မြောက်ကမ်းခြေဆီသို့ ကျွန်ုပ်ပြန်သွားကာ



ကုတ်အကျႌ ရှူးဖိနပ်နှင့်ခြေအိတ်တို့ကိုချွတ်လျှက် သားရေဂျာကင်အကျႌဖြင့် ရေမတက်မီနာရီဝက်ခန့်ဘွင် ပင်လယ်အတွင်းသို့ လမ်းဆင်းလျှောက်လာ၏။ တတ်နိုင်သမျှအရှိန်ဖြင့် ကျွန်ုပ်ရှေ့သို့သွားပြီး ရေလည်ခေါင်တွင် ကိုက်(၃ဝ)ခန့် ကျွန်ုပ်ကူးခတ်သွားရာ ပင်လယ်ကြမ်းပြင်ကို ကျွန်ုပ်ခြေစမ်းမိသည်အထိပင်ဖြစ်၏။ နာရီဝက်မရှိတရှိအတွင်း ရေတပ်ဆီသို့ ကျွန်ုပ်ရောက်သွား၏။ ရန်သူများက ကျွန်ုပ်ကို တွေ့မြင်သောအခါ သူတို့ထိတ်လန့်ကြလွန်းသဖြင့် သူတို့၏သင်္ဘောများပေါ်မှ သူတို့ခုန်ချကြပြီး ကမ်းခြေသို့ကူးခတ်သွားကြ၏။ ကမ်းခြေတွင် လူပေါင်း(၃)သောင်းထက်မနည်းရှိ၏။ ထို့နောက် ကျွန်ုပ်က ဖမ်းဆီးမှုများပြုလုပ်ပြီး သင်္ဘောဦးအသီးသီးတွင်ရှိသောအပေါက်တွင် ချိတ်-ချိတ်၍အားလုံးကို အဆုံးတွင်ကြိုးပတ်ချည်လိုက်၏။ ကျွန်ုပ်ဤသို့ဖြင့် အလုပ်ရှုပ်နေစဉ် ရန်သူများကမြားများထောင်ပေါင်းများစွာကိုပစ်လွှတ်ပြီး ၎င်းတို့များစွာက ကျွန်ုပ်၏မျက်နှာနှင့်လက်များကို ထိမှန်၍အလွန်စူးရှမှုဖြစ်သည့်အပြင် ကျွန်ုပ်၏အလုပ်ကိုလည်း များစွာအနှောက်အယှက်ပေး၏။ ကျွန်ုပ်၏အကြီးအကျယ်ဆုံး စိုးရိမ်ထိတ်လန့်မှုက ကျွန်ုပ်၏မျက်လုံးများအတွက်ဖြစ်ပြီး သင့်တော်သောအရာတခုကိုသာ ကျွန်ုပ်မစဉ်းစားမိလျှင် ကျွန်ုပ်၏မျက်လုံးများကို ကျွန်ုပ်မလွဲမသွေဆုံးရှုံးရမည်ဖြစ်၏။ အခြားလိုအပ်သောပစ္စည်းကလေးများအကြားတွင် မျက်မှန်တစုံကို ကျွန်ုပ်၏လျှို့ဝှက်အိတ်ထဲတွင် ကျွန်ုပ်ထားပြီး ယခင်ကကျွန်ုပ်ပြောပြခဲ့သည့်အတိုင်း ၎င်းကဧကရာဇ်၏ရှာဖွေ

နေသမားများလက်မှလွတ်မြောက်ခဲ့၏။ ၎င်းကို ကျွန်ုပ်ထုတ်ယူလိုက်ပြီး တတ်နိုင်သမျှ ခိုင်မြဲစွာကျွန်ုပ်၏နှာခေါင်းပေါ်တွင် တပ်ဆင်လိုက်ကာ ဤသို့ဖြင့်လက်နက်တပ်ဆင်လျှက် ရန်သူ၏မျှားများရှိသော်လည်း ကျွန်ုပ်၏အလုပ်နှင့်ရဲဝင့်စွာဆက်လုပ်၏။ မျှားများစွာတို့က ကျွန်ုပ်၏မျက်မှန်ကိုရိုက်ခတ်မိ၏။ သို့သော်လည်း ၎င်းတို့ကမျက်မှန်ကို အနည်းငယ်အနေအထားပျက်စေယုံထက် အခြားအကျိုးသက်ရောက်မှုများမရှိပါ။ ကျွန်ုပ်ကယခုချိတ်များအားလုံးကို စုချည်လိုက်ပြီး ကျွန်ုပ်လက်ထဲတွင် ကြိုးကိုထုံးလျှက် စတင်ဆွဲယူ၏။ သို့သော် သင်္ဘောတစင်းမှမလှုပ်ကြပါ။ သူတို့အားလုံးက ကျောက်စူးများချထားသောကြောင့်ဖြစ်၏။ ထို့ကြောင့်ကျွန်ုပ်၏လုပ်ငန်းမှ ရဲရင့်သောအပိုင်းကကျန်ရှိသေးကာ ကြိုးကိုကျွန်ုပ်လွှတ်ပေးလိုက်ပြီး သင်္ဘောများကိုချိတ်များဖြင့်ချိတ်ထားဆဲဖြင့် ကျောက်ဆူးများကို ချည်ထားသောသံကြိုးများကို ကျွန်ုပ်၏ဓါးဖြင့်စိတ်ပိုင်းဖြတ်၍ ခုတ်ဖြတ်လိုက်ရာ ကျွန်ုပ်၏မျက်နှာနှင့်လက်တို့တွင်မျှားပေါင်း ၂၀၀ကျော်ခန့်ထိမှန်ခံရ၏။ ထို့နောက်ကျွန်ုပ်ကချိတ်များနှင့်ချီထားသည့်ကြိုးတုံးအစကိုကောက်ယူလိုက်ပြီး အလွန်တရာသက်တောင့်သက်သာဖြင့် ရန်သူတို့၏အကြီးဆုံးစစ်သင်္ဘော(၅၀)ကို ကျွန်ုပ်နောက်၌ဆွဲယူလာ၏။

ကျွန်ုပ်ဘာရည်ရွယ်ထားသည်ကို နည်းနည်းမျှစိတ်မကူးမိကြသော ဘလီစကူ တို့သည်အစပထမတွင် ထိတ်လန့်အံ့ဩမှုဖြင့် ဇဝေဇဝါဖြစ်နေကြ၏။ ကျွန်ုပ်သံကြိုးများဖြတ်သည်ကို သူတို့တွေ့မြင်



ပြီး ကျွန်ုပ်၏ရည်ရွယ်ချက်က သင်္ဘောများကို လွင့်မျောသွားစေရန်သို့မဟုတ် တစင်းနှင့်တစင်း တိုက်ခိုက်မိကြစေရန်သာဖြစ်မည်ဟု သူတို့ထင်ကြ၏။ သို့သော်ရေတပ်တစ်ခုလုံးက အစီအဉ်တကျ ရွေ့လျားနေသည်ကို သူတို့သိမြင်ပြီးအဆုံးတွင် ကျွန်ုပ်ဆွဲနေသည်ကို တွေ့ရသောအခါ သူတို့က အလွန်တရာကြေကွဲဝမ်းနည်းစွာ စိတ်ဓါတ်ကျဆင်းစွာ အော်ဟစ်ကြရာ၎င်းတို့ကို ဖော်ပြရန်မဖြစ်နိုင်လောက်အောင်ပင်ဖြစ်၏။ အန္တရာယ်အတွင်းမှ ကျွန်ုပ်လွတ်မြောက်လာသောအခါ ကျွန်ုပ်ကခဏရပ်၍ ကျွန်ုပ်မျက်နှာနှင့်လက်တို့တွင် စူးဝင်နေသောမျှားများကိုဆွဲထုတ်ယူကာ ယခင်ကကျွန်ုပ်ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်ပထမဦးဆုံးရောက်စဉ်က ကျွန်ုပ်အားပေးခဲ့သည့်ဆီအချို့ကိုသုတ်လိမ်း၏။ ထို့နောက် ကျွန်ုပ်၏မျက်မှန်ကိုကျွန်ုပ်ချွတ်လိုက်ပြီး ဒီရေအနည်းငယ်ကျသွားသည့်အထိ တစ်နာရီခန့်စောင့်နေပြီးနောက် ရေလယ်ခေါင်ကို ကျွန်ုပ်၏ဝန်စည်များနှင့်အတူ ဖြတ်ကျော်သွားကာ လီလီပတ်တော်ဝင်ဆိပ်ကမ်းသို့ လုံခြုံစွာပြန်ရောက်၏။

ဧကရာဇ်နှင့်သူ၏နန်းတော်ရုံးတဖွဲ့လုံးက ဤမဟာစွန့်စားမှုကြီး၏ရလာဒ်ကို မျှော်လင့်ရင်း ကမ်းခြေတွင်ရပ်နေကြ၏။ သင်္ဘောများကရှေ့သို့ရွေ့လျားလာနေသည်ကို လရောင်မထွက်တထွက်တွင် သူတွေ့မြင်ရ၏။ သို့သော် ရေထဲတွင်ရင်ဘတ်အထိရောက်နေသော ကျွန်ုပ်ကိုသူတို့ခွဲခြားမြင်နိုင်ခြင်းမရှိကြပါ။ ရေလက်ကြားအလည်သို့ ကျွန်ုပ်တိုးဝင်သွားသောအခါ လည်ပင်းအထိ ရေအောက်သို့ ကျွန်ုပ်

ရောက်နေသဖြင့် သူတို့ပို၍ပင် စိုးရိမ်ကြောင့်ကြဖြစ်နေကြ၏။ ဧကရာဇ်က ကျွန်ုပ်မရနစ်သွားပြီဟုသုံးသပ်ချက်ချ၏။ ရန်သူရေတပ်က ရန်လိုသောအမူအရာဖြင့် ချဉ်းကပ်လာနေခြင်းဖြစ်မည်။ သို့သော် မကြာခင်တွင်သူ၏ကိုတ်လန့်မှုများကွယ်ပျောက်သွားပြီး ကျွန်ုပ်ခြေလှမ်းလာသည်နှင့်အမျှ ရေလက်ကြားကပို၍တိမ်လာကာ ခဏအတွင်း ကြားနိုင်လောက်သောအကွာအဝေးအတွင်းသို့ ရောက်လာ၍ ရေတပ်အားချည်နှောင်ထားသော သံကြိုးထုံးကို မြှောက်ပြလျက် ကျယ်လောင်သောအသံဖြင့် "ဩဇာကြီးမားလှသော လီလီပတ်ဧကရာဇ်ကြီး သက်တော်ရာကျော်ရှည်ပါစေဟု" ကျွန်ုပ်အော်ဟစ်လိုက်၏။ ဤမဟာမင်းမြတ်က ကျွန်ုပ်ကိုကမ်းစပ်တွင် အမျိုးမျိုးအဖုံဖုံ စုံလင်စွာချီးကျူးလျက်လက်ခံတွေ့ဆုံပြီး ချက်ခြင်းပင်ကျွန်ုပ်ကို 'နာဒါစ်' အဖြစ်သူကောင်းပြုလိုက်၏။ ၎င်းက သူတို့အကြားတွင် အမြင့်ဆုံးသော ဂုဏ်ထူးဆောင်တံဆိပ်ဖြစ်၏။

အရှင်မင်းမြတ်က သူ့ရန်သူများ၏ကျန်သင်္ဘောများအားလုံးကို သူ၏ဆိပ်ကမ်းများဆီသို့ သယ်ဆောင်လာနိုင်မည့် နောက်ထပ်အခွင့်အရေးများကို ကျွန်ုပ်အားယူစေချင်၏။ မင်းမြတ်ကြီး၏ ကြီးပွားလိုစိတ်က တိုင်းတာ၍မရနိုင်လောက်အောင်ဖြစ်သဖြင့် ဘလီဖူစကူအင်ပါယာတခုလုံးကို ပြည်နယ်တခုအဆင့်သို့လျှော့ချရန်ထက် သူပို၍စဉ်းစားဟန်မတူပဲ ဘစ်ဒင်ဒီယန် ပြည်ပြေးများကို ဖျက်ဆီးပြစ်ရန်နှင့် ထိုပြည်သူများကို သူတို့၏ကြက်ဥများအား သေးငယ်သောခြမ်းမှ



ခွဲဘို့တိုက်တွန်းရန်သူစဉ်းစားထားဟန်ပေါ်ပြီး ဤသို့ဖြင့်တကမ္ဘာလုံးတွင် တဦးတည်းသောအာဏာပိုင်အဖြစ်သူ ဆက်လက်ရှိနေလိမ့်မည်။ သို့သော်ကျွန်ုပ်ကပေါ်လစီရေးရာနှင့် တရားဥပဒေရေးရာတို့မှ အကြောင်းအချက်များကို အခြေခံ၍များစွာငြင်းခုန်လျက် သူ့ကိုဤပုံစံမှသွေဖယ်ရန်ကြိုးစားအားထုတ်ပြီး လွတ်လပ်၍ရဲရင့်သောပြည်သူများကို ကျွန်အဖြစ်သို့သွတ်သွင်းရာတွင် ကျွန်ုပ်မည်သည့်အခါမှ လက်ကိုင်တုတ်ဖြစ်မည်မဟုတ်ကြောင်း ကျွန်ုပ်ကပွင့်လင်းစွာကန့်ကွက်၏။ ဤကိစ္စကိုကောင်စီတွင် ဆွေးနွေးကြသောအခါ ပညာအရှိဆုံးဝန်ကြီးအချို့က ကျွန်ုပ်၏အတွေးအမြင်အတိုင်းဖြစ်ကြ၏။

ကျွန်ုပ်၏ပွင့်လင်းရဲရင့်သောထုတ်ဖော်ပြောကြားမှုက ဧကရာဇ်၏ပေါ်လစီနှင့် စီမံကိန်းကိုအလွန်တရာဆန့်ကျင်မှုဖြစ်သဖြင့် ၎င်းကိုသူမည်သည့်အခါမှခွင့်လွှတ်နိုင်မည်မဟုတ်ပါ။ သူက၎င်းကို ကောင်စီတွင်အလွန် ပညာသားပါသောအမူအရာဖြင့် ထုတ်ဖော်ပြခဲ့ပြီး ထိုကောင်စီတွင်ပညာအရှိဆုံး ဝန်ကြီးတချို့ကဆိတ်ဆိတ်နေကြခြင်းဖြင့် ကျွန်ုပ်၏အတွေးအမြင်နှင့်အတူတူဖြစ်ကြောင်း ကျွန်ုပ်ကိုပြောပြ၏။ သို့သော်ကျွန်ုပ်၏လျှို့ဝှက်ရန်သူများဖြစ်သော အခြားလူများက တစုံတရာအမူအရာဖော်ပြခြင်းမပြုနိုင်ကြပါ။ ထိုအချိန်မှစ၍အရှင်မင်းမြတ်နှင့်ကျွန်ုပ်အားမလိုမုန်းထားရှိသောဝန်ကြီးအဖွဲ့တို့ကြားတွင် လျှို့ဝှက်အစီအစဉ်တခုဖြစ်ပေါ်လာပြီး ၎င်းက ၂-လမျှမကြာသောကာလတွင်ပေါ်ထွက်လာကာ ကျွန်ုပ်အားလုံးဝပျက်စီးစေခြင်းဖြင့်

အဆုံးသတ်သွားဟန်တူ၍ သူတို့၏ဆန္ဒမပြည့်ဝခဲ့ရမှုနှင့်ချိန်ထိုးကြည့်လျှင် ၎င်းကမင်းမြတ်အား အကျိုးပြုမှု အနည်းစုမျှသာရှိ၏။

ဤသို့ရိုရင်းစွာပြုမူခဲ့ပြီး နောက်ရက်သတ္တပတ်(၃)ပတ်ခန့်ကြာသောအခါ ဘလီဖူးစကူး သံတမန်တဖွဲ့က ငြိမ်းချမ်းရေးကမ်းလှမ်းချက်ဖြင့် ရောက်လာပြီး မကြာခင်တွင် ကျွန်ုပ်တို့၏ဧကရာဇ်အားများစွာအကျိုးဖြစ်ထွန်းစေသည့်ကန့်သတ်ချက်ဖြင့် ငြိမ်းချမ်းရေးရယူပြီး ၎င်းတို့ဖြင့်စာချုပ်ကို ကျွန်ုပ်ဒုက္ခမပေးချင်တော့ပါ။ ငါးရာခန့်ရှိသောလူတန်းကြီးနှင့်အတူသံအမတ်(၆)ယောက်ရှိပြီး သူတို့ဝင်လာမှုကသူတို့ဆရာ၏ကြီးမြတ်မှု သူတို့အလုပ်၏အရေးကြီးမှုတို့နှင့်ဆီလျော်စွာကြီးကျယ်ခန်းနားလှ၏။ စာချုပ်ချုပ်ဆိုမှုပြီးစီးသွားသောအခါသံအမတ်ကြီးက ကျွန်ုပ်သူတို့၏မိတ်ဆွေမည်မျှဖြစ်ပုံကို လျှို့ဝှက်စွာသိထားသဖြင့် ကျွန်ုပ်ဆီသို့တရားဝင်လာရောက်လည်ပတ်၏။ ကျွန်ုပ်၏ရဲရင့်မှုနှင့်တည်ကြည်မှုတို့အတွက် ကျွန်ုပ်ကိုသူတို့အလွန်သဘောကြကြောင်းနှင့်အစပြုပြီး သူတို့၏အရှင်မင်းမြတ်နိုင်ငံဆီသို့ကျွန်ုပ်ကိုဖိတ်ခေါ်၍ ကျွန်ုပ်၏ကြီးမားလှသောသန်စွမ်းမှုကို သူတို့အားသက်သေပြစေချင်ကာ ထိုအကြောင်းနှင့်ပတ်သက်၍ များစွာသောအံ့ဩဘွယ်ရာများကို သူကြားဘူးခဲ့ရာ ၎င်းတို့ကိုကျွန်ုပ်အဆင်သင့်ပင်ပြသရ၏။ သို့သော်စာရှုသူကို အသေးစိတ်ဖြင့် ကျွန်ုပ်အနှောက်အယှက်မပေးချင်ပါ။



သံအမတ်များကိုအတိုင်းအဆမသိ အံ့ဩကျေနပ် နှစ်သက်စွာအချိန်အတော်ကြာ ကျွန်ုပ်ဖျော်ဖြေတင်ဆက်သောအခါ သူတို့၏ဘုရင်ဧကရာဇ်ကို ကျွန်ုပ်အလွန်လေးစားကြောင်း သူတို့အား ကျွန်ုပ်အမှာစကားပါးလိုက်၏။ သူ၏ကောင်းမြတ်သောသတင်းက တကမ္ဘာလုံးတွင်ပင်ပြန့်နေပြီး၊ ကျွန်ုပ်၏နိုင်ငံကို ကျွန်ုပ်မပြန်ခင် သူ့ကိုဝင်ရောက်ခစားရန် ကျွန်ုပ်ဆုံးဖြတ်လိုက်၏။ ဤသို့ဖြင့်နောက်တကြိမ်၊ ကျွန်ုပ်တို့၏ဧကရာဇ်ကို ကျွန်ုပ်တွေ့ခွင့်ရသောအခါ ဘလီဖူးစ်ကူးဘုရင်ထံလည်ပတ်ခွင့်ပြု၍ သူ၏ခွင့်ပြုချက်အထွေထွေလိုင်စင်ကို ကျွန်ုပ်လိုချင်ကြောင်းပြောရာ ကျွန်ုပ်ထင်ရှားစွာမျှော်လင့်ထားသည့်အတိုင်းအလွန်အေးစက်သောအမူအရာဖြင့် ကျေနပ်နှစ်သက်စွာခွင့်ပြုလိုက်၏။ သို့သော်လည်း ဤသံအမတ်များနှင့်ကျွန်ုပ်ဆက်ဆံခြင်းကို သစ္စာဖောက်မှုအမှတ်အသားအဖြစ် ဖလင်နာပ်နှင့် ဘိုရိုလမ်တို့က တင်ပြခဲ့ကြကြောင်းကို ပုဂ္ဂိုလ်တစ်ဦးထံမှ တီးတိုးစကားကျွန်ုပ်ကြားရသောအခါမှ ခွင့်ပြုသည့်အကြောင်းရင်းကို ကျွန်ုပ်ခန့်မှန်းမိလာပြီး ၎င်းနှင့်ပတ်သက်၍ကျွန်ုပ်လုံးဝကင်းရှင်းမှုရှိကြောင်းကို အတိအကျပြောရ၏။ နန်းတော်ရုံးနှင့်ဝန်ကြီးများ၏ မဆီမလျော်သောအကြံအစည်ကိုကျွန်ုပ်သိစပြုလာသည်မှာ ၎င်းကပထမဦးဆုံးအကြိမ်ဖြစ်၏။

နိုင်ငံအသီးသီးက မိမိတို့ဘာသာစကား၏ ရှေးကျမှု လှပမှုနှင့်စွမ်းအားရှိမှုအပေါ်ဂုဏ်ယူကြလျက် အိမ်နီးချင်းနိုင်ငံတို့၏ဘာသာစကားအပေါ်ရွံ့ရှာမှုပြုကြသဖြင့် ဥရောပမှနိုင်ငံ(၂)ခုကဲ့သို့ တခုနှင့်တခု

များစွာကွာခြားလှသော အင်ပါယာ ၂-ခုစလုံး၏ ဘာသာစကားကို သံအမတ်များက ကျွန်ုပ်အားဘာသာပြန်တစ်ယောက်ဖြင့် ပြောရမည်ဖြစ်၏။ သို့ဖြစ်လင့်ကစား ကျွန်ုပ်တို့၏ဧကရာဇ်က သူတို့၏ရေတပ်ကို ဖမ်းဆီးရမိထားသောအခွင့်သာချက်ပေါ်ရပ်တည်လျှက် သူတို့၏ အသိအမှတ်ပြုလွှာများကို ထုတ်ပြခိုင်းပြီးလီလီပတ်ဘာသာစကားဖြင့် သူတို့အားစကားပြောခိုင်း၏။ နိုင်ငံနှစ်ခုအကြားကြီးမားသော ကုန်သွယ်မှုနှင့်ကူးသန်းရောင်းဝယ်မှုကြောင့်၎င်း၊ သူတို့အကြားတွင် အပြန်အလှန်ဖြစ်နေသော ပြည်ပြေးများအား အဆက်မပြတ်လက်ခံနေမှုကြောင့်၎င်း၊ ကမ္ဘာကိုတွေ့မြင်ရပြီးလူများ၏ အမူအရာကို နားလည်ရခြင်းဖြင့် သူတို့ကိုယ်သူတို့တိုးတတ်မှုဖြစ်စေရန် အလို့ငှာငယ်ရွယ်သော လူအထက်တန်းလွှာနှင့်ချမ်းသာသောလူလတ်တန်းလွှာတို့ကို အပြန်အလှန်စေလွှတ်တတ်သောအလေ့အကျင့်အရ၎င်း၊ ဘာသာစကား(၂)ခုစလုံးကို ကောင်းစွာပြောနိုင်သောထင်ရှားသည့် လူအချို့ သို့မဟုတ် ကုန်သည် သို့မဟုတ် သင်္ဘောသားတို့ရှိကြသည်ကို ဘလီးဖူးစကူး ဧကရာဇ်ကိုကျွန်ုပ်ဂါဝရပြုပြီးနောက် ရက်သတ္တပတ်အနည်းငယ်အကြာတွင် ကျွန်ုပ်တွေ့မြင်ရပြီး ဤသို့ဂါရဝပြုရခြင်းက ကျွန်ုပ်ရန်သူများ၏မလိုတမာမှုများကြောင့် ကျွန်ုပ်အတွက်အလွန်ပျော်ရွှင်ဘွယ်ကောင်းသော စွန့်စားမှုတခုဖြစ်သည်ကို အလျင်းသင့်သဖြင့်ကျွန်ုပ်ဖော်ပြလိုက်၏။

ကျွန်ုပ်လွတ်မြောက်မှုရရှိခဲ့သည့်စည်းကမ်းဥပဒေများကို ကျွန်ုပ်





သက်မှတ်ထိုးသောအခါက အလွန်တရာတင်းကြပ်မှုများကြောင့် ကျွန်ုပ်မနှစ်သက်သောအရာတချို့ရှိပြီး မလွှဲမရှောင်သာမှုကြောင့် ကျွန်ုပ်လက်ခံခဲ့ရသည်ကို စာရှုသူသတိရပေလိမ့်မည်။ သို့သော် အင်ပါယာမှအမြင့်ဆုံးရာထူးဖြစ်သည့် 'နာဒါစ်'ကို ကျွန်ုပ်ယခု ရရှိပြီဖြစ်သဖြင့် ထိုကဲ့သို့သောရုံးအဖွဲ့ကို ကျွန်ုပ်၏ဂုဏ်သိက္ခာထက်နိမ့်သည်ဟုမြင်ကြကာ ဧကရာဇ်က ၎င်းတို့ကိုကျွန်ုပ်အား တခါမျှဖော်ပြခဲ့ဘူးခြင်းမရှိပါ။ သို့သော်လည်း ၎င်းကအရှင်မင်းမြတ်ကို အလွန်ထင်ရှားသော အမှုတစ်ခုကျွန်ုပ်ထမ်းဆောင်ပေးရန်အခွင့်အရေးမရခင်တွင် အချိန်သိပ်မကြာခဲ့ပါ။ သန်းကောင်အချိန်တွင် ကျွန်ုပ်၏တံခါးဝ၌ လူရာပေါင်းများစွာတို့အော်ဟစ်ကြသဖြင့် ကျွန်ုပ်လန့်နိုးသွားပြီး ၎င်းကြောင့်ကျွန်ုပ်ထိတ်လန့်မိ၏။ "ဘာလွမ်း"ဟူသောစကားလုံးကို အဆက်မပြတ်ထပ်ခါ ထပ်ခါအော်နေကြသည်ကို ကျွန်ုပ်ကြားရ၏။ ဧကရာဇ်၏နန်းတော်ရုံးဝန်ထမ်းများစွာက လူအုပ်အကြားတိုးဝင်လာလျှက် ကျွန်ုပ်ကိုနန်းတော်ဆီသို့ချက်ချင်းလိုက်လာရန် အနူးအညွတ်တောင်းဆိုကြ၏။ အချစ်ဝတ္ထုတစ်အုပ်ကိုဖတ်နေစဉ် အိပ်ပျော်သွားသောအစေခံအမျိုးသမီးတစ်ဦး၏ ပေါ့လျော့မှုကြောင့် နန်းတော်တွင်အရှင်မင်းမြတ်၏အခန်းဆောင်မီးလောင်နေ၏။ ကျွန်ုပ်ကချက်ချင်းထပြီး ကျွန်ုပ်၏ရှေ့မှလမ်းဖယ်ပေးရန်အမိန့်ပေးလျှက် ၎င်ကလသာသောညတညကဲ့သို့ဖြစ်နေသဖြင့် လူတစုတစ်ယောက်ကိုတက်နင်းမိခြင်းမရှိဘဲ နန်းတော်ဆီသို့ကျွန်ုပ်ရွှေ့လျားသွားနိုင်၏။ အဆောက်

## အခန်း(၆)

ဤအင်ပါယာ၏ပုံပန်းသဏ္ဍာန်ကိုအထူးစာတမ်းတစ်စောင်ဖြင့် ဖော်ပြရန် ကျွန်ုပ်ရည်ရွယ်သော်လည်း စိတ်ဝင်စားသောစာရှုသူကို အကြမ်းပြင်းပြောပြခြင်းဖြင့် ကျွန်ုပ်ကျေနပ်ပါအံ့။ ဤနိုင်ငံသားတို့၏ သာမန်အရွယ်အစားက (၆)လက်မမရှိတရှိဖြစ်သဖြင့် ထိုအတိုင်းပင် အခြားသောတိရစ္ဆာန်များ၊ အပင်များနှင့်သစ်ပင်များအားလုံးက တိကျသောအချိုးအစားဖြင့်ရှိ၏။ ဥပမာအားဖြင့် အမြင့်ဆုံးမြင်းများနှင့် နွားများက (၄)လက်မ၊ (၅)လက်မမြင့်ကြပြီး သိုးများက(၁)လက်မခွဲမျှ မြင့်ကာသူတို့၏ ဘဲများက စာကလေးငှက်အရွယ်အစားခန့်ရှိ၍ ဤသို့ဖြင့်အသေးဆုံးအဆင့်သို့ အဆင့်ဆင့်လျော့ကျသွားကြရာ ကျွန်ုပ်၏အမြင်တွင်အသေးဆုံးအရာများက မမြင်ရလုနီးပါးဖြစ်သွား၏။ သို့သော်သဘာဝက လီလီပတ်တို့၏ မျက်လုံးများကို သူတို့ တွေ့မြင်ရမည့်ပစ္စည်းများအားလုံးအတွက် ဆီလျော်အောင်ပြုလုပ်ပေးထား၏။ အလွန်တရာတိကျစွာသူတို့မြင်ကြ၏။ သို့သော် အလွန်တရာဝေးစွာမမြင်ကြပါ။ အနီးအနားမှ အရာဝတ္ထုများအပေါ်သူတို့၏

အမြင်ရှုထောင့်ကို ဖော်ပြရန်မှာမူ သာမန်ယင်ကောင်တကောင်ခန့်မကြီးသော ငှက်တစ်ကောင်ကို စားဖိုမှူးတစ်ယောက်က အမွေးများချွတ်နေပုံနှင့် ငယ်ရွယ်သောမိန်းကလေးတစ်ယောက်က မမြင်ရသောအပ်တစ်ချောင်းကို မမြင်ရသောအပ်ချည်ဖြင့် အပ်ပေါက်ထိုးနေပုံတို့ကိုမြင်ရသဖြင့် ကျွန်ုပ်အလွန်နှစ်သက်မိ၏။ သူတို့၏အမြင့်ဆုံးသပ်ပင်များက (ရ)ပေခန့်မြင့်၏။ တော်ဝင်ပန်းခြံကြီးထဲမှ သစ်ပင်အချို့ကို ကျွန်ုပ်ဆိုလိုခြင်းဖြစ်ပြီး ထိုသစ်ပင်များ၏ထိပ်ပိုင်းကို ကျွန်ုပ်၏လက်သီးဆုပ်ဖြင့် ကျွန်ုပ်မှီယုံသာဖြစ်၏။ အခြားဟင်းသီးဟင်းရွက်များက တူညီသောအချိုးအစားဖြင့်ရှိနေ၏။ သို့သော် ၎င်းကိုစာရှုသူစဉ်းစားကြည့်နိုင်ရန် ကျွန်ုပ်ထားခဲ့မည်။

သူတို့၏ပညာသင်ကြားမှုနှင့်ပတ်သက်၍ လောလောဆယ်တွင် ကျွန်ုပ်အနည်းငယ်သာပြောနိုင်ပေဦးမည်။ ၎င်းကနှစ်ပေါင်းများစွာကြာ ၎င်း၏ပညာရပ်အသီးသီးတွင် ဖွံ့ဖြိုးဝေဆာခဲ့၏။ သို့သော်သူတို့၏စာရေးသားပုံကအလွန်ထူးဆန်းပြီး ဥရောပတို့ကဲ့သို့ ဘယ်ဘက်မှ ညာဘက်သို့ရေးခြင်းမဟုတ်သလို အာရပ်တို့ကဲ့သို့ ညာဘက်မှ ဘယ်ဘက်သို့မဟုတ်ပါ၊ ထို့အတူတရုပ်တို့ကဲ့သို့အပေါ်မှ အောက်သို့ မဟုတ်သလို ကပ်စ်ကာဂျီယန်တို့ကဲ့သို့ အောက်မှအပေါ်သို့လည်း မဟုတ်ပါ၊ သို့သော်အင်္ဂလန်မှအမျိုးသမီးများကဲ့သို့ စာရွက်ဒေါင့်တစ်ခုမှတစ်ခုသို့တစ်စောင်းရေးခြင်းဖြစ်၏။



သူတို့ကသေဆုံးသူများကို မျက်နှာမှောက်လျက်မြှုတ်နှံကြ၏။ အဘယ့်ကြောင့်ဆိုသော် သတင်းလပေါင်းတစ်သောင်းတစ်ထောင်ကြာလျှင် သူတို့အားလုံးနောက်တကြိမ်ပြန်ထလာမည်ဟု သူတို့ထင်မြင်ယူဆကြပြီး၊ ဤကာလအတွင်း (ပြားသည်ဟုသူတို့ယူဆထားသော)ကမ္ဘာကြီးက ပြောင်းပြန်လန်သွား၍ ဤသို့ဖြင့် သူတို့ပြန်လည်ရှင်သန်ထမြောက်သောအခါ မတ်တပ်ရပ်ရန်အဆင်သင့်ဖြစ်နေမည်ဖြစ်၏။ သူတို့အကြားမှပညာတတ်များက ဤအယူအဆတွင် အကျိုးအကြောင်းဆီလျော်မှုမရှိခြင်းကို ဝန်ခံကြ၏။ သို့သော် အလေ့အကျင့်ကဆက်လက်ဖြစ်နေဆဲဖြစ်၏။

ဤအင်ပါယာတွင်အလွန်ထူးဆန်းသော ဥပဒေနှင့်ထုံးတမ်းစဉ်လာများရှိ၏။ ကျွန်ုပ်နိုင်ငံ၏ဥပဒေထုံးတမ်းစဉ်လာနှင့် သူတို့တိုက်ရိုက်ဆန့်ကျင်ခြင်းမပြုလျှင် သူတို့၏တရားစီရင်မှုနှင့်ပတ်သက်၍ ကျွန်ုပ်အနည်းငယ်ပြောချင်၏။ ၎င်းကသူတို့ အကွက်မြက်ခံရမှုနှင့်ပတ်သက်၏။ ကျွန်ုပ်ပထမဦးဆုံးဖော်ပြချင်သည့်အရာက သတင်းပေးသူများနှင့်ဆက်သွယ်၏။ နိုင်ငံတော်ကိုဆန့်ကျင်သောပြစ်မှုအားလုံးကို ဤနေရာတွင်အပြင်းထန်ဆုံးပြစ်မှုစီရင်၏။ သို့သော် တရားခံပုဂ္ဂိုလ်တစ်ဦးက သူအပြစ်မရှိကြောင်းကို တရားရုံးတော်တွင်ထင်ရှားစွာတင်ပြနိုင်လျှင် တရားလိုကိုချက်ခြင်းသေဒဏ်ချမှတ်ပြီး အပြစ်မဲ့သောလူကို သူတွေ့ကြုံခဲ့ရသည့်အန္တရာယ်၊ သူအကျဉ်းချခံရသည့်ဒုက္ခနှင့်သူအမှုရင်ဆိုင်မှုပြုလုပ်ခဲ့ရာတွင် ကုန်ကျခဲ့သောစရိတ်များနှင့် အချိန်

[illegible]ခဲ့မှုတို့ကြောင့် သူတွင်ရှိသောပစ္စည်း သို့မဟုတ် မြေယာတို့၏ [illegible]ကို [illegible]ပြောပြပေးရ၏။ သို့မဟုတ်၍ ဤလျော်ကြေး [illegible] [illegible]လျှင် ၎င်းကိုနိုင်ငံဥသျှောင်က အများဆုံးဖြည့် [illegible]ပေးရ၏။ ဧကရာဇ်ကလည်း သူ့ကိုမျက်နှာသာအချို့ လူသိရှင် ကြား[illegible]ပေးပြီး သူအပြစ်မရှိကြောင်း ထုတ်ပြန်ကြေညာချက်ကို မြို့တော်တစ်ခုလုံးတွင် ပြုလုပ်ရ၏။

လိမ်ညာမှုကို ခိုးမှုထက်ကြီးမားသောပြစ်မှုတစ်ခုအဖြစ် သူတို့ ရှုမြင်ကြ၏ ထို့ကြောင့်၎င်းကို သေဒဏ်ဖြင့်အပြစ်ပေးသည်ကများ၏။ အဘယ်ကြောင့်ဆိုသော် အလွန်ရိုးရှင်းစွာနားလည်နိုင်သည့်အတိုင်း ဂရုစိုက်ခြင်း စောင့်ကြပ်ကြည့်ရှုခြင်းဖြင့် လူတစ်ယောက်၏ပစ္စည်းများ ကို သူခိုးများရန်မှကာကွယ်နိုင်၏။ သို့သော် ရိုးသားခြင်းက အဆင့် သာလွန်သောလိမ်လည်လှည့်ဖြားမှုကို ကာကွယ်နိုင်ခြင်းမရှိပါ။ အကြွေးစနစ်ဖြင့်ရောင်းဝယ်ဖောက်ကားမှုများ အမြဲတမ်းရှိနေသဖြင့် ရိုးသားသောအရောင်းအဝယ်သမားများမှာ အမြဲတမ်းခံနေကြရပြီး မရိုးသားသောအရောင်းအဝယ်သမားများက အခွင့်သာချက်ရနေကြ ၏။ သူ့ဆရာထံမှ ငွေအမြောက်အမြားကိုလိမ်ယူခဲ့သော ရာဇဝတ် ကောင်တစ်ယောက်နှင့်ပတ်သက်၍ ဘုရင်ကိုတခါက ကျွန်ုပ်ခယ တောင်းပန်ခဲ့ဘူးသည်ကို ကျွန်ုပ်မှတ်မိ၏။ ထိုငွေများကို သူက အမိန့် ဖြင့်လက်ခံရရှိခဲ့ပြီး ၎င်းတို့နှင့်အတူထွက်ပြေးသွားခဲ့၏။ ၎င်းက ယုံကြည်မှုကိုချိုးဖေါက်ခြင်းသာဖြစ်ကြောင်း ဆင်ခြေပေးဟန်ဖြင့်



အရှင်မင်းမြတ်ကို ကျွန်ုပ်ပြောပြမိသောအခါ အဆိုးဝါးဆုံးသော ပြစ်မှု ကို ကျွန်ုပ်အကာအကွယ်ပေးရန် ပြုလုပ်ခဲ့မှုကြောင့် ဧကရာဇ်က ကျွန်ုပ်ကိုအလွန်မနှစ်မြို့ဖြစ်၏။ ခြားနားသောနိုင်ငံများသည် ခြားနား သောထုံးတမ်းစဉ်လာများရှိသည်ဟု ချိုးမြိုးရှင်းရှင်းဖြေယုံထက်ပို၍ တုန့်ပြန်ပြောဆိုနိုင်ရန် ကျွန်ုပ်၌အမှန်ပင်အနည်းမျှသာရှိခဲ့ပြီး ဝန်ခံရ လျှင် ဤအတွက်ကျွန်ုပ်လိုက်လိုက်လှဲလှဲဝမ်းနည်းမိ၏။

[၁]အားလုံးသောအစိုးရတို့ကျင့်သုံးနေကြသော ဆုပေး- ဒဏ်ပေးစနစ်ကို လီလီပတ်လူမျိုးတို့မှလွဲ၍ အခြားမည်သည့်လူမျိုးတို့မှ လက်တွေ့အသုံးချကြသည်ကို ကျွန်ုပ်မမြင်ဘူးသေးပါ။ သူ့နိုင်ငံ၏ ဥပဒေများကို ၇၃-လ တိကျစွာလိုက်နာခဲ့သည်ဟု ခိုင်လုံသော သက်သေပြနိုင်သူတိုင်းသည် သူ၏ဘဝအခြေအနေနှင့်သူ၏အရည် အချင်းအရ ခံစားခွင့်အဖြစ်ဤရည်ရွယ်ချက်အတွက်ထားရှိသော ရန်ပုံငွေထဲမှ ထိုက်သင့်သောငွေကြေးကိုတောင်းဆိုနိုင်၏။ အနီးလ် ပေါ-သို့မဟုတ်-လီဂါလ်ဘွဲ့ထူးကို သူရနိုင်ပြီး ၎င်းကိုသူ၏နာမည်တွင် ထည့်ကပ်ပေး၏။ သို့သော်၎င်းကသူ၏သားစဉ်မြေးဆက် ဆင်းသက် သွားခြင်းမရှိပါ။ ဆုပေးခြင်းကိုမဖော်ပြဘဲ ကျွန်ုပ်တို့၏ဥပဒေများကို ပြစ်ဒဏ်ပေးခြင်းဖြင့်သာ ကျားကန်ပေးထားကြောင်း သူတို့ကို ကျွန်ုပ် ပြောပြသောအခါ ၎င်းကကြီးမားလှသော ကျွန်ုပ်တို့၏ပေါ်လစီအား နည်းချက်ဖြစ်ကြောင်း ဤလူများကထင်ကြ၏။ ဤအကြောင်းကြောင့် သူတို့၏ တရားရုံးတော်တွင်ရှိသော တရားစောင့်နတ်ရုပ်ထုကို

All Government

မျက်လုံး(၆)လုံး (ဂရုတစိုက်ရှိမှုကိုဖော်ပြရန် ရှေ့နှစ်လုံး၊ နောက်နှစ်လုံးနှင့် ဘေးအဖက်တချက်တွင်တလုံးစီတို့ဖြစ်ပြီး) သူမ၏ညာဘက်တွင် ပွင့်နေသောရွှေအိတ်တအိတ်နှင့်သူမ၏ ဘယ်ဘက်တွင် ဓါးအိမ်ထဲ၌ ထည့်ထားသောဓါးတချောင်းတို့ဖြင့် ပုံသဏ္ဍာန်ဖော်ပြထားကာ သူမကအပြစ်ပေးရန်ထက်ဆုပေးရန် ပို၍အလေးကဲကြောင်းပြသနေ၏။

အလုပ်ရာထူးအတွက်လူများကို ရွေးချယ်ရာတွင် လုပ်ရည်ကိုင်ရည်ကောင်းသည်ထက် အကျင့်စာရိတ္တကောင်းမှုအပေါ်အရေးပိုထားကြ၏။ အစိုးရသည်လူသားတို့အတွက် လိုအပ်သောကြောင့် လူသားတို့၏သာမန်နားလည်မှုအတိုင်းအတာသည် အဆင့်အတန်းတခုနှင့်သင့်လျော်မှုရှိသည်ဟု သူတို့ယုံကြည်ကြပြီး ဤယုံကြည်မှုကပြည်သူ့ရေးရာတွင် အုပ်ချုပ်မှုကိစ္စကို အလွန်ပါရမီထူးသူ အချို့သာ နားလည်လောက်အောင်ရှုပ်ထွေးရန် မရည်ရွယ်ပါ။ ပါရမီထူးသူများနှင့် ပတ်သက်၍ အလွန်ရှည်လျားသောကာလအတွင်းတွင် ရှားရှားပါးပါး ၃-ယောက်သာမွေးဖွားခဲ့၏။ သို့သော်မှန်ကန်မှုရှိခြင်း၊ တရားမျှတမှု ရှိခြင်း၊ ထိမ်းသိမ်းမှုရှိခြင်း စသဖြင့်တို့ကဲ့သို့သော အရာတို့သည် လူတိုင်း၏စွမ်းအင်တွင်ရှိကြမည်ဟု သူတို့ယူဆကြပြီး အတွေ့အကြုံ နှင့်ရည်ရွယ်ချက်ကောင်းတို့ဖြင့် အားပေးမှုပြုလျှင် ဤကောင်းမြတ် မှုများကို လက်တွေ့အသုံးချခြင်းသည် လူတယောက်အား သူ၏နိုင်ငံအတွက် အမှုထမ်းရွက်စေနိုင်မည်ဖြစ်၏။ သို့သော်



ကောင်းမြတ်သော အကျင့်စာရိတ္တချွတ်ယွင်းမှုကို အသိဉာဏ်သက်မြက်မှုဖြင့် ဖြည့်စွက်ခြင်းမလုပ်နိုင်သဖြင့် အလုပ်ကိုင်ရာထူးများကို ထိုကဲ့သို့အရည်အချင်း ရှိသလို အန္တရာယ်ကြီးမားသောသူများ၏ လက်ထဲသို့ မည်သည့် အခါမှထည့်ပေးနိုင်မည်မဟုတ်ပါ။ ကောင်းမြတ်သောအရည်အချင်း ကို လစ်လျူရှုသဖြင့် ဖြစ်ပေါ်လာသောအမှားသည် လာဒ်စားရန် ကြံရွယ်ထားသောလူတစ်ယောက်၏ အပြုအမူကဲ့သို့ပြည်သူတို့၏ ကောင်းကျိုးကို သေလောက်သောဆိုးကျိုးဖြစ်ပေါ်စေ၏။

ကျွန်ုပ်ဤသို့ပြောနေသဖြင့် ဤနိုင်ငံတွင် (၉)လနှင့်(၁၃)ရက်နေထိုင်ခဲ့စဉ်အတွင်း ကျွန်ုပ်စိတ်ဝင်စားဘွယ်ရာအကြောင်းများကို စာရှုသူအားမေ့မသွားစေချင်ပါ။ မဖြစ်မနေလိုအပ်မှုကြောင့် တော်ဝင်ဥယျာဉ်ခြံအတွင်းရှိအကြီးဆုံးသစ်ပင်များမှ ကျွန်ုပ်အတွက်စားပွဲတစ်လုံးနှင့် ထိုင်ခုံတလုံးကိုပြုလုပ်၏။ ကျွန်ုပ်အတွက်ရှပ်အကျီနှင့်ကျွန်ုပ်၏ အိပ်ယာနှင့်စားပွဲအတွက် အခင်းတို့ပြုလုပ်ရန် စက်ချုပ်သမအယောက် ၂၀၀)ကို ငှားရမ်းအသုံးပြုရပြီး သူတို့ရနိုင်သမျှအခိုင်ဆုံး အကြမ်းဆုံးအဝတ်အားလုံးကို အခေါက်ပေါင်းများစွာ ခေါက်ရ၏။ သူတို့ရနိုင်သမျှ သူတို့၏အထူဆုံးအဝတ်စက ရှန်သားအစထက်ပင်အတော်ပိုပါး၍ သူတို့၏အဝတ်စကပုံမှန်အားဖြင့် (၃)လက်မကျယ်ပြီး (၃)ပေကို ဘလိပ်လုပ်ထား၏။ မြေပြင်ပေါ်၌ ကျွန်ုပ်လဲလျောင်းနေစဉ် စက်ချုပ်သမားများက ကျွန်ုပ်၏ကိုယ်တိုင်းကိုအတိုင်းယူကြပြီး တစ်ယောက်က

ကျွန်ုပ်၏လည်ပင်းနားအတွင်ရပ်၍ အခြားတစ်ယောက်က ကျွန်ုပ်၏ ပေါင်နားအတွင်း ရပ်ကာ ခိုင်ခန့်သောကြိုးတစ်ချောင်းကို အဖျားတဖက် အချက်မှ သူတို့ကကိုင်ထားလျက်ဆန့်ထားစဉ် တတိယစက်ချုပ်သမ ဘာ (၁)လက်မရှည်သော ခပတန်ဖြင့်ကြိုး၏အရှည်ကို တိုင်းတာ၏။ ထို့နောက်သူတို့က ကျွန်ုပ်၏ညာဘက်လက်မကို တိုင်းတာကြပြီး ဆက်လက်၍မတိုင်းလိုကြတော့ပေ။ သင်္ချာပညာဖြင့် တွက်ချက်မှုအရ လက်မကိုနှစ်ပတ် ပတ်ခြင်းက လက်ကောက်ဝတ်ကို တပတ်ပတ်ခြင်း နှင့်ညီပြီး လည်ပင်းနှင့်ခါးမှာလည်း ထိုကဲ့သို့ပင်ဖြစ်၍ ပုံစံအတွက် သူတို့ရှေ့မြေပြင်ပေါ်တွင် ကျွန်ုပ်ပြထားသော ကျွန်ုပ်၏ရှပ်အင်္ကျီ ဟောင်းအကူအညီဖြင့် သူတို့က ကျွန်ုပ်ကိုတိတိကျကျချုပ်လုပ်ပေး ကြ၏။ ကျွန်ုပ်အတွက်အဝတ်အစားများ ချုပ်ပေးရန်စက်သမား(၃၀၀) ကို ထိုကဲ့သို့ပင် ငှားရမ်းသုံးစွဲရ၏။ သို့သော်ကျွန်ုပ်ကိုအတိုင်းယူရန် အတွက် သူတို့တွင်အခြားနည်းလမ်းရှိ၏။ ကျွန်ုပ်ကဒူးထောက်နေပြီး သူတို့ကလှေကားတစ်ချောင်းကို မြေပြင်မှကျွန်ုပ်၏လည်ပင်းအထိ ထောင်လိုက်၏။ ထိုလှေကားပေါ်သို့ သူတို့ထဲက တစ်ယောက်က တက်ပြီး ချိန်သီးကြိုးတစ်ခုကို ကျွန်ုပ်၏အင်္ကျီကော်လံမှ ကြမ်းပြင်သို့ ချလိုက်၏။ ၄င်းကကျွန်ုပ်၏ကုတ်အင်္ကျီအရှည်အတိုင်းအတာအတွက် အဖြေရ၏။ သို့သော် ကျွန်ုပ်၏ခါးနှင့်လက်များကို ကျွန်ုပ်ကိုယ်တိုင် တိုင်း၏။ ကျွန်ုပ်၏အိမ်ထဲတွင်ချုပ်လုပ်သော ကျွန်ုပ်၏အဝတ်အစား များပြီးစီးသောအခါ ၄င်းတို့က အင်္ဂလန်မှအမျိုးသမီးများ ပြုလုပ်



ကြသည့် စပ်ထည်များနှင့်တူလှ၏။ ကျွန်ုပ်၏အထည်များက အရောင်တမျိုးတည်းရှိခြင်းသာကွာခြား၏။ ကျွန်ုပ်၏အိမ်အနီးတွင် ဆောက်လုပ်ထားသော တဲများထဲ၌ ကျွန်ုပ်အတွက်အစားအသောက် များပြင်ဆင်ပေးမည့်စားဖိုမှူး အယောက်(၃၀၀)ရှိပြီး၊ ထိုတဲများထဲ တွင် သူတို့နှင့် သူတို့၏မိသားစုများ နေထိုင်ကြကာ ကျွန်ုပ်အတွက်အစား အသောက် ၂ပန်းကန်ကို သူတို့တစ်ပန်းကန်ခြင်း စီ-စီစဉ်ပေးကြရ၏။ ကျွန်ုပ်ကစားပွဲထိုးအယောက်(၂၀)ကို ကျွန်ုပ်လက်ဖြင့်ဆုတ်ယူပြီး သူတို့ကိုစားပွဲပေါ်တင်ပေး၏။ စားပွဲထိုးအယောက်တစ်ရာကျော်တို့ က အောက်ကြမ်းပြင်တွင်ရှိနေကြပြီး အချို့ကအသားပန်းကန်ဖြင့် အချို့ကဝိုင်အရက်စည်များဖြင့် အချို့ကအခြားယမကာများကို ပုခုန်း တွင် လွယ်လျက်ဖြင့်ရှိနေကြကာ၊ ဥရောပတွင် ရေတွင်းထဲမှ ရေပုံးကို ကျွန်ုပ်တို့ဆွဲယူသကဲ့သို့ အပေါ်မှစားပွဲထိုးများက ကျွန်ုပ်စားချင်သော အစားအစာများကို အလွန်ကျွမ်းကျင်သောအမူအရာဖြင့် ကြိုးများဖြင့် ဆွဲတင်ပေး၏။ သူတို့၏အစားအစာတစ်ပန်းကန်က တလုပ်စာရှိပြီး သူတို့၏ယမကာစည်က တငုံစာရှိ၏။ သူတို့၏သိုးသားက ကျွန်ုပ်တို့၏ သိုးသားလောက်မကောင်းပါ။ သို့သော် သူတို့၏အမဲသားကမူပို ကောင်း၏။ အလွန်ကြီးမားသော အမဲသားပေါင်သားကို ကျွန်ုပ်စား ရော၊ ၄င်းကို ကျွန်ုပ်(၃)ကိုက်ပင် ကိုက်စားရ၏။ သို့သော် ၄င်းက ရှားပါးလှ၏။ ကျွန်ုပ်တို့၏နိုင်ငံတွင် စာကလေးငှက်ခြေထောက်ကို ကျွန်ုပ်တို့ဝါးစာသကဲ့သို့ ၄င်းကိုအရိုးရောအသားပါအားလုံး ကျွန်ုပ်

စားသည်ကို ကျွန်ုပ်၏အမှုထမ်းများက တွေ့မြင်ကြသောအခါ ထိတ်လန့် သွားကြ၏။ သူတို့၏ဘဲငန်းများနှင့်ကြက်ဆင်များကို ကျွန်ုပ်တလုပ် တည်းစားလေ့ရှိပြီး၊ ၎င်းတို့က ကျွန်ုပ်တို့ဆီမှာထက် များစွာပို၍ကောင်းသည်ကို ကျွန်ုပ်ဝန်ခံရပေမည်။ သူတို့၏ငှက်ကလေး များနှင့် ပတ်သက်၍မူ၊ အကောင်(၂၀) (၃၀)ခန့်ကို ကျွန်ုပ်၏ဓါးများ ဖြင့် ကျွန်ုပ်ကော်စားနိုင်၏။

တနေ့တွင် ကျွန်ုပ်၏နေထိုင်ပုံကိုသတင်းရသော ဧကရာဇ်မင်း မြတ်က၊ မင်းသား မင်းသမီးငယ်များနှင့်အတူသူကိုယ်တိုင်နှင့် မိဖုရား ခေါင်တို့ကို ကျွန်ုပ်နှင့်အတူ ပျော်ရွှင်စွာညစာစားစေလို၏။ ဤသို့ဖြင့် သူတို့လာကြပြီး ကျွန်ုပ်ကသူတို့ကို ကျွန်ုပ်စားပွဲပေါ်ရှိ နိုင်ငံတော် ထိုင်ခုံများတွင် နေရာချပေးပြီး ကျွန်ုပ်၏အထက်စီးတွင်ရှိကြ၍ သူတို့၏အစောင့်များကို သူတို့အနားတွင် နေရာပေး၏။ ဘဏ္ဍာရေး ဝန်ကြီးဖလင်နာပ်ကသူ၏ ရုံးအဖွဲ့သားများဖြင့် တက်ရောက်ပြီး၊ သူက ကျွန်ုပ်တို့မနှစ်မြို့သောအကြည့်ဖြင့် မကြာခဏကြည့်သည်ကို ကျွန်ုပ် တွေ့မြင်ရ၍ ၎င်းကိုကျွန်ုပ်လစ်လျူရှုထား၏။ သို့သော် ကျွန်ုပ်၏ နိုင်ငံကို ဂုဏ်ပြုရန်နှင့် နန်းတော်ရုံးအဖွဲ့ကို ကျေနပ်မှုဖြစ်စေရန်၊ ခါတိုင်းထက်ကျွန်ုပ်ပိုမိုစားသောက်၏။ အရှင်မင်းမြတ် ကျွန်ုပ်ထံလာ ရောက်လည်ပတ်ခြင်းကြောင့် ဖလင်နာပ်အနေဖြင့် အရှင်မင်းမြတ် အား ကျွန်ုပ်အကြောင်းဂုံးချောပြောမည်ကိုယုံကြည်ရန်၊ ကျွန်ုပ်၌ ကိုယ်ပိုင်အကြောင်းအချက်အချို့ရှိ၏။ ထိုဝန်ကြီးသည်သူ၏ပင်ကိုယ်



အားတိအေးစက်အမူအရာထက်ထူးကဲစွာ ကျွန်ုပ်အားအပြင်ပန်းအား ဖြင့်ချစ်ခင်ယုယဟန်ပြသော်လည်း သူကကျွန်ုပ်၏လျှို့ဝှက်သော ရန်သူအစဉ်အမြဲဖြစ်ခဲ့၏။ သူကဧကရာဇ်မင်းမြတ်အား သူ၏ဘဏ္ဍာ ငွေနည်းပါးမှုအခြေအနေကိုတင်ပြ၏။ ငွေများလျှော့ဈေးများစွာပေး၍ သူလက်ခံနေရကြောင်း၊ ငွေကြေးဌာနအသုံးစရိတ်ကလည်း (၉) ရာခိုင်နှုန်းအောက်တွင် လည်ပတ်ခြင်းမရှိကြောင်း တိုတိုပြောရလျှင် ကျွန်ုပ်အတွက် အရှင်မင်းမြတ်ကသူတို့၏ ရွှေဒင်္ဂါးတသန်းခွဲကျော် ကုန်ကျနေရကြောင်းနှင့်အားလုံးကို ခြုံရသော် ဧကရာဇ်အနေဖြင့် ကျွန်ုပ်ကိုစွန့်လွှတ်ဘို့ ပထမဦးဆုံးအခွင့်အခါကောင်းကိုယူသင့်သည် ဟု အကြံပေးလိုကြောင်း စသည်တို့ဖြစ်၏။

ကျွန်ုပ်ကြောင့်အပြစ်မရှိပဲ ခံစားခဲ့ရသော ကောင်းမြတ်သည့် အမျိုးသမီး၏ဂုဏ်သိက္ခာကို ဤနေရာ၌ကျွန်ုပ်ဖော်ပြရပေမည်။ ဘဏ္ဍာရေးဝန်ကြီးက မကောင်းပြောဆိုကြသူအချို့၏မလိုတမာဂုံး ချောမှုကြောင့် သူ၏ဇနီးကိုမနာလိုဖြစ်၏။ ဝန်ကတော်သည် ကျွန်ုပ် အပေါ်ပြင်းထန်စွာ စိတ်တိမ်းညွတ်နေသည်ဟု မကောင်းပြောသူတို့ က ဆိုကြပြီး၊ ကျွန်ုပ်၏နေအိမ်ဆီသို့ သူမလျှို့ဝှက်စွာတကြိမ် ရောက်လာခဲ့ဘူးကြောင်းနန်းတော်ရုံးမှ အတင်းအဖျင်းသတင်းများက အချိန်အတော်ကြာထွက်နေ၏။ ဝန်ကတော်ကအပြစ်ကင်းစင်သော လွတ်လပ်မှုနှင့်ချစ်ခင်ရင်းနှီးမှု အမှတ်အသားအဖြစ် ကျွန်ုပ်ကိုဆက်ဆံ လိုသည်ထက် အခြားအခြေအမြစ်မရှိဘဲ ၎င်းကအမှားကြီးမှားသည့်

မှားယွင်းမှုသာဖြစ်ကြောင်း ကျွန်ုပ်ကကျိန်ဆိုပြော၏။ ကျွန်ုပ်၏အိမ်ဆီသို့သူမ မကြာခဏလာသည်ကို ကျွန်ုပ်ဝန်ခံ၏။ သို့သော်အမြဲတမ်းလူသိရှင်ကြားဖြစ်ပြီး၊ မြင်းရထားပေါ်တွင် လူ(၃)ယောက်ထက်မနည်းပါတတ်ကာ၊ သူတို့က သူမ၏ညီမ၊ သမီးငယ်နှင့်အထူးရင်းနှီးသောအသိမိတ်ဆွေများဖြစ်ကြ၏။ သို့သော်၄င်းကနန်းတော်ရုံးမှ အခြားအမျိုးသမီးများအတွက် ထူးဆန်းသောအရာမဟုတ်ပါ။ မြင်းရထားလာသောအခါ အမှုထမ်းတစ်ယောက်က ကျွန်ုပ်ကိုလာရောက်အသိပေးပြီးလျှင် ကျွန်ုပ်၏အမှုအကျင့်ကတံခါးဆီသို့ ချက်ခြင်းသွားခြင်းဖြစ်၍ ကျွန်ုပ်အရိုအသေပြုပြီးသော် မြင်းလှည်းနှင့်မြင်းနှစ်ကောင်ကိုအလွန်ဂရုစိုက်လျက် ကျွန်ုပ်၏လက်ဖြင့် မယူကာသူတို့ကိုစားပွဲပေါ်ချထား၏။ မတော်တဆဖြစ်မှုကို ကာကွယ်ရန်(၅)လက်မမြင့်သောကြိုးဝိုင်းအရှင်တစ်ခုကို စားပွဲပေါ်၌ ကျွန်ုပ်တပ်ဆင်ထား၏။ မြင်းလှည်း (၄)စီးနှင့် မြင်းများကို ကျွန်ုပ်၏စားပွဲပေါ်တွင် မကြာခဏကျွန်ုပ်တင်ထားစဉ် ကျွန်ုပ်ကသူတို့ဆီသို့ မျက်နှာကပ်လျက် ထိုင်ခုံထဲတွင် ထိုင်နေ၏။ ကျွန်ုပ်ကမြင်းလှည်းတစီးနှင့် အလုပ်ရှုပ်နေစဉ်မြင်းရထားမောင်းသမားက အခြားမြင်းလှည်းများကို ကျွန်ုပ်၏စားပွဲပေါ်တွင်လှည့်ပတ်မောင်းနေ၏။ ဤကဲ့သို့စကားပြောရင်းဖြင့် များစွာသော ညနေခင်းများကို အလွန်သဘောကျဖွယ်ကောင်းစွာ ကျွန်ုပ်ကုန်လွန်စေ၏။ ကျွန်ုပ်ယခင်ကဖော်ပြခဲ့ဘူးသည့်အတိုင်း ဧကရာဇ်အရှင်မင်းမြတ်၏အမိန့်အရ စေလွှတ်လိုက်သော အတွင်းဝန်ရီလ်



ဒရယ်ဆာလ်မှလွဲ၍ ကျွန်ုပ်ဆီသို့ပုန်းရှိုးကွယ်ရှိုးလာခဲ့သော လူတစ်ယောက်ရှိလျှင်သက်သေပြရန်အတွက် ဘဏ္ဍာရေးဝန်ကြီးနှင့်သူ၏သတင်းပေးသူနှစ်ဦးကို ကျွန်ုပ်စိန်ခေါ်၏။ ဘဏ္ဍာရေးဝန်ကြီးကိုယ်တိုင်ပင်မရနိုင်သော 'နာဒါစ်'ဘွဲ့ထူးကို ထိုစဉ်က ကျွန်ုပ်ရနေသော်လည်း၊ ကျွန်ုပ်၏ဂုဏ်သိက္ခာအကြောင်းကိုအသာထား၍ ၄င်းကအမျိုးသမီးကြီးတစ်ဦး၏ ဂုဏ်သိက္ခာနှင့်ပတ်သက်မှုမရှိလျှင်ဤကိစ္စကို ကျွန်ုပ်အထူးတလှယ်ရှည်လျားစွာပြောနေမည်မဟုတ်ပါ။ သူ၏ရာထူးအခွင့်အရေးကြောင့်သာသူ့ကို ကျွန်ုပ်ရှေ့တန်းတင်ထားသော်လည်း၊ အမှန်မှာမူ သူက 'ဂလွမ်ဂလွမ်း' ဘွဲ့ထူးရရှိထားသူသာဖြစ်ပြီး၊ ထိုဘွဲ့ထူးက ကျွန်ုပ်၏ဘွဲ့ထူးထက်တဆင့်နိမ့်၏။ ဖော်ပြရန်မသင့်သော မတော်တဆမှုတစ်ခုဖြင့်နောက်ပိုင်း၌ ကျွန်ုပ်သိလာခဲ့ရသောဤမဟုတ်မမှန်သတင်းများကြောင့် ဘဏ္ဍာရေးဝန်ကြီး ဖလင်နာမ်ကသူ၏အမျိုးသမီးကို အချိန်မတော်ကြာမနှစ်မြို့သော အမူအရာပြခဲ့ပြီးကျွန်ုပ်ကိုမူပို၍ဆိုးဝါးစွာပြသခဲ့၏။ နောက်ဆုံး၌ သူကအဖြစ်မှန်ကိုသိရှိပြီး၊ သူမနှင့်ပြန်လည်သင့်မြတ်သွားသော်လည်း သူ့ကိုကျွန်ုပ်လုံးဝအယုံအကြည်မဲ့သွားပြီး၊ ဧကရာဇ်အပေါ်ကျွန်ုပ်၏စိတ်ဝင်စားမှုကအလွန်လျင်မြန်စွာလျော့နည်းသွားကာ သူကလည်း အမှန်ပင်ဤကိစ္စကိုစိတ်ထဲ၌စွဲသွား၏။

## အခန်း(၇)

ဤနိုင်ငံမှ ကျွန်ုပ်ထွက်ခွါသွားသည့်အကြောင်းကို ကျွန်ုပ်ဆက်လက်မပြောခင်(၂)လကြာမျှ ကျွန်ုပ်ကိုဆန့်ကျင်လျှက်ဖြစ်ပေါ်နေသောလျှို့ဝှက်ကြံစည်မှုတစ်ခုကို စာရှုသူအားကျွန်ုပ်အသိပေးမှသင့်တော်ပေမည်။

ကျွန်ုပ်မှာယခုအထိ နန်းတော်ရုံးနှင့်လူစိမ်းဖြစ်နေဆဲဖြစ်ပြီး ကျွန်ုပ်၏နိမ့်ကျမှုအခြေအနေကြောင့် နန်းတော်ရုံးတွင် ကျွန်ုပ်အရာမဝင်ခဲ့ပါ။ အိမ်ရှေ့မင်းသားများနှင့်ဝန်ကြီးများ၏ စိတ်နေသဘောထားကို ကျွန်ုပ်အမှန်ပင်လုံလောက်စွာ ဖတ်ဘူး ကြားဘူးခဲ့၏။ သို့သော်ကျွန်ုပ်အထင်တွင် ဥရောပနှင့်အလွန်ခြားနားစွာ အုပ်ချုပ်နေသောဤမျှဝေးလံလှသည့် တိုင်းနိုင်ငံတွင်သူတို့၏ စိတ်နေသဘောထားကအလွန်ထိတ်လန့်ဘွယ်ကောင်းစွာ အကျိုးသက်ရောက်မှုရှိမည်ကိုကျွန်ုပ် မမျှော်လင့်ခဲ့ပါ။

ဘလီဖူစ်ကူးဧကရာဇ်ဆီသို့ ကျွန်ုပ်သွားရောက်လည်ပတ်ရန်ပြင်ဆင်နေစဉ်တွင် နန်းတော်ရုံးမှအတော်အရေးကြီးသော ပုဂ္ဂိုလ်တစ်ဦးက အလုံပိတ်ထမ်းစင်ဖြင့် ညဘက်တွင်တိတ်တဆိတ်ရောက်

လာပြီး သူ၏အမည်ကိုမပြောပဲနှင့် ဝင်ခွင့်တောင်း၏ ထမ်းစင်ထမ်းသမားများကိုနှင်လွှတ်ပြီး ထမ်းစင်နှင့်ထမ်းစင်အတွင်းမှ လူကို ကျွန်ုပ်၏ကုတ်အင်္ကျီအိတ်ထဲသို့ ကျွန်ုပ်ထည့်၍ယုံကြည်ရသော အမှုထမ်းတစ်ယောက်ကို ကျွန်ုပ်နေမကောင်းသဖြင့် အိပ်ယာဝင်သွားကြောင်းပြောခိုင်းလျက် ကျွန်ုပ်၏အိမ်တံခါးကိုသော့ပိတ်ကာ ထမ်းစင်ကိုကျွန်ုပ်၏စားပွဲပေါ်တင်ပြီးလျှင် ကျွန်ုပ်ပြုလုပ်နေကြအတိုင်း ၄င်းအားတွင်ထိုင်လိုက်၏။ ထုံးစံအတိုင်း ခရီးဦးကြိုစကားပြောပြီးနောက် မင်းမှုထမ်း၏စိုးရိမ်မှုများဖုံးလွှမ်းနေသောမျက်နှာအမူအရာကို မြင်သဖြင့် အကြောင်းရင်းကိုမေးမြန်းသော် ကျွန်ုပ်၏အသက်သိက္ခာနှင့်အလွန်ပတ်သက်နေသောကိစ္စတစ်ခုကို ကျွန်ုပ်သည်းခံ၍ နားထောင်ပါမည့်အကြောင်းသူက ပန်ကြား၏။ ကျွန်ုပ်ထံမှ သူထွက်ခွာသွားသည်နှင့်တပြိုင်နက် သူ၏ပြောစကားများကို ကျွန်ုပ်မှတ်စုရေးသားလိုက်သဖြင့် ၄င်းတို့က အောက်ပါအတိုင်းဖြစ်၏။

"ခင်ဗျားရဲ့ကိစ္စနှင့်ပတ်သက်လို့" သူကပြော၏။ "ကောင်စီက ကော်မတီဝင်များစွာတို့ဟာ မကြာသေးခင်ကအလွန်လျှို့ဝှက်စွာဆွေးနွေးမှုပြုလုပ်ခဲ့ကြတယ်။ အရှင်မင်းမြတ်ကလုံးဝ ဆုံးဖြတ်ချက်ချလိုက်တာကတော့ (၂)ရက်ဘဲရှိသေးတယ်။

"စကိုင်ရစ်တိုရိုလမ်(ရေတပ်ဗိုလ်ချုပ်ကြီး)ဟာ ခင်ဗျားရောက်လာကတည်းကဆိုသလိုခင်ဗျားရဲ့ရန်သူကြီးဖြစ်ခဲ့တယ်ဆို တာ ခင်ဗျားတကယ့်ကိုခံစားသိရှိရမှာပါ၊ သူရဲ့မူလအကြောင်းရင်းတွေ ကို



ကျွန်တော်မသိပါဘူး၊ ဒါပေမဲ့ ဘလီဖူစ်ကူးကိုခင်ဗျားအကြီး အကျယ်အောင်မြင်မှုရလိုက်ကတည်းက သူ့ရဲ့မုန်းတီးမှုဟာ အဆများစွာမြင့်တက်လာတယ်။ ခင်ဗျားရဲ့အောင်မြင်မှုကြောင့် သူ့ရဲရေတပ်ဗိုလ်ချုပ်ကြီးဆိုတဲ့ ဂုဏ်သိက္ခာဟာညှိုးနွမ်းခဲ့ရတယ်၊ ဒီပုဂ္ဂိုလ်ကြီးဟာဗိုလ်ချုပ်လင်တော့စ်၊ ဘုရင့်အိမ်တွင်းရေးအရာရှိ လာတွန်၊ တရားသူကြီးချုပ်ကာလ်မွတ်ဖ်နဲ့သူရဲ့ဇနီးကြောင့် ခင်ဗျားကို ရန်လိုတဲ့နေရာမှာထင်ရှားတဲ့ဘဏ္ဍာရေးဝန်ကြီး ဖလင်နာမ်တို့နဲ့ပေါင်းစပ်ပြီး သစ္စာဖေါက်မှုနဲ့အခြားပြစ်မှုကြီးတွေအတွက် ခင်ဗျားကိုတရားစွဲဆိုဘို့စွဲချက်တွေပြင်ဆင်နေကြပြီ။"

ကျွန်ုပ်၏ကောင်းမြတ်မှုနှင့်အပြစ်ကင်းစင်မှုကိုသိသဖြင့် ဤစကားပုလ္လင်ခံနေမှုကို ကျွန်ုပ်အလွန်စိတ်မရှည်ဖြစ်မိရာ ကျွန်ုပ်က စကားဖြတ်ပြောမည်ပြုလျှင် သူက ကျွန်ုပ်တို့ငြိမ်သက်နေရန် အနူးအညွတ်တောင်းဆိုပြီး ဤသို့ဆက်ပြော၏။

"ခင်ဗျား၊ ကျွန်တော်အပေါ်မှာပြုလုပ်ခဲ့တဲ့ကျေးဇူးကြောင့် လုပ်ဆောင်မှုသတင်းအားလုံးနဲ့တရားစွဲဆိုမှုတွေရဲ့မိတ္တူတစ်စောင် ကို ခင်ဗျားအတွက် ကျွန်တော်ဦးခေါင်းနဲ့ရင်းပြီးယူလာပါတယ်"

"လူတောင်ကြီးအပေါ်တရားစွဲဆိုချက်များ"

"စွဲဆိုချက်(၁)"

အရှင်မင်းမြတ်၏အုပ်ချုပ်မှုနယ်ပယ်အတွင်း၌ပြုလုပ်ထား

သောတာလင်ဒီသာဖလွှန်းရုပ်တုပါစာအရ တော်ဝင်နန်းတော်ဝင်း အတွင်းဆီးသွားသူ မည်သူမဆို ကြီးမားသောဖောက်ပြန်မှုဖြင့် ပြစ်ဒဏ်ခံရန် အမိန့်ပြဋ္ဌာန်းထားပြီး အဆိုပါလူတောင်ကြီးသည် အဆိုပါပြဋ္ဌာန်းချက်ဥပဒေကို ပြောင်ပြောင်တင်းတင်းချိုးဖေါက်လျှက် အရှင်မင်းမြတ်၏ချစ်လှစွာသော ဧကရာဇ်နန်းတော်ဆောင်အား ဖွဲ့လောင်နေသည့်မီးကို ငြိမ်းသတ်ရန်ဘန်းပြလျှက်၊ အကြံပက်စက်စွာ သစ္စာမဲ့စွာ ယုတ်မာစွာဖြင့် သူ၏ကျင်ငယ်ရည်များကို စွန့်ထုတ်၍ အဆိုပါနန်းတော်ဆောင်မှဖွဲ့လောင်နေသော အဆိုပါမီးကိုငြိမ်းသတ်ရင်း အဆိုပါတော်ဝင်နန်းတော်ဝင်းအတွင်းလဲလျောင်းရှိနေခြင်း သည် ဥပဒေကိုပြဋ္ဌာန်းသော ရုပ်တုအားဆန့်ကျင်ခြင်း၊ တာဝန်ကို ဆန့်ကျင်ခြင်း စသဖြင့်ဖြစ်၏။

စွဲဆိုချက်(၂)

အဆိုပါလူတောင်ကြီးသည် ဘလီဖူစ်ကူး၏အင်ပါယာရေတပ်ကို တော်ဝင်ဆိပ်ကမ်းဆီသို့ သယ်ဆောင်လာပြီးနောက်အဆိုပါ ဘလီဖူးစ်ကူးအင်ပါယာ၏ အခြားသင်္ဘောများအားလုံးကို ဖမ်းဆီးပြီး ထိုအင်ပါယာကိုပြည်နယ်တစ်ခုဆင့်သို့လျှော့ချရန် ထိုအခါမှစ၍ ဘုရင်ခံတစ်ဦးဖြင့် အုပ်ချုပ်ရန်ဘစ်အင်ဒီယန်ပြည်ပြေးအားလုံးကို သာမက ဘစ်အင်ဒီယန်တို့၏ဝါဒကို ချက်ခြင်းစွန့်လွှတ်ခြင်းမရှိကြသော ထိုအင်ပါယာမှ လူများအားလုံးကို သေဒဏ်ပေးရန် အရှင်မင်းမြတ်က အမိန့်ပေးသောအခါ အဆိုပါလူတောင်ကြီးသည် အလွန်မင်္ဂလာရှိသူ အလွန်တည်ငြိမ်အေးချမ်းသူ အရှင်မင်းမြတ်အား အဆိုပါတာဝန်မှကင်းလွတ်ခွင့်ပြုရန်တောင်းပန်လျှက် အပြစ်မရှိသောလူများ၏အသက်နှင့်လွတ်လပ်မှုကို ဖျက်ဆီးပြစ်ရန်ဆန္ဒမရှိကြောင်း ဟန်ဆောင်ခဲ့၏။

Exiles



စွဲဆိုချက်(၃)

ဘလီဖူစ်ကူးနန်းတော်ရုံးမှ သံအမတ်အချို့ငြိမ်းချမ်းရေးကမ်းလှမ်းရန် အရှင်မင်းမြတ်၏နန်းတော်ရုံးသို့ရောက်လာသောအခါ သူတို့သည် အရှင်မင်းမြတ်နှင့်ပွင့်လင်းစွာ စစ်ဖြစ်နေသော အိမ်ရှေ့မင်းသားတပါး၏ အမှုထမ်းများဖြစ်သည်ကိုသိလျှက်နှင့် အဆိုပါလူတောင်ကြီးသည် မိုက်မှားသောသစ္စာဖောက်တစ်ယောက်ကဲ့သို့ အဆိုပါသံအမတ်များကို ကူညီ၏။ အားပေး၏။ သက်တောင့်သက်သာ ဖြစ်စေ၏။ ဧည့်ခံဖျော်ဖြေ၏။

စွဲဆိုချက်(၄)

အဆိုပါလူတောင်ကြီးသည် သစ္စာရှိသောနိုင်ငံသားတို့၏တာဝန်နှင့်ဆန့်ကျင်လျှက် ယခုအခါဘလီဖူးစ်ကူးအင်ပါယာနှင့် နန်းတော်ရုံးဆီသို့ခရီးသွားရန်စီစဉ်နေပြီး အမှန်တွင်ထိုခရီးအတွက် အရှင်မင်းမြတ်ထံမှနှုတ်ဖြင့်ခွင့်ပြုချက်လိုင်စင်ကိုသာ သူရခဲ့၍

အဆိုပါလိုင်စင်၏အမှိန့်အရ၍ဖြင့် မဟုတ်မမှန်သစ္စာဖေါက်ရန်ကြံလျှက် အဆိုပါခမ်းကိုရယူခဲ့ကာ ဤသို့ဖြင့်စောလျှင်စွာကဆိုခဲ့သော အဆိုပါ အရှင်မင်းမြတ်နှင့်ပွင့်ပွင့်လင်းလင်းစစ်ဖြစ်ခဲ့သည့် လတ်တလောရန်သူ ဖြစ်နေသူဘလီဖူးစ်ကူးဧကရာဇ်ကို သူကူညီရန်၊အားပေးရန်၊ သတ်ဆောင့်သက်သာဖြစ်စေရန်၊ ဧည့်ခံဖျော်ဖြေရန်ကြံစည်၏။

"အခြားစွဲဆိုချက်တွေ ရှိပါသေးတယ်၊ ဒါပေမဲ့ခင်ဗျားကို ကျွန်တော်အကျဉ်းချုပ်ဖတ်ပြတဲ့ဒါတွေက အရေးကြီးဆုံးတွေပါ"

"ဒီတရားစွဲဆိုချက်တွေပေါ် ဆွေးနွေးမှုတွေအမြောက် အများပြုလုပ်ရာမှာ အရှင်မင်းမြတ်ဟာသူ့အပေါ် ခင်ဗျားပြုလုပ်ခဲ့တဲ့ အမှုထမ်းရွက်မှုတွေကို မကြာခဏတိုက်တွန်းပြောရင်း ခင်ဗျားရဲ့ ပြစ်မှုတွေကို လျှော့ပေါ့အောင်ကြိုးစားရင်းနဲ့ သူရဲ့မဟာဂရုဏာအ မှတ်အသားတွေကို အများအပြားပြသတယ်ဆိုတာ ဝန်ခံရပါမယ်။ ဘဏ္ဍာရေးဝန်ကြီးနဲ့ရေတပ်ဗိုလ်ချုပ်တို့ကတော့ညဘက်မှာ ခင်ဗျားရဲ့ အိမ်ကိုမီးရှို့ပြီး၊ ခင့်ဗျားကိုအနာကျင်ဆုံး၊ အယုတ်ညံ့ဆုံးသေခြင်းနဲ့ သေသင့်တယ်လို့အတိုက်အခံပြောကြပြီး၊ ဗိုလ်ချုပ်ကတော့ခင်ဗျားရဲ့ မျက်နှာနဲ့လက်တွေကိုအဆိပ်လူးမျှားနဲ့ပစ်ခတ်ဘို့အတွက်မျှားကိုင် ထားတဲ့လူတစ်ထောင်နဲ့အဆင့်သင့်ဖြစ်နေတယ်။ ခင်ဗျားရဲ့ရှပ်အင်္ကျီ တွေအပေါ်အဆိပ်ရည်တွေဖြန်းဘို့ခင်ဗျားရဲ့အမှုထမ်းတချို့ကို တိတ်တဆိတ်အမိန့်ပေးထားတယ်၊ အဲဒီအဆိပ်ရည်တွေက ခင်ဗျားရဲ့ အသားတွေကို စုတ်ပြဲစေပြီး၊ မချိမဆံ့ဝေဒနာနဲ့ခင်ဗျားသေရလိမ့်မယ်၊



ဗိုလ်ချုပ်ကလည်း ဒီလိုစိတ်ကူးမျိုးရတာကြောင့် ခင်ဗျားကိုဆန့်ကျင် တဲ့လူတွေအများကြီးရှိတာအချိန်အတော်ကြာပြီ။ ဒါပေမဲ့အရှင်မင်းမြတ် ကဖြစ်နိုင်ရင် ခင်ဗျားရဲ့အသက်ကို ကယ်ချင်တာကြောင့်နောက်ဆုံး တော့အိမ်တွင်းရေးအရာရှိကို စေလွှတ်လိုက်တာပါဘဲ။

"ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့ကိုသူ၊ ခင်ဗျားရဲ့မိတ်ဆွေကောင်း အဖြစ်အမြဲသက်သေပြခဲ့တဲ့ပြည်ထဲရေးပထမအတွင်းဝန်ကို ဧကရာဇ် က အကြံဉာဏ်တောင်းတော့ သူကလည်းအကြံဉာဏ်ပေးရပြီး ဒီနေ ရာမှာခင်ဗျားအပေါ် သူ့စိတ်ကောင်းရှိတာတွေပေါ်လာတယ်။ ခင်ဗျား ရဲ့ ပြစ်မှုကအလွန်ကြီးမားကြောင်း ဒါပေမဲ့လည်းသက်ညှာမှုပေးဘို့ အခြေအနေရှိကြောင်း ဒီလိုသက်ညှာမှုပေးတာဟာဘုရင် တစ်ယောက်ရဲ့အမြင့်မြတ်ဆုံးပိုင်ဆိုင်ခွင့်တစ်ခုဖြစ်ကြောင်း သူက ဆိုတော့ အရှင်မင်းမြတ်ကဒါကိုသိပ်သဘောကျတယ်၊ ခင်ဗျားနဲ့ သူ့ အကြားဆက်ဆံရေးကို တလောကလုံးကသိကြတာမို့ ဂုဏ်သရေရှိ ဘုတ်အဖွဲ့ကလည်း သူ့ကိုမျက်နှာသာပေးလိမ့်မယ်လို့ သူက ပြောတယ်။ ဒါပေမဲ့လည်း သူလက်ခံရရှိခဲ့တဲ့ အမိန့်ကိုနာခံသော အားဖြင့် သူရဲ့ခံစားချက် အမြင်ကိုသူလွှတ်ထားရမှာဖြစ်ကြောင်း ခင်ဗျားအမှုထမ်းရွက်ခဲ့တာ တွေကို ချင့်ချိန်လို့သူရဲ့သနားညှာတာ မှုကြောင့် အရှင်မင်းမြတ်က ခင်ဗျားရဲ့အသက်ချမ်းသာခွင့်ပေးပြီး ခင်ဗျားရဲ့မျက်လုံးနှစ်လုံးကို ထုတ်ပြစ်ဘို့အမိန့်ကိုသာသူပေးမယ်ဆိုရင် ဒီလိုစီစဉ်မှုကြောင့် အတိုင်း အတာတစ်ခုအထိ တရားမျှတမှုရရှိ

လိမ့်မယ်လို့သူထင်ကြောင်း၊ ဇကရာဇ်ရဲ့သက်ညှာမှုနဲ့သူ့ကောင်စီဝင်တွေရဲ့သင့်တော်ဆီလျော်တဲ့ ပြုမူချက်ကို တကမ္ဘာလုံးက ဝိုင်းဝန်းပြီးဘာပေးကြမှာဖြစ်ကြောင်း ခင်ဗျားရဲ့မျက်လုံးဆုံးရှုံးမှုဟာ ခင်ဗျားရဲ့ကိုယ်ခန္ဓာအင်အားကို အတားအဆီးဖြစ်မှာမဟုတ်ကြောင်း ဒီခန္ဓာကိုယ်နဲ့အရှင်မင်းမြတ်ကို ခင်ဗျားအလုပ်အကျွေးပြုနိုင်ဦးမှာဖြစ်ကြောင်း မျက်စိကွယ်မှုကြောင့် အန္တရာယ်တွေကို ခင်ဗျားမမြင်ရယင် ခင်ဗျားပိုပြီးသတ္တိရှိလာမှာဖြစ်ကြောင်း၊ ခင်ဗျားရဲ့မျက်လုံးတွေအတွက်စိုးရိမ်တာကြောင့် ရန်သူရဲ့ ရေတပ်ကိုသိမ်းပိုက်ရာမှာကြီးစွာအခက်အခဲဖြစ်ရကြောင်း ဘုရင်မင်းမြတ်အနေနဲ့ဘာမှလုပ်စရာမရှိတာကြောင့် ဝန်ကြီးတွေရဲ့မျက်လုံးတွေနဲ့ခင်ဗျားကို ထိန်းကြောင်းပေးရင်လုံလောက်မှာဖြစ်ကြောင်း သူကဆိုတယ်။

"ဒီအဆိုပြုချက်ကို ဘုတ်အဖွဲ့တစ်ခုလုံးကအလွန်တရာမကြေနပ်စွာနဲ့လက်ခံကြတယ်၊ ရေတပ်ဗိုလ်ချုပ် ဘိုရိုလမ်းက သူရဲ့ဒေါသကိုမထိန်းနိုင်ဘူး ဒါပေမဲ့ဒေါသဖြစ်ဖြစ်နဲ့မတ်တပ်ရပ်ပြီးတဲ့အခါ သစ္စာဖေါက်ကိုအသက်ချမ်းသာခွင့်ပေးဘို့အကြံဉာဏ်ကို အတွင်းဝန်ဘယ်လိုမေးရဲသလဲဆိုတာသူသိချင်ကြောင်း ခင်ဗျားပြုမူခဲ့တဲ့ဆောင်ရွက်ချက်တွေဟာ တိုင်းပြည်ရဲ့စစ်မှန်တဲ့အရေးအကြောင်းနဲ့နှိုင်းယှဉ်လိုက်တဲ့အခါ ခင်ဗျားရဲ့ပြစ်မှုတွေကို ပိုလို့သာဆိုးဝါးစေကြောင်း၊ အရှင်မင်းမြတ်ရဲ့နန်းတော်ဆောင်မှာ ကျင်ငယ်စွန့်ရင်းနဲ့ မီးကိုငြိမ်း



သတ်နိုင်တဲ့ခင်ဗျားဟာ တချိန်ချိန်မှာ ဒီလိုနည်းနဲ့ရေလွှမ်းမိုးမှုဖြစ်စေပြီး၊ နန်းတော်တခုလုံးကိုရေမြုတ်သွားစေနိုင်ကြောင်း၊ ရန်သူရဲ့ရေတပ်ကိုသယ်ဆောင်လာနိုင်စေတဲ့ဒီခွန်အားသတ္တိဟာ မကြေနပ်ဘာနဲ့တပြိုင်နက်ဒီရေတပ်ကို ပြန်သယ်ယူသွားစေနိုင်ကြောင်း ခင်ဗျားရဲ့ ရင်ထဲမှာ ခင်ဗျားဟာ ဘစ်အင်ဒီယန်ဖြစ်နေတယ်လို့ ယူဆဘို့ခိုင်လုံတဲ့အကြောင်းပြချက်တွေသူ့မှာရှိကြောင်းနဲ့သစ္စာဖောက်မှုဟာအမူအရာအနေနဲ့ထွက်ပေါ်မလာခင်၊ နှလုံးသားထဲမှာသန္ဓေစဘည်တာကြောင့် ဒီအကြောင်းပြချက်နဲ့ခင်ဗျားကိုသစ္စာဖောက်အဖြစ်သူကစွပ်စွဲပြီး ဒါကြောင့်ခင်ဗျားကိုသေဒဏ်ပေးဘို့ သူအတင်းအကြပ်ပြောလိုကြောင်းသူကဆိုတယ်။

"ဘဏ္ဍာရေးဝန်ကြီးကလည်း ဒီလိုဘဲယူဆတယ်၊ ခင်ဗျားကိုသိမ်းသိမ်းစောင့်ရှောက်ရတဲ့အခကြေးငွေတွေကြောင့် အရှင်မင်းမြတ်ရဲ့အခွန်ဘဏ္ဍာငွေဟာဘယ်လောက်အကြပ်အတည်းဖြစ်အောင်လျော့ကျသွားကြောင်း မကြာခင်မှာခင်ဗျားကိုထောက်ပံ့ပေးနိုင်တော့မှာမဟုတ်ကြောင်း ခင်ဗျားရဲ့မျက်လုံးတွေကိုထုတ်ပြစ်ဘို့အတွင်းဝန်ရဲ့အကြံပေးချက်ဟာ ဒီပြဿနာကိုဖြေရှင်းစေမှာမဟုတ်ကြောင်း မျက်စိမမြင်တဲ့ငှက်တချို့ဟာများများစားလေ၊ များများဝလေသာကြောင်တာမို့လို့၊ အဲဒီကအခြေအနေကိုပိုဆိုးဝါးစေမှာဖြစ်ကြောင်း ခင်ဗျားကိုအမှုစီရင်ကြမဲ့ အရှင်မင်းမြတ်နဲ့ကောင်စီတို့ဟာ ခင်ဗျားရဲ့ပြစ်မှုကို ကောင်းကောင်းသိနားလည်ထားကြောင်း ဒီပြစ်မှုက

ထင်းကြွင်တဲ့ဥပဒေစာလုံးများနဲ့တရားဝင်သက်သေပြရန်မလိုပဲ ခင်ဗျားကိုသေဒဏ်ပေးဘို့လုံလောက်ကြောင်း သူကထုတ်ဖော်ပြတယ်။

"ဒါပေမဲ့ခင်ဗျားရဲ့မျက်လုံးတွေကို ဆုံးရှုံးရမှုကို အလွန်ပျော့လွန်းတဲ့ပြစ်ဒဏ်အဖြစ်ကောင်စီက တွေးထင်ဟာကြောင့် ခင်ဗျားကို ပြစ်ဒဏ်ကြီးမပေးဘို့ ယတိပြတ်ဆုံဖြတ်ထားတဲ့ဧကရာဇ်မင်းမြတ်က အခြားပြစ်ဒဏ်တွေပေးနိုင်ကြောင်းဝမ်းသာအဲလည်းပြောပါတယ်၊ ခင်ဗျားရဲ့မိတ်ဆွေအတွင်းဝန်ကတော့ နောက်တကြိမ်ထပ်ပြောချင် တာနဲ့ ခင်ဗျားကိုအရှင်မင်းမြတ်ကအကာအကွယ်ပေးနေတဲ့ပြစ်မှု ကြီးနဲ့ပတ်သက်ပြီး၊ ဘဏ္ဍာရေးဝန်ကြီးက ကန့်ကွက်တာကိုပြန်လည် ဖြေကြားတဲ့အခါ ဧကရာဇ်ရဲ့ဘဏ္ဍာအခွန်ငွေကို ကြိုက်သလိုစီမံနိုင် ခွင့်ရှိတဲ့အရာရှိဟာ ခင်ဗျားရဲ့နေထိုင်မှုစရိတ်ကို တဖြည်းဖြည်းလျော့ချ ခြင်းဖြင့်၊ လွယ်ကူစွာပြစ်ဒဏ်ခတ်နိုင်ကြောင်း၊ အဲဒီလိုသာဆိုရင် အစားအစာမလုံလောက်မှုကြောင့် ခင်ဗျားအင်အားချိနဲ့၊ မူးဝေလာပြီး အစာစားချင်စိတ်တွေလျော့ပါးလာမယ်၊ အဲဒီလိုနဲ့ယိုယွင်းပျက်စီးလာပြီး၊ လအနည်းငယ်အတွင်းမှာ ကိစ္စတုံးသွားမှာဖြစ်ကြောင်း၊ ခင်ဗျားရဲ့အလောင်းကလည်း တဝက်ကျော်လောက်သေးသွားမှာ ဖြစ်တာကြောင့်၊ အဲဒီအခါကျယင် အပုတ်နံ့ကသိပ်ပြဿနာရှိတော့မှာမဟုတ်ကြောင်း ခင်ဗျားသေတာနဲ့ တပြိုင်နက်အရှင်မင်းမြတ်ရဲ့တိုင်းသူပြည်သား(၅)ထောင်(၆)ထောင်ကနှစ်ရက်၊ သုံးရက်အတွင်းမှာ



ခင်ဗျားရဲ့အသားတွေကိုလှီးဖြတ်၊ မြင်းလှည်းနဲ့သယ်ပြီး၊ ခင်လှမ်းလှမ်းနေရာတွေမှာမြှုပ်နှံရင်၊ ကူးစက်မှုရောဂါကို ကာကွယ်နိုင်မှာဖြစ်ကြောင်း၊ အရိုးစုကိုတော့ နောင်အနာဂတ်လူတွေအတွက် အမှတ်တရသားမဲ့အကြောင်း သူကပြောတယ်။

"ဒီလိုနဲ့အတွင်းဝန်ရဲ့မိတ်ဆွေဆန်မှုကြောင့် ကိစ္စတစ်ခုလုံးကို ဖြေရှင်းပေးလိုက်တယ်၊ ခင်ဗျားကိုတဖြည်းဖြည်းနဲ့အငတ်ထားမဲ့ ဗိမ်ကိန်းကို လျှို့ဝှက်ထားဘို့အားလုံးလက်ခံကြတယ်။ ဒါပေမဲ့ခင်ဗျားရဲ့မျက်လုံးတွေကို ထုတ်ပြစ်ဘို့အပြစ်ဒဏ်ချမှတ်ချက်ကိုတော့ စာအုပ်ထဲမှာ ရေးသွင်းရပြီး၊ ရေတပ်ဗိုလ်ချုပ်ဘိုရိုလမ်ကလွဲလို့ ကန့်ကွက်တဲ့လူမရှိပါဘူး၊ သူကတော့ဧကရီဘုရင်မရဲ့လူတစ်ယောက်ဖြစ်ပြီး၊ ခင်ဗျားကိုသေဒဏ်ပေးဘို့အရှင်မင်းမြတ်ကို အမြဲမပြတ်တိုက်တွန်းမှုပြုခဲ့တယ်၊ အဲဒီဧကရီဘုရင်မကလည်း သူမရဲ့တိုက်ခန်းဆောင်မှာ၊ တရားမဝင်မဆီလျော်တဲ့နည်းလမ်းနဲ့ ခင်ဗျားမီးငြိမ်းသတ်မှုပြုခဲ့တာကြောင့် ခင်ဗျားကိုအမြဲတစေမလိုတမာဖြစ်နေခဲ့တယ်။

"(၃)ရက်အတွင်းမှာ ခင်ဗျားရဲ့အတွင်းဝန်ဟာ ခင်ဗျားရဲ့အိမ်ကိုလာပြီး ခင်ဗျားရဲ့ရှေ့မှာတရားစွဲဆိုချက်တွေကို ဖတ်ပြဘို့ပြီးတော့အရှင်မင်းမြတ်နဲ့နန်းတော်ရုံးတို့ရဲ့ကြီးမားတဲ့သက်ညှာမှုနဲ့မျက်နှာသာပေးမှုကိုအသိပေးဘို့အတွက် ညွှန်ကြားချက်အပေးခံရမယ်။ အဲဒီလိုနဲ့ခင်ဗျားရဲ့မျက်လုံးတွေအဆုံးခံဘို့အတွက်သာ ခင်ဗျားအပြစ်ဒဏ်ကျခံရပြီး ဒီပြစ်ဒဏ်ကိုခင်ဗျား ရွှင်လန်းကြိုးနွံစွာ လက်ခံ

မထားဆိုတာ အရှင်မင်းမြတ်ကမေးခွန်းမထုတ်တော့ဘဲ၊ ခင်ဗျား ခြေပြင်ပေါ် လဲလျောင်းနေစဉ်မှာ မျက်လုံးတွေကို အလွန်ချွန်ထက်တဲ့ မြှားတွေနဲ့ပစ်ခတ်ရင်း၊ ဆောင်ရွက်မှုကိုကောင်းစွာထမ်းဆောင် သလားဆိုတာကြည့်ရှုဘို့ အရှင်မင်းမြတ်ရဲ့ခွဲစိတ်ဆရာဝန် အယောက် (၂၀)က တက်ရောက်ကြလိမ့်မယ်။

"ခင်ဗျားဘယ်လို ဆောင်ရွက်မှုပြုမယ်ဆိုတာ ခင်ဗျား ဘာသာ ခင်ဗျားသေသေချာချာစဉ်းစားကြည့်ပါတော့။ သံသယ အဝင်မခံရအောင် ကျွန်တော်လာခဲ့တဲ့ပုံစံအတိုင်း လျို့ဝှက်စွာ ကျွန်တော် ချက်ချင်းပြန်ရမယ်။"

သူ၏အမှုထမ်းများကလည်း ထိုကဲ့သို့ပြုလုပ်ပြီး ကျွန်ုပ်လည်း ဒဝေဒဝါစိတ်ရှုတ်ထွေးစွာဖြင့် တစ်ဦးတည်းကျန်ရစ်ခဲ့တော့၏။

နန်းတော်ရုံးကရက်စက်သောပြစ်ဒဏ်ကိုချမှတ်ပြီးသောအခါ တကမ္ဘာလုံးမှ သိရှိဝန်ခံထားသည့်ကိစ္စတစ်ခုအဖြစ်ကြီးစွာသော သက်ညှာမှုနှင့်သနားကြင်နာမှုကိုပြသလျှက်၊ သူ၏ကောင်စီတစ်ခုလုံး ကိုဧကရာဇ်က မိန့်ခွန်းပြောခြင်းမှာ ဤဘုရင်နှင့်ဝန်ကြီးများ ကျင့်သုံး သည့်ထုံးစံတစ်ခုဖြစ်၏။ ဤမေးခွန်းကိုနိုင်ငံတဝှမ်းလုံးသို့ ချက်ခြင်း ပုံနှိပ်ဖြန့်ဝေပြီး အရှင်မင်းမြတ်၏သနားကြင်နာမှုအပေါ် ထိုသို့ချီးကျူး ထောပနာပြုသောအရာကဲ့သို့ ပြည်သူလူထုအပေါ် အထိတ်တလန့် ဖြစ်စေသောအရာမရှိတော့ပါ။ အဘယ်ကြောင့်ဆိုသော် ချီးကျူးမှု ကိုချဲ့ထွင်လေ၊ အတင်းအကြပ်ဆိုလေ ပစ်ဒဏ်ခတ်မှုကပို၍လူမဆန်



လေ၊ ခံစားရသူကပို၍အပြစ်ကင်းလေဖြစ်သည်ကိုသိရသောကြောင့် ဖြစ်၏။ ကျွန်ုပ်နှင့်ပတ်သက်၍မူ ကျွန်ုပ်မွေးဖွားစဉ်ကငှင်း၊ ပညာသင် ကြားစဉ်ကငှင်း၊ မင်းမှုထမ်းဖြစ်ရန်ရည်ရွယ်ခဲ့ခြင်းမရှိသောကြောင့် အခြေအနေကို ကျွန်ုပ်သုံးသပ်ခြင်းမပြုနိုင်လွန်းလှရာ၊ ထိုစာကြောင်း များမှ သက်ညှာမှုနှင့်မျက်နှာသာပေးမှုကို ကျွန်ုပ်ရှာမတွေ့မိပါ။ သို့သော်ငှင်းကသိမ်မွေ့ညင်သာသည့်ထက် ကြမ်းတမ်းခက်ထန်မှု ရှိသည်ဟုကျွန်ုပ်သိရ၏။ တခါတရံ၌ ကျွန်ုပ်အမှုဆိုင်ရန်စဉ်းစားပြီး၊ များစွာသောစွဲဆိုချက်များ၌ စွဲဆိုထားသည့် အချက်များကို ကျွန်ုပ်မငြင်းဆန်နိုင်သော်လည်း၊ အနည်းငယ်လျှော့ပေါ့မှုကို သူတို့ခွင့်ပြုလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်မိ၏၊ သို့သော်ကျွန်ုပ်၏ ဘဝတွင် နိုင်ငံတော်အမှုအခင်းများစွာကို ဂရုတစိုက်ဖတ်ရှုခဲ့ဘူး သဖြင့်၊ ထိုကဲ့သို့အကြပ်အတည်းကာလတွင် ထိုကဲ့သို့အင်အား ကြီးမားသောရန်သူကိုဆန့်ကျင်လျှက် ထိုကဲ့သို့ အန္တရာယ်ကြီးမား သော ဆုံးဖြတ်ချက်အပေါ် ကျွန်ုပ်မယုံကြည်ရဲပါ။ တခါ၌ ကျွန်ုပ် အတိုက်အခံပြုလုပ်ရန်ပြင်းထန်စိတ်ဖြစ်မိ၏။ အကြောင်းမူကား ကျွန်ုပ်လွတ်လပ်နေစဉ် ကျွန်ုပ်ကိုဤအင်ပါယာတစ်ခုလုံး၏ အင်အား ဖြင့် ကြံ့ကြံ့ခံနိုင်ရန်ခက်ပြီး၊ ကျောက်တုံးများဖြင့် မြို့တော်ကို ကျွန်ုပ်အစိတ်စိတ်အမွှာမွှာဖြစ်အောင် လွယ်ကူစွာပစ်ခတ်နိုင်၏။ သို့သော် ဧကရာဇ်အပေါ် ကျွန်ုပ်ပြုခဲ့သောသစ္စာစကား၊ သူထံမှ ကျွန်ုပ် ရရှိခဲ့သော အခွင့်အရေးပေးမှုနှင့် ကျွန်ုပ်ကိုသူအပ်နှင်းခဲ့သည့် မြင့်မား

သော "နာဒါစ်" ဘွဲ့ထူးတို့ကို ကျွန်ုပ်အမှတ်ရမိသောကြောင့် ထိုစီမံချက်ကို ထိပ်လန့်စွာဖြင့် ကျွန်ုပ်ပယ်ချလိုက်၏။ အရှင်မင်းမြတ်၏ လက်ရှိပြင်းထန်ပြတ်သားမှုက အတိတ်မှကျွန်ုပ်၏တာဝန်ရှိမှုအားလုံး ကိုဖြတ်တောက်ပြစ်လိုက်ကြောင်းကို ကျွန်ုပ်စောစီးစွာမသိရှိခဲ့ရပါ။

နောက်ဆုံး၌ ကျွန်ုပ်ဆုံးဖြတ်လိုက်ပြီး ကျွန်ုပ်၏မျက်လုံးများကို ကျွန်ုပ်ထိမ်းသိမ်းရမည်ဟုဝန်ခံလိုက်သဖြင့် ၎င်းကြောင့် ကျွန်ုပ် အရှုပ်ခံနိုင်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်လောက်မဆိုးဝါး သောရာဇဝတ်ကောင်များကို သူတို့ပြုမူပုံစနစ်နှင့် ဘုရင်နှင့်ဝန်ကြီး တို့၏သဘောသဘာဝကိုထိုစဉ်က ကျွန်ုပ်သိခဲ့လျှင် ထိုမျှလွယ်ကူ သော ပြစ်ဒဏ်တခုကို ကျွန်ုပ်လျှော့ရှုစွာခံယူမည်ဖြစ်၏။ သို့သော် ငယ်ရွယ်သူတို့၏ ဂမူးရှူးထိုးလုပ်တတ်သော အကျင့်ကြောင့် အလျှင်စလိုနိုင်လျှက် ဘလူဖူးစ်ကူးဧကရာဇ်ထံ ကျွန်ုပ်သွားရောက် လည်ပတ်ရန်အတွက် အရှင်မင်းမြတ်၏ ခွင့်ပြုချက်လိုင်စင်ကိုရရှိ ထားသဖြင့်၊ ဤအခွင့်အရေးကိုယူ၍ ကျွန်ုပ်၏မိတ်ဆွေအတွင်းဝန်ဆီ ကို ကျွန်ုပ်စာတစ်စောင်ပို့လိုက်ကာ ကျွန်ုပ်ရရှိထားသော ခွင့်ရက်ဖြင့် ထိုမနက်တွင် ဘလူဖူးစ်ကူးသို့ ထွက်ခွာရန် ကျွန်ုပ်၏ဆုံးဖြတ်ချက်ကို အသိပေးလိုက်၏။ ထို့နောက်ပြန်လည်ဖြေကြားချက်ကို မစောင့် တော့ဘဲ ကျွန်ုပ်တို့၏ရေတပ်ရှိသော ကျွန်း၏ထိုဘက်အခြမ်းဆီသို့ ကျွန်ုပ်သွား၏။ ကြီးမားသောစစ်သင်္ဘောတစ်စင်းကို ကျွန်ုပ်ဖမ်းယူပြီး သင်္ဘောဦးတွင်သံကြိုးတစ်ချောင်းချည်ကာ၊ ကျောက်ဆူးကိုတင်လျှက်



ကျွန်ုပ်အဝတ်အစားများကိုချွတ်၍ သင်္ဘောထဲသို့ထည့်ပြီးသော် င်းကို ကျွန်ုပ်၏နောက်မှဆွဲလျက် ရေထဲသို့ထိုးသွားကူးခတ်ရင်းဖြင့် ဘလီဖူးစ်ကူးတော်ဝင်ဆိပ်ကမ်းသို့ ကျွန်ုပ်ရောက်လာ၏။ ထိုနေရာ ၌ လူများကကျွန်ုပ်ကိုကြာရှည်စွာ စောင့်မျှော်နေကြ၏။ ကျွန်ုပ်ကို မြို့တော်ဆီသို့လမ်းညွှန်ပြရန်လမ်းပြနှစ်ယောက်ကို သူတို့က ကျွန်ုပ်နှင့် ထည့်ပေးလိုက်ကြပြီး မြို့တော်၏နာမည်ကလည်း ထိုနာမည်နှင့် အတူ တူဖြစ်၏။ မြို့တံခါးဝနှင့် ကိုက် ၂၀၀အတွင်းရောက်လာသည့်အထိ ကျွန်ုပ်ကသူတို့ကိုကျွန်ုပ်၏လက်ထဲတွင်ဆုပ်ကိုင်ယူလာပြီး ကျွန်ုပ် ရောက်ရှိလာမှုကို အတွင်းဝန်တစ်ယောက်အား သွားရောက်အသိ ပေးခိုင်း၏။ အရှင်မင်းမြတ်၏အမိန့်ကိုထိုနေရာမှ ကျွန်ုပ်စောင့်နေ၏။ အရှင်မင်းမြတ်ကတော်ဝင်မိသားစုနှင့် နန်းတော်ရုံးအရာရှိကြီးများ လိုက်ပါလျက်ကျွန်ုပ်ကိုလက်ခံတွေ့ဆုံရန်လာနေကြောင်းကို တနာရီ ခန့်တွင် ကျွန်ုပ်အဖြေရ၏။ ကျွန်ုပ်ကကိုက်တရာခန့်ရှေ့သို့တိုးသွား၏။ ဧကရာဇ်နှင့်သူ့အဖွဲ့သားများက သူတို့၏မြင်းများပေါ်မှဆင်းကြပြီး မိဖုရားနှင့်နန်းတွင်းသူတို့က မြင်းရထားပေါ်မှဆင်းကြကာ သူတို့စိုးရိမ် ကြောက်ရွံ့မှုဖြစ်ကြမည်လားဆိုသည်ကို ကျွန်ုပ်မသိပါ။ ကျွန်ုပ်က အရှင်မင်းမြတ်နှင့်မိဖုရားတို့၏လက်များကို နမ်းရှုပ်ရန်အတွက် မြေပြင်ပေါ်လဲလျောင်းလိုက်၏၊ ကျွန်ုပ်၏ကတိစကားအတိုင်း ကျွန်ုပ် လာခြင်းဖြစ်ကြောင်း၊ ကျွန်ုပ်၏အရှင်၊ ဧကရာဇ်မင်းမြတ်၏ ခွင့်ပြုချက် လိုင်စင်ဖြင့် ထိုကဲ့သို့အင်အားကြီးမားသော ဘုရင်တပါးကိုဂါရဝပြု

ခဲ့သောကြောင်း၊ ကျွန်ုပ်၏ဘုရင်အပေါ် ထားရှိသော ကျွန်ုပ်၏တာဝန်များနှင့်အညီ ကျွန်ုပ်အင်အားရှိသရွေ့ ဝန်ဆောင်မှုပေးရန် ကမ်းလှမ်းကြောင်း အရှင်မင်းမြတ်ကို ကျွန်ုပ်ပြောပြပြီး၊ ကျွန်ုပ်ဂုဏ်သိက္ခာကျဆင်းခဲ့ရသည့်ကိစ္စကိုတလုံးတပါဒမျှ ဖွင့်ပြောခြင်းမပြုပါ။ အဘယ်ကြောင့်ဆိုသော် ယခုအထိငှင်း၏သတင်းအပြည့်အစုံကို ကျွန်ုပ်မရသေးဘဲ၊ ကျွန်ုပ်ကိုယ်တိုင်ကလည်း ထိုကိစ္စကိုလုံးဝလစ်လျူရှုထားလိုက်သောကြောင့်ဖြစ်၏။ သူ၏ဩဇာအာဏာအောက်မှ ကျွန်ုပ်လွတ်မြောက်သွားစဉ်၊ လျှို့ဝှက်မှုကို ဧကရာဇ်တွေ့မြင်လိမ့်မည်ဟု အကျိုးအကြောင်းဆီလျော်စွာ ကျွန်ုပ်မသိမြင်မိပါ။ သို့သော်လည်း ကျွန်ုပ်အလှည့်စားခံရကြောင်း မကြာခင်ပေါ် ထွက်လာ၏။

ဤနန်းတော်ရုံး၌ ကျွန်ုပ်ကိုလက်ခံကြပုံကို စာရှုသူအား ကျွန်ုပ်အသေးစိတ်ဖြင့် အနှောက်အယှက်မပေးတော့ပါ။ ၎င်းက ထိုမျှကြီးမြတ်သောဘုရင်တစ်ပါး၏ ရက်ရောမှုနှင့်လိုက်လျောမှုရှိပြီး ကျွန်ုပ်၏အိပ်ယာခင်းဖြင့်ပတ်လျှက် မြေပြင်ပေါ် တွင်ကျွန်ုပ်အား လဲလျောင်းခိုင်း ကြသဖြင့် အိမ်တစ်လုံးနှင့်အိပ်ယာလိုအပ်မှုအတွက် ကျွန်ုပ်အခက်အခဲမရှိတော့ပါ။



## အခန်း(၈)

ကျွန်ုပ်ရောက်ပြီး (၃)ရက်အကြာတွင် စပ်စုလိုစိတ်ဖြင့် ကျွန်း၏အရှေ့မြောက်ကမ်းခြေဆီသို့ ကျွန်ုပ်လမ်းလျှောက်ထွက်သောအခါ ပင်လယ်အတွင်းတမိုင်ခွဲခန့်တွင် လှေတစီးမှောက်နေသကဲ့သို့ အရာဝတ္ထုတစ်ခုကို ကျွန်ုပ်တွေ့မြင်ရ၏။ ကျွန်ုပ်ကရှူးဖိနပ်နှင့်ခြေအိတ်တို့ကိုချွတ်ပြီး၊ ကိုက် (၃၀၀)ခန့်ရေထဲသို့ ထိုးဆင်းသွားသောအခါ ထိုအရာဝတ္ထုကရေစီးဖြင့် တဖြည်းဖြည်းနီးကပ်လာသည်ကို ကျွန်ုပ်တွေ့ရ၏။ ထို့နောက် ၎င်းကအမှန်တကယ်လှေတစင်းဖြစ်သည်ကို ကျွန်ုပ်ရှင်းလင်းစွာတွေ့မြင်ရ၏။ ဤလှေကားပြင်းထန်သောမုန်တိုင်းဖြင့် သင်္ဘောတစင်းဆီမှ မျှောလာခြင်းဖြစ်မည်ဟု ကျွန်ုပ်ထင်ပြီး၊ ချက်ခြင်းပင် မြို့တော်ဆီသို့ ကျွန်ုပ်ပြန်သွားကာ အရှင်မင်းမြတ်အား သူ၏ရေတပ်ကိုဆုံးရှုံးခဲ့ပြီးနောက်ကျန်ရှိခဲ့သော အရှည်ဆုံးသင်္ဘောအစီး(၂၀)နှင့် ဒုတိယဗိုလ်ချုပ်၏ဦးစီးမှုအောက်ရှိသင်္ဘောသားအယောက် ၃၀၀၀ကို ကျွန်ုပ်အားငှားရမ်းစေလိုကြောင်း ပြော၏။ လှေကို ကျွန်ုပ်ပထမဦးဆုံးတွေ့မြင်ခဲ့သည့်ကမ်းခြေဆီသို့ အနီးဆုံးလမ်းဖြင့် ကျွန်ုပ်ပြန်သွားစဉ် ဤရေတပ်က ရွက်လွှင့်လာနေ၏။ ရေစီး

က လှေကိုပို၍နီးကပ်စွာ တွန်းကိုလာသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ သင်္ဘောသားများအားလုံးကို ကြိုးများပေးထားပြီး ၎င်းတို့ကို ခိုင်မာတောင့်တင်းစွာရှိစေရန် ကျွန်ုပ်ကြိုတင်လိမ်ကျစ်ပေးထား၏။ သင်္ဘောများရောက်လာသောအခါ ကျွန်ုပ်ကအဝတ်အစားများချွတ်၍ လှေနှင့်တိုက်(၁၀၀)အတွင်းရောက်လာသည်အထိ ရေထဲသို့ထိုးဆင်းသွား၏။ ထို့နောက် ၎င်းဆီသို့ ရောက်သည်အထိ ကျွန်ုပ်ကူးခတ်သွား ရ၏။ သင်္ဘောသားများက ကြိုးစကိုကျွန်ုပ်ဆီသို့ပစ်ပေးကြပြီး ၎င်းကို ကျွန်ုပ်တလှေဦးရှိအပေါက်တွင် ချည်လိုက်ပြီး၊ ကျန်ကြိုးစတဖက်ကို သင်္ဘောတစီးတွင်ချည်လိုက်၏။ သို့သော် ကျွန်ုပ်အရပ်နှင့်မမှီနိုင်သည့် ရေနက်ထဲတွင် ကျွန်ုပ်အလုပ်မလုပ်နိုင်သဖြင့် ကျွန်ုပ်၏ဆောင်ရွက်ချက်များက အနည်းငယ်သာအရာထင်မှုရှိသည်ကို ကျွန်ုပ်တွေ့ရ၏။ ဤသို့ဖြစ်နေသဖြင့် ကျွန်ုပ်ကလှေ၏နောက်ဘက်မှကူးခတ်၍ တတ်နိုင် သမျှလက်တဖက်ဖြင့်တွန်းပြီး ရေစီးက ကျွန်ုပ်ကိုမျက်နှာသာပေးလျှက် ရှေ့သို့တိုးလာရာ၊ ရေပေါ်တွင် ကျွန်ုပ်မျက်နှာပေါ်၍ ကြမ်းပြင်ပေါ် ကျွန်ုပ်ခြေချမိသည့်အထိပင်ဖြစ်၏။ ကျွန်ုပ်နှစ်မိနစ်၊ သုံးမိနစ်ခန့်အနားယူ၏။ ထို့နောက်လှေကိုနောက်တကြိမ် ထပ်တွန်းလိုက်၏။ ဤသို့ဖြင့် ပင်လယ်က ကျွန်ုပ်၏ဂျိုင်းအမြင့်ထက် ပိုမြင့်ခြင်းမရှိတော့ပါ။ ယခုအခါအင်အားစိုက်ထုတ်ရသောအပိုင်းက ပြီးဆုံးသွားသဖြင့်သင်္ဘောတစင်းတွင် တင်ဆောင်လာသောအခြားကြိုးများကို ကျွန်ုပ်ထုတ်ယူပြီး၊ ၎င်းတို့ကို လှေတွင်ပထမဦး



ဆုံးချည်နှောင်လိုက်၏။ ထို့နောက်ကျွန်ုပ်နှင့်အတူပါလာသောသင်္ဘော(၉)စင်းတွင် ချည်နှောင်လိုက်ပြီး လေကမျက်နှာသာပေးလျှက် သင်္ဘောသားများက ဆွဲ၍ကျွန်ုပ်ကတွန်းရာ ကမ်းခြေနှင့်ကိုက်(၄၀)အတွင်း ကျွန်ုပ်တို့ ရောက်လာ၏။ ဒီရေကျသွားသည်အထိ စောင့်ဆိုင်းလျှက် ကျွန်ုပ်က လှေကိုရေများခန်းခြောက်စေပြီး၊ ကြိုးများ၊ စက်ကရိယာများနှင့် လူနှစ်ယောက်တို့၏အကူအညီဖြင့် လှေကိုပက်လက်လှန်လိုက်လျှင် ၎င်းကအနည်းငယ်သာ အပျက်အစီးရှိသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။

ကျွန်ုပ်(၁၈)ရက်ခန့်မျှကြာအောင်ပြုလုပ်ခဲ့ရသည့် လှော်တက်တချို့၏အကူအညီဖြင့် ကျွန်ုပ်၏လှေကို ဘလီဖူးစ်ကူးတော်ဝင်ဆိပ်ကမ်းသို့ရောက်ရှိလာစေရာတွင် ကျွန်ုပ်တွေ့ကြုံခဲ့ရသည့် အခက်အခဲများဖြင့် စာရှုသူကို ကျွန်ုပ်အနှောက်အယှက်မပေးတော့ပါ။ တော်ဝင်ဆိပ်ကမ်းတွင် ကြီးမားလှသော လူအုပ်ကြီးက ကျွန်ုပ်အရောက်တွင်ပေါ်လာကြပြီး၊ ထိုမျှကြီးမားလှသော ရေယာဉ်တစ်စီးကို သူတို့တွေ့မြင်ကြသဖြင့်အံ့ဩနေကြ၏။ ကုသိုလ်ကံကောင်းသဖြင့် ဤလှေကို ကျွန်ုပ်တွေ့ရှိပြီး ထိုလှေဖြင့် ကျွန်ုပ်အားမိခင်နိုင်ငံသို့ပြန်လည်ပို့ဆောင်မည့်နေရာတခုဆီသို့၊ ကျွန်ုပ်သွားနိုင်ကြောင်း အရှင်မင်းမြတ်အား ကျွန်ုပ်ပြောပြ၍ ထွက်ခွာခွင့်လိုင်စင်နှင့်အတူ ပစ္စည်းကိရိယာများတပ်ဆင်ခွင့်ကို အရှင်မင်းမြတ်ထံ ကျွန်ုပ်တောင်းဆို၏။ သူက မိတ်ဆွေဆန်စွာအနည်းငယ်ငြင်းခုန်မှုပြုပြီးနောက်

ကျေနပ်စွာခွင့်ပြုလိုက်၏။

ကျွန်ုပ်တို့၏စကားရပ်ဆိုမှု ဘလီးဖူစ်ကူးနန်းတော်ရုံးဆီသို့ ကျွန်ုပ်နှင့်ပတ်သက်ပြီးတစ်စုံတစ်ရာ ဖော်ပြမှုကို ကျွန်ုပ်မကြားရသဖြင့် ထိုတစ်နှစ်လုံးတွင် ကျွန်ုပ်အလွန်ကိုအံ့ဩမိ၏။ သို့သော် အရှင်မင်းမြတ်က သူ၏ရည်ရွယ်ချက်ကို ကျွန်ုပ်နည်းနည်းမျှ သတိပြုမိမည်ဟု မထင်သဖြင့် ကျွန်ုပ်အားသူပေးထားသော ခွင့်ပြုချက်လိုင်စင်ဖြင့် (၎င်းကိုကျွန်ုပ်တို့၏နန်းတော်ရုံးတွင် ကောင်းစွာသိရှိပြီးဖြစ်၏) ကျွန်ုပ်၏ဂတိစကားအတိုင်း ဘလီဖူးစ်ကူးသို့ ကျွန်ုပ်သွားခြင်းဖြစ်ပြီး ၎င်းခွင့်ပြုချက်ကုန်ဆုံးသွားပါက ရက်အနည်းငယ်အတွင်း ကျွန်ုပ်ပြန်လာမည်ဟု သူကယုံကြည်နေကြောင်း နောက်ပိုင်း၌ ကျွန်ုပ်လျှို့ဝှက်စွာ နားလည်ရ၏။ သို့သော် ကျွန်ုပ်ကြာရှည်စွာအဝေးသို့ရောက်နေသဖြင့် နောက်ဆုံးတွင်သူမနေနိုင်တော့ပဲ ဘဏ္ဍာရေးဝန်ကြီးနှင့် ကျန်ဝန်ကြီးများဖြင့်တိုင်ပင်ပြီးနောက် အရည်အချင်းရှိသော လူတစ်ယောက်ကို ကျွန်ုပ်အားစွဲဆိုထားသောစွဲဆိုချက်မိတ္တူနှင့်အတူစေလွှတ်လိုက်၏။ ၎င်းသံတမန်က သူ့အရှင်သခင်၏ကြီးစွာသောမဟာဂရုဏာသက်ညှာမှုကို ဘလီဖူးစ်ကူးဧကရာဇ်အားတင်ပြရန် ညွှန်ကြားချက်ရထားပြီး၊ သူ၏အရှင်သခင်က ကျွန်ုပ်အားမျက်လုံးများဆုံးရှုံးစေခြင်းထက် မပိုစေဘဲ အပြစ်တော်ပေးရန် ကြေနပ်တော်မူကြောင်း၊ တရားဥပဒေမှ ကျွန်ုပ်ရှောင်ခွာပြေးကြောင်း၊ နှစ်နာရီအတွင်း ကျွန်ုပ်ပြန်မလာလျှင် ကျွန်ုပ်၏ 'နာဒါစ်' ဘွဲ့ထူးကို ကျွန်ုပ်အဆုံးရှုံးခံရပြီး သစ္စာဖောက်အဖြစ်



ကျွန်ုပ်ကြေညာခံရမည်ဖြစ်ကြောင်းပြော၏။ အင်ပါယာနှစ်ခုအကြား ငြိမ်းချမ်းရေးနှင့် မိတ်ဆွေဆန်မှုကိုဆက်လက်ထိန်းသိမ်းထားနိုင်ရန် အလို့ငှါ၊ ညီအစ်ကိုတော်ဘလီဖူးစ်ကူးက ကျွန်ုပ်ကိုသစ္စာဖောက်တစ်ယောက်အဖြစ်အပြစ်ပေးခံရရန်၊ ခြေလက်ကြိုးတုတ်လျက် လီလီပတ်ဆီသို့ ပြန်ပို့ရန် အမိန့်ထုတ်လိမ့်မည်ဟု သူ၏အရှင်သခင်က မျှော်လင့်ကြောင်း ထိုသံတမန်ကထပ်မံပြော၏။

ဘလီဖူးစ်ကူးဧကရာဇ်က (၃)ရက်အချိန်ယူ၍ တိုင်ပင်ဆွေးနွေးပြီးသော်ယဉ်ကျေးသောအကြောင်းပြချက်များ များစွာပါသော အဖြေစာစ်ခုကို ထုတ်ပြန်ပေးလိုက်၏။ ကျွန်ုပ်ကိုကြိုးချည်နှောင်၍ ပေးပို့ရန်ကိစ္စနှင့်ပတ်သက်၍မူ ၎င်းကမဖြစ်နိုင်သည်ကို သူ၏ညီအစ်ကို တော်သိမည်ဖြစ်ကြောင်း၊ သူ၏ရေတပ်ကို သူဆုံးရှုံးသွားစေရန် ကျွန်ုပ်ပြုလုပ်ခဲ့သော်လည်း ငြိမ်းချမ်းရေးပြုလုပ်ခဲ့ရာတွင် သူ့အပေါ် ကျွန်ုပ်ကောင်းမွန်စွာအကျိုးဆောင်ရွက်ပေးခဲ့မှုများစွာတို့ကြောင့် ကျွန်ုပ်၏ကျေးဇူး သူ့အပေါ်တွင်များစွာရှိနေဆဲဖြစ်ကြောင်း သို့သော် သူတို့၏အရှင်မင်းမြတ်များအနေဖြင့် မကြာခင်တွင်စိတ်အေးကြရတော့မည်ဖြစ်ကြောင်း အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ကိုပင်လယ်ဆီသို့ သယ်ဆောင်သွားနိုင်မည့်ကြီးမားသော ရေယာဉ်ကြီးတစ်စီးကို ကျွန်ုပ်တွေ့ရှိခဲ့သောကြောင့်ဖြစ်ပြီး ၎င်းကိုကျွန်ုပ်၏အကူအညီနှင့် ညွှန်ကြားချက်များဖြင့် ပြုပြင်မှုပြုလုပ်ရန်၊ သူအမိန့်ပေးထားကြောင်း ရက်သတ္တပတ်အနည်းငယ်အတွင်း အင်ပါယာနှစ်ခုစလုံးအနေဖြင့်

မထောက်ပံ့နိုင်သော ဝန်ထုပ်ဝန်ပိုးကြီးမှ လွတ်ကင်းမှုရရန် သူမျှော်လင့်ကြောင်းသူကပြော၏။

ဤအခြေဖြင့် သံတမန်ကလီလီပတ်သို့ ပြန်သွားပြီး၊ ဘလီဖုစ်ကူးဘုရင်က ပြစ်ပယ်ခဲ့သမျှာအားလုံးကို ကျွန်ုပ်အားပြန်လည်ပြောပြကာ တစ်ချိန်တည်းတွင် သူ၏ အမှုကိုကျွန်ုပ်ဆက်လက်ထမ်းဆောင်လျှင် သူ့ထံ၌အကာအကွယ်ပေးမည်ဖြစ်ကြောင်း ကမ်းလှမ်း၏။ ဤတွင်သူ၏ ရိုးသားမှုကို ကျွန်ုပ်ယုံကြည်သော်လည်း အိမ်ရှေ့မင်းသားများနှင့်ဝန်ကြီးများကို ကျွန်ုပ်မည်သည့်အခါမှ ယုံကြည်တော့မည်မဟုတ်ပါ။ ထို့ကြောင့် နှစ်သက်ဘွယ် သူ၏အကြံအစည်များကို အသိအမှတ်ပြုလျှက် ကျွန်ုပ်ကိုခွင့်လွှတ်ပါရန် ကျွန်ုပ်တောင်းပန်၏။ ကောင်းစေလို၍သော်၎င်း၊ ဆိုးစေလို၍သော်၎င်း၊ ကံကြမ္မာက ကျွန်ုပ်၏ လမ်းတွင်ယာဉ်တစီးကိုပို့လွှတ်လိုက်သောကြောင့် ထိုကဲ့သို့အင်အားကြီးသော ဧကရာဇ်(၂)ပါးကြားတွင် အပြောင်းအလွဲနေရသည်ထက်၊ သမုဒ္ဒရာပြင်တွင် ကျွန်ုပ်ကိုယ်တိုင်စွန့်စားရန် ကျွန်ုပ်ဆုံးဖြတ်လိုက်၏။ ဧကရာဇ်ကလုံးဝ မနှစ်သက်မှုဖြစ်သည်ကိုလည်း ကျွန်ုပ်မတွေ့မမြင်ရပါ။ ကျွန်ုပ်၏ဆုံးဖြတ်ချက်ကြောင့် သူအလွန်ဝမ်းသာသွားသည်ကို မတော်တဆအားဖြင့် ကျွန်ုပ်သိရှိရပြီး သူ၏ဝန်ကြီးအများစုကလည်း ထိုကဲ့သို့ပင်ဖြစ်၏။

ဤအကြောင်းများကြောင့် ကျွန်ုပ်ရည်ရွယ်ထားခဲ့သည်ထက်ပို၍စောစီးစွာထွက်ခွာရန်အတွက် ကျွန်ုပ်တက်သုတ်ရိုက်ခဲ့ရပြီး



ကျွန်ုပ်ထွက်ခွာသွားဘို့ကို စိတ်မရှည်ဖြစ်နေသော နန်းတော်ရုံးက ထိုအတွက်အလွန်အကူအညီပေးခဲ့၏။ ကျွန်ုပ်၏ညွှန်ကြားချက်အရ သူတို့၏အခိုင်ဆုံးချည်ထည်များကို ဆက်စပ်ချုပ်လုပ်လျှက် ကျွန်ုပ်၏လှေအတွက် ရွက်ဖျင်(၂)ခုပြုလုပ်ရန် အလုပ်သမား(၅၀၀)ကို အသုံးပြုရ၏။ သူတို့၏အခိုင်ဆုံးနှင့်အတုတ်ဆုံးကြိုးများ အပင်(၂၀/၃၀)ကိုလိမ်ကျစ်ရင်းဖြစ် ကျွန်ုပ်အတွက်ကြိုးပြုလုပ်ရသည်မှာ အင်မတန်ပင်ပန်းလှ၏။ ပင်လယ်ကမ်းခြေတွင် အချိန်ကြာမြင့်စွာ ရှာဖွေခဲ့ပြီးနောက်၊ တွေ့ရှိခဲ့သော ကျောက်တုံးကြီးတစ်တုံးက ကျွန်ုပ်အတွက် ကျောက်ဆူးအဖြစ်အသုံးဝင်စေ၏။ ကျွန်ုပ်၏လှေကိုအမဲဆီသုတ်ရန်နှင့်အခြားကိစ္စများတွင်အသုံးပြုရန်အတွက် နွားအကောင်(၃၀၀)တို့၏ အဆီများကို ကျွန်ုပ်ရရှိ၏။ တက်နှင့်ရွက်တိုင်အတွက်အကြီးမားဆုံးသစ်ပင်တချို့ကိုခုတ်လှဲရာတွင် မယုံကြည်နိုင်လောက်အောင် ကျွန်ုပ်အခက်အခဲဖြစ်မိ၏။ သို့သော်လည်း ဤကိစ္စတွင် အရှင်မင်းမြတ်၏ သင်္ဘောလက်သမားများက များစွာအကူအညီပေးကြပြီး၊ အကြမ်းထည်ကျွန်ုပ်လုပ်ပြီးနောက် သူတို့က ၎င်းတို့ကို အချောလုပ်ပေးခြင်းဖြင့် ကျွန်ုပ်ကိုကူညီကြ၏။

တစ်လခန့်အကြာအားလုံးကိုပြင်ဆင်ပြီးသောအခါ အရှင်မင်းမြတ်ကို ကျွန်ုပ်သွားရောက်ဂါရဝပြု၍နှုတ်ခွန်းဆက်၏။ ဧကရာဇ်နှင့်တော်ဝင်မိသားစုတို့က နန်းတော်ထဲမှထွက်လာကြ၏။ ကျွန်ုပ်က ဝမ်းလျားမှောက်၍ ကျွန်ုပ်ဆီသို့ အလွန်ကြက်သရေရှိစွာ ထုတ်ပေး

လိုက်သောသူ၏လက်ကိုနမ်းရှုတ်ပြီး ဇကရီမိဖုရားနှင့်မင်းသားငယ်များကိုလည်း ကျွန်ုပ်ထိုကဲ့သို့ပြုလုပ်၏။ အရှင်မင်းမြတ်က သူ၏ကိုယ်လုံးပေါ် ဓါတ်ပုံနှင့်အတူ သူတို့၏ငွေဒင်္ဂါး ၂၀၀စီပါသော ပိုက်ဆံအိတ်အခု(၅၀)ကို ကျွန်ုပ်အားလက်ဆောင်ပေးပြီး ဓါတ်ပုံကို ထိခိုက်မှုမဖြစ်စေရန်အတွက်၊ ကျွန်ုပ်၏လက်အိတ်တစ်ခုထဲသို့ ကျွန်ုပ်ချက်ခြင်းထည့်လိုက်၏။ ကျွန်ုပ်ထွက်ခွာသွားမှု အခမ်းအနားကို ဤအချိန်၌ ဖော်ပြနေလျှင် စာရှုသူကိုများစွာ ဒုက္ခပေးသလိုဖြစ်မည်။

နွားအသေကောင် (၁၀၀) သိုးအသေကောင်(၃၀၀)၊ ၄င်းတို့နှင့် အချိုးအစားညီသောပေါင်မုန့်နှင့်ယမကာများနှင့်၊ စားဖိုမှူးအယောက် ၄၀၀ တို့ ချက်ပြုတ်ထားသည့်အစားအစာနှင့် ညီမျှသည့်အသင့်ချက်ပြုတ်ပြီးအစားအစာများစွာတို့ကို လှေထဲတွင် ကျွန်ုပ်သိုလှောင်၏။ များစွာသောသိုးထီး၊ သိုးမတို့နှင့်အတူ ၄င်းတို့ကိုကျွန်ုပ်၏နိုင်ငံဆီသို့သယ်ဆောင်သွားပြီး၊ မွေးမြူရန်ရည်ရွယ်လျှက် နွားမ(၆)ကောင်နှင့်နွားထီး(၂)ကောင်ကို ကျွန်ုပ်အရှင်ယူလာ၏။ လှေပေါ်တွင် သူတို့ကိုကျွေးမွေးရန်အတွက် မြက်ခြောက်တစ်စည်းနှင့်ပြောင်းဖူးတအိတ်တို့ကိုလည်း ကျွန်ုပ်ယူ၏။ ထိုနိုင်ငံသား တစ်ဒါဇင်ခန့်ကို ကျွန်ုပ်ဝမ်းမြောက်ဝမ်းသာဖြင့်ယူချင်၏။ သို့သော် ဤကိစ္စကအရှင်မင်းမြတ်မည်သည့်နည်းနှင့်မျှခွင့်ပြုမည့်ကိစ္စမဟုတ်ပေ။ ကျွန်ုပ်၏အင်္ကျီအိတ်များထဲကို ဂရုတစိုက်ရှာဖွေကြည့်ရှုကြသည့်အပြင်သူ့နိုင်ငံသားတို့၏အလိုဆန္ဒနှင့် သဘောတူညီမှုရှိသော်တောင်မှ



သူ့နိုင်ငံသားများကို ကျွန်ုပ်သယ်ဆောင်သွားခြင်းမပြုရန် အရှင်မင်းမြတ်က ကျွန်ုပ်အားဝန်ခံကတိပြုခိုင်း၏။

ဤသို့ဖြင့် ကျွန်ုပ်တတ်နိုင်သမျှဤအရာများအားလုံးကိုပြင်ဆင်ပြီးသောအခါ ၁၇၁၁-ခု၊ စက်တင်ဘာလ(၄)ရက်မြောက်နေ့၊ နံက် (၆)နာရီတွင် ကျွန်ုပ်ရွက်စလွှင့်၏။ မြောက်ဘက်သို့ ကျွန်ုပ်(၁၂)မိုင်ခန့်သွားပြီးသောအခါ၊ လေကအရှေ့တောင်ဘက်သို့ တိုက်ခတ်ကာ ညနေ(၆)နာရီတွင် အနောက်မြောက်ဘက် (၁)မိုင်ခွဲခန့်၌ ကျွန်းကလေးတစ်ခုကို တွေ့မြင်ရ၏။ ကျွန်ုပ်က ရှေ့သို့တိုးသွားပြီး ကျွန်း၏လေကွယ်ဘက်တွင် ကျောက်ချလိုက်၏။ ကျွန်းကလူမနေသည့်ပုံပေါ်၏။ ထို့နောက် ကျွန်ုပ်ကအစားအစာအချို့စားသောက်ပြီး အနားယူ၏။ ကျွန်ုပ်ကောင်းစွာ အိပ်ပျော်သွားပြီး၊ အနည်းဆုံး(၆)နာရီခန့်အိပ်သည်ဟု ကျွန်ုပ်တွက်ချက်မိ၏။ အဘယ်ကြောင့်ဆိုသော် အိပ်ယာမှနိုးပြီး (၂)နာရီကြာသောအခါ နေထွက်လာသည်ကို ကျွန်ုပ်တွေ့ရှိရသောကြောင့်ဖြစ်၏။ ၄င်းကတိမ်ကင်းစင်သောညဖြစ်၏။ နေမထွက်ခင်ကျွန်ုပ်နံနက်စာစားပြီး ကျောက်ဆူးတင်ပြီးသောအခါ လေက အကူအညီပေးလျှက် ယမန်နေ့ကကျွန်ုပ်ဦးတည်ခဲ့သည့်လမ်းကြောင်းအတိုင်း ကျွန်ုပ်ထိန်းကျောင်းသွား၏။ ကျွန်ုပ်၏အိပ်ဆောင်သံလိုက်အိမ်မြှောင်ဖြင့် ထိန်းကျောင်းခြင်းဖြစ်၏။ ကျွန်ုပ်၏ရည်ရွယ်ချက်ကဖြစ်နိုင်လျှင် ဗန်ဒီမင်ကုန်းမြေ၏ အရှေ့မြောက်၌တည်ရှိမည်ဟုယုံကြည်ရသောအကြောင်းရှိသည့် ကျွန်းတခုဆီသို့ရောက်ရှိရန်ဖြစ်၏။

ဘာလီဖူးစ်ကူ မှ (၇၂)မိုင်ခန့်ခရီးတွင်ပြီးပြီဟု၊ ကျွန်ုပ်တွက်ချက်ပြီးသော အချိန်တွင် အရှေ့တောင်ဘက်သို့လမ်းကြောင်းဦးတည်နေသော ရွက်တိုင်တစ်ခုကို ကျွန်ုပ်တွေ့မြင်၏။ ကျွန်ုပ်၏လမ်းကြောင်းက အရှေ့တည့်တည့်ဖြစ်၏။ ကျွန်ုပ်ကသူ့ကိုလှမ်းအော်၏။ သို့သော် တုန့်ပြန်မှုအဖြေကျွန်ုပ်ပြန်မရပါ။ သို့ဖြစ်လင့်ကစား လေတိုက်နှုန်း ကလျော့ကျလာသဖြင့်၊ သူ့ကို ကျွန်ုပ်မှီလာသည်ကို တွေ့မြင်လာ၏။ ထို့နောက် သူကအလံကိုလွှင့်တင်လိုက်ပြီး သေနတ်တစ်ချက် ပစ်ဖေါက်လိုက်၏။ ကျွန်ုပ်ချစ်သောနိုင်ငံကို နောက်တစ်ကြိမ်ပြန်မြင် ရမည်ဟုမထင်မှတ်သော မျှော်လင့်ချက်ကြောင့်ဖြစ်ပေါ်လာသော ကျွန်ုပ်၏ပျော်ရွှင်မှုကို ထုတ်ဖော်ပြရန်မလွယ်လှပေ။ သင်္ဘောကသူ၏ ရွက်လွှင့်မှုအရှိန်ကို လျော့ချလိုက်ပြီး စက်တင်ဘာလ (၂၆)ရက်ညနေ (၅)နာရီနှင့်(၆)နာရီကြားတွင် သူ့ကို ကျွန်ုပ်မှီလာ၏။ သို့သော် သူ၏ အင်္ဂလိပ်အရောင်ကို ကျွန်ုပ်တွေ့မြင်လိုက်ရသောအခါ ကျွန်ုပ်ရင်ခုန် သွား၏။ ကျွန်ုပ်၏နွားမနှင့်သိုးမများကို ကျွန်ုပ်၏အင်္ကျီအိတ်ထဲသို့ ထည့်ပြီး အနည်းငယ်သော ကျွန်ုပ်၏အစားအစာပစ္စည်းအားလုံးဖြင့် သင်္ဘောပေါ်သို့ ကျွန်ုပ်တက်၏။ ရေယာဉ်က တောင်နှင့်မြောက် ပင်လယ်တို့မှတဆင့်၊ ဂျပန်မှပြန်လာသောအင်္ဂလိပ်ကုန်သည် သင်္ဘောဖြစ်၏။ ကပတိန်ဖြစ်သူ ဒက်ဖေါ-မှမစ္စတာ ဂျွန်ဘမ်ဒယ်လ်-ကအလွန်ယဉ်ကျေးသောလူတစ်ယောက်ဖြစ်ပြီး၊ အလွန်တော်သော သင်္ဘောသားဖြစ်၏။ သင်္ဘောပေါ်တွင် လူ(၅၀)ခန့်ရှိပြီး၊ ဤနေရာ တွင် ပီတာဝီလီယန်ဆိုသူ ကျွန်ုပ်၏မိတ်ဆွေဟောင်းတစ်ယောက်နှင့် ကျွန်ုပ်တွေ့ဆုံ၍ သူက ကျွန်ုပ်ကိုကပ္ပတိန်နှင့်ကောင်းစွာ မိတ်ဆက် ပေး၏။ ဤလူကြီး လူကောင်းက ကျွန်ုပ်ကိုကြင်နာစွာဖြင့်ဆက်ဆံပြီး၊ ကျွန်ုပ်မည်သည့် နေရာက ပျောက်ဆုံးလာခဲ့ကြောင်းနှင့် မည်သည့် နေရာသို့သွားမည် ဖြစ်ကြောင်းကို သူကကျွန်ုပ်အားပြောစေလိုရာ ကျွန်ုပ်ကစကား အနည်းငယ်ပြောပြ၏။ သို့သော် ကျွန်ုပ်အရူး တစ်ယောက်ကဲ့သို့ စကားပြောနေပြီး ကျွန်ုပ်တွေ့ကြုံခဲ့ရသော အန္တရာယ်များက ကျွန်ုပ်၏ ဦးနှောက်ကိုကမောက်ကမဖြစ်စေသည်ဟု သူကထင်နေရာ ကျွန်ုပ်၏ အိတ်ထဲမှ နွားနက်တစ်ကောင်နှင့် သိုးတစ်ကောင်ကို ကျွန်ုပ်က ထုတ်ယူပြ၍ အလွန်တရာအံ့ဩ သိတ်လန့်စေပြီးလျှင် ကျွန်ုပ်မှန်ကန် ကြောင်းကို သူ့အားရှင်းလင်းစွာ သိစေ၏။ ထို့နောက်လီလီပတ်ဧကရာဇ်က ကျွန်ုပ်အားပေးလိုက်သော ရွှေများကို အရှင်မင်းမြတ်၏ ကိုယ်လုံး ပေါ်ပန်းချီပုံနှင့် ထိုနိုင်ငံမှ အခြားသောရှားပါးပစ္စည်းများနှင့်အတူ သူ့အားကျွန်ုပ်ပြသ၏။ ဒီလီပတ်ဒင်္ဂါး ၂၀၀စီ အသီးသီးရှိသော ပိုက်ဆံအိတ်(၂)ခုကို သူ့အား ကျွန်ုပ်ကပေးပြီး အင်္ဂလန်သို့ကျွန်ုပ်တို့ ရောက်လျှင် ဇီးရှိသော နွားမတစ်ကောင်နှင့် သိုးမတစ်ကောင်ကို သူ့အား လက်ဆောင်ပေး ရန် ကျွန်ုပ်ကတိပေး၏။

အများအားဖြင့်အောင်မြင်မှုအလွန်ရှိသော ဤရေလမ်းခရီး ၏ အသေးစိတ်အချက်အလက်များဖြင့် စာရှုသူကို ကျွန်ုပ်စိတ်အနှောက်

အယှက်မပေးတော့ပါ။ ၁၇၀၂-ခု၊ ဧပြီလ(၁၃)ရက်တွင် ဒေါင်းသို့ ကျွန်ုပ်တို့ရောက်၏။ သင်္ဘောပေါ်မှ ကြွက်များက ကျွန်ုပ်၏သိုး တစ်ကောင်ကိုခိုးပြေးသွားသည့် ဒုက္ခတစ်ခုကိုသာ ကျွန်ုပ်တွေ့ကြုံရ၏။ အသားများပြောင်နေသော ၎င်း၏အရိုးစုများကို တွင်းပေါက်တစ်ခု ထဲတွင် ကျွန်ုပ်တွေ့ရ၏။ ကျွန်ုပ်၏နွားများအားလုံးကို ကမ်းပေါ်သို့ ကျွန်ုပ်ဘေးကင်းစွာယူဆောင်လာပြီး၊ ဂရင်စစ်ချ်-မှဘိုးလင်းကစား သော မြက်ခင်းပြင်တွင် သူတို့ကိုကျွန်ုပ်မြက်ကျွေးထားရာ ကျွန်ုပ်စိုးရိမ် နေသလိုမဟုတ်ဘဲ ထိုနေရာမှ နူးညံ့သောမြက်များကို သူတို့အားပါး တရစားကြ၏။ ကပ္ပတိန်ကသာ သူ၏အကောင်းဆုံးဘီစကွတ်များကို ကျွန်ုပ်အားမပေးသဖြင့် ၎င်းတို့ကိုအမှုန်ခြေ ရေနှင့်ရော၍အဆင် သင့်အစားအစာအဖြစ် သူတို့အတွက်လုပ်မပေးနိုင်လျှင် ထိုမျှ ကြာရှည်သောလမ်းခရီးတွင် သူတို့ကိုမသေကြစေဘဲ ထိန်းသိမ်းထား နိုင်မည်မဟုတ်ပေ။ အင်္ဂလန်၌ ကျွန်ုပ်ရှိနေစဉ်အချိန်တိုကာလအတွင်း လူတန်းစားအမျိုးမျိုးများစွာတို့အား ကျွန်ုပ်၏နွားများကို ပြသခြင်းဖြင့် ကျွန်ုပ်အမြတ်ကြေးငွေအတော်ရရှိခဲ့ပြီး၊ ဒုတိယအကြိမ် ကျွန်ုပ်ခရီး မထွက်ခင် ၎င်းတို့ကိုကျွန်ုပ်ကပေါင် (၆၀၀)ဖြင့် ရောင်းလိုက်၏။ ကျွန်ုပ်နောက်ဆုံးပြန်ရောက်ကတည်းက မွေးမြူရေးမှာအထူးသဖြင့် သိုးမွေးမြူရေးမှာအတော်ကို တိုးတက်မှုရှိနေသည်ကို ကျွန်ုပ်တွေ့ မြင်ရပြီး၊ အကောင်းဆုံးသိုးမွှေးထည်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် အခွင့်အရေးများ များစွာရရှိမည်ဟု ကျွန်ုပ်မျှော်လင့်မိ၏။



နိုင်ငံခြားတိုင်းပြည်များအား တွေ့မြင်ချင်သောအာသာမပြေ သည့် ကျွန်ုပ်၏ဆန္ဒစိတ်ကို ကျွန်ုပ်ဆက်လက်၍မခံစားနိုင်တော့ သဖြင့် ကျွန်ုပ်၏ဇနီးနှင့်မိသားစုများဖြင့် ကျွန်ုပ်(၂)လသာ နေထိုင်၏။ ကျွန်ုပ်ဇနီးအတွက် ပေါင် ၁၅၀၀-ကျွန်ုပ်ထားခဲ့ပြီး ရက်ဒရစ်တွင် သူမ အတွက်အိမ်ကောင်းကောင်းတလုံးကို ကျွန်ုပ်စီစဉ်ပေးခဲ့၏။ ကျန်ရှိ နေသော လက်ကျန်ငွေကြေးကိုတိုးပွားအောင်ပြုလုပ်မည်ဟု မျှော်လင့် လျှက် တဝက်ကငွေကြေးဖြင့်၎င်း၊ တဝက်ကကုန်ပစ္စည်းများဖြင့်၎င်း၊ ကျွန်ုပ်နှင့်အတူသယ်ဆောင်လာ၏။ ကျွန်ုပ်၏အကြီးဆုံးဦးလေးဖြစ်သူ ဂျွန်က အက်ပင်းအနားတွင် တစ်နှစ်လျှင် ပေါင်(၃၀)ခန့်ဝင်ငွေရရှိ မည့်ယာမြေတစ်ခုကို ကျွန်ုပ်အတွက်ထားခဲ့ပြီး ဖက်တာလိန်းတွင် လည်း ယာတောများကို နှစ်ရှည်ကျွန်ုပ်ငှားရမ်းထားရာ ကျွန်ုပ်အတွက် ဝင်ငွေများစွာရရှိနေသဖြင့် ကျွန်ုပ်၏မိသားစုကို ဒုက္ခဖြစ်ကျန်ရစ်ခဲ့ မည့်အန္တရာယ်ကျွန်ုပ်တွင်မရှိပါ။ သူ၏ဦးလေးအမည်ကို နာမည်ပေး ထားသော ကျွန်ုပ်၏သား ဂျွန်နီက အလယ်တန်းကျောင်းတက်နေပြီး အလားအလာကောင်းသောခလေးငယ်ဖြစ်၏။ ယခုအိမ်ထောင်ကျ သွားပြီး ခလေးများရနေသော ကျွန်ုပ်၏သမီးဘက်တီမှာမူ ထိုစဉ်က စက်ချုပ်နေ၏။ ကျွန်ုပ်ကပါးပြင်နှစ်ဘက်တွင် မျက်ရည်ကျလျှက် ဇနီး၊ သမီးနှင့်သားတို့ကို ခွင့်ပန်ခဲ့၍ လီဗာပူးမှကပ္ပတိန်ဂျွန်နီကိုလာ ဦးစီး ပြီး၊ စူရတ်သို့ထွက်ခွာမည့်တန် ၃၀၀-ရှိ ကုန်သင်္ဘော 'အဒ်ဗန်းချား' ပေါ်သို့တက်သွားခဲ့၏။ သို့သော်ဤရေလမ်းခရီးအကြောင်းကိုတော့

ကျွန်ုပ်ခရီးစဉ်များ ဒုတိယပိုင်းအတွက် ကိုးကားဖော်ပြရပေတော့မည်။



## အပိုင်း(၂)

## ဘရိုဒင်နာဂ်သို့ခရီးထွက်ခြင်း

## အခန်း(၁)

သဘာဝနှင့်ကံကြမ္မာကအနားမနေ၊ လှုပ်ရှားနေရသောဘဝကို ဖန်တည်းထားခဲ့သဖြင့်၊ ကျွန်ုပ်မှာပြန်ရောက်ပြီး (၁၀)လအကြာတွင် ကျွန်ုပ်၏မိခင်နိုင်ငံမှ နောက်တကြိမ်ထွက်ခွာပြီး၊ ၁၇၀၂ခု၊ ဇွန်လ(၂၀) ရက်နေ့တွင် 'ဒေါင်း' မြို့၌ စူရတ်သို့ထွက်ခွာမည့် ကပ္ပတိန်ဂျွန်နီကို လာစ်ဦးစီးသည့် အဒ်ဗန်ချားသင်္ဘောပေါ်သို့ တက်၏။ ဂွတ်ဟုတ်အငူ သို့ ကျွန်ုပ်တို့ရောက်သည့်အထိ လေတိုက်နှုန်းကအလွန်ကောင်းခဲ့ပြီး ထိုနေရာ၌ ကျွန်ုပ်တို့သောက်ရေရှာရန် ကမ်းပေါ်တက်ကြ၏။ သို့သော် သင်္ဘောရေစိမ့်နေသည်ကို တွေ့ကြသောအခါ ကျွန်ုပ်တို့၏ ကုန်ပစ္စည်းများကို သင်္ဘောပေါ်မှချပြီး ထိုနေရာ၌ကျွန်ုပ်ဆောင်းခိုကြ၏။ ကပ္ပတိန်ဖျားနာနေသောကြောင့် မတ်လအကုန်ကျမှသာ ဂွတ်ဟုတ်အငူမှ ကျွန်ုပ်တို့ထွက်ခွာနိုင်ကြ၏။ ထိုအခါမှ ကျွန်ုပ်တို့ ရွက်လွှင့်ကြပြီး၊ မဒါဂါစ်ကာရေလက်ကြားကို ကျွန်ုပ်တို့ဖြတ်ကျော်သည့်အထိ ခရီးလမ်းကကောင်းနေ၏။ သို့သော်ထိုကျွန်း၏ အနောက် ဘက်ယွန်းယွန်းသို့ ရောက်၍လတ္တီတွဒ်

(၅)ဒီဂရီခန့်တွင်၊ ဒီဇင်ဘာ လဆန်းမှ မေလဆန်းအထိ မြောက်ဘက်နှင့်အနောက်ဘက်အကြား ထိုပင်လယ်ပြင်တွင် အဆက်မပြတ်မှန်မှန်တိုက်ခတ်လေ့ရှိသော လေညှင်းက ဧပြီလ(၁၉)ရက်တွင် ပို၍ပြင်းထန်စွာတိုက်ခိုက်လာပြီး၊ ခါတိုင်းထက်ပို၍ အနောက်ဘက်သို့ပို၍တိုက်ခတ်ကာ ဤသို့ဖြင့်ရက် (၂၀)ခန့်ဆက်လက်ဖြစ်နေ၍ ထိုအချိန်အတောအတွင်း "မိုလူကာ" ကျွန်းအရှေ့ဆီသို့ ကျွန်ုပ်တို့အနည်းငယ်သာ ခုတ်မောင်းနိုင်ပြီး၊ မေလ(၂)ရက်နေ့တွင် ကျွန်ုပ်တို့၏ကပ္ပတိန်က တိုင်းတာကြည့်ရာ၌ တွေ့ရှိရသည့်အတိုင်း လမ်းကြောင်းမှမြောက်ဘက်(၃)ဒီဂရီခန့်သို့ ကျွန်ုပ်တို့ရောက်နေ၏။ ထိုအချိန်၌လေကရပ်သွားပြီး၊ ကောင်းစွာ ငြိမ်သက်သွားကာ ဤအတွက်ကျွန်ုပ်နည်းနည်းမျှဝမ်းမြောက်ဝမ်းသာ မဖြစ်မိပါ။ သို့သော်သူကဤပင်လယ်တွင် လမ်းကြောင်းထိန်းသိမ်းရာ၌ ကောင်းစွာကျွမ်းကျင်သောလူတစ်ယောက်ဖြစ်သဖြင့် ကျွန်ုပ်တို့အားလုံးမုန်တိုင်းအတွက် ပြင်ဆင်ထားကြရန် သူကအမိန့်ပေး၏။ ဤသို့ဖြင့်၎င်းကနောက်တနေ့တွင် ဖြစ်ပေါ်လာကာ တောင်မုတ်သုန်လေဟု ခေါ်သောတောင်ဘက်လေကစတင်ကျရောက်လာ၏။ လေအလွန်ကြမ်းလွန်းမည့်ပုံကို တွေ့မြင်ရသောအခါ၊ ကျွန်ုပ်တို့၏ရွက်တိုင်များကိုလျှော့ချကြပြီး ရှေ့ရွက်တိုင်ကို ကူညီကိုင်တွယ်ရန်အတွက် အဆင်သင့်ပြုလုပ်ထားကြ၏။ သို့သော် ရာသီဥတုဆိုးဝါးလာမည်ကို တွက်မိသဖြင့် ရွက်တိုင်များအားလုံးခိုင်မခိုင်ကို ကျွန်ုပ်



တို့ကြည့်ကြပြီး၊ အလယ်ရွက်တိုင်ကို ကူညီထိန်းသိမ်းပေးကြ၏။ သင်္ဘောဝမ်းဗိုက်ကအလွန်ကျယ်ပြန့်၏၊ ထို့ကြောင့် ကျွန်ုပ်တို့က ရေပြင် ပေါ်တွင်မျောနေသည်ထက် ရွက်လွှင့်သွားရန်ပိုကောင်းသည်ဟု တွေးကြ၏။ ရှေ့ရွက်တိုင်ကို ကျွန်ုပ်တို့ချကြပြီး နောက်ရွက်ကို ဆွဲတင်ကြ၏။ သင်္ဘောကရဲဝံ့စွာ ကြံ့ကြံ့ခံနိုင်၏၊ ရွက်တိုင်ကို ကျွန်ုပ်တို့ခိုင်ခိုင်ချည်ထားကြ၏။ သို့သော်ရွက်ကထက်ခြမ်းစုတ်ပြဲသွားပြီး၊ ရွက်တိုင်ဒေါက်များကို ကျွန်ုပ်တို့ဆွဲချကြ၍ ရွက်များကိုသင်္ဘော အတွင်းထည့်ကြကာ ရွက်တိုင်မှရှိသမျှအားလုံးကို ဖြုတ်ချရှင်းလင်း ပြစ်လိုက်၏။ ၎င်းကအလွန်ပြင်းထန်သောမုန်တိုင်းဖြစ်၏။ ပင်လယ်ပင်က ထူးဆန်းစွာဖြင့် အန္တရာယ်ဆန်လာ၏။ တက်မကိုင်သော လူကို ကျွန်ုပ်တို့ကူညီကြ၏၊ ကျွန်ုပ်တို့၏ ထိပ်ပိုင်းရွက်ကို ကျွန်ုပ်တို့မချကြပဲ၊ ၎င်းကိုကြံ့ကြံ့ခံခိုင်း၏၊ အဘယ်ကြောင့်ဆိုသော် သင်္ဘောက ပင်လယ်ပြင်တွင် အလွန်လျင်မြန်သွက်လက်စွာ ရွေ့လျားနေသော ကြောင့်ဖြစ်ပြီး ထိပ်ပိုင်းရွက်က ထိပ်အမြင့်တွင်ရှိနေသဖြင့် သင်္ဘောအနေဖြင့် အခြေအနေကောင်းနေကာ ပင်လယ်ထဲ၌ ခရီးကောင်း ကောင်းတွင်နေ၏။ မုန်တိုင်းဆဲသွားသောအခါ ရှေ့ရွက်နှင့်ရွက်မကြီး ကို ကျွန်ုပ်တို့တပ်ဆင်ကြပြီး၊ သင်္ဘောကို ရွေ့လျားစေ၏။ ထို့နောက် ရှေ့ဆုံးရွက် အလယ်အပေါ်ရွက် ရှေ့အပေါ်ရွက်တို့ကို ကျွန်ုပ်တို့ တပ်ဆင်ကြ၏။ ကျွန်ုပ်တို့၏ လမ်းကြောင်းက အရှေ့မြောက်ဘက်သို့ ဖြစ်ပြီး လေကအနောက်

တောင်ဘက်သို့ ဆိုက်နေ၏။

ကျွန်ုပ်၏တွက်ချက်မှုအရ အနောက်တောင်လေပြင်းများ တိုက်ခတ်ခဲ့သော ဤမုန်တိုင်းကာလအတွင်း အရှေ့ဘက်သို့ ကျွန်ုပ်တို့မိုင် ၁၅၀၀-ခန့်မျှပါသွားကြ၏။ ထို့ကြောင့်သင်္ဘောပေါ်မှ အသက်အရွယ်အကြီးဆုံးသင်္ဘောသားများပင် ကျွန်ုပ်တို့ကမ္ဘာမည်သည့်အရပ်တွင်ရှိနေကြသည်ကို မပြောနိုင်ကြပါ။ ကျွန်ုပ်တို့၌ ရိက္ခာအလုံအလောက်ရှိပြီး ကျွန်ုပ်တို့၏သင်္ဘောကယုံကြည်စိတ်ချရကာ ကျွန်ုပ်တို့၏သင်္ဘောသားများအားလုံးက ကျန်းမာရေးကောင်းမွန်ကြ၏။ သို့သော်ရေအတွက်၊ ကျွန်ုပ်တို့အလွန်တရာစိတ်ဆင်းရဲနေကြ၏။ မြောက်ဘက်ယွန်းယွန်းကိုပိုကွေ့သည်ထက် တည့်တည့်သွားနေသည်က အကောင်းဆုံးဖြစ်မည်ဟု ကျွန်ုပ်တို့ထင်ကြ၏။ ၎င်းက ဂရိတ်တာတာရီ၏ အနောက်၊ မြောက်ဘက်အခြမ်းဆီသို့ ကျွန်ုပ်တို့ကိုရောက်စေပြီး ပင်လယ်ရေခဲပြင်ဆီသို့ ရောက်စေနိုင်၏။

၁၇၀၃-ခု၊ ဇွန်လ(၁၆)ရက်နေ့တွင် ထိပ်ဆုံးရွက်တိုင်မှ ခလေးတစ်ယောက်က ကုန်းမြေကိုတွေ့မြင်၏။ (၁၇)ရက်နေ့တွင် ကြီးမားသောကုန်းမြေ သို့မဟုတ် ကျွန်းဆွယ် (ကျွန်ုပ်တို့အတိအကျမသိသောကြောင့်ဖြစ်၏) တစ်ခုကိုကျွန်ုပ်တို့ထင်ထင်ရှားရှားတွေ့မြင်ရပြီး၊ ၎င်း၏တောင်ဘက်အခြမ်းတွင် ကုန်းမြေတန်းကျဉ်းကျဉ်းက ပင်လယ်ထဲသို့ ထိုးထွက်နေကာ ပင်လယ်ဝက တိမ်လွန်းသဖြင့် တန်တစ်ရာကျော် သင်္ဘောပင်မကပ်နိုင်ပါ။



ဤပင်လယ်ဝနှင့်(၃)မိုင်ခန့်တွင် ကျွန်ုပ်တို့ကျောက်ချကြပြီး ကျွန်ုပ်တို့၏ကပ္ပတိန်က လက်နက်ကောင်း စွာတပ်ဆင်ထားသော သူ၏လူတဒါဇင်ကို ရေတွေ့နိုင်မလားဟူ၍ ရေပုံးများနှင့်အတူ ရှည်လျားသောလှေတစင်းဖြင့် စေလွှတ်လိုက်၏။ ဤတောနယ်ကို ကျွန်ုပ်တွေ့မြင်ပြီး၊ ကျွန်ုပ်တွေ့နိုင်သမျှအရာကို ရှာဖွေကြည့်ရန်အတွက် သူတို့နှင့်အတူ ကျွန်ုပ်လိုက်သွားချင်၏။ ကုန်းပေါ်သို့ ကျွန်ုပ်တို့ရောက်သောအခါ မြစ်များကိုသော်၎င်း၊ စမ်းချောင်းများကိုသော်၎င်း၊ နေထိုင်သူတစ်ဦးတစ်ယောက်၏အရိပ်လက္ခဏာကိုသော်၎င်း၊ ကျွန်ုပ်တို့တွေ့မြင်ရခြင်းမရှိပါ။ ထို့ကြောင့်ကျွန်ုပ်တို့၏လူများကပင်လယ်အနီးအနားတွင် သောက်ရေအချို့ကို ရှာတွေ့ရန်အတွက် ကမ်းခြေတွင်လျှောက်သွားနေကြပြီး၊ အခြားတဖက်တွင် ကျွန်ုပ်က တစ်ယောက်တည်းတမိုင်ခန့်လမ်းလျှောက်နေ၏။ ထိုနေရာ၌ တောနယ်မှာလုံးဝကိုမြေဆီမဲ့၍ ကျောက်တုံးများပေါများ၏။ ယခုကျွန်ုပ်ငြီးငွေ့စပြုလာပြီး၊ ကျွန်ုပ်၏စပ်စုလိုစိတ်အတွက် အကြိုက်တွေ့စေမည့်အရာများကို မတွေ့ရသောအခါ ကျွန်ုပ်ကပင်လယ်ဝဆီသို့ ညင်သာစွာပြန်လှည့်လာပြီး ပင်လယ်ပြင်ကိုပြည့်ပြည့်ဝဝကျွန်ုပ်မြင်ရသော် ကျွန်ုပ်တို့၏လူများက လှေထဲသို့ရောက်နေကြပြီး သင်္ဘောဆီသို့ သေရေးရှင်ရေးလှော်ပြေးနေကြသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ သိပ်အရာမရောက်မှန်းသိသော်လည်း ကျွန်ုပ်ကသူတို့ကို လှမ်းအော်မည်ပြုစဉ် ကြီးမားသော သတ္တဝါကြီးတစ်ဦးက တတ်နိုင်သမျှ မြန်မြန်

ပင်လယ်ထဲသို့ အမြဲလျှောက်လျှက် သူတို့နောက်သို့ လိုက်ဖမ်းနေသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ သူက သူ၏ဒူးခေါင်းထက်ပို၍မနစ်စေပဲ ရေထဲသို့တိုးလျှက် ခြေလှမ်းကြီးများကိုလှမ်းသွား၏။ သို့သော် ကျွန်ုပ်တို့၏ လူများက သူ့ကိုတမိုင်ခွဲခန့်တာထွက်အသာစီးရထားပြီး ထိုဝန်းကျင်တဝိုက်မှ ပင်လယ်ပြင်မှာ ကျောက်ဆောင်အချွန်အတက်များပြည့်နေသဖြင့် ထိုသတ္တဝါကြီးမှာ လှေကိုမမှီနိုင်ဘဲဖြစ်နေ၏။ ၄င်းကို နောက်ပိုင်း၌ ကျွန်ုပ်အားပြန်ပြောပြခြင်းဖြစ်ပြီး ထိုစွန့်စားမှုပြုသနေကို ကျွန်ုပ်စောင့်မကြည့်ရဲတော့သဖြင့်၊ ကျွန်ုပ်ပထမဦးဆုံးလာခဲ့သည့်လမ်းဘက်ဆီသို့ ကျွန်ုပ်တတ်နိုင်သမျှလျှင်မြန်စွာပြေး၏။ ထိုနောက်မတ်စောက်သောတောင်ကုန်းတစ်ခုပေါ်သို့ ကျွန်ုပ်တက်ပြီး၊ ထိုတောနယ်၏ရှုခင်းကို ကျွန်ုပ်တွေ့မြင်ရ၏။ ၄င်းက အပြည့်အဝကိုထွန်ယက်စိုက်ပျိုးထားကြောင်း ကျွန်ုပ်တွေ့မြင်ရ၏။ သို့သော် ကျွန်ုပ်အား ပထမဦးဆုံးအံ့ဩမှုဖြစ်စေသည့်အရာက၊ မြက်ပင်များ၏အရှည်ပင်ဖြစ်၏။ မြက်ခြောက်အတွက်ထားဟန်တူသော မြက်ပင်များက ထိုမြေပြင်တွင် ပေ၂၀ကျော်ခန့်မြင့်၏။

လမ်းမအမြင့်တစ်ခုပေါ်သို့ ကျွန်ုပ်ရောက်သွား၏။ ကျွန်ုပ်ကထိုသို့ဖြစ်မည်ဟုထင်သော်လည်း၊ ၄င်းကဘာလီကွင်းပြင်ထဲကိုဖြတ်သွားသော ခြေသွားလမ်းမျှသာဖြစ်၏။ ထိုနေရာတွင် ကျွန်ုပ်အချိန်အတော်ကြာလမ်းလျှောက်နေ၏။ သို့သော် ယခုအချိန်က ရိတ်သိမ်းခါနီးအချိန်ဖြစ်ပြီး ဘာလီပင်များက အနည်းဆုံးပေ (၄၀)ခန့်မြင့်



တက်နေသဖြင့် လမ်းဘေးတဖက်တချက်ကို ကျွန်ုပ် အနည်းငယ်သာတွေ့မြင်ရ၏။ ဘာလီခင်းအဆုံးသို့ရောက်ရန် ကျွန်ုပ် တစ်နာရီခန့်လမ်းလျှောက်ရ၏။ ဘာလီခင်းကို အနည်းဆုံးပေ-၁၂၀ ခန့်မြင့်သောခြံစည်းရိုးတခုဖြင့် ကာရံထားပြီး၊ သစ်ပင်များက အလွန်မြင့်လွန်းလှသဖြင့် သူတို့၏အမြင့်ကို ကျွန်ုပ်တိုင်းတာနိုင်ခြင်းမရှိပါ။ ဤအခင်းမှနောက်အခင်းတစ်ခုဆီသို့ဖြတ်သန်းရန်အတွက် လှေကားထစ်တစ်ခုရှိ၏။ ၄င်းကအထစ်လေးထစ်ရှိပြီး အပေါ်ဆုံး အထစ်ပေါ်တွင် ဖြတ်ကျော်ရမည့်ကျောက်တုံးတတုံးရှိ၏။ ဤလှေကားထစ်ပေါ်သို့ ကျွန်ုပ်ကျော်တက်ရန်မှာမူ မဖြစ်နိုင်ပါ။ အကြောင်းမူကားလှေကားထစ်တိုင်းက (၆)ပေခန့်မြင့်ပြီး၊ အပေါ်ဆုံးမှကျောက်တုံးကပေ(၂၀)ကျော်ခန့်မြင့်၏။ ခြံစည်းရိုးမှ အဟာကြားကိုကျွန်ုပ်ကြိုးစားရှာဖွေနေစဉ် နောက်ဘာလီခင်းမှ ဒေသခံလူတစ်ယောက်က လှေကားထစ်ဆီသို့ တိုးလာနေသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ သူ၏အရွယ်အစားကပင်လယ်ထဲတွင် ကျွန်ုပ်တို့၏လှေကိုလိုက်ဖမ်းရာ၌ ကျွန်ုပ်တွေ့မြင်ခဲ့ရသောသူ၏အရွယ်အစားနှင့်အတူတူပင်ဖြစ်၏။ သူကပုံမှန်ဘုရားကျောင်းခေါင်မိုးအချွန်တစ်ခုကဲ့သို့ မြင့်မားပြီး၊ ခြေလှမ်းတိုင်းက ကျွန်ုပ်ခန့်မှန်းရသလောက် ၁၀-ကိုက်နီးပါးခန့်ကျယ်လှ၏။ ကျွန်ုပ်အလွန်တရာထိပ်လန့်တုန်လှုပ်အံ့ဩမိပြီး ဘာလီတောထဲသို့ပြေးပုန်း၏။ လှေကားထိပ်ပေါ်မှလူကသူ၏ညာဘက်ရှိ ဘာလီခင်းဆီ ပြန်လှည့်ကြည့်နေသည်ကို ထိုဘာလီခင်းထဲမှ ကျွန်ုပ်ကတွေ့မြင်

ပြီး စကားပြောခွင့်ထက်များစွာ ပိုကျယ်သောအသံဖြင့် သူ၏လှမ်း အော်သံကို ကျွန်ုပ်ကြားရ၏။ သို့သော် သူ့အသံက လေထဲတွင် အလွန်ကျယ်လောင်လွန်းလှသဖြင့် အစပထမ၌ ၎င်းကမိုးချိန်းသံဖြစ် ရမည်ဟုကျွန်ုပ်ထင်မိ၏။ ထိုသို့အော်သော် သူနှင့်တူသောသတ္တဝါကြီး (၇)ယောက်တို့က တောက်ရိတ်တံစဉ်များကို လက်ထဲတွင် ဆွဲကိုင် ကြလျက် သူ့ဆီသို့လာကြ၏။ ဤလူများက ပထမလူကဲ့သို့ အဝတ် အစားကောင်းကောင်းဝတ်ထားခြင်းမရှိဘဲ သူ၏အမှုထမ်းများ သို့မဟုတ် အလုပ်သမားများဖြစ်ကြဟန်တူ၏။ ထို့ကြောင့်ပင်သူက စကားပြောလိုက်လျှင် သူတို့က ကျွန်ုပ်လဲလျောင်းနေသော ဘာလီခင်း ကို လာရိတ်ကြ၏။ ကျွန်ုပ်ကတတ်နိုင်သမျှ သူတို့နှင့်အလွန်တရာ ဝေးလံလှစွာနေ၏။ သို့သော် ဘာလီပင်အရိုးအတံများက တခါတရံ တွင် တပေကျော်မျှပင်မကွာဝေးကြသဖြင့် ကျွန်ုပ်အလွန်တရာ ခက်ခဲ လှစွာဖြင့် ရွေ့လျားရပြီး အပင်ရိုးတံများအကြား ကျွန်ုပ်၏ကိုယ်ကို ထိုးကြိတ်သွားရန် အနိုင်နိုင်ပင်ဖြစ်နေ၏။ ကျွန်ုပ်ကရှေ့သို့တိုး၍ ရွေ့လျားသွားနေရာလေဒဏ်၊ မိုးဒဏ်ကြောင့်ဘာလီပင်များလဲကျ နေသောနေရာ၊ ကွင်းပြင်တစ်ခုဆီသို့ ကျွန်ုပ်ရောက်လာ၏။ ဤနေရာ တွင် ကျွန်ုပ်အဖို့ရှေ့တလှမ်းတိုးရန်ပင်မဖြစ်နိုင်ပါ။ အကြောင်းမူကား ဘာလီရိုးတံများက အလွန်လိမ်ရှက်နေကြသဖြင့် ကျွန်ုပ်တိုးဝှေ့သွား ရန် မတတ်နိုင်ဖြစ်ကာ အောက်ထိုးကျနေသော ဘာလီမွှေးများက အလွန်မာကြောပြီး ချွန်ထက်လှသဖြင့် ၎င်းတို့ကကျွန်ုပ်၏အင်္ကျီကို



ထိုးဖောက်၍ ကျွန်ုပ်၏အသားများထဲသို့နစ်ဝင်ကုန်ကြ၏။ တချိန် တည်းတွင် ဘာလီရိတ်သမားများက ကျွန်ုပ်၏နောက်တွင် ကိုက်တစ်ရာ ကျော်မျှပင်မရှိတော့ကြောင်း ကျွန်ုပ်ကြားရ၏။ ရွေ့လျားရန်မလွယ် ကူမှုကြောင့် စိတ်ဓါတ်ကျလျှက် ဝမ်းနည်းမှု စိတ်ဆင်းရဲမှုတို့က လုံးဝ ကြီးစိုးရင်းဖြင့် ထယ်သွားလမ်း(၂)ခုကြားတွင် ကျွန်ုပ်လဲလျောင်း ရင်း ထိုနေရာ၌ ကျွန်ုပ်တခါတည်းကိစ္စတုံးသွားချင်စိတ်သာ လှိုက်လှဲ စွာ ဖြစ်မိ၏။ မိတ်ဆွေများ၊ ဆွေမျိုးများအားလုံး၏အကြံပေးချက် ကို ဆန့်ကျင်လျှက်ဒုတိယအကြိမ်ခရီးထွက်လိုခဲ့သော ကျွန်ုပ်၏မိုက် မဲမှုကြောင့် ကျွန်ုပ်နောင်တရ၍ ·မဆုံးဖြစ်မိ၏။ ဤသို့ထိတ်လန့် ကြောက်ရွံ့ဖွယ်ရာစိတ်ဂယောက်ဂယက်ဖြစ်နေစဉ်တွင် လီလီပတ်ကို ကျွန်ုပ်မစဉ်းစားဘဲ၊ မနေနိုင်ပါ။ ထိုဒေသမှ နေထိုင်သူများက ကျွန်ုပ် ကို ကမ္ဘာပေါ်ရှိသမျှအရာများတွင် အထူးဆန်းဆုံး အံ့ဩဘွယ် အကောင်းဆုံးအဖြစ်မြင်ကြပြီး ထိုနေရာ၌ အင်ပါယာရေတပ်ကို ကျွန်ုပ်၏လက်ဖြင့်ဆွဲယူနိုင်၍ ထိုအင်ပါယာ၏ရာဇဝင်တွင် စာတင်နိုင် မည့်အခြားအရာများကို ကျွန်ုပ်ပြုလုပ်နိုင်ခဲ့ကာ လူသန်းပေါင်းများစွာ က သက်သေခံပြောဆိုကြသော်လည်း သားစဉ်မြေးဆက်အသီးသီး တို့က ထိုဆောင်ရွက်ချက်များကို ယုံကြည်ကြလိမ့်မည်မဟုတ်ပေ။ လီလီပတ်တယောက်က ကျွန်ုပ်တို့၏အကြားတွင်ရှိနေသကဲ့သို့ ဤ နိုင်ငံထဲတွင် ကျွန်ုပ်မည်မျှသေးသိမ်စွာရှိနေမည်ကို ကျွန်ုပ်စဉ်းစားမိ၏။ သို့သော်လူသားတို့သည် ခန္ဓာကိုယ်ကြီးမားသည်နှင့်အမျှ ရက်စက်

ကြမ်းကြုတ်ကြသည်ဖြစ်၍ ၎င်းက ကျွန်ုပ်အတွက်ကံဆိုးလှခြင်း ဖြစ်ကာ ကျွန်ုပ်အားစမ်းဆီးတော့မည့် ဤလူရိုင်းကြီးများကြားတွင် ကျွန်ုပ်မှာအလုပ်စာမျှသာရှိသည်ဟု မျှော်လင့်ရမည်မဟုတ်လော။ ကြီးခြင်း-သေးခြင်းဆိုသည်မှာ နှိုင်းယှဉ်မှုသာဖြစ်သည်ဟု အတွေး အခေါ် ပညာရှင်များက ပြောကြသောအခါ သူတို့မှန်သည်မှာ သံသယ ရှင်း၏။ ကျွန်ုပ်နှင့်စာလျှင် သူတို့သေးသလို သူတို့နှင့်စာလျှင် သူတို့ ထက်သေးသောလူများရှိသည့်နိုင်ငံကို ကံကြမ္မာကလီလီပတ်တို့အား တွေ့ရှိခွင့်ပြုမည်ဆိုလျှင် ၎င်းကနှစ်သက်ဘွယ်ကောင်းမည်ဖြစ်၏။ တဖန်ကျွန်ုပ်တို့မတွေ့ရှိသေးသော ကမ္ဘာ၏အဝေးတစ်နေရာက တစိတ်တဒေသတွင်ကြီးမားလှသော ဤလူမျိုးတို့ထက် ပိုမိုကြီးမား သော လူများရှိမည်ကို မည်သူသိနိုင်မည်နည်း။

ထိတ်လန့်၍စိတ်ရှုတ်ထွေးနေသည့်အတိုင်း ဤအတွေးများ ကို ကျွန်ုပ်ဆက်လက်မတွေးတောနိုင်**တော့စဉ်** ဘာလီရိပ်သမားတစ် ယောက်က ကျွန်ုပ်လဲလျောင်းနေသည့်ထယ်လမ်းကြောင်းနှင့် ၁၀ ကိုက်အတွင်းချဉ်းကပ်လာလျှက် နောက်ခြေတလှမ်းကို သူလှမ်းလိုက် လျှင် ကျွန်ုပ်အားနင်းသတ်တော့မည်ဟူ၍၎င်း၊ သို့မဟုတ် သူ၏ ကောက်ရိတ်တံစဉ်ဖြင့် ကျွန်ုပ်ကို (၂)ပိုင်းပိုင်းလိုက်မည်ဟူ၍၎င်း၊ ကျွန်ုပ်ကိုစိုးရွံ့ထိတ်လန့်စေ၏။ ထို့ကြောင့်သူက နောက်တစ်ကြိမ် ရွေ့လျားတော့မည်ပြုသောအခါ ကျွန်ုပ်ကထိတ်လန့်သည်နှင့်အမျှ ကျယ်လောင်စွာအော်ဟစ်လိုက်၏။ ထိုသို့ဖြစ်သော် ထိုသတ္တဝါကြီးက



ခြေလှမ်းတုန့်သွားပြီး သူ့အောက်ကိုအချိန်အတော်ကြာလှည့်ပတ် ကြည့်လျှက် အဆုံး၌မြေပြင်ပေါ်တွင်လဲလျောင်းနေသော ကျွန်ုပ်ကို တွေ့မြင်သွား၏။ သေးငယ်၍အန္တရာယ်ရှိသော တိရိစ္ဆာန်တစ်ကောင် ကို ကိုက်ခြင်း၊ ကုတ်ခြစ်ခြင်းမခံရဘဲ ဖမ်းဆီးရန်ကြိုးစားနေသော လူတစ်ယောက်ကဲ့သို့ သတိထားသည့်ဟန်အမူအရာဖြင့် သူက ခဏမျှစဉ်းစားနေ၏။ နောက်ဆုံး၌ သူကလက်ညှိုးနှင့်လက်မဖြင့် ကျွန်ုပ်၏ခါးအလယ်ကိုညှပ်ကိုင်၍ ကျွန်ုပ်၏ပုံပန်းသဏ္ဍာန်ကို ပို၍ ကောင်းမွန်စွာကြည့်ရှုနိုင်ရန်အလို့ငှါ သူ၏မျက်စေ့ရှေ့ (၃)ကိုက်ခန့် အကွာဆီသို့မယူလိုက်၏။ သူ၏ကြံရွယ်ချက်ကို ကျွန်ုပ်ခန့်မှန်းမိပြီး လက်ချောင်းများကြားမှ ကျွန်ုပ်လျောကျသွားမည်ကိုစိုးရိမ်သဖြင့် သူက ကျွန်ုပ်၏နံဘေး(၂)ဘက်ကို ပြင်းထန်စွာညှပ်ထားသော်လည်း မြေပြင်မှ (၆)ပေခန့်အကွာလေထဲ၌ ကျွန်ုပ်ကိုသူဖမ်းကိုင်ထားစဉ် ကျွန်ုပ်နည်းနည်းမှမလှုပ်ရှားမိရန် ဆုံးဖြတ်လိုက်ခြင်းမှာကံကောင်း လှ၏။ ကျွန်ုပ်စွန့်စားသမျှအရာအားလုံးက ကျွန်ုပ်၏မျက်လုံးများကို နေမင်းဆီသို့လှမ်းကြည့်ပြီး၊ တောင်းပန်ခယသည့်ပုံစံဖြင့်လက်အုပ်ချီ ထားကာ ထိုအချိန်က ကျွန်ုပ်ဖြစ်ပျက်နေသောအခြေအနေနှင့် ဆီလျော်စွာ အားငယ်စိတ်ဆင်းရဲနေသော အသံဖြင့်စကားအချို့ကို ကျွန်ုပ်ပြောခြင်းပင်ဖြစ်၏။ မုန်းတီးဘွယ်ကောင်းသောသတ္တဝါလေး များကို ကျွန်ုပ်တို့ဖျက်ဆီးချင်စိတ်ဖြင့် ပြုလုပ်တတ်သည့်အတိုင်း ကျွန်ုပ်ကိုမြေပြင်ပေါ်၌ထုချေလိုက်မည်ကို ကျွန်ုပ်စိုးရိမ်မိ၏။ သို့သော်

သူက ကျွန်ုပ်၏အသံနှင့်အမူအရာကို သဘောကျကြေနပ်ဟန်တူပြီး ကျွန်ုပ်၏ပြောစကားများကို နားမလည်သော်လည်း ကြည်လင်ပြတ်သားသော ကျွန်ုပ်၏စကားကိုကြားရသဖြင့် များစွာကြေနပ်လျှက် ကျွန်ုပ်ကိုစိတ်ဝင်စားဘွယ်ကောင်းစရာအဖြစ် ကြည့်စပြုလာ၏။ ထိုအတောအတွင်း ကျွန်ုပ်မှာမငြီးတွားဘဲမနေနိုင်အောင်ဖြစ်မိလျှက် မျက်ရည်များကျလျှက် ကျွန်ုပ်၏ဘေးတဖက်တချက်ကို လှမ်းကြည့်လျှက်ဖြင့် သူ၏လက်ညှိုးနှင့်လက်မဖိအားကြောင့် ကျွန်ုပ်မည်မျှအညှာအတာမဲ့စွာနာကျင်နေကြောင်းကိုသူအားသိစေ၏။ ကျွန်ုပ်ဆိုလိုသော အဓိပ္ပါယ်ကိုသူက နားလည်ဟန်တူပြီး၊ သူကုတ်အင်္ကျီအစကို မ၍ ကျွန်ုပ်ကိုငှင်းအထဲသို့ထည့်ကာ ကျွန်ုပ်နှင့်အတူ သူက သူ၏ဆရာဆီသို့ချက်ခြင်းပြေးသွား၏။ သူ့ဆရာက ချမ်းသာသောလယ်သမားတစ်ယောက်ဖြစ်ပြီး ဘာလီခင်းထဲ၌ ကျွန်ုပ်ပထမဦးဆုံးတွေ့မြင်ခဲ့သော လူပင်ဖြစ်၏။

သူ၏အလုပ်သမားက သူ့ကိုပြောပြသည့်အတိုင်း ကျွန်ုပ်၏အကြောင်းကိုသိသွားသောထိုလယ်သမားက လမ်းလျှောက်တုတ်ခန့်အရွယ်အစားရှိသော ကောက်ရိုးမျှင်သေးသေးတစ်ချောင်းကိုယူ၍၊ ငှင်းဖြင့်ကျွန်ုပ်၏အင်္ကျီအစကိုမ,ကြည့်၏။ ငှင်းကိုသဘာဝအတိုင်းဖြစ်နေသောကျွန်ုပ်၏အခွံအကာတစ်ခုအဖြစ်သူက ထင်နေဟန်တူ၏။ ကျွန်ုပ်၏မျက်နှာကိုကောင်းကောင်းတွေ့မြင်ရန်အတွက် ကျွန်ုပ်၏ဆံပင်များကိုဘေးတဖက်သို့ သူက၊ လေဖြင့်မှုတ်ထုတ်လိုက်၏။



သူ့အနီး တဝိုက်တွင်ရှိသော အလုပ်သမားများကို သူကခေါ်လိုက်ပြီး (နောက်ပိုင်း၌ ကျွန်ုပ်သိရှိရသည့်အတိုင်း) ကျွန်ုပ်နှင့်တူသော သတ္တဝါများကိုလယ်ကွင်းထဲတွင် သူတို့တွေ့မြင်ကြသလားဟုမေး၏။ ထို့နောက် သူက ကျွန်ုပ်ကိုမြေပြင်ပေါ်သို့ဖြေးညှင်းစွာလေးဘက်ထောက် ချပေးလိုက်၏။ သို့သော် ကျွန်ုပ်ကချက်ခြင်း မတ်တပ်ထရပ်လိုက်ပြီး ခေါက်တုံ့ ခေါက်ပြန်ဖြေးညှင်းစွာ လမ်းလျှောက်ပြ၍ ကျွန်ုပ်ထွက်ပြေးရန် ရည်ရွယ်ချက်မရှိကြောင်း ဤလူများကို သိမြင်စေ၏။ ကျွန်ုပ်၏လှုပ်ရှားမှုကို ပို၍ကောင်းမွန်စွာ တွေ့မြင်နိုင်ရန်အတွက် သူတို့အားလုံးက ကျွန်ုပ်၏ပတ်လည်တွင်ဝိုင်းထိုင်ကြ၏။ ကျွန်ုပ်ကဦးထုပ်ကိုချွတ်၍ လယ်သမားကိုဦးညွှတ်ပြ၏။ ထို့နောက်ဒူးထောက်ချပြီး မျက်စေ့ကိုလှန်၊ လက်(၂)ဘက်ကိုမြှောက်လျှက်၊ ကျွန်ုပ်တတ်နိုင်သမျှအသံကျယ်လောင်စွာဖြင့် စကားလုံးများစွာကိုပြော၏။ ကျွန်ုပ်၏အိတ်ထဲမှ ရွှေထုပ်ကို ကျွန်ုပ်ထုတ်ယူပြီး၊ ငှင်းကိုသူ့အားရိုကျိုးစွာဖြင့်ပေးအပ်၏။ သူကငှင်းကိုသူ၏လက်ပေါ်တွင် လက်ခံယူ၏။ ထို့နောက် ငှင်းကဘာဖြစ်သည်ကို သူ၏မျက်လုံးနားတွင်ကပ်ကြည့်၏။ ထို့နောက် သူ၏အင်္ကျီလက်မှထုတ်ယူလိုက်သော ပင်အပ်တစ်ချောင်း၏ အဖျားဖြင့်ငှင်းကို အကြိမ်ပေါင်းများစွာ လှည့်လိုက်၏။ သို့သော်ဘာမှဖြစ်မလာပါ။ ထိုအခါ ကျွန်ုပ်ကသူ၏လက်ကို မြေပြင်ပေါ်ချထားရန် အမူအရာလုပ်ပြ၏။ ပိုက်ဆံအိတ်ကို ကျွန်ုပ်ယူလိုက်ပြီး ငှင်းကိုဖွင့်ကာ ရွှေများအားလုံးကို သူ့လက်ဝါးထဲသို့ သွန်ချလိုက်၏။

အင်္ဂါးပြားကလေး (၂၀)ကျော် (၃၀)ကျော်အပြင်၊ စပိန်ဒင်္ဂါးပြား (၆)ခု ရှိ၏။ သူကလက်သန်းထိပ်များကို လျှာဖြင့်တံတွေးစွတ်ပြီး၊ ကျွန်ုပ်၏ ဒင်္ဂါးပြားအကြီးဆုံးတစ်ခုအား ကောက်ယူသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ ထို့နောက် နောက်တစ်ခုကိုထပ်ကောက်၏။ သို့သော် သူတို့အားဖြစ်သည်ကို သူကလုံးဝလျစ်လျူရှုထားဟန်တူ၏။ ၎င်းတို့ကို ကျွန်ုပ်၏ပိုက်ဆံအိတ်ထဲသို့ ပြန်ထည့်ရန်နှင့်ပိုက်ဆံအိတ်ကို ကျွန်ုပ်၏ အင်္ကျီအိတ်ထဲသို့ ပြန်ထည့်ရန် သူက အမူအရာလုပ်ပြ၏။ ကျွန်ုပ်က သူ့ကိုအကြိမ်ပေါင်းမြောက်များစွာကမ်းလှမ်းပြီးနောက်၊ ခိုင်းသည့်အတိုင်းလုပ်သည်က အကောင်းဆုံးဖြစ်မည်ဟုတွေးမိ၏။

ဤအချိန်၌ လယ်သမားက ကျွန်ုပ်ကိုခံစားသိမြင်တတ်သော သတ္တဝါတစ်ယောက်အဖြစ်သိမြင်ပြီး ဖြစ်၏။ သူကကျွန်ုပ်ကို မကြာခဏစကားပြော၏။ သို့သော်သူ၏စကားပြောသံက ကျွန်ုပ်၏နားကို မီးစက်သံကဲ့သို့ ထိုးနှက်နေ၏။ သို့ဖြစ်လင့်ကစား သူ့စကားလုံးများကို သဲကွဲစွာကြားရ၏။ ကျွန်ုပ်က ဘာသာစကားများစွာဖြင့် တတ်နိုင်သမျှ ကျယ်လောင်စွာပြန်ဖြေ၏။ သူကမကြာခဏသူ့နားကို ကျွန်ုပ်နှင့်(၂) ကိုက်အကွာတွင်ထား၏။ သို့သော်အချည်းနှီးမဲ့စွာပင် ကျွန်ုပ်တို့မှာ လုံးဝကိုတစ်ယောက်နှင့်တစ်ယောက်ဆက်သွယ်၍မရကြပါ။ ထို့နောက် သူကအလုပ်သမားများကို သူတို့၏အလုပ်ဆီသို့စေလွှတ်ပြီး သူ၏အင်္ကျီအိတ်အတွင်းမှ လက်ပိုင်ပုဝါကိုယူ၍ ၎င်းကိုသူ၏ဝဲဘက်လက်တွင် (၂)ထပ်ခေါက်လျှက် ဖြန့်လိုက်၏။ သူကလက်ကို မြေပြင်



ပေါ်သို့ လက်ဝါးလှန်လျှက်ချလိုက်ပြီး၊ ၎င်းအပေါ်သို့ တက်ရန် ကျွန်ုပ်ကို အမူအရာပြလိုက်လျှင် ၎င်းက အထူတစ်ပေကျော်ခန့်ပင်မရှိသဖြင့်၊ ၎င်းအပေါ်သို့ ကျွန်ုပ်လွယ်ကူစွာတက်နိုင်၏။ လိုက်နာရန်က ကျွန်ုပ်၏အပိုင်းဖြစ်သည်ဟု ကျွန်ုပ်ထင်ပြီး၊ ပြုတ်ကျမည်စိုးသဖြင့် လက်ကိုင်ပုဝါပေါ်တွင် ကျွန်ုပ်ဆန့်ဆန့်ကြီး တုံးလုံးလဲနေကာ ပိုထွက်နေသော လက်ကိုင်ပုဝါအစဖြင့် ကျွန်ုပ်ကို ပိုမိုလုံခြုံစေရန်အတွက် ဦးခေါင်းအထိပတ်လိုက်ပြီး၊ ဤသို့ဖြင့် ကျွန်ုပ်ကိုသူ၏အိမ်ဆီသို့ သယ်ဆောင်သွား၏။ အိမ်သို့ရောက်သော်၊ သူကသူ၏ဇနီးကိုခေါ်၍ ကျွန်ုပ်ကို သူမအားပြ၏။ သို့သော် သူမကလန်ဒန်မှအမျိုးသမီးများ ဝင့်ကူမြင်လျှင်ပြုလုပ်ကြသကဲ့သို့ အသံကုန်အော်ဟစ်ပြီး နောက်လှည့်ပြေး၏။ သို့သော်လည်း ကျွန်ုပ်၏အမူအရာကို သူမခဏတွေ့မြင်ရပြီး သူမ၏ ခင်ပွန်းပြုလုပ်သော အမူအရာကို ကျွန်ုပ်မည်မျှကောင်းစွာနားလည်ပုံကို မြင်တွေ့ရသောအခါ သူမကမကြာခင်တွင် အလန့်ပြေသွားပြီး အလျှင်အမြန်ပင် ကျွန်ုပ်အပေါ်ကြင်နာစိတ်များတိုးလာ၏။

၎င်းကမွန်းတည့်ချိန် ၁၂ နာရီအချိန်ခန့်ဖြစ်ပြီး အမှုထမ်းတစ်ယောက်က နေ့လည်စာကိုယူဆောင်လာ၏။ ၎င်းကစောက်(၄)ပေ အချင်းပေ (၂၀)ခန့်ရှိသော ပန်းကန်ပြားထဲမှ များစွာသော အသား လုံးများဖြစ်သည်။ စားမည့်အဖွဲ့ကလယ်သမား၊ သူ၏မယား၊ ခလေး (၃)ယောက်နှင့်အဖွားအိုတစ်ယောက်တို့ ဖြစ်ကြ၏။ သူတို့ထိုင်ကြ သောအခါ၊ လယ်သမားက ကျွန်ုပ်ကိုစားပွဲပေါ်တွင်

ကြောင်းကို ကျွန်ုပ်တတ်နိုင်သမျှကျွန်ုပ်ဆရာကို နားလည်စေ၏။ သူဖခင်ကလိုက်လျှောလိုက်ပြီး၊ ခလေးကသူထိုင်ခုံတွင်တစ်ခါပြန်ထိုင်လိုက်၏။ ထိုသို့ဖြစ်ပြီးလျှင်၊ ကျွန်ုပ်ကသူ့ဆီသို့သွားပြီး၊ သူ့လက်ကိုနမ်းရှုပ်လိုက်၏။ ကျွန်ုပ်၏ဆရာကသူ၏လက်ကိုဆွဲပြီး၊ သူ့ကိုငင်းဖြင့်ကျွန်ုပ်အားညင်သာစွာပွတ်သပ်ခိုင်း၏။

နေ့လည်စာစားနေစဉ်အတွင်း၊ ကျွန်ုပ်ဆရာမ၏အချစ်တော်ကြောင်က သူမ၏ပေါင်ပေါ်သို့ခုန်တက်လိုက်၏။ ခြေအိတ်ရက်သမားတစ်ဒါဇင်ခန့်အလုပ်လုပ်သကဲ့သို့သော ဆူညံသံကို ကျွန်ုပ်၏နောက်မှကျွန်ုပ်ကြားရ၏။ ဦးခေါင်းကိုလှည့်လိုက်သောအခါ ၄င်းက ဤတိရစ္ဆာန်၏ဩဩသံမှထွက်ပေါ်ခြင်းဖြစ်သည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ သူ၏သခင်မက သူ့ကိုကျွေးမွေးပြီး၊ ယုယနေစဉ်သူ၏ လက်သည်းတစ်ချောင်းနှင့်သူ၏ဦးခေါင်းကို တွေ့မြင်ပုံအရ၊ တွက်ချက်ရလျှင် ၄င်းကနွားထီးတကောင်ထက် (၃)ဆခန့်ပိုကြီးသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ ပေ-၅၀ကျော်အဝေး၊ စားပွဲ၏တဖက်အစွန်းတွင် ကျွန်ုပ်ရပ်နေ၍သော်ငင်း၊ သူ၏လက်သည်းများနှင့် ကျွန်ုပ်ကိုခုန်အုပ်၍ဖမ်းဆီးမည်ကို စိုးရိမ်သဖြင့် ကျွန်ုပ်၏သခင်မက၊ သူ့ကိုခိုင်မြဲစွာဆုပ်ကိုင်ထား၍သော်ငင်းရှိသော်လည်း ဤသတ္တဝါ၏ကြမ်းကြုတ်မည့်အမူအရာက ကျွန်ုပ်ကိုဒူးတုန်စေ၏။ သို့သော် ကျွန်ုပ်၏ဆရာက ကျွန်ုပ်ကိုသူနှင့်(၃)ကိုက်အတွင်းချထားသောအခါ ဤကြောင်က ကျွန်ုပ်ကိုနည်းနည်းမျှပင်ဂရုမပြုမိသဖြင့်၊ အန္တရာယ်ရှိမည့်ပုံ မပေါ်



တော့ပါ။ ကြမ်းကြုတ်သော တိရိစ္ဆာန်တစ်ကောင်ရှေ့တွင် ထိပ်လန့်မှုကို ဖော်ပြခြင်းသည် သင့်အားထိုတိရစ္ဆာန်က တိုက်ခိုက်စေရန်သေချာစေသောနည်းလမ်းဖြစ်သည်ကို၊ ကျွန်ုပ်အားအမြဲတမ်း ပြောပြကြပြီး၊ ကျွန်ုပ်၏ခရီးသွားအတွေ့အကြုံအရ မှန်ကန်ကြောင်းတွေ့ခဲ့ရသဖြင့် အန္တရာယ်ရှိသော ဤကိစ္စတွင် စိုးရိမ်မှုအမူအရာကို ကျွန်ုပ်မပြသရန်ဆုံးဖြတ်လိုက်၏။ ကြောင်၏ဦးခေါင်းရှေ့တွင် (၅)ကြိမ်(၆)ကြိမ်ခန့်အကြောက်အရွံ့ကင်းမဲ့စွာလမ်းလျှောက်ပြီး၊ သူနှင့်တကိုက်ခွဲအတွင်းလျှောက်လာလျှင်၊ သူကကျွန်ုပ်ကိုပိုကြောက်သည့်အလား၊ နောက်သို့တွန့်သွား၏။ ခွေးများနှင့်ပတ်သက်၍ ကျွန်ုပ်သိပ်မကြောက်ပါ။ လယ်သမား၏အိမ်တွင်ခါတိုင်းကဲ့သို့ပင် ခွေး (၃)ကောင်၊ (၄)ကောင်တို့က အခန်းထဲသို့ ဝင်လာကြ၏။ ၄င်းတို့ထဲမှတစ်ကောင်ကဆင်လေးကောင်စာခန့်ကိုယ်အရွယ်အစားရှိသောခြံစောင့်ခွေးမျိုးဖြစ်ပြီး၊ တစ်ကောင်က၊ သူ့ထက်၊ အရွယ်အစားသိပ်မကြီး သော်လည်း အရပ်ပိုမြင့်သည့်အမဲလိုက်ခွေးမျိုးဖြစ်၏။ နေ့လည်စာ စားပြီးယုံဖြစ်နေသဖြင့် ခလေးထိန်းအမျိုးသမီးကလက်ထဲတွင်(၁)နှစ်သား အရွယ်ခလေးငယ်တစ်ယောက်ကိုချီလျက်ဝင်လာပြီး၊ ခလေးက ရုတ်တရက် ကျွန်ုပ်ကိုစေ့စေ့ကြည့်၍စားစရာတစ်ခုရရှိလိုက် သကဲ့သို့ အော်ဟစ်လိုက်၏။ မိခင်ဖြစ်သူကအလိုလိုက်ဟန်ဖြင့် ကျွန်ုပ်ကိုကောက်ယူလိုက်ပြီး၊ ခလေးဆီသို့ပေးလိုက်၏။ ခလေး က ချက်ခြင်းပင် ကျွန်ုပ်၏ခါးလည်ကို

ဆုပ်ကိုင်လိုက်ပြီး ကျွန်ုပ်၏ ဦးခေါင်းကို သူ၏ပါးစပ်ထဲသို့ ထည့်လိုက်လျှင် ကျွန်ုပ်ကကျယ်လောင်လွန်းလှစွာအော်ဟစ်လိုက်သဖြင့် အလွန်တဲ့သော ခလေးကထိတ်လန့်သွားပြီး ကျွန်ုပ်ကိုချလိုက်၏။ မိခင်ဖြစ်သူတသော၊ သူ၏အကျီရင်ဖုံး ကို ကျွန်ုပ်၏အောက်၌ဖြန့်၍ခံမထားလျှင် ကျွန်ုပ်သေချေ မသေ လည်ပင်းကျိုးမည်ဖြစ်၏။ ခလေးထိန်းသူအမျိုးသမီးက ခလေးကို ငြိမ်သက် စေရန် အတွက်ဂျောက်ဂျက်ကစားစရာတစ်ခု (တောက်တုံးကြီးများ ထည့်ထားသောဗူးကြီးတစ်ခုဖြစ်၏)ကို အသုံးပြုပြီးခလေး၏ခါးတွင် သံကြိုးဖြင့်ချည်ပေးလိုက်၏။ သို့သော်အချည်းနှီးဖြစ်စွာပင် သူမမှာ နောက်ဆုံးကုသမှုကို အသုံးပြုရ၏။ ခလေးကိုနို့တိုက်ရ၏။ သူမ၏ ကြီးမားလှသော ရင်သားကြီးကို မြင်ရသလောက်စိတ်ပျက်ဘွယ် ကောင်းသောအရာမရှိသည်ကို ကျွန်ုပ်ဝန်ခံရပေမည်။ ၎င်း၏အရွယ် အစားပုံသဏ္ဍာန်အရောင်အဆင်းနှင့် ပတ်သက်၍ စိတ်ဝင်စားသော စာရှုသူသိမြင်နိုင်စေရန်အတွက် မည်သည့်အရာနှင့်နှိုင်းယှဉ်ပြရမည်ကို ကျွန်ုပ်မသိပါ။ သူမက ခလေးနို့တိုက်ရန်အတွက် အလျှင်းသင့်စွာထိုင်နေရပြီး၊ ကျွန်ုပ်ကစားပွဲပေါ်တွင် မတ်တပ်ရပ်နေသဖြင့် သူမကိုကျွန်ုပ်အနီးကပ်မြင်နေရ၍ဖြစ်၏။ ၎င်းကြောင့်၊ ကျွန်ုပ်တို့အင်္ဂလိပ်အမျိုးသမီးများ၏ နူးညံ့သောအသားအရည်ကို ကျွန်ုပ်ပြန်လည်သတိရမိ၏။ သူတို့က ကျွန်ုပ်တို့နှင့် တရွယ်တစားတည်းဖြစ်နေသောကြောင့်သာ ကျွန်ုပ်တို့အတွက်ထိုမျှလှပနေပုံပေါ်နေပြီး၊



မှန်ဘီလူးဖြင့်မှလွဲ၍ သူတို့၏အပြစ်အနာအဆာကို မတွေ့မြင်ရပါ။ စမ်းသပ်ချက်အရ၊ မှန်ဘီလူးဖြင့် ကြည့်မည်ဆိုလျှင် အနူးညံ့ဆုံးအဖြူဆုံးအသားအရေပင်ကြမ်းတမ်း၍ အရောင်အကွက်အကွက်ဖြစ်နေသည်ကို ကျွန်ုပ်တို့တွေ့မြင်ရ၏။

လီလီပတ်တွင် ကျွန်ုပ်ရှိခဲ့စဉ်က၊ ထိုနေရာမှသေးငယ်သောလူကလေးများ၏အသားအရေက ကမ္ဘာပေါ်တွင် အနူးညံ့ဆုံးဖြစ်သည်ကို ကျွန်ုပ်မှတ်မိပြီး၊ ထိုနေရာမှ ကျွန်ုပ်၏ရင်းနှီးသောမိတ်ဆွေတစ်ယောက်နှင့်ထိုကိစ္စအကြောင်းကို ပြောကြသောအခါ၊ သူ့ကိုကျွန်ုပ်ကိုင်ပြီးအနားသို့ဆွဲယူထားသော အချိန်ထက်၊ မြေပြင်ပေါ်မှ ကျွန်ုပ်ကိုသူမော့ကြည့်ရသည့်အချိန်တွင် ကျွန်ုပ်၏မျက်နှာကပို၍နူးညံ့ချောမွေ့ပုံပေါ်ကြောင်းနှင့် သူ့ကိုကျွန်ုပ်၏မျက်နှာအနားသို့ဆွဲကပ်လိုက်သောအခါ၊ အစပထမ၌ ၎င်းကအလွန်ထိတ်လန့်ဘွယ်မြင်ကွင်းဖြစ်နေသည်ကို သူဝန်ခံကြောင်း ပြောခဲ့၏။ ကျွန်ုပ်၏ အရေပြားပေါ်မှ အပေါက်ကြီးများကို သူတွေ့မြင်ရကြောင်း၊ ကျွန်ုပ်၏မုတ်ဆိတ်မွေးထိုးထိုးထောင်ထောင်များက ဝက်ဝံ၏အမွေးထက်ဆယ်ဆမက၊ ပိုမိုသန်မာကြောင်း၊ ကျွန်ုပ်ကိုယ်တိုင်ဝန်ခံရသလောက်ယောကျာ်းတစ်ယောက်အနေဖြင့် ကျွန်ုပ်၏နိုင်ငံတွင် ကျွန်ုပ်ချောမွေ့သူဖြစ်ပြီး၊ ခရီးသွားရာ၌လည်း ကျွန်ုပ်နေလောင်ခံမှု အလွန်နည်းခဲ့သော်လည်း၊ ကျွန်ုပ်အသားအရည်များက မနှစ်မြို့ဘွယ်ရာအရောင်မျိုးစုံပေါက်နေကြောင်း သူကပြော၏။ အခြားတဖက်က

လည်း ဘောရှင်မန်းတော်ခွဲမှ အမျိုးသမီးများအကြောင်းကို ပြောကြသောအခါ၊ တစ်ယောက်ကမှုံ့ခြောက်များရှိကြောင်း၊ အခြားတစ်ယောက်ပါးစပ်ကျယ်လွန်းကြောင်း၊ တတိယတစ်ယောက်က နားခေါင်းကြီးလွန်းကြောင်း၊ သူကကျွန်ုပ်ကို ပြောပြလေ့ရှိပြီး၊ ၎င်းတို့ကို ကျွန်ုပ်တစ်ခုမှခွဲခြားနိုင်ခြင်းမရှိပါ။ ဤအပြစ်အနာဆာများကမူ သိသာထင်ရှားသည်ကို ကျွန်ုပ်ဝန်ခံ၏။ သို့သော်လည်း ဤသတ္တဝါကြီးများသည် အမှန်တကယ်ဝင်အချိုးမစားမကျဟုစာရှုသူ ထင်မည်စိုးသဖြင့်၊ ၎င်းတို့ ကျွန်ုပ်ပြော၍မဖြစ်ပါ။ ထို့ကြောင့် သူတို့က ကြည့်ပျော်ရှုပျော်ရှိသော လူမျိုးများဖြစ်သည်ဟု ကျွန်ုပ်ဆိုမှ တော်ကာကြမည်ဖြစ်ပြီး၊ အထူးသဖြင့် ကျွန်ုပ်၏ဆရာမှာလယ်သမားတစ်ယောက်ဖြစ်သော်လည်း၊ (၆)ပေ အမြင့်မှ သူ့ကို ကျွန်ုပ်ကြည့်ရှုရသောအခါ သူ၏ပုံပန်းသဏ္ဌာန်က အလွန်ကောင်းစွာ အချိုးအစားကျ၏။

နေ့လည်စာစားပြီးသောအခါ၊ ကျွန်ုပ်၏ဆရာက၊ သူ၏အလုပ်သမားများဆီသို့ထွက်သွားပြီး၊ သူ၏အသံနှင့်အမူအရာကို ကျွန်ုပ်တွေ့မြင်ခဲ့ပုံအရ၊ ကျွန်ုပ်ကို ဂရုစိုက်ရန်အတွက် သူ၏ဇနီးကို သတိတင်းကျပ်စွာ ပေးခဲ့၏။ ကျွန်ုပ်အလွန်ပင်ပန်းနေပြီး၊ အိပ်ချင်နေ၏။ ၎င်းကို ကျွန်ုပ်၏ဆရာမကသိရှိပြီး၊ ကျွန်ုပ်ကိုသူမ၏အိပ်ယာပေါ်တင်၍ စစ်သဘော်ရွက်ဖျင်ထက်ကြီးမားကြမ်းတမ်းသောသန့်ရှင်းဖြူဖွေးသည့် လက်ကိုင်ပုဝါတစ်ခုဖြင့် ကျွန်ုပ်ကိုအုပ်ပေး၏။

ကျွန်ုပ်(၂)နာရီခန့်အိပ်ပြီး၊ ကျွန်ုပ်၏ဇနီးနှင့်ခလေးများဖြင့်



ကျွန်ုပ်အိမ်တွင်ရှိနေသည်ဟုအိမ်မက်မက်၏။ ကျွန်ုပ်အိပ်ယာမှနိုးပြီးပေ ၂၀၀ x ၃၀၀ အကျယ်အဝန်းရှိပြီး၊ ပေ ၂၀၀ကျော်မြင့်သောကြီးမားသည့် အခန်းထဲမှ ကိုက်-၂၀ကျယ်သည့် အိပ်ယာပေါ်တွင်ကျွန်ုပ်တစ်ယောက်တည်းလဲလျောင်းနေသည်ကို တွေ့မြင်ရသောအခါ၊ ကျွန်ုပ်များစွာဝမ်းနည်းမိ၏။ ကျွန်ုပ်၏ဆရာမက သူမ၏ အိမ်အလုပ်ကိစ္စများဖြင့် ထွက်ခွာသွားပြီဖြစ်ပြီး၊ ကျွန်ုပ်ကိုသော့ပိတ်ထားခဲ့၏။ အိပ်ယာကုတင်က ကြမ်းပြင်နှင့် (၈)ကိုက်မြင့်၏။ သဘာဝလိုအပ်ချက်အရ၊ ကျွန်ုပ်အောက်သို့ဆင်းရ၏။ ကျွန်ုပ်လှမ်းမအော်ရဲပါ။ ကျွန်ုပ်အော်လျှင်လည်း ဂိသားစုများရှိသည့် မီးဖိုခန်းနှင့်ကျွန်ုပ်လဲလျောင်းနေသော အိပ်ခန်းတို့မှာ အလွန်ဝေးကွာလွန်းလှသဖြင့်ကျွန်ုပ်၏အသံနှင့်အချည်းနှီးပင်ဖြစ်မည်။ ဤအခြေအနေများဖြင့်ကျွန်ုပ်ရှိနေစဉ် ကြွက်နှစ်ကောင်က၊ ခန်းဆီးပေါ်သို့တက်လာပြီး၊ အိပ်ယာပေါ်တွင် အနံ့ခံလျှက်၊ ဟိုဒီပြေးနေ၏။ တစ်ကောင်ကကျွန်ုပ်၏ မျက်နှာအနားသို့ရောက်လုနီးပါးဖြစ်ပြီး ဤသို့ဖြစ်လျှင်ကျွန်ုပ်ကထိတ်လန့်စွာဖြင့် မတ်တပ်ထရပ်လိုက်ပြီး၊ ကျွန်ုပ်ကို ကျွန်ုပ်ကာကွယ်ရန်အတွက် ဓါးကိုဆွဲထုတ်လိုက်၏။ ထိပ်လန့်ဘွယ်ကောင်းသော ဤတိရစ္ဆာန်များက ရဲတင်းစွာဖြင့် ကျွန်ုပ်ကိုနှစ်ဖက်ညှပ်တိုက်ခိုက်ကြ၏။ တစ်ကောင်ကသူ၏ရှေ့ခြေထောက်ဖြင့် ကျွန်ုပ်၏အကျီကော်လံကိုလှမ်းဆုတ်၏။ သို့သော် ကျွန်ုပ်ကိုသူအန္တရာယ်တစ်စုံတစ်ရာမပေးနိုင်ခင်၊ ကျွန်ုပ်ကကံကောင်းထောက်မစွာဖြင့် သူ၏

ဝမ်းဗိုက်ကိုထိုးခွဲလိုက်၏။ သူကကျွန်ုပ်၏ခြေရင်းတွင်လဲကျသွား၏။ အခြားတစ်ကောင်က၊ သူ့ရဲဘော်၏ကံကြမ္မာကိုတွေ့မြင်သောအခါ ထွက်ပြေးသွား၏၊ သို့သော် သူထွက်ပြေးသွားစဉ်၊ သူ၏နောက်ကျော၌ ကျွန်ုပ်ပြုလုပ်လိုက်သောဒဏ်ရာကြောင့်သွေးများက သူပြေးရာလမ်းတစ်လျှောက်တွင် တတောက်တောက်၊ ကျကျန်ရစ်ခဲ့၏။ ဤသို့စွန့်စားဆောင်ရွက်ပြီးနောက်၊ ကျွန်ုပ်ကအသက်ရှူမှန်လာရန်နှင့် စိတ်တည်ငြိမ်လာစေရန်အတွက်၊ အိပ်ယာပေါ်တွင် ညင်သာစွာ ဟိုဒီလျှောက်နေ၏၊ ဤသတ္တဝါများက ခွေးကြီးတစ်ကောင်၏ အရွယ်အစားရှိ၏။ သို့သော်သူတို့က အတိုင်းအဆမရှိပို၍လျင်မြန်ပြီး၊ ကြမ်းကြုတ်သဖြင့်၊ ကျွန်ုပ်မအိပ်ခင်၊ ဓါးရှိသော ကျွန်ုပ်၏ခါးပတ်ကို ဖြုတ်ခဲ့လျှင်၊ မလွဲမသွေပင် ကျွန်ုပ်အစိတ်စိတ်အမွှာမွှာစုပ်ပြဲ၍ စားသောက်ခံရမည်ဖြစ်၏။ သေဆုံးသွားသော ကြွက်၏အမြီးကို ကျွန်ုပ်တိုင်းတာကြည့်ရာ၊ ၎င်းက (၂)ကိုက်ကို (၁)လက်မလျှော့နေကြောင်းကျွန်ုပ်တွေ့ရ၏။ သို့သော်သွေးများစီးဆင်းနေဆဲဖြင့် လဲလျောင်းနေသော အိပ်ယာပေါ်မှအလောင်းကိုဆွဲချရန်၊ ကျွန်ုပ် ဆောင်ရွက်လိုစိတ်မရှိပါ။ ၎င်းက အသက်ငွေ့ငွေ့ရှိနေဆဲဖြစ်သည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ သို့သော် လည်မင်းကို ပြင်းထန်စွာတချက်လွှဲခုတ်လျှက် ၎င်းကို ကျွန်ုပ်သေချာစွာ အဆုံးစီရင်လိုက်၏။

မကြာခင်တွင် ကျွန်ုပ်၏ဆရာမက၊ အခန်းထဲသို့ဝင်လာပြီး၊ ကျွန်ုပ်၏တကိုယ်လုံးသွေးများစိုရွှဲနေသည်ကို တွေ့မြင်ရသောအခါ ပြေးလာ၍ ကျွန်ုပ်ကိုသူမ၏လက်ဖြင့် ကောက်ယူလိုက်၏။ ကျွန်ုပ်က ဒဏ်ရာအနာတရမဖြစ်ကြောင်း ပြသ၍၊ အမူအရာအချို့လုပ်ပြလျှက်၊ ပြုံး၍ကြွက်သေကို ညွှန်ပြလိုက်လျှင်၊ သူမက အလွန်တစ်ရာ ဝမ်းမြောက်ဝမ်းသာဖြစ်လျှက်၊ ကြွက်သေကိုမီးညှပ်ဖြင့်ညှပ်ယူ၍ ပြတင်းပေါက်မှလွှတ်ပစ်ရန် အိမ်စေကိုလှမ်းခေါ်လိုက်၏။ ထို့နောက် သူမက ကျွန်ုပ်ကိုစားပွဲပေါ်သို့တင်သော်၊ ကျွန်ုပ်ကသွေးများစိုနေသော ကျွန်ုပ်၏ဓါးကိုသူမအား ပြသပြီး၊ ၎င်းကို ကျွန်ုပ်၏ကုတ်အင်္ကျီအစဖြင့် သုတ်၍၊ ဓါးအိမ်ထဲသို့ပြန်ထည့်လိုက်၏။ ကျွန်ုပ်အတွက်အခြားလူများလုပ်မပေးနိုင်သောအရာတစ်ခုကို ကျွန်ုပ်ပြုလုပ်ရမည်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်ကိုကြမ်းပြင်ပေါ်သို့ချပေးစေလိုကြောင်း ကျွန်ုပ်၏ ဆရာမကို နားလည်စေရန်အတွင်၊ ကျွန်ုပ်ကြိုးစားရ၏။ ထိုသို့သူမကချပေးပြီးနောက်တွင်၊ ရှက်ရွံ့မှုကြောင့် ကျွန်ုပ်ကတံခါးကို ညွှန်ပြပြီး၊ အကြိမ်ပေါင်းများစွာ ဦးညွှတ်ပြရ၏။ ထိုအမျိုးသမီးက နောက်ဆုံး၌ ကျွန်ုပ်ဘာဖြစ်နေသည်ကို အခက်အခဲများစွာဖြင့် နားလည်သွားပြီး ကျွန်ုပ်ကို သူမလက်ထဲတွင် တစ်ခါဆုတ်ယူကာ၊ ဥယျာဉ်ထဲသို့ လမ်းလျှောက်သွား၏။ ဥယျာဉ်ထဲတွင် သူမက ကျွန်ုပ် ကိုချပေးလိုက်၏။ ကျွန်ုပ်၏နောက်သို့လိုက်ခြင်း - သို့မဟုတ်- ကျွန်ုပ် ကိုကြည့်ခြင်း မပြုရန်အမူအရာပြလျှက်၊ သစ်ရွက်(၂)ရွက်အကြားတွင် ကျွန်ုပ် ဖုံးကွယ်ပြီး ကျင်ကြီးစွန့်ရ၏။

ဤကိစ္စများအား ကျွန်ုပ်အထူးတလှယ်ရှင်းပြနေသည်ကို

ချစ်စွာသောစာရှုသူ ခွင့်လွှတ်မည်ဟု ကျွန်ုပ်မျှော်လင့်၏။ ၎င်းတို့က အခ်ိပ္ပါယ်မရှိဟန်တူသော်လည်း၊ စဉ်းစားတတ်သော အတွေးအခေါ် ပညာရှင်တစ်ယောက်ကို အတွေးအခေါ်စိတ်ကူးများကောင်းစေမည် ဖြစ်ပြီး၊ ဤသို့ဖြင့် ပြည်သူတို့၏အကျိုးနှင့်မိမိ၏အကျိုးအတွက် ၎င်းတို့ကို အသုံးပြုနိုင်မည်ဖြစ်၏။ ကမ္ဘာကိုပတ်၍ခရီးသွားခဲ့သည့် အကြောင်းများကို ဤရည်ရွယ်ချက်တခုတည်းအတွက်သာ ကျွန်ုပ် တင်ပြနေခြင်းဖြစ်ပြီး ဤသို့ဖြင့်အခြားသူတစ်စုံတစ်ရာထိခိုက်မှု မရှိဘဲ၊ အမှန်တရားကို ကျွန်ုပ်အမ်ိကလေ့လာခွင့်ရခဲ့၏။ သို့သော် ဤခရီး လမ်းတစ်ခုလုံးက ကျွန်ုပ်၏စိတ်တွင် အာရုံစွဲထင်စေပြီး၊ ကျွန်ုပ်၏ မှတ်ဉာဏ်တွင်နက်ရှိုင်းစွာဝင်နေသဖြင့်၊ ၎င်းတို့ကို စာအက္ခရာဖြင့် ကဗျည်းတင်ရာတွင်၊ အပိုင်းအစတစ်ခုမျှပင် ကျွန်ုပ်ဖယ်ရှားခဲ့မည် မဟုတ်ပေ။ သို့သော်လည်း တင်းကြပ်သောသုံးသပ်မှုကြောင့် အရေး မပါပြီးငွေ့စရာကောင်းသည်ဟု ထင်မြင်ကြမည်စိုးသဖြင့် ကျွန်ုပ်၏ ပထမဦးဆုံးစာမျက်နှာအခန်းမှ အရေးမကြီးသောစာပိုဒ်များစွာကို ကျွန်ုပ်ဖျက်ပစ်လိုက်၏။



## အခန်း(၂)

ကျွန်ုပ်၏ဆရာမတွင် (၆)နှစ်အရွယ်သမီးတစ်ယောက်ရှိပြီး၊ သူမ၏အသက်အရွယ်ဖြင့်အလွန်သွက်လက်ချက်ချာသော ခလေး တစ်ယောက်ဖြစ်ကာ၊ အပ်ချုပ်ရာ၌ အလွန်ကျွမ်းကျင်၍ သူမ၏အရုပ် များကို အဝတ်၊ ဝတ်ဆင်ပေးရာတွင် ကျွမ်းကျင်လှ၏။ သူမ၏အမေ နှင့် သူမကထိုညတွင် ကျွန်ုပ်အတွက် ခလေးပုခက်တစ်ခုကို တပ်ဆင် ရန်ကြိုးစားကြ၏။ ပုခက်ကိုစားပွဲအံဆွဲကလေးတစ်ခုထဲတွင်ထားပြီး၊ ကြွက်များကို ကြောက်သဖြင့်၊ အံဆွဲကိုနံရံစင်ပေါ်တွင်တင်ထား၏။ ဤလူများနှင့်ကျွန်ုပ်နေသမျှကာလပတ်လုံး၎င်းက ကျွန်ုပ်၏အိပ်ယာ ဖြစ်ခဲ့ပြီး၊ သူတို့၏ဘာသာစကားကို ကျွန်ုပ်စတင်သင်ကြား၍ ကျွန်ုပ်၏ လိုအပ်ချက်ကို သူတို့အားသိစေနိုင်ခဲ့သဖြင့် ကျွန်ုပ်အတွက်နေရေး ထိုင်ရေးအတော်အဆင်ပြေလာ၏။ ဤမိန်းမငယ်ကလေးမှာ အလွန် တော်လှသဖြင့်၊ သူမ၏ရှေ့တွင် ကျွန်ုပ်တစ်ကြိမ်၊ နှစ်ကြိမ်၊ အကျီ ချွတ်ပြပြီးနောက်တွင် ကျွန်ုပ်ကိုသူမအဝတ်အစားလဲပေးနိုင်လာ၏။ သို့သော်လည်း ကျွန်ုပ်ကသူမခွင့်ပြုလျှင် မိမိဖာသာအဝတ်အစားလဲ ၏။ သူမကကျွန်ုပ်ကို ရှပ်အကျီ(၇)ထည်နှင့်ရနိုင်သမျှအဝတ်အစား

ကောင်းမှုများကို ချပ်ပေး၏။ ၎င်းတို့က အမှန်ပင် ဂုန်နီအိတ်ဖျင်ထက် ပိုကြမ်းပြီး ၎င်းတို့ကိုသူမက ကျွန်ုပ်အတွက်အမြဲမပြတ်၊ သူမ၏ သက်ဖြင့်မှုကိုလျှော့ပေး၏။ ကျွန်ုပ်၏ကျောင်းဆရာမတစ်ယောက် ကဲ့သို့ သူမကကျွန်ုပ်ကိုဘာသာစကားသင်ပေး၏။ ကျွန်ုပ်ကတစ်စုံ တစ်ရာကို ညွှန်ပြလျှင်သူမက ၎င်း၏အမည်ကိုသူမ၏ဘာသာစကား ဖြင့် ပြောပြ၏၊ ဤသို့ဖြင့်ရက်အနည်းငယ်အတွင်းတွင် ကျွန်ုပ်စိတ်ထဲ ၌ ရှိသမျှအရာကို ကျွန်ုပ်ခေါ်ဆိုနိုင်လာ၏။ သူမကအလွန်သဘော ကောင်းသူဖြစ်ပြီး သူမ၏အသက်အရွယ်အရ ငယ်ရွယ်လှသဖြင့် ပေ (၄၀)ထက်ပိုမမြင့်ပေ။ ကျွန်ုပ်ကိုသူမက 'ဂရစ်ဒရစ်' ဟု နာမည်ပေး ၏။ ဤနာမည်ကို မိသားစုက လက်ခံကြ၏။ ထို့နောက်တွင် တနိုင် ငံလုံးက လက်ခံကြ၏။ ထိုနိုင်ငံ၌ ကျွန်ုပ်ကမပျက်မစီးရှိခဲ့ရခြင်းမှာ အဓိကအားဖြင့် သူမကြောင့်ဖြစ်၏။ ထိုနေရာ၌ ကျွန်ုပ်ရှိနေစဉ်ကာလ အတွင်း ကျွန်ုပ်တို့လည်း မည်သည့်အခါမှမခွဲခွာကြပေ။ ကျွန်ုပ်က သူမကို 'ဂလူမ်ဒါလစ်ချ်' (မိခင်ဆရာမကလေး)ဟုခေါ်ပြီး၊ ကျွန်ုပ် အပေါ်ထားရှိသော သူမ၏ချစ်ခင်၊ ဂရုစိုက်မှုကို ကျွန်ုပ်မဖော်ပြလျှင် ကျွန်ုပ်ကျေးဇူးမသိတတ်ရာကျပေလိမ့်မည်။

စပလပ်နပ် (ဘရိုဒင်နာစ်တွင်ရှိသောတိရစ္ဆာန်)၏ အရွယ် အစားခန့်ရှိ၍ လူသတ္တဝါနှင့်တထေရာတည်းတူညီသော ထူးဆန်း သည့် တိရိစ္ဆာန်တစ်ကောင်ကို ကျွန်ုပ်၏ဆရာလယ်ကွင်းထဲတွင် တွေ့ရှိခဲ့ကြောင်း၊ ယခုအခါပြောဆိုသိရှိစပြုလာကြ၏။ ၎င်းက သူ၏



ဘာသာစကားကလေးဖြင့် စကားပြောဟန်တူပြီး၊ သူတို့၏စကားလုံး များစွာကို သင်ယူပြီးဖြစ်ကာ၊ ခြေထောက်နှစ်ဖက်ဖြင့် မတ်မတ်လမ်း လျှောက်သွားနိုင်၏။ ၎င်းကလိမ္မာယဉ်ကျေးပြီး ခေါ်လျှင်လာ၏။ ခိုင်းလျှင်လုပ်၏။ ကမ္ဘာပေါ်၌အနူးညံ့ဆုံးခြေလက်များ၎င်းတွင် ရှိ၏။ ၃-နှစ်အရွယ်မြင့်မြတ်သောတော်ဝင်သမီးတော်တစ်ယောက်၏ အသားအရည်ထက်၊ ၎င်း၏အသားအရည်ကများစွာပိုမိုနူးညံ့၏။ ကျွန်ုပ်ဆရာနှင့်အထူးရင်းနှီးသော မိတ်ဆွေဖြစ်ပြီး၊ အနီးအနားတွင် နေသော အခြားလယ်သမားတစ်ဦးက၊ ဤသတင်းမှန်၊ မမှန်ကို စုံစမ်းရန် ရည်ရွယ်ချက်ဖြင့် အလည်အပတ်ရောက်လာ၏။ ကျွန်ုပ် ကိုချက်ချင်းထုတ်ယူလာပြီး၊ စားပွဲပေါ်တင်ထားလိုက်ရာ၊ ကျွန်ုပ်က ထိုနေရာ၌ အမိန့်ပေးသည့်အတိုင်း လမ်းလျှောက်ပြ၍ ကျွန်ုပ်၏ ဓါးကိုထုတ်ယူလိုက်၏။ ထို့နောက်၎င်းကို တဖန်ပြန်ထည့်ကာ၊ ကျွန်ုပ် ဆရာ၏ ဧည့်သည်ကိုအလွန်လေးစားစွာအရိုအသေပေးလျှက် နေကောင်းပါစဟု သူ၏ဘာသာစကားဖြင့် ကျွန်ုပ်ကမေးလိုက်ပြီး၊ ကျွန်ုပ်၏ ဆရာမလေးက ကျွန်ုပ်ကိုသွန်သင်ပြထားသည့်အတိုင်း သူ့ကိုကြိုဆိုပါကြောင်း၊ ကျွန်ုပ်ကပြောလိုက်၏။ အသက်အရွယ်အိုမင်း ပြီး၊ မျက်စိကောင်းကောင်းမမြင်သော ဤလူက ကျွန်ုပ်ကိုပို၍ ကောင်းမွန်စွာတွေ့မြင်နိုင်ရန်အတွက်၊ သူ၏မျက်မှန်ကိုတပ်ဆင်လိုက် ရာ၊ သူ၏မျက်လုံးများကပြူတင်းပေါက်(၂)ခုမှ အခန်းထဲသို့ အလင်း ရောင်ထိန်လင်းစွာကျရောက်လာသော လပြည့်လကဲ့သို့ ပုံပေါ်နေ

သဖြင့်၊ ကျွန်ုပ်ဟက်ဟက်ပက်ပက်မရယ်ဘဲမနေနိုင်ပါ။ ကျွန်ုပ်ရယ်မောရသည့်အကြောင်းရင်းကို သိမြင်သွားကြသော်၊ ကျွန်ုပ်တို့၏လူများက ကျွန်ုပ်နှင့်အတူရောရယ်လိုက်ကြရာ၊ အဘိုးအိုက မိုက်မဲသူဖြစ်သဖြင့် မကြေမနပ်နှင့် ဒေါသဖြစ်နေ၏။ သူကအလွန်ငွေမက်သည့်လက္ခဏာရှိပြီး၊ ကျွန်ုပ်အတွက်ကုသိုလ်ကံဆိုးစွာ အနီးအနားမြို့တွင်စေ့နေ၍၊ ကျွန်ုပ်အားပြပွဲပြုလုပ်ရန် ကျွန်ုပ်၏ဆရာကို မုန်းတီးဖွယ်အကြံပေးခြင်းဖြင့်၊ ထိုအချက်ကိုဟုတ်မှန်ကြောင်းပြသခဲ့၏။ ထိုမြို့က ကျွန်ုပ်တို့အိမ်နှင့် ၂၂-မိုင်ကျော်အဝေး၌ရှိပြီး၊ နာရီဝက်ခန့်မြင်းစီးရ၏။ ကျွန်ုပ်၏ဆရာနှင့်သူ၏သူငယ်ချင်းက တခါတရံ ကျွန်ုပ်ကိုလက်ညှိုးထိုးပြလျှက်၊ အချိန်ကြာရှည်စွာ အတူတကွတီးတိုးစကားပြောနေသည်ကို ကျွန်ုပ်တွေ့မြင်ရသောအခါ၊ တစုံတရာကိုတိုင်ပင်နေကြသည်ဟု ကျွန်ုပ်ခန့်မှန်း၏။ ကျွန်ုပ်ကထိပ်လန့်နေသဖြင့်၊ သူတို့၏စကားလုံးများတချို့ကို ကျွန်ုပ်ကြားရ၍၊ နားလည်သိရှိလိုက်သည်ဟု ထင်မိ၏။ သို့သော် နောက်တနေ့မနက်တွင် ကျွန်ုပ်၏သူနာပြုဆရာမကလေး 'ဂလူမ်ဒါလစ်ချ်'က ကိစ္စအလုံးစုံကို ကျွန်ုပ်အားပြော၏။ ၎င်းတို့ကို သူမ၏မိခင်ဆီမှ သူမကလိမ္မာပါးနပ်စွာဖြင့် စကားနှိုက်ခဲ့ခြင်းဖြစ်၏။ သနားစရာမိန်းကလေးက ကျွန်ုပ်ကိုသူမ၏ရင်ဘတ်ပေါ်တင်ပြီး၊ ရှက်ခြင်း-ဝမ်းနည်းခြင်းတို့နှင့်အတူ မျက်ရည်ဖြိုင်ဖြိုင်ကျရှာ၏။ ရိုင်းစိုင်းကြမ်းတမ်းသော တောသားတို့ကြောင့် ကျွန်ုပ်ဒုက္ခရောက်ရမည်ကို သူမကနားလည်၏။ ထိုတောသားတို့က



ကျွန်ုပ်ကို သူတို့၏လက်ဖြင့်ကိုင်ယူရာတွင်၊ ကျွန်ုပ်ကိုသေလောက်အောင်ဖြစ်ညှစ်နိုင်ကြ၏။ သို့မဟုတ်-ခြေလက်တစ်ခုခုကိုချိုးပြစ်နိုင်ကြ၏။ သဘာဝအားဖြင့် ကျွန်ုပ်အနေအထိုင်သိမ်မွေ့ပုံ၊ ကျွန်ုပ်၏ဂုဏ်သိက္ခာကို ကျွန်ုပ်ကောင်းစွာထိမ်းသိမ်းပုံနှင့် အယုတ်ညံ့ဆုံးလူထုရှေ့မှောက်တွင် ကျွန်ုပ်ကိုငွေကြေးအတွက်ပြသခြင်းဖြင့်၊ ကျွန်ုပ်အရှက်တကွဲအကျိုးနည်းဖြစ်ရမည့်ပုံတို့ကိုလည်း သူမကသိမြင်ထား၏။ 'ဂရစ်ဒရစ်ရ်' (ကျွန်ုပ်)သည် သူမပိုင်ဖြစ်ရမည်ဟု သူမ၏အဖေနှင့်အမေတို့က သူမကိုဂတိပေးခဲ့ကြောင်း၊ သူမကပြော၏။ သို့သော်သူတို့က သူမကိုလွန်ခဲ့သောနှစ်ကလုပ်ခဲ့ကြသကဲ့သို့ ယခုလည်း သူမကို ပြုလုပ်ကြတော့မည်ကို သူမတွေ့မြင်လာ၏။ မနှစ်က သူမကိုသိုးတစ်ကောင်ပေးရန် သူတို့လိမ်ညာဟန်ဆောင်ခဲ့ကြ၏။ သို့သော်သိုးဝလာသည်နှင့်တပြိုင်နက်၊ ၎င်းကိုသားသတ်သမားတစ်ဦးထံတွင်ရောင်းချခဲ့ကြ၏။ ကျွန်ုပ်ဘက်ကလည်း ဆရာမကလေးလောက်ကျွန်ုပ်စိတ်ပူပန်မှုမဖြစ်ကြောင်း အမှန်အကန်အတည်ပြုပြောနိုင်၏။ ဘနေ့နေ့တွင် ကျွန်ုပ်၏လွတ်လပ်မှုကို ကျွန်ုပ်ပြန်ရမည်ဟု ကျွန်ုပ်ခိုင်မာစွာယုံကြည်ထားပြီး၊ ထိုယုံကြည်ချက်ကို မည်သည့်အခါမှ မစွန့်လွှတ်ပါ။ ပရိတ်သတ်ရှေ့တွင် ကျွန်ုပ်အရှက်ကွဲခံရမှုနှင့်ပတ်သက်၍မူ၊ ဤနိုင်ငံတွင် ကျွန်ုပ်လုံးဝလူစိမ်းတစ်ယောက်ဖြစ်သည်ဟု ကျွန်ုပ်စဉ်းစားပြီး၊ အင်္ဂလန်သို့ပြန်ရောက်လျှင်၊ ထိုကဲ့သို့သော ကံမကောင်းအကြောင်းမလှမှုကို ရှက်ဖွယ်ကိစ္စတစ်ခုအဖြစ် ကျွန်ုပ်အပေါ်

မည်သည့်အခါမှ ဖွဲ့ဆိုပြောကြားကြမည်မဟုတ်ပေ။ အကြောင်းမူကား ဂရိုတ်ဒြိဂ်န်၏ဘုရင်ကိုယ်တိုင်ပင်လျှင် ကျွန်ုပ်၏အနေအထားမျိုးတွင် ထိုကဲ့သို့သော ရှက်ဖွယ်ကိစ္စကို တွေ့ကြုံရမည်ဖြစ်၏။

သူ့မိတ်ဆွေ၏အကြံပေးချက်ကို လက်ခံသောကျွန်ုပ်၏ဆရာက နောက်တကြိမ်၊ ဈေးနေ့တွင် အနီးအနားရှိမြို့ဆီသို့ ကျွန်ုပ်ကို သေတ္တာတစ်ခုအတွင်းထည့်၍သယ်ဆောင်သွားပြီး၊ ကျွန်ုပ်၏ဆရာမကလေးဖြစ်သူ-သူ၏သမီးကို သူနှင့်အတူ နောက်ထိုင်ခုံတွင် တင်၍ခေါ်ဆောင်လာ၏။ သေတ္တာကို လေးဘက်လေးတန်ပိတ်ထားပြီး၊ ၎င်းတွင် ကျွန်ုပ်ဝင်ထွက်ရန်တံခါးပေါက်တစ်ခုနှင့် လေဝင်ပေါက်ကလေးအနည်းငယ်သာရှိ၏။ ကျွန်ုပ်လဲလျောင်းရန်အတွက် မိန်းကလေးကသူမ၏ခလေးအိပ်ယာကို အလွန်ဂရုစိုက်၍ သေတ္တာအတွင်းသို့ထည့်၏။ ခရီးကနာရီဝက်ခန့်သာကြာသော်လည်း ဤခရီးတစ်လျှောက်တွင် ကျွန်ုပ်မှာအလွန်ထိပ်လန့်စွာ တုန်လှုပ်နေပြီး၊ ဂဏှာမငြိမ်ဖြစ်နေ၏။ အကြောင်းမူကား၊ မြင်းကခြေတလှမ်းလှမ်းတိုင်း ပေ(၄၀)ခန့်သွားပြီး၊ အလွန်မြင့်မားစွာကဆုန်ပေါက်သွားနေသဖြင့် လှုပ်ယိမ်းမှုက မုန်တိုင်းကြီးမိနေသော သင်္ဘောတစင်း၏နိမ့်ချီ၊ မြင့်ချီ လှုပ်ယိမ်းမှုနှင့်တူညီနေ၏။ သို့သော်၎င်းက လှုပ်ယိမ်းမှုအကြိမ်ပိုများ၏။ ကျွန်ုပ်တို့၏ခရီးက၊ လန်ဒန်နှင့် စိန်အာလ်ဆန်ခရီးထက် အတော်ပိုဝေး၏။ ကျွန်ုပ်၏ဆရာက သူမကြာခဏတည်းခိုနေကြ တည်းခိုခန်းတွင် မြင်းပေါ်မှဆင်းလိုက်၏။ တည်းခိုခန်းပိုင်ရှင်နှင့်



အချိန်အတော်ကြာတိုင်ပင်၍ လိုအပ်သောပြင်ဆင်မှုများကို ပြုလုပ်ပြီးသော် 'စပလပ်နပ်' သတ္တဝါလောက်မကြီးသော်လည်း၊ လူသားနှင့်တူသောကိုယ်ခန္ဓာအစိတ်အပိုင်းအပြည့်အဝရှိ၍ စကားလုံးတိုင်းကို ပြောဆိုနိုင်ပြီး၊ ဖျော်ဖြေမှုနည်းလမ်း(၁၀၀)ကို တင်ဆက်နိုင်သည့် ထူးဆန်းသောသတ္တဝါကို ဂရင်အီဂဲလ်တည်းခိုခန်း၌ တွေ့မြင်ရမည်ဖြစ်ကြောင်းကို တမြို့လုံးအနှံ့ကြေညာပေးရန်အတွက် ကြေညာသူတစ်ဦးကိုငှားရမ်း၏။

တည်းခိုခန်းရှိအကြီးဆုံးအခန်းထဲမှ စားပွဲတစ်ခုပေါ်တွင် ကျွန်ုပ်ကိုထား၏။ စားပွဲကပေ (၃၀၀)ပတ်လည်နီးပါးရှိ၏။ ကျွန်ုပ်၏ဆရာမကလေးက ကျွန်ုပ်ကိုဂရုစိုက်ရန်အတွက် စားပွဲအနားတွင်ရှိသော ထိုင်ခုံအနိမ့်ကလေးပေါ်တွင် မတ်တပ်ရပ်နေပြီး၊ ကျွန်ုပ်ဘာလုပ်ရမည်ကိုညွှန်ကြား၏။ လူစုလူဝေးဖြစ်မည်ကိုရှောင်ရှားရန်အတွက် ကျွန်ုပ်၏ဆရာကတကြိမ်လျှင် လူ(၃၀)ကိုသာ ကျွန်ုပ်အားကြည့်ရှုစေ၏။ မိန်းကလေးက ကျွန်ုပ်ကိုအမိန့်ပေးသည့်အတိုင်း စားပွဲပေါ်တွင် ကျွန်ုပ်လမ်းလျှောက်ပြ၏။ ကျွန်ုပ်နားလည်သလောက်မေးခွန်းများကို သူမကကျွန်ုပ်အားမေးပြီး၊ ကျွန်ုပ်ကတတ်နိုင်သမျှ ကျယ်လောင်စွာဖြင့် သူတို့ကိုပြောပြရ၏။ ထိုလူစုကို ကျွန်ုပ်အကြိမ်ပေါင်းများစွာလှည့်ပြရပြီး၊ အရိုအသေပေး၍ သူတို့ကိုကြိုဆိုပါကြောင်းပြောကြားရကာ၊ ကျွန်ုပ်အားသင်ကြားထားသော အခြားစကားလုံးများကိုလည်း၊ ကျွန်ုပ်ပြောပြရ၏။ ဂလူမ်ဒါလ်လစ်ချ်က

ကျွန်ုပ်အားရေခွက်အဖြစ်ပေးထားသော ယမကာများပြည့်ထားသည့် လက်ထိပ်စွတ်ခွက်ကို ကျွန်ုပ်ကမယူ၍၊ သူတို့အားဆုမွန်ကောင်းတောင်းလျှက်သောက်ပြရ၏။ ကျွန်ုပ်၏ဓါးကို ကျွန်ုပ်ဆွဲထုတ်လိုက်ပြီး၊ အင်္ဂလန်မှဓါးခုတ်သမားများကို တု၍၊ ၎င်းဖြင့်လေထဲတွင် ဝှေ့ရမ်းပြ၏။ ကျွန်ုပ်၏ဆရာမကလေးက ကျွန်ုပ်ကိုကောက်ရိုးမျှင်အပိုင်းတစ်ခုပေးပြီး၊ ၎င်းကို ငယ်စဉ်က ကျွန်ုပ်သင်ကြားခဲ့ရသည့်အတိုင်း လှံတံအဖြစ် ကျွန်ုပ်အသုံးချကစားပြ၏။ ထိုနေ့က လူအဖွဲ့ ၁၂ဖွဲ့ကို ကျွန်ုပ်ပြသခဲ့ပြီး၊ ပင်ပန်းနွမ်းနယ်မှု၊ စိတ်အနှောက်အယှက်ဖြစ်ရမှုတို့ဖြင့် ကျွန်ုပ်သေလုမတတ်ဖြစ်ရလောက်အောင်၊ အဓိပ္ပါယ်မဲ့ ထိုအမူအရာများကို ထပ်ခါ၊ ထပ်ခါ လုပ်ပြရ၏။ ကျွန်ုပ်ကိုမြင်ဘူးသွားသောလူများက ထိုကဲ့သို့အံ့ဩဘွယ်ကောင်းသော သတင်းကို ဖြန့်ဝေကြသောကြောင့် လူအများက အထဲသို့တိုးဝင်လာကြရန်အတွက် တံခါးဝများတွင်စုပြုံနေကြပြီဖြစ်၏။ ကျွန်ုပ်၏ဆရာက သူ့အကျိုးအတွက် ကျွန်ုပ်၏ဆရာမမှလွဲ၍ မည်သူမှကျွန်ုပ်ကိုထိကိုင်ရန်ခွင့်မပြုပဲ၊ အန္တရာယ်ကိုကာကွယ်ရန်အတွက်၊ မည်သူမှကျွန်ုပ်ကို လှမ်း၍ထိကိုင်နိုင်ခြင်းမပြုနိုင်လောက်အောင် ဝေးလံသောနေရာမှ ခုန်တန်းများဖြင့်စားပွဲကိုပတ်ဝိုင်းကာရံထား၏။ သို့သော်လည်း ဆိုးဝါးသောကျောင်းသားကလေးတစ်ယောက်က ကျွန်ုပ်၏ဦးခေါင်းတည့်တည့်ကို ဇီးစေ့ဖြင့်ချိန်ရွယ်ပစ်လိုက်ရာ၊ ၎င်းက ကျွန်ုပ်ကိုသီသီကလေးလွဲသွား၏။ သို့မဟုတ်လျှင် ၎င်းကဖရုံသီးကလေးလောက်



ကြီးမားသဖြင့် ၎င်းလာသည့်အရှိန် ပြင်းထန်ပုံနှင့်ဆိုလျှင် မလွဲမသွေပင် ကျွန်ုပ်ဦးနှောက်များ ထွက်သွားမည်ဖြစ်၏။ သို့သော်လည်း ထိုလူဆိုးကလေးကို ရိုက်ပုတ်ပြီးအခန်းထဲမှ မောင်းထုတ်လိုက်သည်ကို ကျွန်ုပ်တွေ့မြင်ရသဖြင့် ကျေနပ်မိ၏။

နောက်တကြိမ်ဈေးနေ့တွင် ကျွန်ုပ်ကိုတခါပြသဦးမည်ဖြစ်ကြောင်း ကျွန်ုပ်၏ဆရာကအများပြည်သူကို ကြေညာလိုက်ပြီး၊ ထိုအတောအတွင်း ကျွန်ုပ်အတွက်ပိုမိုသက်တောင့်သက်သာဖြစ်မည့်ယာဉ်တစီးကိုသူစီစဉ်၏။ ထိုသို့စီစဉ်ရသည့်အကြောင်းကလည်း ခိုင်လုံနေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ပထမဦးဆုံးခရီးထွက်ခဲ့ပြီး (၈)နာရီတောက်လျှောက်ဖျော်ဖြေခဲ့ရသဖြင့်အလွန်ပင်ပန်းလှရာ ကျွန်ုပ်မတ်တပ်ရပ်နိုင်ရန်သော်၎င်း၊ စကားပြောနိုင်ရန်သော်၎င်း၊ ခက်လှ၏။ ကျွန်ုပ်အားအင်များပြည်လည်ပြည့်ဝလာစေရန်အတွက်၊ အနည်းဆုံး(၃)ရက်ကြာခဲ့ပြီး အိမ်၌လည်းကျွန်ုပ်အနားမယူရပါ။ မိုင်တစ်ရာပတ်လည်အတွင်းမှ လူကြီးမင်းများက ကျွန်ုပ်၏ကျော်ကြားမှုကို ကြားရသောအခါ၊ ကျွန်ုပ်ဆရာ၏အိမ်၌ ကျွန်ုပ်အားလာရောက်ကြည့်ရှုကြ၏။ သူတို့၏ဇနီးများ၊ ခလေးများဖြင့် လူ(၃၀)ထက်မနည်းရှိကြပြီး၊ သူတို့က မိသားစုတစုတည်းသာဖြစ်သော်လည်း၊ အိမ်၌ကျွန်ုပ်ကိုပြသရသည့်အခါတိုင်း၊ ကျွန်ုပ်၏ဆရာက ရုံဝင်ခကိုအပြည့်တောင်း၏။ ထို့ကြောင့် ကျွန်ုပ်ကိုမြို့သို့ခေါ်မသွားသော်လည်း၊ တပတ်-ဘပတ်တွင် ကျွန်ုပ်သက်သက်သာသာ နေရသောရက်ကနည်းလှ၏။

ကျွန်ုပ်မည်မျှအကျိုးအမြတ်ဖြစ်ထွန်းနိုင်ပုံကို ကျွန်ုပ်၏ဆရာက၊ တွေ့မြင်လာသောအခါ နိုင်ငံ၏ အဓိကမြို့တော်ကြီးများဆီသို့ ကျွန်ုပ်ကိုခေါ်ဆောင်သွားရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ခရီးရှည်အတွက်လိုအပ်သောပစ္စည်းများအားလုံးကို ဖြည့်စည်း၍ အိမ်မှသူကိစ္စများကိုစီစဉ်ခဲ့ပြီးသော် သူ၏ဇနီးသည်ထံတွင် သူခွင့်ပန်ကာ ကျွန်ုပ်ရောက်ရှိခဲ့ပြီး (၂)လခန့်အကြာ-၁၇၀၃ခု၊ ဩဂုတ်လ(၁၇)ရက်နေ့တွင် ဤအင်ပါယာ၏အလည်ဗဟိုခန့်တွင် တည်ရှိ၍၊ ကျွန်ုပ်တို့အိမ်နှင့်မိုင် ၃၀၀၀ ခန့်ဝေးသောမြို့တော်ဆီသို့ ကျွန်ုပ်တို့ခရီးထွက်လာကြ၏။ ကျွန်ုပ်၏ဆရာက သူ၏သမီး ဂလူမ်ဒါလစ်ချ်ကို သူ့နောက်တွင် မြင်းစီးခိုင်း၏။ သူမက ကျွန်ုပ်ကို သူမ၏ခါးတွင်ချည်ထားသောသေတ္တာထဲသို့ထည့်လျက်၊ ပေါင်ပေါ်တင်ယူသွား၏။ မိန်းကလေးက သေတ္တာအတွင်းပိုင်းလေးဘက်လေးတန်ကို သူမရနိုင်သမျှ နူးညံ့သောအဝတ်များဖြင့် ကပ်ပေးထားပြီး၊ အောက်ကြမ်းပြင်ကိုခလေးအိပ်ယာဖြင့် ခင်းပေးထား၍ ကျွန်ုပ်ကိုအဝတ်အစားများနှင့် အခြားလိုအပ်သောပစ္စည်းများပံ့ပိုးပေးကာ သူမတတ်နိုင်သမျှ သင့်တော်သည့်အရာတိုင်းကို လုပ်ပေး၏။ အိမ်တွင်ရှိသော ယောကျ်ားကလေးတစ်ယောက်မှလွဲ၍ ကျွန်ုပ်တို့တွင်အခြားအဖော်များ မရှိပါ။ ထိုခလေးက ဝန်စည်များနှင့်အတူ ကျွန်ုပ်တို့နောက်မှ မြင်းစီးလိုက်လာ၏။

ကျွန်ုပ်ဆရာ၏ရည်ရွယ်ချက်က၊ လမ်းတွင်ရှိသောမြို့များ



အားလုံးတွင် ကျွန်ုပ်ကိုပြသရန်နှင့်လမ်းမပေါ်မှဆင်းပြီး၊ မိုင်(၅၀)(၁၀၀)ခန့်တွင်ရှိသော ရွာတရွာ-သို့မဟုတ်-အိမ်တအိမ်ကိုသွား၍ ပရိတ်သတ်များကိုမျှော်လင့်ရန်ပင်ဖြစ်၏။ ဂလူမ်ဒါလစ်ချ်က ကျွန်ုပ်ကိုညှာတာရန် ရည်ရွယ်လျက်ကဆုန်ပေါက်မြင်းစီးရသဖြင့်၊ သူမအလွန်ပင်ပန်းနွမ်းနယ်ကြောင်းငြီးငြူသဖြင့် တစ်နေ့လျှင် မိုင်-၁၄၀၊ ၁၆၀၊ ထက်မပိုပဲ သက်သက်သာသာကျွန်ုပ်တို့ခရီးသွားကြ၏။ ကျွန်ုပ်၏ဆန္ဒကြောင့် သေတ္တာထဲမှ ကျွန်ုပ်ကိုသူမက မကြာခဏထုတ်၍ လေကောင်းလေသန့်ရှူစေကာ တောနယ်ဒေသကို ပြသ၏။ သို့သော် ကျွန်ုပ်ကိုအမြဲတမ်းကြိုးတစ်ချောင်းဖြင့်ချည်ထား၏။ နိုင်းမြစ်-သို့မဟုတ် ဂိုင်းမြစ်ထက်များစွာကျယ်၍၊ များစွာနက်သောမြစ်-၅ စင်း ၆-စင်းကို ကျွန်ုပ်တို့ကျော်ဖြတ်ကြပြီး၊ လန်ဒန်ဘရစ်ဂျ်မှ 'သိမ်း' မြစ်ခန့်သေးငယ်သော စမ်းချောင်းတစ်ခုတစ်လေပင်ရှိခဲ့လှ၏။ ကျွန်ုပ်တို့၏ခရီးက ရက်သတ္တပတ် (၁၀)ပတ်ကြာခဲ့ပြီး၊ များစွာသော ရွာများနှင့်ဘသီး ပုဂ္ဂလိကမိသားစုများအပြင်၊ မြို့ကြီး(၁၈)မြို့တွင် ကျွန်ုပ်ကိုပြသခဲ့၏။

သူတို့ဘာသာစကားဖြင့် 'လောဘဂူဂရူ' ဟု အမည်တွင်သော မြို့တော်ဆီသို့ အောက်တိုဘာလ (၂၆)ရက်တွင် ကျွန်ုပ်တို့ရောက်ကြ၏။ ကျွန်ုပ်၏ဆရာကတော်ဝင်နန်းတော်နှင့် သိပ်မဝေးသောမြို့တော်လမ်းမကြီးတွင် နေထိုင်ပြီး၊ ကျွန်ုပ်၏ပုံပန်းသဏ္ဌာန်ကိုအတိအကျဖော်ပြထားသော ကြော်ငြာစာများကို ကမ်းဝေ၏။ ပေ

၃၀၀နှင့် ၄၀၀ အကြားအကျယ်အဝန်းရှိသော အခန်းကြီးတခန်းကို သူကငှားရမ်းလိုက်၏။ အချင်း (၆)ပေရှိသော စားပွဲတစ်ခုကို သူက ပေးထားပြီး ကျွန်ုပ်ပြုတ်မကျစေရန် မြင့်နိုင်သမျှမြင့်စွာဖြင့် စားပွဲ နှုတ်ခမ်းနှင့် (၃)ပေခွာလျှက်စားပွဲကို ဝိုင်းပတ်၍ ခြံစည်းရိုးခတ်ထား ၏၊ ထိုစားပွဲပေါ်၌ ကျွန်ုပ်၏အပိုင်းကို ကျွန်ုပ်သရုပ်ဆောင်ရကာ၊ လူအားလုံးကို အံ့ဘွယ်ရှုမောကြည်နူးနှစ်သက်ဖြစ်စေရန် တစ်နေ့ လျှင် (၁၀) ကြိမ် ကျွန်ုပ်ကိုပြသ၏။ သူတို့၏ဘာသာစကားကို ကြေနပ်လက်ခံ နိုင်လောက်အောင် ယခုကျွန်ုပ်ပြောနိုင်နေပြီဖြစ်ပြီး၊ ကျွန်ုပ်ကိုပြော သောစကားအားလုံးကို ကျွန်ုပ်ကောင်းစွာနားလည် နိုင်၏။ ထို့အပြင် သူတို့၏အက္ခရာစာလုံးများကို ကျွန်ုပ်သင်ယူပြီး ဖြစ်ကာ၊ ဝါကျတိုတို၊ ထွာထွာကလေးများကိုလည်း ကျွန်ုပ်ဖွဲ့ပြနိုင် ပြီဖြစ်၏။ ကျွန်ုပ်တို့အိမ်တွင်ရှိနေသောအခါနှင့် ကျွန်ုပ်တို့ ခရီးသွားနေစဉ် အတွင်း၊ အားလပ်သော အချိန်များတွင် ဂလူမ်ဒါလ်ချ်-က ကျွန်ုပ်ကိုသင်ပြပေးခဲ့သောကြောင့် ဖြစ်၏။ သူမ၏ အကျီအိတ်ထဲတွင်၊ သူမကစာအုပ်ကလေးတအုပ်ကို ထည့်ယူလာခဲ့ ၏။ ၎င်းက သူတို့၏ ဘာသာရေးအကြောင်းကို အကျဉ်းချုပ်ဖော်ပြ ထားသော မိန်းမငယ် ကလေးများ၏ လက်စွဲစာအုပ်ကလေးဖြစ်၏။ ထိုအထဲမှ သူမက ကျွန်ုပ်ကိုစာလုံးများသင်ပေးပြီး စကားလုံးများ ကိုဘာသာပြန်ပြ၏။



## အခန်း (၃)

နေ့စဉ်ကျွန်ုပ်တွေ့ကြုံနေရသော၊ မကြာခဏအလုပ်လုပ်ရ မှုကြောင့်၊ ရက်သတ္တပတ်အနည်းငယ်အတွင်း၊ ကျွန်ုပ်၏ကျန်းမာရေး မှာ အတော်ကိုပြောင်းလဲလာခဲ့၏။ ကျွန်ုပ်၏ဆရာက ကျွန်ုပ်ကြောင့် ပိုက်ဆံပိုရလေ၊ လောဘပိုကြီးလာလေဖြစ်လာ၏။ ကျွန်ုပ်မှာအစား အသောက်လုံးဝပျက်လာပြီး၊ အရိုးခြောက်ဖြစ်လုနီးပါးဖြစ်လာ၏။ လယ်သမားက ၎င်းကိုတွေ့မြင်လာပြီး၊ မကြာခင်ကျွန်ုပ်သေရမည်ဟု သုံးသပ်လျှက်၊ တတ်နိုင်သမျှကျွန်ုပ်ကို ကောင်းကောင်းအသုံးပြုရန် ဆုံးဖြတ်လိုက်၏။ သူကဤသို့အကျိုးအကြောင်းဆင်ခြင်ပြီး ဆုံးဖြတ် ချက်ချလိုက်စဉ်၊ လူကြီးမင်းတစ်ယောက်က နန်းတော်ရုံးမှရောက် လာပြီး၊ မိဖုရားနှင့်မောင်းမများအား ဧည့်ခံဖျော်ဖြေရန်အတွက် ကျွန်ုပ် ကို ထိုနေရာသို့ချက်ချင်းခေါ်ဆောင်သွားရန် ကျွန်ုပ်၏ဆရာကို အမိန့်ပေး၏။ မောင်းမတချို့က ကျွန်ုပ်ကိုတွေ့မြင်ပြီးဖြစ်ကာ၊ ကျွန်ုပ် ၏အလှအပ၊ အမူအရာနှင့် အသိအမြင်တို့ထူးဆန်းပုံကို သတင်းပို့ ပြီးဖြစ်၏။ မိဖုရားနှင့်သူမ၏ရံရွေတော်က ကျွန်ုပ်၏အပြုအမူကို

တိုင်းတာမပြနိုင်လောက်အောင် နှစ်သက်ကြ၏။ ကျွန်ုပ်ကဒူးထောက်လိုက်ပြီး၊ မိဖုရား၏ခြေထောက်ကို နမ်းရှုပ်ဂုဏ်ပြုခွင့်ပြုရန် တောင်းပန်၏။ သို့သော် ကြင်နာသော ဤမိဖုရားက သူမ၏လက်သန်းကို ကျွန်ုပ်ဆီသို့ထိုးပေးလိုက်၏။ (စားပွဲပေါ်၌ ကျွန်ုပ်ကိုချထားပေးပြီးဖြစ်၏) ကျွန်ုပ်ကလက်နှစ်ဖက်ဖြင့် သူမ၏လက်သန်းကို သိုင်းဖက်လိုက်ပြီး၊ အလွန်လေးစားစွာဖြင့်၊ လက်သန်းထိပ်ကို ပါးစပ်ဖြင့် ကပ်လိုက်၏။ ကျွန်ုပ်၏နိုင်ငံ၊ ကျွန်ုပ်၏ခရီးတို့နှင့်ပတ်သက်၍ သူမက ယေဘူယျမေးခွန်းများမေးပြီး ကျွန်ုပ်ကတတ်နိုင်သမျှစကားအနည်းငယ်ဖြင့် သဲသဲကွဲကွဲပြန်ဖြေ၏။ နန်းတော်ဆောင်တွင် ကျွန်ုပ်နေလိုသလားဟုသူမကမေး၏။ ကျွန်ုပ်ကစားပွဲကြမ်းပြင်နှင့်ထိလုမတတ်ဦးညွှတ်ပြပြီး၊ ကျွန်ုပ်ကကျွန်ုပ်ဆရာ၏ ကျွန်တစ်ယောက်ဖြစ်ကြောင်း၊ သို့သော် ကျွန်ုပ်၏သဘောအရဆိုလျှင်၊ အရှင်မိဖုရား၏အမှုတော်ကို ကျွန်ုပ်အသက်ပေး၍ထမ်းဆောင်ရန် ဂုဏ်ယူကြောင်း၊ ညှိုးငယ်စွာဖြင့် ကျွန်ုပ်ဖြေကြား၏။ ထိုအခါသူမက ကျွန်ုပ်၏ဆရာကို ကျွန်ုပ်အားဈေးကောင်းကောင်းဖြင့်၊ ရောင်းလိုသလားဟုမေး၏။ ကျွန်ုပ်တစ်လတောင်အသက်ရှင်နိုင်တော့မည်မဟုတ်ကြောင်း နားလည်နေသည့်သူက ကျွန်ုပ်ကိုစွန့်ခွာရန်အဆင်သင့်ဖြစ်နေပြီး၊ ရွှေဒင်္ဂါးတစ်ထောင်တောင်း၏။ ၎င်းကိုသူ့အားချက်ခြင်းပေးရန် အမိန့်ပေးလိုက်၏။ ထို့နောက်ယခုအခါ မိဖုရား၏ကျေးကျွန်တော် ကျွန်ုပ်ဖြစ်သွားသဖြင့် ကျွန်ုပ်ကိုအလွန်တရာကြင်နာစွာဖြင့် ဂရုစိုက်ပြုစုခဲ့သော ဂလူမ်



ဒါလ်လစ်ချ်ကို ကျွန်ုပ်၏အထိမ်းတော်နှင့်စာသင်ဆရာမအဖြစ် ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် တောင်းဆိုရမည်ဖြစ်ကြောင်း၊ ဘုရင်မကို ကျွန်ုပ်ကပြော၏။ မိဖုရားမြတ်က ကျွန်ုပ်၏တောင်းဆိုချက်ကို လိုက်လျောလိုက်ပြီး၊ လယ်သမားကလည်းလွယ်ကူစွာ သဘောတူလိုက်၏။ နန်းတော်ဆောင်တွင်သူ၏ သမီးကိုထားရသဖြင့် သူဝမ်းသာပြီး၊ မိန်းကလေးကိုယ်တိုင်ကလည်း သူမ၏ပျော်ရွှင်မှုကို ဖုံးကွယ်မထားနိုင်ရှာပါ။ ကျွန်ုပ်၏ဆရာဟောင်းက ကျွန်ုပ်ကိုကောင်းကောင်း အမှုထမ်းဆောင်နိုင်ရန် ထားခဲ့ကြောင်းပြောဆိုလျှက်ဖြင့် ကျွန်ုပ်ကိုနှုတ်ဆက်ရင်း ထွက်ခွာသွားရာ၊ ကျွန်ုပ်ကခေါင်းအနည်းငယ်သာ ညိတ်လျှက်စကားတလုံးမှ ပြန်မပြောပါ။

မိဖုရားက ကျွန်ုပ်၏အမူအရာအေးစက်မှုကို သတိပြုမိ၍ အခန်းထဲမှ လယ်သမားထွက်သွားသောအခါ၊ ကျွန်ုပ်ကိုအကြောင်းရင်း မေး၏။ သူ၏လယ်ကွင်းထဲတွင် မတော်တဆတွေ့ရှိသော သနားစရာအန္တရာယ်မဲ့သည့်သတ္တဝါတစ်ကောင်၏ ဦးနှောက်ကို ဖေါက်မထုတ်ပြစ်သဖြင့်သာ ကျွန်ုပ်၏ဆရာဟောင်းကို ကျွန်ုပ်ကျေးဇူးတင်ရန် ရှိကြောင်း မိဖုရားမြတ်ကို ကျွန်ုပ်ရဲဝင့်စွာပြောပြ၏။ နိုင်ငံတဝက်တွင် ကျွန်ုပ်ကိုလှည့်လည်ပြသခြင်းဖြင့် သူရရှိသောအကျိုးအမြတ်နှင့် ယခုကျွန်ုပ်ကိုသူရောင်းချခဲ့သော အခကြေးငွေတို့ကြောင့် ထိုကျေးဇူးကို များစွာပေးဆပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုအချိန်က ကျွန်ုပ်တွေ့ကြုံခဲ့ရသော ဘဝမှာအလွန်တရာမလွယ်ကူလှကြောင်း၊ နေ့တိုင်း အချိန်

တိုင်း အဆက်မပြတ်ဖော်ပြခဲ့ရသဖြင့် ကျွန်ုပ်၏ကျန်းမာရေးထိခိုက်ခဲ့ရကြောင်း၊ ကျွန်ုပ်အသက်ရှင်တော့မည်မဟုတ်ဟု ကျွန်ုပ်၏ဆရာကသာမတွေးလျှင်၊ မိဖုရားမြတ်ထိုမျှ စျေးချောင်ချောင်ဖြင့် ဝယ်ယူရမည်မဟုတ်ကြောင်း ပြောပြ၏။ သို့သော် ထိုသို့ကြီးကျယ်ကောင်းမြတ်လှသော မိဖုရားမြတ်၏ကာကွယ်မှုအောက်တွင် ကျွန်ုပ်မဖွယ်မရာအပြုအမူခံရမည်ကို စိုးရိမ်စရာမလိုတော့သလို၊ ကျွန်ုပ်သေတော့မည်ဟု ကျွန်ုပ်ဆရာဟောင်း၏အထင်က အခြေအမြစ်မရှိဟု ကျွန်ုပ်မျှော်လင့်၏။ အကြောင်းမူကား မိဖုရားမြတ်၏အရှိန်အဝါထွန်းတောက်သည့် ရှေ့မှောက်တွင်၊ ကျွန်ုပ်၏စိတ်ဓါတ်ကပြန်လည်တက်ကြွလာနေသည်ကို ကျွန်ုပ်တွေ့ရှိပြီး ဖြစ်သောကြောင့်တည်း။

ငှင်းကအမှားအယွင်းများစွာဖြင့် အထစ်ထစ်၊ အငေါ့ငေါ့ပြောခဲ့ရသော ကျွန်ုပ်၏စကားများပင်ဖြစ်၏။ အထစ်ထစ် အငေါ့ငေါ့ပြောခြင်းက ဤလူတွေအတွက်ထူးခြားသောစကားပြောပုံတမျိုးဖြစ်ပြီး၊ ဂလူမ်ဒါလစ်ချ်က ကျွန်ုပ်ကိုနန်းတော်ဆောင်ဆီသို့သယ်ဆောင်လာစဉ်၊ သူမထံမှ ဝါကျစာကြောင်း တချို့ကို ကျွန်ုပ်သင်ကြားခဲ့ရ၏။

စကားပြောရာ၌ ကျွန်ုပ်၏အားနည်းချက်ကို ကြီးစွာခွင့်လွှတ်မှုပြုသော ဘုရင်မမှာဤမျှသေးငယ်လှသော တိရစ္ဆာန်တစ်ကောင်ကထိုမျှသိမြင်နားလည်မှုရှိသည်ဟု အံ့ဩသွား၏။ သူမက ကျွန်ုပ်ကို



လက်နှစ်ဖက်ဖြင့် ကောက်ယူပြီး၊ ဘုရင်ဆီသို့သယ်ဆောင်လာ၏။ ထိုအချိန်၌ ဘုရင်က၊ ကက်ဘိနက်ညီလာခံမှ အနားယူနေစဉ်ဖြစ်၏။ အလွန်တည်ကြည်ပြီး၊ ကျက်သရေရှိသောအရှင်မင်းမြတ်က၊ စ,မြင်မြင်ခြင်း၌ ကျွန်ုပ်၏ပုံပန်းသဏ္ဍာန်ကို ကောင်းကောင်းမတွေ့မြင်ရသဖြင့်၊ 'စပလပ်နပ်' တိရစ္ဆာန်ကို သူမနှစ်သက်နေသည်မှာ မည်မျှကြာပြီနည်းဟု အေးစက်သောအမူအရာဖြင့်မေး၏။ မိဖုရား၏ညာဘက်လက်ထဲတွင် ကျွန်ုပ်ရင်ဘတ်ဖြင့် မှေးလျှက်ရှိနေစဉ်၊ ထိုသတ္တဝါနှင့်၊ ကျွန်ုပ်အလွန်တူနေသောကြောင့်ဖြစ်၏။ သို့သော် အလွန်နှစ်သက်ဘွယ်ကောင်း၍သွက်လက်ချက်ချာသော ဤဘုရင်မကကျွန်ုပ်ကို စာရေးစားပွဲပေါ်သို့ ညင်သာစွာဖြင့် မတ်တပ်ရပ်ချပေးပြီး၊ အရှင်မင်းမြတ်အား ကျွန်ုပ်၏အဖြစ်အပျက်များကို ပြောပြရန် အမိန့်ပေး၏။ ကျွန်ုပ်ကစကားအနည်းငယ်ဖြင့်ပြောပြစဉ်၊ ကတ်ဘိနက်ညီလာခံတံခါး၌ ရပ်နေပြီး၊ ကျွန်ုပ်ကိုမျက်စေ့အောက်မှအပျောက်မခံနိုင်သော၊ ဂလူမ်ဒါလစ်ချ်က၊ အထဲသို့ဝင်ခွင့်အပြုခံရလျှင်၊ သူမ၏ဖခင်အိမ်သို့ ကျွန်ုပ်ရောက်သည့်အချိန်မှစ၍ ဖြစ်ပျက်ခဲ့သမျှအားလုံးကို အတည် ပြုပြောပြ၏။

ဘုရင်ကသူ၏အုပ်ချုပ်မှုနယ်ပယ်အောက်မှ လူများကဲ့သို့ပညာသင်ကြားခဲ့ရသော်လည်း၊ ဒဿနိကဗေဒနှင့်အထူးသဖြင့် သင်္ချာဗေဒတို့တွင် ပညာတတ်မြောက်ခဲ့၏။ သို့ဖြစ်လင့်ကစား၊ ကျွန်ုပ်၏ပုံပန်းသဏ္ဍာန်ကို တိတိကျကျတွေ့မြင်ရပြီး ကျွန်ုပ်စကားစမပြောခင်၊

လမ်းမတ်မတ်လျှောက်ပြသည်ကို တွေ့မြင်ရသောအခါ၊ ကျွန်ုပ်ကို အလွန်ကျွမ်းကျင်သော ပညာရှင်တစ်ဦးက တည်ထွင်ထားသည့် ဒွံပတ်ရုပ်ကလေးဖြစ်ရမည်ဟုထင်၏။ သို့သော်-ကျွန်ုပ်၏အသံကို သူကြားရပြီး ကျွန်ုပ်အကျိုးကအကြောင်းသင့်စကားပြောပုံကို တွေ့မြင်ရသောအခါ သူ၏အံ့ဩထိတ်လန့်မှုကို သူဖုန်းကွယ်မထားနိုင်ပါ။ သူ၏တိုင်းပြည်အတွင်း ကျွန်ုပ်ဝင်လာခဲ့ပုံနှင့် ပတ်သက်၍ ကျွန်ုပ်က အကျိုးအကြောင်းသင့်ပြောသည့်အခါ၊ သူကလုံးဝကြေနပ်နှစ်သိမ့်မှု ဖြစ်သော်လည်း၊ ၎င်းကိုဂလူမ်ဒါလစ်ချ်နှင့်သူမ၏သခင်အကြား ညှိနှိုင်းတိုင်ပင်ထားသော ဇာတ်လမ်းတစ်ပုဒ်အဖြစ်တွေးထင်၏။ ကျွန်ုပ်ကိုဈေးကောင်းကောင်းဖြင့်ရောင်းချနိုင်ရန်အတွက်၊ သူတို့က ကျွန်ုပ်ကို စကားလုံးတချို့သင်ကြားပြသခဲ့သည်ဟု သူကထင်၏။ ထိုသို့ သူစိတ်ကူးမိသဖြင့်၊ ကျွန်ုပ်ကိုအခြားမေးခွန်းများ-များစွာ မေးရာ၊ စကားမပီခြင်း၊ ဘာသာစကားကို ကောင်းစွာမတတ်ကျွမ်း သဖြင့်၊ ထီးသုံးနန်းသုံးစကားဖြင့် မဆီလျော်ဘဲစကားလုံးတချို့ ရှိုင်းစိုင်းနေခြင်းတို့မှလွဲ၍ အခြားအပြစ်အနာအဆာမရှိပဲ၊ အကျိုးအကြောင်းဆီလျော်စွာ ကျွန်ုပ်ဖြေကြားနိုင်ခဲ့ဖြစ်၏။

ထိုစဉ်က အပတ်စဉ်ခစားနေကြသော (၎င်းကထိုနိုင်ငံ၏ ထုံးစံဖြစ်၏) ကျောင်းဆရာကြီး (၃)ဦးကို အရှင်မင်းမြတ်က အခေါ် ခိုင်းလိုက်၏။ ဤလူကြီးမင်းများက ကျွန်ုပ်၏ပုံပန်းသဏ္ဌာန်ကို စေ့စေ့ စပ်စပ်အတော်ကြာစစ်ဆေးကြည့်ပြီးနောက်၊ ကျွန်ုပ်နှင့်ပတ်သက်၍



ထင်မြင်ချက်အမျိုးမျိုးပေးကြ၏။ ပုံမှန်သဘာဝအရ၊ ကျွန်ုပ်ပေါက်ဖွား လာခြင်းမဟုတ်ကြောင်းသူတို့အားလုံးက သဘောကူကြ၏။ အဘယ် ကြောင့်ဆိုသော်၊ လျင်မြန်မှုဖြင့်၎င်း၊ သစ်ပင်တက်ခြင်းဖြင့်၎င်း၊ မြေ တွင်းတူးခြင်းဖြင့်၎င်း၊ ကျွန်ုပ်အသက်ရှင်သန်နိုင်စွမ်းရှိအောင်၊ ကျွန်ုပ်၏ခန္ဓာကိုယ်အား ဖွဲ့စည်းတည်ဆောက်ထားခြင်း မရှိသော ကြောင့်ဖြစ်၏။ ကျွန်ုပ်၏သွားများကို သူတို့အလွန်သေချာစွာ ကြည့်ရှု ကြပြီးသော် ကျွန်ုပ်အသားစားတိရစ္ဆာန်ဖြစ်ရမည်ဟု သုံးသပ်ကြ၏။ သို့ဖြစ်လင့်ကစား ကျွန်ုပ်အနေဖြင့်ခြေလေးချောင်းသတ္တဝါများကို မယှဉ်နိုင်သလို၊ လက်ကြွက်အပါအဝင်အချို့တို့ကလည်း အလွန် လျှင်မြန်ကြသဖြင့်၊ ဂရုပက်ကျိနှင့်၊ အခြားအင်းဆက်ပိုးများကို ကျွန်ုပ် မစားပဲနှင့် ကျွန်ုပ်ကိုကျွန်ုပ်မည်ကဲ့သို့ ထောက်ပံ့မှုပေးနိုင်မည်ကို သူတို့ စဉ်းစား၍မရပါ။ သူတို့ကများစွာ ငြင်းခုန်ကြ၍ ကျွန်ုပ်ထိုကဲ့သို့ ပြုလုပ် ရန်ဖြစ်နိုင်မည်မဟုတ်ကြောင်း ဖော်ပြကြ၏။ သူတို့အထဲမှ အသိပညာ ရှင် အမျိုးသမီးငယ်တစ်ယောက်က ကျွန်ုပ်ကိုလူ့ခြောက်ကလေးဖြစ် နိုင်သည်ဟု တွေးထင်၏။ သို့သော် ဤယူဆချက်ကိုအခြားပညာရှင် နှစ်ယောက်ကပယ်ချလိုက်၏။ ကျွန်ုပ်၏ခြေလက်များက ကောင်းစွာ ပြည့်ပြည့်စုံစုံရှိနေကြောင်းနှင့် ကျွန်ုပ်၏မုတ်ဆိတ်မွေးများက ဖော်ပြပုံ အရ၊ ကျွန်ုပ်နှစ်ပေါင်းများစွာ နေထိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သူတို့က သုံးသပ်ကြပြီး၊ ကျွန်ုပ်၏မုတ်ဆိတ်မွေးထိုးထိုးထောင်ထောင်များကို မှန်ဘီလူးဖြင့် သူတို့ထင်ရှားစွာ တွေ့မြင်ကြ၏။ သူတို့က ကျွန်ုပ်ကို

လူစဉ်မမှီသူ၊ လူပုကလေးအဖြစ်လည်း မယူဆကြပါ။ အကြောင်းမူကား ကျွန်ုပ်၏သေးကွေးမှုက မည်သို့မျှနိုင်းယှဉ်၍မရအောင်လွန်ကဲနေ၏။ ထိုနိုင်ငံတွင် အသေးဆုံးဟုသိထားကြသော ဘုရင်မ၏ အချစ်တော်လူပုကလေးပင်လျှင် ပေ(၃၀)ခန့်နီးပါးမြင့်၏။ များစွာဆွေးနွေးကြပြီးနောက် ကျွန်ုပ်အားလူစဉ်မမှီသူတစ်ယောက်အဖြစ် သူတို့တညီတညွတ်တည်းသုံးသပ်ချက်ချလိုက်ကြ၏။ ဤသို့ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် ကျွန်ုပ်ကစကားတခွန်း၊ နှစ်ခွန်း၊ ပြောရရန် အနူးအညွတ်တောင်းပန်၏။ ဘုရင်ကို ကျွန်ုပ်ကိုယ်တိုင်စကားပြောပြီး၊ ကျွန်ုပ်နှင့်အရပ်အမြင့်ခြင်းတူညီသော ကျား၊ မ သန်းပေါင်းများစွာရှိသည့် နိုင်ငံတနိုင်ငံမှ ကျွန်ုပ်လာခဲ့ကြောင်း၊ အရှင်မင်းမြတ်အား ကျွန်ုပ်ကအသေအချာပြော၏။ ထိုနိုင်ငံ၌ တိရိစ္ဆာန်များ၊ သစ်ပင်များနှင့် အိမ်များအားလုံးမှာ အချိုးအစားညီမျှစွာရှိကြပြီး၊ ဤသို့ဖြင့် အရှင်မင်းမြတ်၏တိုင်းသူပြည်သားများက ဤနေရာ၌ ကိုယ့်ကိုကိုကာကွယ်နိုင်ကြ၍ ကိုယ်ဝမ်းစာကိုယ်ရှာစားနိုင်ကြသကဲ့သို့ ကျွန်ုပ်ကလည်း ထိုကဲ့သို့ ပြုလုပ်နိုင်ကြောင်းပြော၏။ ထိုလူကြီးမင်းများ၏ ငြင်းခုန်ပြောဆိုချက်များကို ကျွန်ုပ်ကရှင်းရှင်းလင်းလင်းပြန်ဖြေ၏။ ကျွန်ုပ်ထိုသို့ဖြေလျှင်၊ သူတို့က မဲ့ပြုံးပြုံး၍ ပြန်လည်တုန့်ပြန်ကြပြီး၊ လယ်သမားက ကျွန်ုပ်ကိုကောင်းစွာသွန်သင်ပြသထားသည်ဟု ဆိုကြ၏။ နားလည်မှုပိုရှိသော ဘုရင်ကသူ၏ပညာရှိလူများကို နှင်ထုတ်ပြီးသော်၊ လယ်သမားကိုအခေါ်လွှတ်လိုက်၏။ ကုသိုလ်ကံ



ကောင်းစွာဖြင့်၊ သူကမြို့ထဲမှထွက်ခွာသွားခြင်းမပြုသေးပါ။ ထို့ကြောင့် သူ့ကို ပထမဦးဆုံးသီးသန့် တစ်ဦးတည်းစစ်ဆေးပြီးနောက် ကျွန်ုပ်နှင့်မိန်းကလေးငယ်ကို သူနှင့်ထိပ်တိုက်တွေ့ပေးလိုက်လျှင် သူ့အား၊ ကျွန်ုပ်တို့ပြောခဲ့သော အရာများမှာ မှန်ကန်နိုင်ပေသည်ဟု အရှင်မင်းမြတ်က ထင်စပြုလာ၏။ ကျွန်ုပ်ကိုအထူးတာလုယ်ဂရုစိုက်ရန်အတွက် မိဖုရားကို သူကအမိန့်ထုတ်စေချင်ပြီး၊ ဂလူမ်ဒါလစ်ချ်နှင့် ကျွန်ုပ်တို့တစ်ယောက်ကိုတစ်ယောက်အလွန်ချစ်ခင်နေကြသည်ကို သူတွေ့မြင်ရသောကြောင့်၊ ကျွန်ုပ်အားထိန်းသိမ်းစောင့်ရှောက်မည့် ဘုရင်မ၏ ရုံးတော်တွင်သူမ ဆက်လက်ရှိနေသင့်သည်ဟု သူထင်မြင်၏။ နန်းတော်ဆောင်တွင် သူမအတွက် သင့်တော်မည့်အခန်းဆောင် တခုကို သူမအားထောက်ပံ့ပေး၏။ သူမ၏ပညာရေးကို တာဝန်ယူပေးမည့် အထိမ်းတော်အမျိုးသမီးတစ်ဦး သူမကိုအဝတ်အစားဝတ်ပေးမည့် အစေခံအမျိုးသမီးတစ်ဦးနှင့် ဘာရိယကိစ္စများအတွက် အခြားဝန်ထမ်း(၂)ဦးကို ခန့်ပေးထား၏။ သို့သော် ကျွန်ုပ်ကိုဂရုစိုက်ရမည့် ကိစ္စများကသူမ၏တာဝန်လုံးလုံးလျားလျားဖြစ်၏။ ဂလူမ်ဒါလစ်ချ်နှင့် ကျွန်ုပ်တို့သဘောတူလက်ခံသော ပုံစံဒီဇိုင်းဖြင့် ကျွန်ုပ်အတွက် အိပ်ခန်းအဖြစ်အသုံးပြုနိုင်သော သေတ္တာတစ်လုံးကို ဘုရင်မက သူမ၏လက်သမားအား ပြုလုပ်ခိုင်း၏။ ထိုလူကအလွန်ကျွမ်းကျင်လိမ္မာသော ပညာရှင်တစ်ယောက်ဖြစ်ပြီး၊ ကျွန်ုပ်၏ညွှန်ကြားချက်ဖြင့်၊ လန်ဒန်မှအိပ်ခန်းများနှင့်တူစွာ၊ ပြတင်းပေါက်များ၊ တံခါးပေါက်တစ်ခု

နှင့် အဝတ်အစားထည့်ကပ်ဘီဒိုနှစ်လုံးပါရှိပြီး၊ (၁၆)ပေပတ်လည်ရှိ၍၊ (၁၂)ပေမြင့်သော၊ သစ်သားအခန်းတခန်းကို ကျွန်ုပ်အတွက် ရက်သတ္တပတ်(၃)ပတ်ဖြင့် ပြီးစီးအောင်သူလုပ်ပေး၏။ မျက်နှာကျက် လုပ်ထားသော သစ်သားပြားကို ပတ္တာ(၂)ခုဖြင့် တင်နိုင်-ချနိုင်ကာ၊ ပရိဘောဂကုန်သည်တစ်စုက၊ အဆင်သင့်ပေးအပ်ထားသော ကုတင် ကိုထည့်ထား၏၊ ဂလူမ်ဒါလစ်ချ်-က နေ့စဉ်ကုတင်ကိုလေသလပ်ခံ ပြီး၊ ညာဘက်တွင်အထပ်ပြန်ထည့်၍ ကျွန်ုပ်အပေါ်မှ အမိုးကိုသော့ ခတ်ပိတ်၏။ အနည်းငယ်စပ်စုလိုတတ်သည်ဟု သတင်းကြီးပြီး၊ နှစ်လိုဘွယ်ကောင်းသော အလုပ်သမားတစ်ယောက်က၊ ဆင်စွယ် နှင့်မတူသော အရာဝတ္ထုဖြင့် ကျောမှီပါသော ထိုင်ခုံ(၂)ခု၊ စားပွဲ နှစ်ခုနှင့် ကျွန်ုပ်၏ပစ္စည်းများထည့်ရန် ဘီဒိုတစ်ခုကို ကျွန်ုပ်အတွက် လုပ်ပေးရန် ဂတိပြု၏။ ကျွန်ုပ်ကိုသယ်ဆောင်ကြသူများက ဂရုမပြု ကြသဖြင့် မတော်တဆဖြစ်ခြင်း မရှိစေရန်နှင့် မျက်နှာကျက်အပါ အဝင် အခန်း(၄)ဘက်(၄)တန်ကို အဝတ်အထပ်ထပ်ဖြင့် အခုအခံ လုပ်ပေးထား၏။ အိမ်ကြွက်များ၊ မြေကြွက်များဝင်လာခြင်းမှ ကာကွယ်ရန် ကျွန်ုပ်၏တံခါးကို ကျွန်ုပ်ကသော့ခတ်စေလို၏။ သော့ပြု လုပ်သည့်ဆရာက အကြိမ်ပေါင်းများစွာ ကြိုးစားအားထုတ်ပြီးနောက် သူတို့ထဲမှ မြင်ခဲ့ရသမျှထဲတွင် အသေးဆုံးသော့ခလောက်ကို ပြုလုပ်၏။ ကျွန်ုပ်ထိုသို့ပြောရခြင်းမှာ၊ အင်္ဂလန်မှ လူကြီးမင်း တစ်ယောက်၏အိမ်တံခါးပေါက်တွင် ကျွန်ုပ်တွေ့ခဲ့ရသော သော့



ခလောက်က သူ့ထက်ပိုကြီးနေ၍ဖြစ်၏။ သောတံကို ဂလူမ်ဒါလစ်ချ် ဖျောက်ပြစ်မည်စိုးသဖြင့်၊ ကျွန်ုပ်ကသော့တံအပိုတစ်ချောင်းကို ကျွန်ုပ် ၏အကျႌအိတ်ထဲတွင် ထည့်ထား၏။ အင်္ဂလိပ်စောင်တထည်ထက် သိပ်ပိုမထူးလှသော ရနိုင်သမျှထဲတွင် အပါးဆုံးပိုချည်ထည်များကို ကျွန်ုပ်အတွက်အကျႌများချုပ်ပေးရန် ဘုရင်မကအမိန့်ပေး၏။ ထိုပိုးချည်များက၊ ကျွန်ုပ်နှင့်လက်ပွန်းတတည်းမဖြစ်မချင်း အလွန် လေးပင်လှ၏။ ထိုအဝတ်အစားများက၊ ပါရှန်တိုနှင့် တူသလိုလို၊ တရုပ်တိုနှင့်တူသလိုလိုဖြင့် ထိုနိုင်ငံ၏ပုံစံအတိုင်းပင်ဖြစ်ကာ၊ လေးနက်သင့်တော်သော အဓိပ္ပါယ်ကိုဆောင်နေ၏။

ဘုရင်မက ကျွန်ုပ်နှင့်အတူနေရသည်ကို နှစ်သက်လွန်း သဖြင့်၊ ကျွန်ုပ်မရှိလျှင်သူမထမင်းပင် မစားနိုင်ပါ။ ဘုရင်မ ထမင်းစား သည့် နေရာတွင် သူမ၏ဝဲဘက်တံတောင်ဘေး၌ စားပွဲတလုံးနှင့် ကျွန်ုပ်ထိုင်ရန်ထိုင်ခုံတလုံးကို ကျွန်ုပ်ကနေရာချခိုင်းထား၏။ ဂလူမ်ဒါလစ်ချ်က၊ ကျွန်ုပ်ကိုဂရုစိုက်၊ ကူညီရန်အတွက် ကျွန်ုပ်၏ စားပွဲအနား၊ ကြမ်းပြင်ပေါ်ရှိထိုင်ခုံပေါ်တွင် မတ်တပ်ရပ်နေ၏။ ကျွန်ုပ် တွင် ငွေပန်ကန်ခွက်ယောက်အပြည့်အစုံနှင့်အခြားလိုအပ်သော ပစ္စည်းများရှိ၏။ ၎င်းတို့က ဘုရင်မ၏ပစ္စည်းများနှင့်နှိုင်းယှဉ်လျှင်၊ လန်ဒန်မှခလေးကစားစရာဆိုင်တွင်၊ ကျွန်ုပ်တွေ့မြင်ခဲ့ရသော ပစ္စည်း များထက် သိဂ်မကြီးလှပါ၊ ထိုပစ္စည်းများကို ကျွန်ုပ်ဆရာမကလေးက သူမ၏ အကျႌအိတ်ထဲတွင် ငွေသေတ္တာဘူးဖြင့်ထည့်ထားပြီး၊ အစာ

စားသည့်အခါ၊ ၄င်းတို့ကို ကျွန်ုပ်လိုလျှင် သူမကိုယ်တိုင် သန့်ရှင်းလျှက်၊ ကျွန်ုပ်ကိုပေး၏။ အကြီးဆုံးက (၁၆)နှစ်ရှိပြီး၊ အငယ်ဆုံးက ထိုအချိန်၌ (၁၃)နှစ်နှင့် (၁)လရှိသော တော်ဝင် မင်းသမီးနှစ်ယောက်နှင့်မှလွဲ၍၊ ဘုရင်မကာမည်သူနှင့်မှ ထမင်းအတူ တူမစားပါ။ အရှင်သခင်မက ကျွန်ုပ်၏ပန်းကန်ပြားတစ်ချပ်ထဲတွင် အသားတုံးအတော်များများကိုထည့်ပေးလေ့ရှိပြီး၊ ၄င်းတို့ကို ကျွန်ုပ်က မိမိအတွက်လှီးဖြတ်ရ၏။ ကျွန်ုပ်၏အစားအသောက်နည်းပါးပုံ ကို သူမကကြည့်၍သဘောကြ၏။ အဘယ်ကြောင့်ဆိုသော် အမှန်ပင် အစားအသောက်နည်းသော ဘုရင်မက အင်္ဂလိပ်လယ်သမား တဒါဇင်၊ အစားတခါစားသောက်သလောက် အစားအစာများကို တလုပ်တည်ဖြင့်စားဖြစ်လိုက်သောကြောင့်ဖြစ်ပြီး၊ ၄င်းက ကျွန်ုပ်အတွက် အချိန်အတော်ကြာပင် အလွန်စိတ်ပျက်ဘွယ်ကောင်းသော မြင်ကွင်းဖြစ်ခဲ့၏။ သူ့တို့ဆီမှ ငှက်တစ်ကောင်က ကျွန်ုပ်တို့ဆီမှ ကြက်ဆင်ကြီးတစ်ကောင်ထက် (၉)ဆပိုကြီးသော်လည်း၊ ထိုငှက် အတောင်ပံကို အရိုးအသားအားလုံး သူမ၏သွားဖြင့် သူမဝါးခြေ ပစ်ပြီး၊ ပေါင်မုန့်လုံး(၁၂)လုံးခန့်မျှကြီးမားသော ပေါင်မုန့်တုံးကို သူမ၏ ပါးစပ်ထဲသို့ သူမထည့်ဝါး၏။ ရွှေခွက်ဖြင့်သူမက ယမကာသောက်ပြီး ဘီယာတစည်ကျော်ကို တကြိုက်တည်းသောက်၏။ သူမ၏ ဓါးများက ကိုင်းခုတ်ဓါးထက် (၂)ဆပိုရှည်ပြီး၊ လက်ကိုင်ရိုးကို ဖြောင့်ဖြောင့် တတ်ထား၏။ ဇွန်းများခရင်းများနှင့်အခြားပစ္စည်းကရိယာများ အားလုံးကလည်း



ထိုကဲ့သို့သော အချိုးအစားရှိ၏။ နန်းတော်ဆောင် မှ စားပွဲတချို့ကို၊ ကြည့်မြင်လိုစိတ်ဖြင့်၊ ဂလူမ်ဒါလစ်ချ်က ကျွန်ုပ်ကို ခေါ်ဆောင်သွားခဲ့ပုံကို ကျွန်ုပ်မှတ်မိ၏။ စားပွဲများပေါ်တွင် ကြီးမား လှသော ဓါးများနှင့် ခရင်းများ(၁၀)ချောင်းခန့်ကို အတူတကွစုထောင်ထားရာ ထိုမျှကြောက်မက်ဘွယ်ကောင်းသော မြင်ကွင်းကို ထိုအခါမှသာ ကျွန်ုပ်မြင်ဘူးသည်ဟုထင်၏။

ဗုဒ္ဓဟူးနေ့တိုင်း (၄င်းကသူတို့၏ ဥပုဒ်နေ့ဖြစ်၏) ဘုရင်နှင့် ဘုရင်မတို့သည်၊ မင်းသမီး မင်းသားနှင့်အတူ အရှင်မင်းမြတ်၏ အခန်းဆောင်တွင် တမင်းအတူတကွစားသောက်ကြ၏။ ယခုအခါ ကျွန်ုပ်ကဘုရင်မင်းမြတ်၏အချစ်တော်ဖြစ်နေပြီး၊ ထိုအချိန်အခါမျိုးများတွင် ကျွန်ုပ်၏စားပွဲနှင့် ထိုင်ခုံကလေးကို သူ၏ဘယ်ဘက်၊ စားပွဲတင် ဆားပုလင်းရှေ့တွင် နေရာချပေး၏။ ဤဘုရင်မင်းမြတ်က ကျွန်ုပ်နှင့်စကားပြောဆိုခြင်းကို နှစ်သက်ပြီး၊ အဲပြုအမူကိစ္စ၊ ဘာသာရေးကိစ္စ၊ ဥပဒေရေးရာကိစ္စ၊ အစိုးရအကြောင်း၊ ဥရောပအကြောင်းတို့ကို မေးမြန်းလျှင်၊ ကျွန်ုပ်က တတ်နိုင်သမျှအကြောင်းစုံကို အကောင်းဆုံးရှင်းပြ၏။ သူက အလွန်တရာ ရှင်းလင်းစွာနားလည်ပြီး၊ သူ၏သုံးသပ်ချက်က အလွန်တရာတိကျမှုရှိသဖြင့် ကျွန်ုပ်ပြောပြသမျှ အရာအားလုံးအပေါ် သူကကျွမ်းကျင်လိမ္မာစွာ ရှုမြင်သုံးသပ်မှုပြု၏။ သို့သော် ကျွန်ုပ်ချစ်သောကျွန်ုပ်နိုင်ငံအကြောင်း၊ ကျွန်ုပ်တို့၏ ကုန်သွယ်မှုအကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်း၊ စစ်ပွဲများ

အကြောင်း၊ နိုင်ငံအတွင်း ဘာသာရေးအသင်းအဖွဲ့များဂိုဏ်းခွဲများ အကြောင်းကို ကျွန်ုပ်အတော်များများ ပြောပြသော်၊ သူ၏ပညာရေး အယူစွဲကကြီးလွန်းလှသဖြင့်၊ သူကမနေနိုင်တော့ပဲ၊ ကျွန်ုပ်ကို ညာဘက်လက်ဖြင့်ကောက်မပြီး၊ ကျန်လက်တဖက်ဖြင့် ကျွန်ုပ်ကို ညင်သာစွာပွတ်သပ်၍၊ ဟက်ဟက်ပက်ပက်ရယ်မောပြီးလျှင်၊ ကျွန်ုပ်ကိုကွန်ဆာဗေးတစ်ပါတီဝင်လား၊ လစ်ဘရယ်ပါတီဝင်လားဟု မေး၏။ ထို့နောက်သဘော်ရွက်တိုင်ကဲ့သို့ မြင့်မားလှသောအဖြူရောင် တုတ်တစ်ချောင်းနှင့် သူ၏နောက်တွင် ရပ်နေသောပထမဝန်ကြီး ဘက်သို့သူကလှည့်လျှက်၊ လူသားတို့၏ကိန်းခန်းကြီးမားပုံက မည်မျှ ရွံရှာဘွယ်ကောင်းကြောင်းနှင့်အင်းဆက်ပိုးကဲ့သို့ သေးငယ်သော ကျွန်ုပ်က ၎င်းကို တု-ပနိုင်းပုံတို့ကို သူကသုံးသပ်ပြ၏။ "နောက်ပြီး တော့" သူကပြော၏။ "ဒီသတ္တဝါတွေမှာ သူတို့ရဲ့ဂုဏ်ထူးတွေ ဘွဲ့ထူး တွေ ရှိတယ်ဆိုတာ၊ ငါပြောရဲတယ် အိမ်တို့၊ မြို့တော်တို့ အဲဒီလို သူတို့ခေါ်ဆိုကြတဲ့ အသိုက်ကလေးတွေ၊ အခေါင်းကလေးတွေကို သူတို့ကြံစည်ဖန်တီးကြတယ်၊ အဝတ်အစားနဲ့ကိရိယာတန်ဆာပလာ တွေကို သူတို့ပုံစံထွင်ကြတယ်၊ သူတို့ချစ်ကြတယ်၊ သူတို့တိုက်ခိုက် ကြတယ်၊ သူတို့အငြင်းပွားကြတယ်၊ သူတို့လိမ်လည်လှည့်စားကြ တယ်၊ သူတို့သစ္စာဖေါက်ကြတယ်"ဤသို့ဖြင့် သူကဆက်လက်ပြော နေစဉ်၊ ကျွန်ုပ်တို့၏မြင့်မြတ်သောနိုင်ငံအကြောင်း၊ ပြင်သစ်ကို စစ်ရှုံးသည့်အကြောင်း၊ ဥရောပတိုက်၏ကြီးစိုးမှုအကြောင်း၊ ကောင်း

---



မြတ်ခြင်း၊ ဘာသာတရားကိုင်းရှိုင်းခြင်း၊ အမှန်တရားနှင့်ဂုဏ်ယူ ဝင့်ကြွားခြင်းတို့အကြောင်းကို ကျွန်ုပ်ကြားရသဖြင့် အကြိမ်ပေါင်း များစွာ ကျွန်ုပ်စိတ်လှုပ်ရှားမှုဖြစ်မိ၏။

သို့သော် ရင့်သန်သောအတွေးအခေါ်များအပေါ် ကျွန်ုပ် စိတ်နာကျည်းမှုပြသရန် အခြေအနေမရှိသဖြင့် ကျွန်ုပ်စိတ်နာကျည်း မှုဖြစ်သင့်-မဖြစ်သင့်ကို ကျွန်ုပ်သံသယဖြစ်မိ၏။ ဤလူများကို ကျွန်ုပ် လပေါင်းများစွာ မြင်ရ-ကြားရ၍၊ အလေ့အကျင့်ဖြစ်လာပြီး နောက် ပိုင်းတွင်၊ သူတို့၏ကိုယ်ခန္ဓာကြီးမားပုံမြင်ကွင်းကြောင့် ကျွန်ုပ်ပထမ ဦးဆုံး သိရှိခံစားခဲ့မိသော ထိတ်လန့်မှုများက ပြေပျောက်သွား၏။ ဘုရင်မက ကျွန်ုပ်ကိုသူမ၏ လက်ပေါ်တင်၍ကြည့်မှန်ဆီသို့ယူလာ လျှင်၊ ကျွန်ုပ်မပြုံးဘဲမနေနိုင်ပါ။ ကြည့်မှန်ထဲတွင် ကျွန်ုပ်တို့နှစ်ဦးစလုံး က ကျွန်ုပ်ရှေ့၌အပြည့်အဝထွက်ပေါ်လာပြီး၊ ကျွန်ုပ်တို့လောက်ရယ်စရာ ကောင်းသော နှိုင်းယှဉ်စရာကရှိတော့မည်မဟုတ်ပါ၊ ထိုကြောင့်ပင် ကျွန်ုပ်၏အရွယ်အစားက ကျွန်ုပ်၏သာမန်အနေအထားထက် အဆ ပေါင်းများစွာ သေးငယ်သွားသည်ဟု ကျွန်ုပ်ထင်မိ၏။

ဘုရင်မ၏လူပုကလေးလောက် ကျွန်ုပ်ကိုဒေါသဖြစ်အရှက် ရစေသောအရာမရှိတော့ပါ။ သူကထိုနိုင်ငံ၌ ရှိသမျှအရပ်အမြင့်တွင် အနိမ့်ဆုံးဖြစ်သဖြင့်၊ သူ့ထက်နိမ့်သောသတ္တဝါတစ်ကောင်ကို တွေ့ရလျှင်၊ အလွန်စက်ဆုပ်ရွံရှာမှုဖြစ်လွန်းရာ၊ ဘုရင်မ၏ အပြင်ခန်း ဘွင် စားပွဲပေါ် ကျွန်ုပ်မတ်တပ်ရပ်လျှက်၊ နန်းတော်အဆောင်သူများ

နှင့် ကျွန်ုပ်စကားပြောနေစဉ်၊ ကျွန်ုပ်အနားမှသူဖြတ်သွားသည့်အခါ၊ သူကလူကောင်ကြီးလှသည့် ပုံစံဖမ်း၍လမ်းလျှောက်ပြ၏။ ထို့အပြင် ကျွန်ုပ်၏သေးကွေးမှုနှင့်ပတ်သက်၍ ယုတ်နိမ့်သောစကားတစ်ခွန်း၊ နှစ်ခွန်းကိုမပြောဘဲနေခဲ့လှပြီး၊ ထိုသို့ပြောလျှင် ကျွန်ုပ်ကသူ့ကို ညီလေးဟုခေါ်လျှက်၊ နပမ်းလုံးရန်စိမ်ခေါ်၏။ ထိုကဲ့သို့ ပါးနပ်စွာ တုန့်ပြန်မှုများက နန်းတော်ဆောင်မင်းမှုထမ်းတို့၏ ပါးစပ်တွင် ရေပန်းစားနေ၏။ တနေ့တွင် ထမင်းစားနေစဉ်၌၊ ဤစိတ်ယုတ်သောလူဆိုးကလေးက၊ သူ့အား ကျွန်ုပ်ပြောဆိုလိုက်သောအရာကို အလွန်ဒေါသဖြစ်လွန်းသဖြင့်၊ ကျွန်ုပ်ထိုင်နေစဉ်သူက ဘုရင်မ၏ထိုင်ခုံဘောင်ပေါ်တွင် မတပ်ထရပ်လျှက်၊ ကျွန်ုပ်ကိုအလည်မှကိုင် မ၍တစုံတရာအန္တရာယ်ကိုမစဉ်းစားဘဲ၊ ကြီးမားသောငွေရောင်နို့မလိုင်အိုးထဲသို့ပစ်ချလိုက်၏။ ထို့နောက်တတ်နိုင်သမျှ မြန်မြန်အဝေးသို့သူထွက်ပြေးသွား၏။ ခေါင်းစိုက်ထိုးလျှက်၊ ကျွန်ုပ်ပြုတ်ကျသွားပြီး၊ ကျွန်ုပ်ရေကူးသမားကောင်းမဟုတ်လျှင်၊ ကျွန်ုပ်အတွက်အလွန်ကိုလွယ်လှမည်မဟုတ်ပါ။ အကြောင်းမူကား ထိုအခိုက် အတန့်၌၊ ဂလူဒါလစ်ချ်က အခန်း၏အခြားတဖက်အဆုံးတွင်ရှိနေပြီး၊ ဘုရင်မက အလွန်ထိတ်လန့်လွန်းသဖြင့် ကျွန်ုပ်ကိုကူညီရမှန်းကိုပင် သတိမေ့လျော့နေ၏။ သို့သော် ကျွန်ုပ်၏ဆရာမကလေးက ကျွန်ုပ်ကိုကယ်တင်ရန်ပြေးလာပြီး၊ နို့မလိုင်တကွပ်ကျော်ခန့် ကျွန်ုပ်မျိုချမိပြီးနောက်တွင် ကျွန်ုပ်ကိုဆွဲယူလိုက်၏။ ကျွန်ုပ်ကိုအိပ်ယာပေါ်သို့တင်ပေး၏။



သို့သော်လည်း ကျွန်ုပ်၏အကျႌဝတ်စုံဆုံးရှုံးရခြင်းမှလွဲ၍ အခြားအပျက်အစီးများကို ကျွန်ုပ်မရရှိပါ။ ကျွန်ုပ်၏အကျႌကလုံးဝ ပျက်စီးသွား၏။ လူပုကလေးကို တရွှမ်းရွှမ်းမြည်အောင် ကြိမ်ဒဏ်ပေးပြီးနောက်ထပ်အပြစ်ပေးသည့်အနေဖြင့် ကျွန်ုပ်အားပြစ်ချလိုက်သောနို့အိုးထဲမှ နို့မလိုင်များကို သူသောက်ရ၏။ မည်သည့်အခါမှလည်းသူမျက်နှာသာအပေးမခံရတော့ပေ။ အကြောင်းမူကား၊ မကြာခင်တွင်ဘုရင်မက သူ့ကိုရာထူးမြင့်အမျိုးသမီးတစ်ဦးအား ပေးလိုက်သဖြင့်ကျွန်ုပ်အတွက်အလွန်ကြေနပ်စရာပင် သူ့ကိုကျွန်ုပ်မည်သည့်အခါမှမတွေ့မြင်ရတော့ပဲ၊ ထိုကဲ့သို့ စိတ်ယုတ်ညံ့သော လူဆိုးကလေးအနေဖြင့် မည်မျှစိတ်နာကျည်းမှုဖြစ်မည်ကို ကျွန်ုပ်မပြောနိုင်တော့ပါ။

ယခင်ကလည်း သူ၊ ကျွန်ုပ်ကိုမရိုးမသားဖြင့် လှည့်စားမှုတခုပြုလုပ်ခဲ့ဘူးပြီး ၄င်းကြောင့် ဘုရင်မက ရယ်မောပါသော်လည်း တချိန်တည်းတွင်သူမမှာ အသဲလှိုက်အောင်၊ စိတ်အနှောက်အယှက်ဖြစ်မိရာ၊ ကျွန်ုပ်သာသဘောထားကြီးစွာဖြင့် ဝင်ရောက်တားဆီးခြင်းမပြုလျှင်၊ သူ့ကိုချက်ခြင်းပင်နှင်ထုတ်မည်ဖြစ်၏။ ဘုရင်မက သူမ၏ပန်းကန်ပေါ်မှ အရိုးချောင်းကိုယူလိုက်ပြီး၊ အရိုးမှအကြောအဆီများစားပြီးသော် အရိုးကို ယခင်ကအတိုင်း ပန်းကန်ထဲတွင် ထောင်လျှက်၊ ပြန်ထားလိုက်၏။ ဂလူမ်ဒါလစ်ချ်က ဘီဒိုကြောင်အိမ်ဆီသို့သွားနေစဉ်၊ အခွင့်အရေးကိုစောင့်ကြည့်နေသော လူပုကလေးက၊ ထမင်းစားသည့်အခါ၌ ကျွန်ုပ်ကိုသူမဂရုတစိုက်မတ်တပ်ရပ်ကြည့်

တတ်သည့် ခုန်ပေါ် သို့တက်ပြီး၊ ကျွန်ုပ်ကိုလက်နှစ်ဖက်ဖြင့် ကိုင်ယူကာ၊ ကျွန်ုပ်၏ခြေထောက်များကို စုညှစ်လျှက်၊ အရိုးအခေါင်းပေါက်ထဲသို့ ကျွန်ုပ်၏ခါးရောက်သည်အထိ၊ ၄င်းတို့ကိုထိုးထည့်၏။ ကျွန်ုပ်ကထို အခေါင်းပေါက်ထဲတွင် အချိန်အတော်ကြာစိုက်ဝင်နေပြီး၊ အလွန် ရယ်စရာကောင်းသည့်ပုံစံဖြစ်နေ၏။ တမိနစ်လောက်ကြာမှ ကျွန်ုပ် ဘာဖြစ်နေသည်ကို သူတို့သိသည်ဟုကျွန်ုပ်ယုံကြည်၏။ ၄င်းကြောင့် ကျွန်ုပ်အော်ဟစ်မိသည်ဟု ထင်သောကြောင့်ဖြစ်၏။ သို့သော်မင်းညီ မင်းသားတို့က သူတို့၏အစားအစာကို မူမူလောင်လောင်စားခဲတတ် ကြသဖြင့်၊ ကျွန်ုပ်၏ခြေထောက်များအပူလောင်မခံရပါ။ ကျွန်ုပ်၏ ခြေအိတ်များနှင့် ဘောင်းဘီသာဝမ်းနည်းစရာကောင်းသောအခြေ အနေသို့ ရောက်ရှိသွားရှာ၏။ ကျွန်ုပ်၏အနူးအညွတ်တောင်းပန်မှု ကြောင့်၊ လူပုကလေးမှာ ကြိမ်ဒဏ်တချွမ်းချွမ်းအပေးခံရခြင်းမှလွဲ၍ အခြားအပြစ်ဒဏ်များ ရရှိခြင်းမရှိခဲ့ပါ။

ကျွန်ုပ်ကြောက်ရွံ့တတ်သောကြောင့်၊ ဘုရင်မက ကျွန်ုပ်ကို မကြာခဏအားပေးပြီး၊ ကျွန်ုပ်၏နိုင်ငံမှလူများက ကျွန်ုပ်ကဲ့သို့ပင်၊ အလွန်ကြောက်တတ်ကြသလားဟု ကျွန်ုပ်ကိုမကြာခဏမေးလေ့ရှိ၏။ အခြေအနေက ဤကဲ့သို့ဖြစ်ခဲ့၏။ ဤနိုင်ငံတွင် နွေရာသီ၌ ယင်ကောင်များကအလွန်ဒုက္ခပေးပြီး၊ ဤမနှစ်မြို့ဘွယ်အင်းဆက် ပိုးမွှားများက ငှက်တစ်ကောင်ခန့်မျှ အသီးသီးကြီးမားကြလျက်၊ ကျွန်ုပ် ထမင်းထိုင်စားနေစဉ် ကျွန်ုပ်၏နား၊ နားတွင် အဆက်မပြတ်အော်



မြည်ကြရာ၊ ကျွန်ုပ်မှာကောင်းကောင်းနေမရဖြစ်မိ၏။ တခါတရံ၌ သူတို့က ကျွန်ုပ်၏အစားအသောက်များပေါ် ဆင်းသက်နားကြပြီး၊ မနှစ်မြို့ဘွယ်ရာကောင်းသော သူတို့မစင်များ သို့မဟုတ် ဥများကို ချထားခဲ့ကြ၏။ ၄င်းတို့ကို ဤနိုင်ငံမှ လူများက မမြင်နိုင်ကြ သော်လည်း၊ ကျွန်ုပ်က ကောင်းစွာတွေ့မြင်ရ၏။ သေးငယ်သော ပစ္စည်းများကို ကြည့်ရှုရာတွင် သူတို့၏ကြီးမားသော မျက်လုံးများက ကျွန်ုပ်၏မျက်လုံးလောက်အမြင်အာရုံထက်မြက်မှုမရှိပါ။ တခါတရံ တွင် သူတို့က ကျွန်ုပ်၏နှာခေါင်းပေါ်၌၄င်း၊ သို့မဟုတ် နဖူးပေါ်၌၄င်း ဝင်နားပြီး အနံ့ဆိုးဝါးစွာဖြင့်၊ ကျွန်ုပ်ကိုထိုးတုတ်ကြ၏။ ရွံရှာဘွယ် ဤသတ္တဝါများကို ကာကွယ်ရန်အတွက်၊ ကျွန်ုပ်မှာထိတ်ထိတ်ပြာပြာ ဖြစ်ရပြီး၊ ကျွန်ုပ်၏မျက်နှာဆီသို့ သူတို့လာကြသောအခါ ကျွန်ုပ် မထိတ်လန့်ဘဲမနေနိုင်ပါ။ ကျွန်ုပ်တို့ဆီမှ ကျောင်းသားလေးများ ပြုလုပ်ကြသကဲ့သို့ လူပုကလေးက ဤအင်းဆက်ပိုး အတော်များများ ကို သူ၏လက်ဖြင့် ဖမ်းယူတတ်သည့် အကျင့်ရှိပြီး၊ ကျွန်ုပ်ကို ထိတ်လန့်စေရန်နှင့်ဘုရင်မကိုသဘောကျစေရန်၊ ရည်ရွယ်ချက်ဖြင့် သူက၄င်းတို့ကို ကျွန်ုပ်၏မျက်နှာရှေ့တွင် လွှတ်ပေး၏။ ၄င်းတို့က လေထဲ၌ ပျံသန်းနေကြစဉ်၊ ကျွန်ုပ်က ၄င်းတို့ကို ဓါးဖြင့်အပိုင်းပိုင်း အပြတ်ပြတ်ခုတ်ဖြတ်ခြင်းဖြင့် တုန့်ပြန်မှုပြု၏။ ဤသို့ဖြင့် ကျွန်ုပ်၏ ကျွမ်းကျင်မှုကို ပို၍သဘောကျကြ၏။

ရာသီဥတုကောင်းမွန်သောနေ့များတွင် ဂလူမ်ဒါလစ်ချ်က

ကျွန်ုပ်ကိုလေကောင်းလေသန့်ရှူစေရန် ပြုလုပ်တတ်သည့် အတိုင်း ကျွန်ုပ်ကို သေတ္တာထဲတည့်၍ ပြူတင်းပေါက်ပေါ်တင်ထားသည့်ထို တမနက်ကို ကျွန်ုပ်မှတ်မိ၏။ ကျွန်ုပ်၏သေတ္တာပြူတင်းပေါက်တစ်ခုကို ကျွန်ုပ်ကဖောင်ပြီးနောက်၊ မနက်စာအဖြစ်၊ ချိုမြိန်သော ကိတ်မုန့်တစ်တုံးကို စားပွဲ၌ ထိုင်စားနေစဉ်၊ ခွေးလေးပျားအကောင် (၂၀)ခန့်က အနံ့၏ခွဲဆောင်မှုကြောင့်၊ များစွာသောလေပိုက်တူရိယာ မှုတ်သံထက် ပိုမိုကျယ်လောင်သော ဆူညံသံများဖြင့် ကျွန်ုပ်၏အခန်းထဲသို့ ပျံသန်းဝင်ရောက်လာ၏။ သူတို့ထဲမှအချို့က ကျွန်ုပ်၏ကိတ်မုန့်ကို ဖမ်းဆွဲကြပြီး၊ အဝေးသို့ဖဲ့ယူသွားကြ၏။ ကျန်တချို့က ကျွန်ုပ်၏ မျက်နှာနှင့် ဦးခေါင်းနားတွင်ပျံသန်းနေကြပြီး၊ ဆူညံသံများဖြင့် ကျွန်ုပ်ကို စိတ်ဒုက္ခပေးလျှက်၊ သူတို့၏အထိုးအတုတ်ကို ကျွန်ုပ်အလွန်ကြောက်ရွံ့မိ၏။ သို့သော်လည်း ကျွန်ုပ်ကမတ်တပ်ထရပ်၍၊ ဓါးကို ဆွဲထုတ်ကာ သူတို့ကို လေထဲ၌ တိုက်ခိုက်ရဲသည့်သတ္တိရှိ၏။ သူတို့ထဲမှ (၄)ကောင်ကို ကျွန်ုပ်သတ်ဖြတ်လိုက်၏။ သို့သော်ကျန်အကောင်များက ထွက်ပြေးသွားကြရာ၊ ကျွန်ုပ်ကပြတင်းပေါက်ကို ချက်ခြင်းပိတ်လိုက်၏။ ထိုသတ္တဝါကိုများက ငုံးငှက်များလောက် ကြီးမား၏။ သူတို့၏နှုတ်သီးများကို ကျွန်ုပ်ဆွဲနှုတ်ရာ၊ ၎င်းတို့က တစ်လက်မခွဲခန့်ရှည်ပြီး၊ အပ်တစ်ချောင်းကဲ့သို့၊ ချွန်ထက်လှသည်ကို ကျွန်ုပ်တွေ့ရှိရ၏။ ကျွန်ုပ်က၎င်းတို့အားလုံးကို ဂရုစိုက်လျှက်သိမ်းထားပြီး၊ ဥရောပဒေသအများအပြားတွင် အခြားသော စိတ်ဝင်စား



စရာများနှင့် အတူ၎င်းတို့ကို ပြသခဲ့ပြီးသော်၊ အင်္ဂလန်သို့ ကျွန်ုပ်ပြန်ရောက်သောအခါ၊ ၎င်းတို့ထဲမှ (၃)ခုကို ဂရက်မာန်ကောလိပ်သို့ ကျွန်ုပ်ပေးခဲ့ပြီး၊ စတုတ္ထမြောက်တခုကိုမူ၊ ကျွန်ုပ်**အတွက်**သိမ်းထား၏။

## အခန်း (၄)

ဤနိုင်ငံအတွင်း၊ ကျွန်ုပ်သွားခဲ့ရသလောက်၊ ၎င်း၏ပုံပန်းသဏ္ဌာန်အကျဉ်းချုပ်ကို စာရှုသူအား ကျွန်ုပ်ယခုပြောပြဘို့ ရည်ရွယ်ထား၏။ ၎င်းကမြို့တော် 'လော်ကရုဂရု' နှင့် မိုင်နှစ်ထောင်ပတ်ဝန်းကျင်ထက်မပိုပါ။ ကျွန်ုပ်အမြဲတမ်းအခစားဝင်နေခဲ့သော ဘုရင်မက၊ ဘုရင်တိုင်းခန်းလှည့်စဉ် လိုက်ပါရသောအခါ၊ သည့်ထက်ပို၍ မည်သည့်အခါမှမသွားခဲ့ဘဲ၊ အရှင်မင်းမြတ်နယ်စပ်ဒေသများကို ကြည့်ရှုပြီးရာမှ ပြန်လာသည်အထိ၊ ထိုနေရာတွင်သာတည်းခိုနေသောကြောင့်ဖြစ်၏။ ဤဘုရင်၏အုပ်ချုပ်မှုနယ်ပယ်အတိုင်းအတာမှာ အရှည်မိုင်-၆၀၀၀ခန့်သို့ရောက်ရှိပြီး၊ အကျယ်အားဖြင့်မိုင် (၃)ထောင်မှ (၅)ထောင်အထိရှိ၏။ ဤသို့ဖြင့် ဂျပန်နှင့်ကာလီဖိုးနီးယားအကြားတွင် ပင်လယ်မှလွဲ၍ ဘာမှမရှိဟု ယူဆခြင်းဖြင့်၊ ကျွန်ုပ်တို့၏ပထဝီပညာရှင်များ အကြီးအကျယ်မှားယွင်းနေကြသည်ကို ကျွန်ုပ်သုံးသပ်ချက်၊ ချလိုက်ရ၏။ အကြောင်းမူကား၊ တာတာရီကျွန်းဆွယ်ကြီးနှင့်ဘက်ညီမျှဖြစ်စေရန်ကမ္ဘာမြေကြီး ကျန်ရှိနေရဦးမည်ဟု ကျွန်ုပ်ထင်မြင်ယူဆသောကြောင့်ဖြစ်၏။ ထို့ကြောင့်ကြီးမားလှသော ဤမြေပြင်ကို

အမေရိကအနောက်မြောက်ဘက်အခြမ်းနှင့် ဆက်စပ်ခြင်းဖြင့် သူတို့၏ မြေပုံကားချပ်များကို သူတို့ပြန်လည်ပြင်ဆင်သင့်ပြီး၊ ဤကိစ္စတွင် သူတို့အား ကျွန်ုပ်ကူညီရန် အဆင်သင့်ဖြစ်နေ၏။

ဤနိုင်ငံက မိုင် (၃၀)ထက်မြင့်သော တောင်တန်းကြီးဖြင့် အဆုံးသတ်ထားသော ကျွန်းဆွယ်တစ်ခုဖြစ်ပြီး၊ **တောင်တန်းထိပ်ပေါ်**တွင် မီးတောင်များရှိသောကြောင့်၊ ၎င်းအ**ပေါ်သို့** မကျော်ဖြတ်နိုင်ပါ။ ထိုတောင်တန်းများနောက်တွင် မည်ကဲ့သို့သောလူမျိုးများနေထိုင်ကြသည်ကို အများစုက မသိကြသလို၊ ထိုနေရာ၌လူနေထိုင်ခြင်းရှိမရှိကိုလည်း မသိကြပါ။ အခြား(၃)ဘက်တွင် ၎င်းကို သမုဒ္ဒရာက ကာရံထား၏။ တတိုင်းတပြည်လုံးတွင် ပင်လယ်ဆိပ်ကမ်းမရှိဘဲ၊ မြစ်များစီးထွက်သည်ကမ်းခြေများတွင် ချွန်ထက်သော ကျောက်တုံးများအလွန်ပေါများလှပြီး၊ ပင်လယ်ကရေဘူယျအားဖြင့် ကြမ်းတမ်းလွန်းလှသဖြင့် သူတို့၏အသေးငယ်ဆုံးလှေကလေးများဖြင့် သူတို့စွန့်စားခြင်း မပြုကြပါ။ ဤသို့ဖြင့် ဤလူများမှာ ကျန်ကမ္ဘာလောကနှင့် ကုန်စည်ကူးသန်းမှုလုံးဝမရှိပါ။ သို့သော် ကြီးမားသောမြစ်များမှာ ရေယာဉ်များနှင့်ပြည့်နေပြီး၊ အလွန်ကောင်းမွန်သောငါးများဖြင့် ပေါများလှ၏။ ပင်လယ်မှ ငါးများကို သူတို့ဖမ်းဆီးခဲ့၏။ အဘယ်ကြောင့်ဆိုသော်၊ ပင်လယ်ငါးများက ဥရောပမှငါးများနှင့်တရွယ်တည်းဖြစ်သဖြင့်၊ ၎င်းတို့ကိုဖမ်းဆီးခြင်းမပြုကြပေ။ ဤသို့ဖြင့် ထိုမျှအလွန်တရာအံ့ဩဘွယ်ကြောင့် ကောင်းလှသောအရွယ်အစားရှိကြသည့် တိရစ္ဆာန်



များ၊ အပင်များထွက်ရှိသည့် ဤသဘာဝလောကသည်၊ ဤကျွန်း၌သာလုံးဝကန့်သတ်ထားရှိသည်မှာ အလွန်ထင်ရှားလာ၏။ ၎င်း၏အကြောင်းရင်းကို အတွေးအခေါ်ပညာရှင်များကသာ ဆုံးဖြတ်ရန် ကျွန်ုပ်ထားခဲ့၏။ သို့သော်လည်း၊ မကြာခဏဆိုသလို၊ ကျောက်တုံးများနှင့်တိုက်ခတ်မိသောဝေလငါးများကို သူတို့ဆယ်ယူကြပြီး၊ ၎င်းတို့ကို လူအများက နှစ်သက်စွာစားသုံးကြ၏။ ထိုဝေလငါးများက ကျွန်ုပ် သိရသလောက်ကြီးလွန်းလှသဖြင့်၊ လူတစ်ယောက်အနေနှင့် ပခုံးပေါ်တွင် တင်ထမ်းရန်ခက်လှ၏။ တခါတရံတွင် ၎င်းတို့ကို စူးစမ်းရန်အတွက် ခြင်းများထဲ၊ ထဲ့၍'လော်ကရုဂရု' သို့ သယ်ဆောင်လာ၏။ ဘုရင်စားပွဲပေါ်မှ ပန်းကန်ပြားတစ်ချပ်ထဲတွင် ၎င်းတို့ထဲမှ တစ်ကောင်ကို ကျွန်ုပ်တွေ့မြင်ရပြီး၊ ၎င်းကရှားပါးလှ၏။ သို့သော်၎င်းကို သူနှစ်သက်လှသည်ဟု ကျွန်ုပ်မမြင်ပါ။ ဂရင်လန်ထဲတွင်၊ ၎င်းတို့ထက်ကြီးသောအကောင်များကို ကျွန်ုပ်တွေ့မြင်ခဲ့ဘူးသော်လည်း၊ အရွယ်အစားကြီးမားမှုက သူ့ကိုစိတ်ပျက်စေသည်ဟု ကျွန်ုပ်ထင်မိ၏။

ဤနိုင်ငံတွင်စည်းကားသိုက်မြိုက်စွာနေထိုင်ကြ၏။ ၎င်းတွင်မြို့တော် ၅၁ ခုရှိပြီး၊ တံတိုင်းခတ်ထားသောမြို့များတစ်ရာနီးပါးခန့်ရှိကာ၊ ကျေးရွာများကအလွန်များပြားစွာရှိ၏။ စိတ်ဝင်စားသောကျွန်ုပ်၏စာရှုသူကြေနပ်လောက်အောင် 'လော်ဂရုဂရု' အကြောင်းကိုလုံလောက်စွာဖော်ပြပြီး ဖြစ်တန်ရာ၏။ ဤ မြို့တော်က၊ ၎င်းကိုဖြတ်သန်းစီးဆင်းသွားသောမြစ်၏တဖက် တချက်တွင်ညီမျှလှသော

အချိုးအစားဖြင့်တည်ရှိနေ၏။ ၎င်းတွင် အိမ်ပေါင်း(၈)သောင်းရှိပြီး၊ နေထိုင်သူပေါင်း(၆)သိန်းကျော်ရှိ၏။ ဘုရင်၏အမိန့်အရပြုလုပ်ထားသော ဓာတ်ခင်မြေပုံကား ချပ်တွင် ကျွန်ုပ်ကိုယ်တိုင်တိုင်းတာကြည့်ချက်အရ ၎င်းကအရှည် (၅၄)မိုင်ရှိပြီး၊ အကျယ် (၄၅)မိုင်ရှိ၏။ မြေပုံကို ကျွန်ုပ်အတွက်ရည်ရွယ်လျှက် မြေပြင်ပေါ်တွင်ခင်းကျင်းပြထားပြီး ၎င်းကပေတစ်ရာခန့်ရှည်လျား၏။ ကျွန်ုပ်ကအချင်းနှင့်အကျယ်အဝန်းကို ခြေလှမ်းဖြင့်အကြိမ်ပေါင်းများစွာ လှမ်းပြီး စဘေးဖြင့်တွက်ချက်လျှက် ၎င်းကိုအတော်တိကျစွာတိုင်းတာ၏။

ဘုရင်၏နန်းတော်ကာစနစ်ကျသော အဆောက်အဦး မဟုတ်ပဲ(၇)မိုင်ခန့်ပတ်လည်ရှိသော အဆောက်အဦးအစုအပြုံ တစ်ခုသာဖြစ်၏။ ခန်းမကြီးများက ယေဘူယျအားဖြင့်၊ ပေ (၂၄၀) မြင့်ပြီး၊ အကျယ်နှင့်အလျားကလည်း အချိုးအစားညီစွာရှိနေ၏။ ဂလူမ်ဒါလစ်ချ်နှင့် ကျွန်ုပ်ကိုကိုရထားယာဉ်တစ်ခု ခွင့်ပြုထားပြီး၊ သူမ၏အုပ်ထိန်းသူက၊ သူမကိုထိုယာဉ်ရထားဖြင့်ခေါ်၍ မြို့ကို မကြာခဏပြ၏။ သို့မဟုတ် ဈေးဆိုင်များအကြားသွား၏။ ကျွန်ုပ်ကထိုအဖွဲ့နှင့်အမြဲရှိလျှက် သေတ္တာပုံးဖြင့် အသယ်ဆောင်ခံရသော်လည်း၊ မိန်းကလေးက ကျွန်ုပ်၏ဆန္ဒအရ၊ ကျွန်ုပ်ကိုမကြာခဏ ထုတ်ယူလျှက်၊ သူမ၏လက်ထဲတွင်ဆုတ်ကိုင်ထားသဖြင့်၊ လမ်းတလျှောက်တွင် ကျွန်ုပ်တို့ဖြတ်သွားကြစဉ်၊ အိမ်များ-လူများကို ကျွန်ုပ်ပို၍အလျင်းသင့်စွာရှုမြင်ရ၏။ ကျွန်ုပ်တို့၏ရထားယာဉ်က ဝက်မင်စတာ



ခန်းမအကျယ်အဝန်းရှိသည်ဟု၊ ကျွန်ုပ်မှတ်ယူ၏။ သို့သော် အမြင့်ကထိုမျှလောက်မရှိပါ။ သို့သော်လည်း ကျွန်ုပ်အတိအကျမပြောနိုင်ပါ။ တနေ့တွင်အုပ်ထိန်းသူအမျိုးသမီးက၊ ကျွန်ုပ်တို့၏ရထားယာဉ်ကိုဆိုင်တန်းများရှိရာနေရာ၌ရပ်ခိုင်း၏။ ထိုနေရာ၌သူတောင်းစားများက သူတို့၏အခွင့်အရေးကို ကြည့်လျှက်ရထားယာဉ်ဘေးတွင် ဝိုင်းအုံကြရာ၊ အင်္ဂလိပ်လူမျိုးတစ်ယောက်၏မျက်စေ့နှင့်မြင်ရသမျှတွင်၊ ကြောက်မက်ဘွယ်ရာအကောင်းဆုံးမြင်ကွင်းကို ကျွန်ုပ်တွေ့မြင်ရ၏။ အမျိုးသမီးတစ်ယောက်က ရင်သားကင်ဆာဖြစ်နေပြီး၊ သူမ၏ရင်သားကကြီးမားလှသော အရွယ်အစားဖြင့်ရောင်ကိုင်းနေကာ၊ အပေါက်၊ အပေါက်များဖြင့် ပြည့်နေ၍၊ ထိုအပေါက်များထဲမှ (၂)ခု၊ (၃)ခုအတွင်းသို့ ကျွန်ုပ်လွယ်ကူစွာ ဝင်နိုင်ပြီး၊ ကျွန်ုပ်၏တကိုယ်လုံးကို ဖုံးကွယ်ထားနိုင်၏။ လည်ပင်တွင်လည်း မှိုအိတ်ကြီး(၅)အိတ်ထက်ပိုကြီးသော ဖုလုံးကြီးနှင့်လူတစ်ယောက်လည်းရှိပြီး၊ အခြားတစ်ဦးကသစ်သားခြေထောက်(၂)ခုကို တတ်ထားရကား၊ ၎င်းတို့အသီးသီးကပေ(၂၀)ခန့်မြင့်၏။ သို့သော်၎င်းတို့အားလုံးထဲမှ မုန်းတီးဘွယ်အကောင်းဆုံးမြင်ကွင်းမှာ သူတို့၏အကျီများပေါ်တွင် တက်နေသောသန်းများဖြစ်၏။ ဤပိုးမွှားများ၏ ခြေလက်များကို မျက်လုံးသက်သက်ဖြင့် ကျွန်ုပ်ထင်ရှားစွာ တွေ့မြင်ရပြီး၊ ဥရောပမှမွှားတစ်ကောင်ကို မိုက်ကရိုစကုတ်ဖြင့် ကြည့်သည်ထက်ပို၍ ကောင်းမွန်စွာတွေ့မြင်ရ၏။ သူတို့က ကျွန်ုပ်မြင်ခဲ့ရသမျှတွင် ပထမဦးဆုံးဖြစ်ပြီး

မြင်ကွင်းကအမှန်ပင်၊ ကျွန်ုပ်ကိုအလွန်အော့နှလုံးနာစေသဖြင့် ကျွန်ုပ်၏ ရင်ထဲ၌မကောင်းသော်လည်း၊ ကျွန်ုပ်တွင်ပစ္စည်းကရိယာအစုံအလင်သာရှိလျှင် (ကုသိုလ်ကံမကောင်းသဖြင့် ၎င်းတို့ကို သင်္ဘောထဲ၌ ကျွန်ုပ်ထားခဲ့၏။) သူတို့ထဲတွင် တစ်ကောင်းကို ကျွန်ုပ်ခွဲစိပ်၍ လေ့လာကြည့်ရှုလို၏။

ကျွန်ုပ်ကိုထည့်၍သယ်ဆောင်သွားလေ့ရှိသော သေတ္တာကြီးအပြင်၊ ဘုရင်မက ကျွန်ုပ်အတွက်ပို၍သေးငယ်သော သေတ္တာတစ်လုံးကိုပြုလုပ်ရန် အမိန့်ပေး၏။ ၎င်းကအလျား-အနံ(၁၂)ပေခန့်ရှိပြီး၊ အမြင့်(၁၀)ပေခန့်ရှိကာ ခရီးသွားလာရန်အတွက်သင့်လျော်၏၊ သေတ္တာအကြီးက ဂလူမ်ဒါလစ်ချ်၏ပေါင်ပေါ်တင်ရန်အတွက်၊ အတော်ကိုကြီးလွန်းနေပြီး၊ ရထားယာဉ်ထဲတွင် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေ၏။ ဒီဇိုင်းပုံစံအတွက် ကျွန်ုပ်ညွှန်ကြားမှုပေးခဲ့သော လက်သမားဆရာကပင်၊ ၎င်းကို ပြုလုပ်ပေး၏။ ဤခရီးသွားသေတ္တာပုံးက အလျား-အနံ လေးဘက်အညီဖြစ်ပြီး၊ နံရံ (၃)ဘက်အလယ်တည့်တည့်တွင် ပြတင်းပေါက်တစ်ခုစီရှိကာ၊ ခရီးဝေးသွားရာ၌ မတော်တဆဖြစ်မှုကို ကာကွယ်ရန်အတွက် ပြတင်းပေါက်အသီးသီးကို အပြင်ဘက်မှသံဝါယာကြိုးများဖြင့် အကွက်စိတ်ခတ်လျက်၊ ပတ်ထား၏။ ပြတင်းပေါက်မရှိသည့် စတုတ္ထနံရံတွင်ခိုင်မာသော ချိတ်(၂)ခုကို တပ်ဆင်ထားပြီး၊ ဤသို့ဖြင့် ကျွန်ုပ်မြင်းစီးလိုစိတ်ရှိလျှင် ကျွန်ုပ်ကိုသယ်ဆောင်သူက ချိတ်(၂)ခုကိုသားရေခါးပတ်တွင်၊ ချိတ်



လျှက်၊ သေတ္တာကိုသူ၏ခါးတွင် ပတ်ချီထား၏။ ခရီးသွားနေစဉ် ရထားယာဉ်ကို ကျွန်ုပ်ငြီးငွေ့သွားသောအခါ၊ မြင်းပေါ်မှအမှုထမ်းက ကျွန်ုပ်၏သေတ္တာကို ခါးပတ်ဖြင့်ပတ်ချီပြီး၊ ၎င်းကိုသူ၏ရှေ့၊ ကူရှင်ပေါ်တွင် တင်ထား၏။ ထိုနေရာမှ၊ ကျွန်ုပ်ကပြတင်းပေါက်မှတဆင့် (၃)ဘက်(၃)တန်မှ တောနယ်ရှုခင်းကိုအပြည့်အဝတွေ့မြင်ရ၏။ ဤသေတ္တာခန်းထဲတွင် အိပ်ယာတစ်ခု၊ မျက်နှာကျက်မှဆွဲထားသော အိပ်စင်တစ်ခု၊ ထိုင်ခုံ(၂)ခုနှင့် စားပွဲတစ်ခုတို့ ကျွန်ုပ်အတွက်ရှိပြီး၊ မြင်း၏လှုပ်ရှားမှုကြောင့်၎င်း၊ ရထားယာဉ်၏လှုပ်ရှားမှုကြောင့်၎င်း ရွေ့လျားသွားခြင်းမဖြစ်စေရန် စားပွဲကိုကြမ်းပြင်တွင် သေသပ်စွာဝက်အူစုတ်ထား၏။ ပင်လယ်ပြင်ခရီးနှင့်ကာလကြာရှည်စွာ အတွေ့အကြုံဖြစ်ခဲ့သောကြောင့် ဤလှုပ်ရှားမှုက တခါတရံတွင် အလွန်ပြင်းထန်သော်လည်း ကျွန်ုပ်ကို အီနွေးသိပ်မပျက်စေပါ။

မြို့ကို ကျွန်ုပ်ကြည့်ချင်စိတ်ရှိသည့်အခါတိုင်း၊ ကျွန်ုပ်၏ခရီးသွားသေတ္တာပုံးထဲတွင် ကျွန်ုပ်အမြဲတမ်းနေပြီး၊ ဂလူမ်ဒါလစ်ချ်က ထိုနိုင်ငံကပုံစံမျိုးရှိသည့် ထမ်းစင်ထဲတွင်ထိုင်လျက်၊ ကျွန်ုပ်၏ သေတ္တာပုံးကို ပေါင်ပေါ်တင်ထားကာ၊ ထမ်းစင်ကိုလူ(၄)ယောက်ကထမ်း၍ ဘုရင်မ၏အမှုထမ်းဝတ်စုံနှင့်အခြားလူနှစ်ယောက်က အခစားလိုက်ပါ၏။ ကျွန်ုပ်၏အကြောင်းကိုမကြာခဏကြားဘူးသော လူများက အလွန်စိတ်ဝင်စားဟန်ဖြင့် ထမ်းစင်ဘေးတွင် ဝိုင်းအုံနေကြပြီး ကျွန်ုပ်၏ဆရာမကလေးက၊ စိတ်စေတနာကောင်းသူဖြစ်သဖြင့်၊

အထမ်းသမားများကို ရှယ်စေကာ၊ ကျွန်ုပ်ကိုပို၍ကောင်းမွန်စွာ တွေ့မြင်နိုင်စေရန်အလို့ငှာ သူမ၏လက်ထဲတွင်ကိုင်ပြ၏။

ဘုရားကျောင်းကြီးနှင့် ၎င်း၏မျှော်စင်ကြီးကို ကျွန်ုပ်အလွန် တွေ့မြင်လိုစိတ်ဖြစ်မိကာ၊ ၎င်းကို ဤနိုင်ငံတွင် အမြင့်ဆုံးအဖြစ် သတ်မှတ်ထား၏။ ဤသို့ဖြင့်တနေ့တွင် မိန်းကလေးက ကျွန်ုပ်ကို ထိုနေရာဆီသို့ခေါ် ဆောင်သွား၏။ သို့သော် ကျွန်ုပ်စိတ်ပျက်စွာဖြင့်၊ သာပြန်လာရသည်ဟု ဆိုရပေမည်။ အကြောင်းမူကား အမြင့်က ပေ-၃၀၀၀ ထက်မပိုပဲ၊ မြေပြင်မှအမြင့်ဆုံးထိပ်ချွန်အထိ၊ တွက်ကြည့်သော် ဥရောပမှ ကျွန်ုပ်တို့နှင့် ဤလူများ၏အရွယ်အစား အကြားအကွာအဝေးကွာဟချက်နှင့်လိုက်ဖက်မှုမရှိသဖြင့်၊ ၎င်းက ရင်သပ်ရှုမောဖြစ်ဘွယ်ရာမရှိပါ။ သို့သော်လည်း ကျွန်ုပ်အသက်၊ ရှင်နေသမျှကာလပတ်လုံး၊ ကျွန်ုပ်အပေါ် ကျေးဇူးရှိသောနိုင်ငံကို ဝုဏ်သိက္ခာသေးသိမ်စေခြင်းမဖြစ်စေရန်အတွက်၊ ဤကျော်ကြားသော မျှော်စင်တိုင်က၊ အမြင့်နှင့်ပတ်သက်၍ မည်မျှချို့ယွင်းချက်ရှိစေကာမူ၊ ၎င်းကိုခိုင်ခန့်လှပစွာ ပြုလုပ်ထားကြောင်းဆိုရပေမည်။ နံရံများကပေ-၁၀၀ နီးပါးခန့်ထူထဲပြီး၊ လှီးဖြတ်ထားသော ကျောက်တုံးများဖြင့်ဆောက်လုပ်ထားကာ၊ ထိုကျောက်တုံးအသီးသီးက ပေ ၄၀ခန့်ပတ်လည်ရှိ၏။ အားလုံးသော နံရံအဘက်ဘက်တွင် ဘုရားများနှင့်ဧကရာဇ်ဘုရင်များပုံကို အလှဆင်ထုလုပ်ထား၏။ ဤရုပ်တုများထဲရှိ တစ်ခုမှ ပြုတ်ကျပြီး၊ အမှိုက်ပုံများအကြားတွင် အမှုမဲ့အ



မှတ်မဲ့ရှိနေသော လက်သန်းကလေးကို ကျွန်ုပ်ကတိုင်းတာကြည့်ရာ၊ အရှည်က(၄)ပေနှင့် (၁)လက်မ အတိအကျရှိကြောင်း ကျွန်ုပ်တွေ့မြင်ရ၏။ ဂလူမ်ဒါလစ်က ၎င်းကို လက်ကိုင်ပုဝါဖြင့်ထုပ်ပြီး၊ အခြားသော ကစားစရာပစ္စည်းများအကြားထားရှိရန်အတွက် ၎င်းကို အိပ်ထဲထည့်၍ အိမ်သို့ယူဆောင်သွား၏။ သူမ၏အရွယ်တွင်ရှိသောကလေးများ ကဲ့သို့ပင် မိန်းကလေးကထိုပစ္စည်းများကို အလွန်နှစ်သက်၏။

ဘုရင်၏မီးဖိုခန်းက အမှန်ပင်မြင့်မြတ်သော အဆောက်အဦးဖြစ်ပြီး၊ ခေါင်မိုးတွင် အချွန်အတက်များပြုလုပ်ကာ ပေ-၆၀၀ ခန့်မြင့်၏။ ကျွန်ုပ်၏နိုင်ငံကို ကျွန်ုပ်ပြန်ရောက်ပြီးနောက်၊ စိန်ပေါ ဘုရားကျောင်း၏ ခေါင်မိုးကို ကျွန်ုပ်တိုင်းတာကြည့်ခဲ့သည့်အတိုင်း ကြီးမားသော မီးဖိုကြီးက ၎င်းထက် ခြေလှမ်း (၁၀)လှမ်းမျှပင် ပိုမကျယ်ပါ။ သို့သော် မီးဖိုကို ကျွန်ုပ်ဖော်ပြသည့်အတိုင်း ကြီးမားလှသောအိုးများ၊ ရေနွေးအိုးများက ကျွန်ုပ်အတွက်ယုံကြည်ရန် ခက်လှ၏။ ခရီးသည်များမကြာခဏပြုလုပ်တတ်သည်ဟု သံသယဖြစ်ကြသည့်အတိုင်း၊ ကျွန်ုပ်အနည်းငယ်ချဲ့ထွင်သည်ဟု အပြင်းအထန်ဝေဖန်တတ်သူများက၊ ထင်ချင်-ထင်ကြလိမ့်မည်။ ထိုကဲ့သို့ အဝေဖန်ခံရခြင်းကို ရှောင်ရှားရန်အတွက်၊ အခြားအစွန်းတဖက်သို့ ကျွန်ုပ်ရောက်သွားမည်ကိုလည်း စိုးရိမ်ပြီး၊ ဤကျမ်းစာအုပ်ကို ဘရောဒင်နာဂ်ျဘာသာသို့ဘာသာပြန်ဆိုပြီး ထိုနေရာသို့ပြန်ပို့ပေးလျှင် မှားယွင်း၍မပြည့်စုံသော အချက်အလက်များဖြင့် သူတို့ကို

ကျွန်ုပ်ထိခိုက်မှုပြုလုပ်ခဲ့သည်ဟု ဘုရင်နှင့်သူ့နိုင်ငံသားတို့က မကြေမနပ်ပြောကြားမည့်အကြောင်းကလည်းရှိသေး၏။

အရှင်မင်းမြတ်ကသူ၏မြင်းစောင်းထဲတွင် မြင်းအကောင် ၆၀၀ ကျော်ကို တခါတရံထားရှိ၏။ သူတို့က ပျမ်းမျှအားဖြင့် ၅၄ပေမှ ၆၀အထိ မြင့်ကြ၏။ သို့သော် နေ့ထူးနေ့မြတ်များတွင် တိုင်းတပါးသို့သူသွားသောအခါ မြင်းအကောင် ၅၀၀ ရှိသော စစ်သားအစောင့်များက နိုင်ငံကိုယ်စားလိုက်ပါကြ၏။ ၎င်းက ကျွန်ုပ်မြင်ခဲ့ရသမျှမြင်ကွင်းများထဲတွင် ကျက်သရေအရှိလှဆုံးဟု ကျွန်ုပ်ထင်ခဲ့ရာ၊ သူ့စစ်တပ်တချို့၏ စစ်ပွဲအခင်းအကျင်းကို ကျွန်ုပ်မြင်ခဲ့ရသည်အထိပင်ဖြစ်၏။ နောက်တကြိမ်အလျှင်းသင့်လျှင် ၎င်းကိုကျွန်ုပ်ပြောပြမည်ဖြစ်၏။



## အခန်း(၅)

ကျွန်ုပ်၏သေးငွေးမှုကြောင့် ရက်ဖွယ်အလီလီဒုက္ခဖြစ်ရသည့် မတော်တဆမှုအမြောက်အများကို ကျွန်ုပ်ကြုံတွေ့ရလျှင်၊ ဤနိုင်ငံတွင် ကျွန်ုပ်ပျော်ရွှင်စွာနေထိုင်သင့်၏။ မတော်တဆဖြစ်မှုများထဲမှ တချို့ကို ကျွန်ုပ်ပြန်လည်ဖော်ပြသင့်၏။ ဂလူမ်ဒါလစ်ချ်က ကျွန်ုပ်ကိုသေတ္တာပုံးကလေးထဲထည့်၍ နန်းတော်ဆောင်ပန်းခြံဆီသို့ မကြာခဏခေါ်ဆောင်သွားပြီး၊ တခါတရံတွင် ကျွန်ုပ်ကို သေတ္တာပုံးထဲမှထုတ်၍ သူမ၏လက်ထဲတွင် ဆုပ်ကိုင်ထား၏။ သို့မဟုတ် ကျွန်ုပ်ကိုအောက်ချပြီး၊ လမ်းလျှောက်ခိုင်း၏။ ဘုရင်မဆီမှ လူပုကလေး မထွက်ခွါခင်၊ တနေ့တွင် သူက ကျွန်ုပ်တို့နောက်ပန်းခြံထဲသို့ လိုက်လာပြီး၊ ကျွန်ုပ်၏ဆရာမကလေးက ကျွန်ုပ်ကိုအောက်ချပေး၍၊ သူနှင့်ကျွန်ုပ်တို့က ပန်းသီးပင်သေးသေးကလေးများအနား၌ အတူတကွနီးကပ်စွာရှိနေကြစဉ်၊ ကျွန်ုပ်ကမထိတရိလုပ်မိလိုက်၏။ ထိုသို့ဖြစ်လျှင် စိတ်ကောင်းမရှိသော လူဆိုးကလေးက အခွင့်အရေးကို စောင့်ကြည့်နေလျက်၊ ထိုအပင်တပင်အောက်သို့ ကျွန်ုပ်ရောက်သောအခါ

ထိုအပင်ကို ကျွန်ုပ်၏ဦးခေါင်းတည့်တည့်ပေါ်သို့လှုပ်ရမ်းချ၏။ ဤသို့ဖြင့် ပန်းသီးတဒါဇင်က အသီးသီးဖရဲသီးခန့်ကြီးမာလျှက်၊ ကျွန်ုပ်၏အနီး၌ ပြင်းထန်သောအရှိန်ဖြင့်ကျလာကြကုန်၏။ ကျွန်ုပ်ကကိုယ်ကိုကိုင်းလိုက်စဉ်၊ ၎င်းတို့ထဲမှ တလုံးကကျွန်ုပ်၏ကျောကုန်းကိုထိမှန်ပြီး၊ မြေပြင်ပေါ်၌ ကျွန်ုပ်ကိုဝမ်းလျားမှောက်ကျစေ၏။ သို့သော် ကျွန်ုပ်အနာတရရရှိခြင်းမရှိပါ။ ကျွန်ုပ်ကအနူးအညွတ်တောင်းပန်သောကြောင့် ကျွန်ုပ်၏ဆန္ဒအရ လူပုကလေးကိုခွင့်လွှတ်လိုက်ကြ၏။

အခြားနေ့တနေ့တွင် ဂလူမ်ဒါလစ်ချ်က သူမ၏အထိမ်းတော်ဖြင့် ခပ်လှမ်းလှမ်းသို့ လမ်းလျှောက်သွားနေစဉ် နူးညံ့သောမြက်ခင်းပြင်ပေါ်တွင် ပျော်ရွှင်နှစ်သက်စေရန်အတွက် ကျွန်ုပ်ကိုထားခဲ့၏။ ထိုအချိန်အတောအတွင်းမိုးသီးများ ပြင်းထန်စွာရုတ်တရက်ကျရောက်လာရာ၊ ၎င်း၏အရှိန်ကြောင့် ကျွန်ုပ်မှာ ရုတ်တရက်၊ မြေပြင်ပေါ်သို့လဲကျမိ၏။ ကျွန်ုပ်လဲကျနေစဉ်၊ မိုးသီးများကကျွန်ုပ်၏ကိုယ်ပေါ်အနှံ့ကို ရက်စက်ပြင်းထန်စွာ ထိမှန်နေရာ၊ ကျွန်ုပ်မှာ တင်းနစ်ဘောလုံးသမားများ၏ ပစ်ခတ်မှုကိုခံနေရသကဲ့သို့ အလားဖြစ်ပေါ်နေ၏။ သို့သော်လည်း ကျွန်ုပ်ကလေးဘက်ထောက်လျှက်တွားသွားရွေ့လျားပြီး၊ သံပုရာပင်အစပ်၏လေကွယ်ဘက်အရပ်တွင် မျက်နှာမှောက်လျှက်လဲလျောင်နေ၏။ သို့သော်လည်း ဦးခေါင်းမှခြေထောက်အဆုံးအထိပွန်းပဲဒဏ်ရာများရလွန်းသဖြင့် ကျွန်ုပ်မှာ (၁၀)ရက်အတွင်း အပြင်သို့မထွက်နိုင်ပါ။ ၎င်းကလည်း လုံးဝကို



အံ့ဩစရာမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော်ထိုနိုင်ငံမှ သဘာဝက၎င်း၏ဆောင်ရွက်ချက်ကို တူညီသောအချိုးအစားဖြင့် ပြုလုပ်ရမည်ဖြစ်သဖြင့်၊ မိုးသီးတစ်လုံးက ဥရောပမှမိုးသီးထက်အဆပေါင်း-၁၈၀၀နီးပါးခန့်ပိုကြီး၏။

သို့သော်လည်း ကျွန်ုပ်အတွက်အန္တရာယ်ပိုကြီးမားသောအဖြစ်အပျက်က၊ ထိုပန်းခြံထဲတွင်ပင်ဖြစ်ခဲ့၏။ ထိုစဉ်က ကျွန်ုပ်၏ဆရာမကလေးက ကျွန်ုပ်၏သေတ္တာပုံးကို ယူဆောင်လာရမည့် ဒုက္ခမှကင်းဝေးစေရန်အတွက်၊ အိမ်တွင်ထားခဲ့လျှက်၊ သူမကို ကျွန်ုပ်မကြာခဏအနူးအညွတ်တောင်းပန်ခဲ့သည့်အတိုင်း၊ ကျွန်ုပ်ကိုလုံခြုံသော နေရာတွင်ထားရစ်ခဲ့သည်ဟု သူမကယုံကြည်ရင်းဖြင့်၊ သူမ၏အုပ်ထိန်းသူနှင့်အသိမိတ်ဆွေတို့ဖြင့် ပန်းခြံ၏အခြားတဖက်သို့ထွက်သွားကြ၏။ သူမ မရှိသည့်အချိန်၊ သူမ မကြားရသည့်အချိန်တွင်၊ ဥယာဉ်မှူးတစ်ယောက်ပိုင်ဆိုင်သော အဖြူရောင်ခွေးပုကလေးက မတော်တဆပန်းခြံထဲသို့ ရောက်လာလျှက်၊ ကျွန်ုပ်လဲလျောင်းနေသောနေရာအနားသို့ရောက်လာ၏။ အနံ့နောက်သို့လိုက်နေသော ခွေးက ကျွန်ုပ်ဆီသို့တည့်တည့်မတ်မတ်လာပြီး၊ ကျွန်ုပ်ကိုသူ၏ပါးစပ်ထဲတွင်ကိုက်ရင်း၊ အမြီးတနှံ့နှံ့ပြုလုပ်လျှက်၊ သူ၏သခင်ဆီသို့ တန်းတန်းမတ်မတ်ပြေးသွားကာ၊ ကျွန်ုပ်ကို မြေပြင်ပေါ်သို့ ညင်သာစွာချပေး၏။ ကံအားလျော်စွာပင် သူ့ကိုကောင်းမွန်စွာ သင်ကြားပြသထားသဖြင့် သူက ကျွန်ုပ်ကိုအနည်းငယ်မျှ နာကျင်

ခြင်းမရှိစေပဲ၊ ကျွန်ုပ်၏အဝတ်အစားများကိုပင် စုတ်ပြဲစေခြင်းမရှိပဲ၊ သူ၏သွားများအကြားတွင် ကိုက်ချီသွား၏။ သို့သော် ကျွန်ုပ်ကို ကောင်းစွာသိရှိပြီး၊ ကျွန်ုပ်အပေါ်ကြင်နာမှုအလွန်ရှိသော ဥယျာဉ်မှူးခေါ်ဗျာမှာ အလွန့်ကိုထိတ်လန့်စိုးရိမ်သွား၏။ သူကကျွန်ုပ်ကိုလက်နှစ်ဖက်ဖြင့် ညင်သာစွာမယူပြီး၊ ကျွန်ုပ်ဘာဖြစ်သွားသနည်းဟုမေး၏။ သို့သော်ကျွန်ုပ်မှာအံ့သြထိတ်လန့်ပြီး၊ အသက်မရှူနိုင်ဖြစ်နေသဖြင့် စကားတလုံးမျှမပြောနိုင်ပါ။ မိနစ်အနည်းငယ်ကြာသောအခါ၊ ကျွန်ုပ်ပုံမှန်အနေအထားပြန်ဖြစ်လာပြီး၊ သူကကျွန်ုပ်ကို ကျွန်ုပ်၏ဆရာမကလေးထံလုံခြုံစွာသယ်ဆောင်သွား၏။ သူမကထိုအချိန်၌၊ ကျွန်ုပ်ကိုထားခဲ့သောနေရာဆီသို့ပြန်လာပြီးဖြစ်ကာ၊ ကျွန်ုပ်ကိုမမြင်ရသောအခါ၊ သူမ၏ခေါ်သံကို ကျွန်ုပ်ပြန်မထူးသောအခါ၊ သူမမှာ ပြင်းထန်စွာ စိုးရိမ်ပူပန်နေရ၏။ သူ၏ခွေးကြောင့် ဥယျာဉ်မှူးကို သူမကပြင်းထန်စွာအပြစ်တင်၏။ သို့သော် အခြေအနေကို ဖုံးကွယ်ထားပြီး၊ ၎င်းကို နန်းတော်အဆောင်က မည်သည့်အခါမှမသိရပါ။ အကြောင်းမှုကား ဘုရင်မ၏ဒေါသကို မိန်းကလေးကြောက်ရွံ့သောကြောင့်ဖြစ်ပြီး၊ အမှန်ဆိုရလျှင် ကျွန်ုပ်နှင့်ပတ်သက်၍လည်း၊ ထိုကဲ့သို့ သတင်းမျိုးပျံ့နှံ့သွားပါက ကျွန်ုပ်၏ဂုဏ်သိက္ခာအတွက် မကောင်းလှဟု ကျွန်ုပ်ထင်မိ၏။

ဤမတော်တဆမှုကြောင့် ဂလူမ်ဒါလစ်ချ်က နောင်အခါတွင် ကျွန်ုပ်ကိုသူမ၏မျက်စေ့အောက်မှ မည်သည့်အခါမှ အပျောက်



မခံရန်လုံးဝဆုံးဖြတ်လိုက်၏။ ဤဆုံးဖြတ်ချက်ကို ကျွန်ုပ်ကယခင်ကတည်းက ကြောက်ရွံ့ခဲ့၏။ ထို့ကြောင့်ကျွန်ုပ်တစ်ယောက်တည်းကျန်ရစ်ခဲ့သောအချိန်များ၌ ဖြစ်ပေါ်သောကံမကောင်းအကြောင်းမလှမှုများအချို့ကို သူမအား ကျွန်ုပ်မသိမပေးပဲထား၏။ တခါတွင် ပန်းခြံပေါ်တွင် ဝဲပျံနေသောစွန်တကောင်က၊ ကျွန်ုပ်ဆီသို့ ထိုးဆင်းလာရာ၊ ကျွန်ုပ်၏ဓါးကိုဆွဲထုတ်ပြီး၊ ဗူးစင်အောက်သို့သာ ကျွန်ုပ်ပြေးမဝင်လျှင်၊ ကျွန်ုပ်ကိုအသေအချာပင် လက်သဲများဖြင့်ကုတ်ချီသွားမည်ဖြစ်၏။ နောက်တခါတွင်လည်း အသစ်ဖြစ်ပေါ်နေသော ပုဆွန်ကျစ်စာခဲတောင်ကုန်းပေါ်တွင် လမ်းလျှောက်နေစဉ်၊ ထိုသတ္တဝါတူးထားသော မြေတွင်းထဲသို့ ကျွန်ုပ်လည်ပင်းအထိနစ်ဝင်သွားပြီး ကျွန်ုပ်အဝတ်အစားများညစ်ပေသွားခြင်းကို အကြောင်းပြရန်အတွက် ကျွန်ုပ်မမှတ်မိသော ညာလုံးများကို ကျွန်ုပ်ထွင်ခဲ့၏။ ထိုကဲ့သို့ပင် ကျွန်ုပ်တစ်ယောက်တည်းလည်း လမ်းလျှောက်နေပြီး၊ အင်္ဂလန်အကြောင်းစဉ်းစားနေစဉ်၊ ခရုခွံတစ်ခုကို ကျွန်ုပ်ခလုပ်တိုက်မိပြီး၊ ကျွန်ုပ်၏ညာဘက်ညို့သကြီးစုတ်ပြတ်သွားခဲ့၏။

ထိုသို့ ကျွန်ုပ်တစ်ယောက်တည်းလမ်းလျှောက်နေစဉ်၊ ငှက်ကလေးများက ကျွန်ုပ်ကိုလုံးဝမကြောက်ကြပဲ၊ တကိုက်အကွာခန့်၌ ခုန်ဆွခုန်ဆွလုပ်လျှက်၊ သူတို့အနားတွင်သတ္တဝါတစ်ကောင်မှ မရှိသကဲ့သို့အလားအရေးမလုပ်ကြပဲ၊ တီကောင်နှင့်အခြားအစားအစာများအား ရှာဖွေနေကြသည်ကိုမြင်ရသဖြင့်၊ ကျွန်ုပ်ကျေနပ်ရမလား

ဒေါသဖြစ်ခဲ့မလား ဆိုသည်ကိုမပြောနိုင်ပါ။ မနက်စာအတွက် ကျွန်ုပ်ကို ဂလုမ်ဒါလစ်ချ်ပေးခဲ့သော ကိတ်မုန့်တစ်တုံးကို ငှက်တစ်ကောင်က သူ၏နှုတ်သီးဖြင့် ဆွဲလုယူရဲသည့် သတ္တိရှိ၏။ ထိုငှက်တစ်ကောင်ကို ကျွန်ုပ်က ဖမ်းယူရန် ကြိုးစားသောအခါ၊ သူတို့ကရဲဝန့်စွာဖြင့်၊ ကျွန်ုပ်ကိုလှည့်ရင်ဆိုင် ကြပြီး၊ ကျွန်ုပ်၏လက်ချောင်းများကို ထိုးဆိတ်ရန် ကြိုးစား၏။ ၎င်း ကြောင့်သူတို့အနားကို ကျွန်ုပ်မကပ်ရဲတော့ပါ။ ထို့နောက်သူတို့က ယခင်ကပြုလုပ်ခဲ့သည့်အတိုင်း၊ ကျွန်ုပ်ကို ကျောခိုင်းလျှက်၊ တီကောင် နှင့် ခရုများကိုဆက်လက်ရှာဖွေကြ၏။ သို့သော်တနေ့တွင် တုတ်ခိုင် သောတုတ်တစ်ချောင်းကို ကျွန်ုပ်ယူပြီး လက်နှစ်ဖက်ဖြင့်အားကုန် လွှဲလျှက်၊ ငှက်တစ်ကောင်ကို ပစ်ခတ်လိုက်ရာ၊ ကံကောင်းထောက်မသဖြင့် သူ့ကိုထိမှန်သွား၏။ ကျွန်ုပ်၏ လက်နှစ်ဖက်ဖြင့် သူ၏လည်ပင်း ကိုဆုတ်ညစ်ဖမ်းလျှက်၊ အောင်မြင်ဝင့်ကြွားစွာဖြင့် ကျွန်ုပ်၏ဆရာမကလေးဆီသို့ ပြေးသွား၏။ သို့သော်လည်း မူးမေ့သွားရုံသာရှိသော ငှက်ကသတိပြန်ရလာပြီး၊ ကျွန်ုပ်၏ ဦးခေါင်းနှင့်ကိုယ်ထည်ဘေးနှစ်ဖက်ကို သူ၏အတောင်ပန်များဖြင့် အချက်ပေါင်းများစွာ ရိုက်နှက်ရာ သူ့ကို ကျွန်ုပ်၏လက်တလှမ်း အကွာတွင်ဆုပ်ကိုင်ထားပြီး၊ သူ၏ လက်သည်းများနှင့် ကျွန်ုပ် လွတ်ကင်းသော်လည်း သူ့ကိုလွှတ်ပေးရန် ကျွန်ုပ်အကြိမ် (၂၀)ခန့် စဉ်းစားမိ၏။ သို့သော် မကြာခင်တွင် ကျွန်ုပ်တို့၏ အမှုထမ်းတစ်ယောက်က ကျွန်ုပ်ကိုလာရောက်အကူအညီပေး၏။ သူက ငှက်ကို



လည်လိမ်၍သတ်ပစ်လိုက်၏။ နောက်တနေ့တွင် ဘုရင်မ၏ အမိန့်အရ၊ သူ့ကို ကျွန်ုပ်ညစာအဖြစ်စားသောက်၏။ ထိုငှက်က ကျွန်ုပ်မှတ်မိသလောက် အင်္ဂလိပ်ဘဲငန်းတစ်ကောင်ထက် အတော်ပိုကြီး၏။

ရုံရွှေတော်အမျိုးသမီးများက၊ ဂလုမ်ဒါလစ်ချ်ကို သူတို့၏ အခန်းဆောင်ဆီသို့ မကြာခဏဖိတ်ခေါ်ပြီး၊ ကျွန်ုပ်ကိုတွေ့မြင်ထိကိုင်လိုကြသော ဆန္ဒစိတ်ဖြင့် သူမနှင့်အတူ ကျွန်ုပ်ကိုပါသူတို့က ခေါ်လာစေချင်၏။ သူတို့က ကျွန်ုပ်ကို ခြေဆုံး ခေါင်းဆုံးထိ အဝတ်အစားချွတ်ထားပြီး၊ ကျွန်ုပ်ကိုသူတို့၏ရင်ပတ်ပေါ်တွင်လဲလျောင်းနေခိုင်းကြရာ ကျွန်ုပ်မှာအလွန်စိတ်ပျက်လှ၏။ အကြောင်းမှုကား အမှန်ကိုဆိုရလျှင်၊ သူတို့၏အရေပြားမှအလွန်ဆိုးဝါးသော အနံ့များထွက်ပေါ်နေသောကြောင့်ဖြစ်ပြီး၊ ကျွန်ုပ်လေးစားရသော ဤအမျိုးသမီးများကို အကျိုးယုတ်စေရန်အတွက် ကျွန်ုပ်ဖော်ပြခြင်းမဟုတ်သလို၊ ရည်ရွယ်ချက်လည်းမရှိပါ။ သို့သော် ကျွန်ုပ်၏အာရုံခံမှုက ကျွန်ုပ်၏သေးငယ်မှုနှင့် အချိုးအစားကိုက်ညီစွာထက်မြက်မှုပိုရှိသည်ကို ကျွန်ုပ်သိရှိပြီး အလွန်ထင်ရှားလှသော ဤလူများသည် အင်္ဂလန်မှ ကျွန်ုပ်တို့၏ လူများတစ်ဦးကိုတစ်ဦးချစ်ကြိုက်ကြသကဲ့သို့၊ သူတို့၏ချစ်သူများကို သူတို့မနှစ်မြို့ခြင်းမဖြစ်ကြပေ။ မည်သို့ပင်ဖြစ်စေကာမူ သူတို့၏ သဘာဝအနံ့က သူတို့ရေမွှေးသုံးသောအခါ ထွက်ပေါ်လာသော အနံ့ထက်ပို၍ ခံသာဘွယ်ရှိသေး၏။ ရေမွှေးအနံ့ရလျှင် ကျွန်ုပ်ချက်ခြင်းပင် မူးမေ့သွား၏။ ကျွန်ုပ်အနေဖြင့် ကိုယ်နံ့မဆိုးလှသော်လည်း၊

လီလီပတ်မှ ကျွန်ုပ်၏ရင်းနှီးသော မိတ်ဆွေတစ်ယောက်က ကျွန်ုပ်လေ့ကျင့်ခန်းအတော်ပြုလုပ်နေစဉ်၊ ကျွန်ုပ်၏ကိုယ်နှံ့ဆိုးဝါးလှသည်ဟု ငြီးတွားခဲ့ပုံကို ကျွန်ုပ်မမေ့နိုင်ပါ။ သို့သော်သူ၏အနံ့ခံနိုင်စွမ်းက ထိုလူမျိုးများ၏အနံ့ကို ကျွန်ုပ်ခံနိုင်စွမ်းရှိသကဲ့သို့၊ ကျွန်ုပ်အပေါ်၌လည်း ခံနိုင်စွမ်းရှိလိမ့်မည်ဟု ကျွန်ုပ်ထင်ခဲ့၏။ ဤအချက်ကြောင့် ကျွန်ုပ်၏သခင်မဖြစ်သူ ဘုရင်မနှင့် ကျွန်ုပ်၏ဆရာမကလေးဖြစ်သူ ဂလူမ်ဒါလစ်ခ်ျတို့အပေါ် ကျွန်ုပ်ကြင်လင်သောအမြင်မထားနိုင်ခြင်းဖြစ်၏။ သူတို့၏အကျင့်စရိုက်က အင်္ဂလန်မှအမျိုးသမီးများ၏ အကျင့်စရိုက်ကဲ့သို့သိမ်မွေ့လှ၏။

ကျွန်ုပ်၏ဆရာမကလေးက၊ သူတို့ဆီသွားရောက်လည်ပတ်ရန်အတွက် ကျွန်ုပ်ကိုခေါ်ဆောင်သွားသောအခါ၊ ဤရုံရှေ့တော်အမျိုးသမီးများအကြားတွင် ကျွန်ုပ်ကိုမသက်မသာအဖြစ်စေဆုံးသောအရာမှာ၊ အရေးစိုက်စရာမလိုသော၊ သတ္တဝါတစ်ကောင်ကဲ့သို့၊ စကားပုလ္လင်မခံပဲ၊ ကျွန်ုပ်ကိုသူတို့ကြိုက်သလိုအသုံးပြုကြခြင်းပင်ဖြစ်၏။ အဘယ်သို့နည်းဆိုမူ၊ ကျွန်ုပ်၏ရှေ့မှောက်တွင် သူတို့ကို သူတို့အဝတ်ဗလာချွတ်ချကြပြီး၊ ဝတ်ရုံအင်္ကျီများကို သူတို့ဝတ်ဆင်ကြစဉ်၊ ကျွန်ုပ်မှာသူတို့၏ အဝတ်ဗလာခန္ဓာကိုယ်ရှေ့တည့်တည့်တွင် သူတို့၏အိမ်သာခုံပေါ်၌နေရပြီး၊ ၎င်းမှာမြူဆွယ်မှုပြုသောမြင်ကွင်း၊ သို့မဟုတ် တစုံတရာစိတ်ကြွဘွယ်ကောင်းသောမြင်ကွင်းထက်၊ ထိတ်လန့်ဘွယ်၊ စိတ်ပျက်ဘွယ်ကောင်းသော မြင်ကွင်းဖြစ်သည်ကို ကျွန်ုပ်အသေ



အချာပြောရ၏။ သူတို့ကိုကျွန်ုပ်နီးနီးကပ်ကပ်တွေ့မြင်ရသောအခါ၊ သူတို့၏အသားအရည်က အလွန်ကြမ်းတမ်းပြီး၊ ပြေပြေပြစ်ပြစ်မရှိပဲ အသားရောင်ကလည်းအမျိုးမျိုးပြောင်းလဲနေ၏။ အရည်ပြားအပေါက်များက ပန်းကန်ပြားအဝလောက်ကျယ်ပြန့်လျှက်၊ ဟိုနေရာဒီနေရာ၌ရှိနေ၏။ အရည်ပြားမှထွက်လာသော အမွေးများက ဂုံနီအိတ်ကြိုးခန့်အလုံးရှိရာ၊ သူတို့၏ခန္ဓာကိုယ်ကျန်အစိတ်အပိုင်းများနှင့်ပတ်သက်၍မူ၊ ဆိုဘွယ်ရာမရှိပါ။ ကျွန်ုပ်ရှိနေစဉ်အတွင်း သူတို့သောက်သုံးခဲ့သော အရည်များကိုစွန့်ထုတ်ရန်အတွက် သူတို့တုံ့ဆိုင်းခြင်းလုံးဝမရှိကြပဲ၊ အနည်းဆုံးဘီယာစည် (၂)စည်ခန့် စွန့်ထုတ်ကြ၏။ ရုံရှေ့တော်အမျိုးသမီးများအကြားမှ အချောအလှဆုံးဖြစ်သူ၊ သွက်လက်ချက်ချာသော (၁၆)နှစ်အရွယ်မိန်းကလေးက တခါတရံတွင် အမျိုးမျိုးကလူကျီဆယ်ကစားရာ၊ ၎င်းတို့နှင့်ပတ်သက်၍ ကျွန်ုပ်အသေးစိတ်မပြောပြတော့သဖြင့် ကျွန်ုပ်အား စာရှုသူခွင့်လွှတ်ပါ။ သို့သော် ကျွန်ုပ်အလွန်စိတ်ပျက်လွန်းသဖြင့် ထိုအမျိုးသမီးငယ်ကို ကျွန်ုပ်နောက်ထပ်မတွေ့မြင်ရတော့ရန် ဂလူမ်ဒါလစ်ခ်ျအား ကျွန်ုပ်အနူးအညွတ်တောင်းပန်၏။

တနေ့တွင် ကျွန်ုပ်ဆရာမကလေးထံ အုပ်ထိန်းသူ၏တူဖြစ်သူ ငယ်ရွယ်သောလူကြီးမင်းတစ်ယောက်က ရောက်လာပြီး၊ ကွက်မျက်မှုတစ်ခုကို သူတို့နှစ်ဦးစလုံးအားကြည့်ခိုင်း၏။ ၎င်းက ထိုလူကြီးမင်း၏အသိမိတ်ဆွေတစ်ယောက်ကို သတ်ဖြတ်ခဲ့သောလူ

တစ်ယောက်အား **ကွက်**မျက်ခြင်းဖြစ်၏။ ဂလူမ်ဒါလစ်ချ်က သဘာဝအားဖြင့်ကြင်နာသော နှလုံးသားရှိသူဖြစ်သဖြင့်၊ သူမ၏စိတ်ဆန္ဒနှင့်ဆန့်ကျင်လျှက်၊ သူမကိုလိုက်ပါစေရန်တိုက်တွန်း၏။ ကျွန်ုပ်အဖို့မှာမူ ထိုကဲ့သို့သောမြင်ကွင်းမျိုးကို ရွံရှာမုန်းတီးသော်လည်း အလွန်ထူးဆန်းမည်ဟု ကျွန်ုပ်ထင်သောအရာကို ကြည့်ရှုရန်ကျွန်ုပ်၏စပ်စုလိုစိတ်ကဆွဲဆောင်နေ၏။ ရာဇဝတ်ကောင်ကို၊ ကွက်မျက်ရန်အတွက်တည်ဆောက်ထားသောစင်ပေါ်မှထိုင်ခုံတစ်ခုပေါ်တွင် ချည်နှောင်ထားပြီး၊ ပေ ၄၀ခန့်ရှည်သောဓါးတစ်ချောင်းနှင့် တချက်တည်းခုတ်လျှက် သူ၏ဦးခေါင်းကို ဖြတ်လိုက်၏။ သွေးကြောမများ၊ သွေးလွှတ်ကြောများမှ သွေးများအမြောက်အများကလေထဲသို့မြင့်မားစွာပန်းထွက်လာရာ ထိုအချိန်ကရှိနေသော 'ဗာဆိုင်း' မှ မဟာရေပန်းကြီးပင်လျှင် ၎င်းကို မှီမည်မဟုတ်ပါ။ ဦးခေါင်းက ကွက်မျက်စင်၏ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားသောအခါ၊ ၎င်းက ပြင်းထန်စွာကန်တက်သွားရာ၊ အနည်းဆုံးအင်္ဂလိပ်မိုင်ဝက်ခန့်အဝေး၌ ကျွန်ုပ်ရှိနေသော်လည်း၊ ကျွန်ုပ်လန့်သွားမိ၏။

ကျွန်ုပ်၏ပင်လယ်**ရေလမ်းခရီး**ကို ကျွန်ုပ်ပြောပြလျှင်၊ မကြာခဏနားထောင်လေ့ရှိပြီး၊ ကျွန်ုပ်စိတ်မကြည်မလင်ဖြစ်နေသော အခါများတွင် ကျွန်ုပ်ကိုပျော်ရွှင်အောင်ပြုလုပ်ပေးတတ်သောဘုရင်မက၊ ကျွန်ုပ်ကိုရွက်ထိန်းခြင်း၊ လှေလှော်ခတ်ခြင်းကို နားလည်သလားဟူ၍၎င်း၊ လှေလှော်ခြင်းအလေ့အကျင့်အနည်းငယ်ပြုလုပ်ခြင်းသည်



ကျွန်ုပ်၏ကျန်းမာရေးအတွက် သင့်လျော်ခြင်းမရှိသလောဟူ၍၎င်း မေးမြန်း၏။ ကျွန်ုပ်ကရွက်ထိန်းခြင်း၊ လှေလှော်ခတ်ခြင်းနှစ်ခုစလုံးကိုနားလည်ကြောင်းပြန်ဖြေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏မူလအလုပ်က၊ သင်္ဘောဆရာဝန်ဖြစ်သော်လည်း၊ မကြာခဏဆိုသလိုပင် ကျွန်ုပ်မှာသာမန်သင်္ဘောသားများကဲ့သို့ အလုပ်လုပ်ရသောကြောင့်ဖြစ်၏။ သို့သော်ဤနိုင်ငံတွင်၎င်းကို မည်ကဲ့သို့ပြုလုပ်နိုင်မည်ကို ကျွန်ုပ်မမြင်မိပါ။ ဤနေရာ၌အသေးဆုံးလှေတစင်းကပင်၊ ကျွန်ုပ်တို့ဆီမှ ပထမတန်းစားစစ်သင်္ဘောနှင့်ညီမျှပြီး၊ ကျွန်ုပ်ကိုင်တွယ်အသုံး**ပြုနိုင်**မည့်လှေမျိုးက သူတို့၏မြစ်များထဲတွင် မည်သည့်အခါမှရှိမည်**မဟုတ်ပါ**။ လှေတစင်းကို ကျွန်ုပ်ဆောက်လုပ်မည်ဆိုလျှင် သူမ၏**လက်သမား**ဆရာက၊ ၎င်းကိုပြုလုပ်ပေးမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်ရွက်လွှင့်မည်နေရာကိုလည်း ပေးမည်ဖြစ်ကြောင်းဘုရင်မက ပြော၏။ ထိုလူက အလွန်ကျွမ်းကျင်သောအလုပ်သမားတစ်ယောက်ဖြစ်ပြီး၊ ကျွန်ုပ်၏ညွှန်ကြားချက်ဖြင့်၊ ဥရောပလူမျိုး(၈)ယောက်ကို ချောင်ချောင်ချိချိတင်ဆောင်နိုင်သော အပျော်စီးလှေတစ်စီးကို ၎င်း၏လှေလှော်တက်များ၊ ရွက်တိုင်များနှင့်အတူ ၁၀ ရက်အတွင်းပြီးစီးအောင်ပြုလုပ်၏။ ၎င်းကိုပြီးစီးသွားသောအခါ ဘုရင်မကအလွန်နှစ်သက်လွန်းသဖြင့်၊ ၎င်းကိုသူမ၏ပေါင်ပေါ်တင်၍ ဘုရင်ဆီသို့ပြေး၏။ ဘုရင်က အစမ်းသဘောအားဖြင့် ကျွန်ုပ်နှင့်အတူ၊ ၎င်းကိုရေပြည့်နေသော ရေတိုင်ကီအတွင်းသို့ထည့်ရန် အမိန့်ပေး၏။ ထိုနေရာတွင် နေရာ

ကျယ်ကျယ်ပြန့်ပြန့်မရှိသဖြင့် လှော်တက်များကို ကျွန်ုပ်အသုံးမပြုနိုင်ပါ။ သို့သော်ဘုရင်မကအခြားအစီအစဉ်တစ်ခုကို ကြိုတင်ဆောင်ရွက်ခဲ့၏။ အရှည် ပေ ၃၀၀-အကျယ်ပေ ၅၀နှင့် အနက်-၈ပေရှိသော သစ်သားဇလားကြီးတခုကို လက်သမားဆရာအား၊ သူမကပြုလုပ်နိုင်းခဲ့၏။ ၎င်းကိုရေစိမ့်ယိုခြင်းမရှိစေရန်၊ ကောင်းစွာပွေးညှက်ကပ်လျှက်၊ နန်းတော်အပြင်ခန်းမှန်ရုံဘေး၊ ကြမ်းပြင်ပေါ်တွင်ပြနေရာချထား၏။ ရေများညစ်ဆိုးလာပါက၊ ၎င်းတို့ကိုဖွင့်ထုတ်ရန်အတွက်၊ ၎င်း၏အောက်ခြေအနားတွင်အဆို့တစ်ခုရှိပြီး၊ အလုပ်သမား(၂)ယောက်က ၎င်းကိုနာရီဝက်အတွင်းလွယ်ကူစွာရေဖြည့်နိုင်၏။ ဤနေရာတွင် ကျွန်ုပ်၏ပျော်ရွှင်မှုအတွက်၎င်း၊ ဘုရင်မနှင့်၎င်း၏မရှူးမတော်များ၏ပျော်ရွှင်မှုအတွက်၎င်း၊ ကျွန်ုပ်မကြာခဏ လှေလှော်လေ့ရှိပြီး၊ သူတို့မှာ ကျွန်ုပ်၏ကျွမ်းကျင်မှုနှင့်စွမ်းဆောင်နိုင်မှုတို့ကြောင့် ကျော်ကြားစွာ ကြေနပ်မှုဖြစ်သည်ဟု ထင်ကြ၏။ တစ်ခါတစ်ရံတွင် ကျွန်ုပ်ကရွက်ကို လွှင့်ချပြီး ရံရွေတော်များက သူတို့၏ယပ်တောင်ဖြင့် ကျွန်ုပ်ကို လေခတ် ပေးသော်၊ ထိုအခါ၌ကျွန်ုပ်အလုပ်မှာ လှေကိုထိန်းကျောင်းပေးရုံသာဖြစ်၏။ သူတို့ညောင်းညာလာကြသောအခါ၊ အမှုထမ်းယောကျ်ား ကလေးတချို့က၊ ကျွန်ုပ်၏ရွက်ကိုပါးစပ်ဖြင့်လေမှုတ်ပေး၍ ရွေ့လျားစေသော်၊ ကျွန်ုပ်ကနှစ်သက်သလို၊ လှေကိုဘယ်-ညာထိန်းပေးခြင်းဖြင့် ကျွန်ုပ်၏ပညာကိုပြသ၏။ ကျွန်ုပ်လှေလှော်ပြီးသောအခါ၊ ဂလူမ်ဒါလစ်ချ်-က အမြဲတမ်းပင် ကျွန်ုပ်၏လှေကို ငွေသေတ္တာပုံးထဲသို့



ပြန်ထည့်သယ်ယူလာပြီး၊ ၎င်းကိုသံချောင်းတစ်ခုတွင်ချိတ်၍ အခြောက်ခံထား၏။

ဤလှေကျင့်မှုတွင် **တစ်ခါက** ကျွန်ုပ်အသက်ပျောက်လောက်သော၊ မတော်တဆမှုကို ကျွန်ုပ်တွေ့ကြုံခဲ့ရ၏။ အကြောင်းမူကား အမှုထမ်းတစ်ယောက်က လှေကိုဇလားထဲသို့ ထည့်ပြီးသောအခါ၊ ဂလူမ်ဒါလစ်ချ်နောက်သို့လိုက်ပါလာသော အုပ်ထိန်းသူအမျိုးသမီးက အလွန်အားတက်သရောဖြင့် ကျွန်ုပ်ကိုမလိုက်ပြီး၊ လှေထဲသို့ ချပေး၏။ သို့သော်သူမ၏လက်ချောင်းများကြားမှ ကျွန်ုပ်လျှောကျသွားပြီး၊ အလွန်ကံကောင်းလွန်းသဖြင့် ထိုအမျိုးသမီး၏အင်္ကျီရင်ဖုံးတွင် ထိုးစိုက်ထားသော ရင်ထိုးတစ်ခုကသာ ကျွန်ုပ်ကိုတားမထားလျှင် ပေ(၄၀)ရှိအောက်ကြမ်းပြင်ပေါ်သို့ ကျွန်ုပ်မလွဲမသွေပြုတ်ကျမည်ဖြစ်၏။ ရင်ထိုးခေါင်းက ကျွန်ုပ်၏ခါးပတ်ကြားထဲသို့ ထိုးဝင်သွားပြီး၊ ဤသို့ဖြင့်လေထဲတွင် ကျွန်ုပ်တွဲလောင်းဖြစ်နေရာ ဂလူမ်ဒါလစ်ချ်က ကျွန်ုပ်၏အသက်ကိုပြေးကယ်သည့်အထိပင်ဖြစ်၏။

နောက်တစ်ကြိမ်ကလည်း ကျွန်ုပ်၏ဇလားကို (၃)ရက်တစ်ခါရေအသစ်ဖြည့်ပေးရမည့်တာဝန်ရှိသော မင်းမှုထမ်းတစ်ယောက်က၊ အလွန်သတိလက်လွတ်ဖြစ်လွန်းသဖြင့် ကြီးမားသောဖားကြီးတစ်ကောင်ကို (မသိလိုက်ပဲ) သူ၏ပုံးထဲမှ ထွက်ကျစေခဲ့၏။ ကျွန်ုပ်ကိုလှေထဲသို့ထည့်ပေးသည့်အထိ ဖားကြီးကပုန်းကွယ်၍နေ၏။ ထို့နောက် နားခိုရန်နေရာကိုတွေ့မြင်သောအခါ သူက

တက်လာရာ လှေကတဖက်သို့ အလွန်စောင်းသွားသဖြင့်၊ ကျွန်ုပ်မှာ လှေမမှောက်စေရန်အတွက်၊ ရှိသမျှကိုယ်အလေးချိန်ဖြင့်၊ လှေတဖက် ကိုဖိထားရ၏။ ဖားကအထဲသို့ရောက်လာသောအခါ၊ ၄င်းကတစ် ကြိမ်လျှင် လှေတဝက်သို့ရောက်အောင်ခုန်၏။ ထို့နောက် ကျွန်ုပ်၏ ဦးခေါင်းပေါ်သို့ကျော်ခုန်သွား၍ ရွံရှာဖွယ် အကျိအချွဲများဖြင့် ကျွန်ုပ် ၏ မျက်နှာနှင့်အဝတ်အစားများကိုညစ်ပတ်စေလျှက်၊ **ရှေ့တပြန်၊** နောက်တပြန်ခုန်နေ၏။ ၄င်း၏မျက်နှာပုံသဏ္ဍာန်ကြီးမားမှုကြောင့်၊ ၄င်းကမြင်ခဲ့ရသမျှတွင် ပုံပန်းမကျဆုံးတိရိစ္ဆာန်ဖြစ်ပုံပေါ်နေ၏။ သို့သော်လည်း ၄င်းကို ကျွန်ုပ်တစ်ယောက်တည်းကိုင်တွယ်လို၏။ ကျွန်ုပ်က၄င်းကို တက်တစ်ချောင်းနှင့်ကောင်းကောင်းနှက်လိုက်ရာ၊ နောက်ဆုံးတွင် ၄င်းကလှေထဲမှ ခုန်ဆင်းလိုက်ရ၏။

သို့သော် ဤနိုင်ငံ၌ ကျွန်ုပ်တွေ့ကြုံခဲ့ရသမျှတွင် အကြီး**ဆုံး** အန္တရယ်မှာ မျောက်တစ်ကောင်ထံမှဖြစ်ခဲ့၏။ ၄င်းမျောက်ကို **စားဖို** မှူးတစ်ယောက်ကပိုင်ခဲ့၏။ ဂလူမ်ဒါလစ်ချ်က ကိစ္စတစ်ခုနှင့် သို့မဟုတ် အလည်အပတ်ကိစ္စနှင့်တနေရာသို့သွားနေစဉ် သူမက ကျွန်ုပ်ကိုသေတ္တာပုံးအတွင်းထည့်ပိတ်ခဲ့၏။ ရာသီဥတုက ပူနွေးနေ သဖြင့် သေတ္တာပြတင်းပေါက်ကို ဖွင့်ထားခဲ့၏။ ထို့အတူပင် ကျွန်ုပ် ချောင်ချောင်ချိချိနေထိုင်လေ့ရှိသည့်အပြင် သေတ္တာမှပြတင်းပေါက် နှင့်တံခါးကိုလည်းဖွင့်ထားခဲ့၏။ ကျွန်ုပ်ကစားပွဲ၌ငြိမ်သက်စွာ ထိုင်လျှက်၊ စဉ်းစားတွေးတောနေစဉ်၊ အပြင်သေတ္တာပြတင်းပေါက်မှ



တစ်စုံတစ်ရာခုန်တက်ပြီး၊ တဖက်မှတဖက်သို့ ရွေ့လျားသွားနေသည် ကို ကျွန်ုပ်ကြားရ၏။ ထိုသို့ဖြစ်လျှင် ကျွန်ုပ်များစွာ ထိတ်လန့်သွား သော်လည်း၊ ကျွန်ုပ်၏ထိုင်ခုံမှ မလှုပ်ရှားဘဲအပြင်ဘက်သို့ ကျွန်ုပ် လှမ်းကြည့်ရဲသေး၏။ ထို့နောက်တွင် အဆော့သန်သောတိရိစ္ဆာန်ကို ကျွန်ုပ်တွေ့မြင်ရပြီး၊ သူကခုန်ပေါက်လျှက်၊ နောက်ဆုံး၌ ကျွန်ုပ်၏ အတွင်းသေတ္တာပုံးဆီသို့ ရောက်လာ၏။ သူကအလွန်နှစ်သက် စိတ်ဝင်စားဟန်ဖြင့်၊ သေတ္တာပုံးကို ကြည့်ရှုရန်ပြတင်းပေါက်တံခါး ပေါက်တို့မှ ချောင်းကြည့်၏။ ကျွန်ုပ်ကသေတ္တာအခန်းတဖက်ထောင့် ဆီသို့ဆုတ်သွား၏။ သို့သော် အဖက်ဖက်မှလှမ်းကြည့်နေသော မျောက်က ကျွန်ုပ်ကိုအလွန်ခြောက်လန့်လိုက်သဖြင့်၊ ကျွန်ုပ်မှာ လွယ်လင့်တကူလုပ်နိုင်သည့်အတိုင်း၊ ကုတင်အောက်သို့ဝင်ပုန်းရန် စိတ်မကူးမိပါ။ သူကအချိန်အတော်ကြာချောင်းမြောင်းကြည့်ရှုပြီး ပြုံးရီအသံမြည်လျှက်၊ နောက်ဆုံးတွင် ကျွန်ုပ်ကိုတွေ့မြင်သွားကာ၊ ကြွက်တစ်ကောင်နှင့်ကြောင်ကစားနေသကဲ့သို့ သူ၏လက်သဲ တစ်ချောင်းက ပြတင်းပေါက်ပေါ်သို့ရောက်လာလျှင်၊ သူ့ကိုရှောင် ရှားရန်အတွက် ကျွန်ုပ်ကမကြာခဏနေရာရွှေ့ပြောင်းနေသော်လည်း၊ နောက်ဆုံး၌ သူကကျွန်ုပ်၏ကုတ်အင်္ကျီအစကိုဖမ်းဆုတ်မိပြီး၊ ကျွန်ုပ် ကိုဆွဲထုတ်လိုက်၏။ ကျွန်ုပ်ကို ရှေ့ညာလက်ဖြင့်ဖမ်းယူလိုက်ပြီး၊ ခလေးထိန်းဆရာမကလေးက ခလေးတစ်ယောက်ကို ပြုလုပ် သကဲ့သို့၊ ကျွန်ုပ်ကိုပွေ့ချီလိုက်၏။ ကျွန်ုပ်ကရုန်းကန်ဘို့ ကြိုးစား

သောအခါ၊ သူကကျွန်ုပ်ကိုပြင်းထန်စွာ ဖြစ်ညှစ်လိုက်သဖြင့်၊ အလျှော့ပေးငြိမ်နေခြင်းကပိုကောင်းမည်ဟု ကျွန်ုပ်တွေးမိ၏။ ကျွန်ုပ်၏မျက်နှာကိုသူ၏အခြားလက်ချောင်းများဖြင့် အလွန်ညင်သာစွာ မကြာခဏပွတ်သပ်ပေးနေသဖြင့်၊ ကျွန်ုပ်ကို သူတို့အမျိုးထဲမှ အကောင်ပေါက်ကလေးအဖြစ်သူယူဆကြောင်း ကျွန်ုပ်ယုံကြည်ရမည့်အကြောင်းရှိ၏။ ဤသို့အာရုံတဖက်ပြောင်းနေစဉ်၊ သေတ္တာပုံးတံခါးကို တစ်စုံတစ်ယောက်က ဖွင့်နေသကဲ့သို့အလား၊ ထိုနေရာမှ ဆူညံသံတစ်ခုက၊ သူ့ကိုနှောက်ယှက်လိုက်၏။ ထိုသို့ဖြစ်သော် သူကဝင်လာခဲ့သော ပြတင်းပေါက်ဆီသို့ ရုတ်တရက်ခုန်တက်လိုက်ပြီး၊ ထိုမှတဆင့် အပေါ်အမိုးပေါ်သို့တက်လျှက် လက်တဖက်ဖြင့် ကျွန်ုပ်ကိုပွေ့ကိုင်ရင်းဖြင့်၊ ကျန်ခြေလက်(၃)ဖက်ဖြင့် လမ်းလျှောက်သွားရာ ကျွန်ုပ်တို့၏ ခေါင်မိုးနှင့် ဆက်နေသောအခြားခေါင်မိုးဆီသို့ရောက်သွား၏။ ကျွန်ုပ်ကို အပြင်သို့သူသယ်ထုတ်သွားသောအခိုက်အတန့်တွင် ဂလူမ်ဒါလစ်ချ်က စူးရှစွာအော်ဟစ်လိုက်သည်ကို ကျွန်ုပ်ကြားလိုက်ရ၏။ မိန်းကလေးခမျာမှာစိတ်ယောက်ယက်ခတ်လုမတတ်ဖြစ်နေ၏။ နန်းတော်ဝင်းတစ်ခုလုံးမှာ ရုံးရင်းဆန်ခတ်ဖြစ်သွား၏။ အမှုထမ်းများက လှေကားများကိုပြေးယူကြ၏။ နန်းတော်ဆောင်အတွင်းမှ လူရာပေါင်းများစွာက မျောက်ကိုတွေ့မြင်ကြ၏။ သူကအဆောက်အဦးထိပ်တစ်ခုတွင်ထိုင်နေပြီး၊ ရှေ့လက်တဖက်ဖြင့် ကျွန်ုပ်ကိုခလေးတစ်ယောက်ကဲ့သို့ ပွေ့ချီထားကာ၊ ကျန်တဖက်ဖြင့်ကျွန်ုပ်ကို အစာ



ကျွေးနေ၏။ သူ၏ဘေးတဖက်ရှိအိတ်ထဲမှထုတ်ယူလာသော အစားအစာများကို ကျွန်ုပ်၏ပါးစပ်ထဲသို့ ထိုးသွင်းပြီး၊ ကျွန်ုပ်ကမစားသောအခါ၊ ကျွန်ုပ်ကိုပွတ်သပ်ပေးနေ၏။ ထိုမြင်ကွင်းကို တွေ့မြင်ရသောအခါ၊ အောက်ဘက်မှ များစွာသောလူအုပ်ကြီးက မရယ်မောဘဲမနေနိုင်ကြပါ။ သူတို့ကိုအပြစ်တင်သင့်ဟုလည်း ကျွန်ုပ်မထင်ပါ။ အကြောင်းမူကား မေးစရာမလိုပဲ၊ မြင်ကွင်းက ကျွန်ုပ်ကိုယ်တိုင်မှလွဲ၍လူတိုင်းအတွက် ရယ်စရာကောင်းနေသောကြောင့်ဖြစ်၏။ လူတချို့က မျောက်ကို အောက်သို့မောင်းချရန်မျှော်လင့်လျှက် ကျောက်တုံးများဖြင့် ပစ်ပေါက်ကြ၏။ သို့သော် ၎င်းကိုတင်းကြပ်စွာပိတ်ပင်လိုက်ကြ၏။ သို့မဟုတ်လျှင် ကျွန်ုပ်ဦးနှောက်ထွက်သွားနိုင်၏။

ယခုအခါလှေကားများကိုထောင်ကြပြီး၊ လူများစွာတို့ကတက်ကြ၏။ ၎င်းကိုမျောက်ကတွေ့မြင်၍၊ သူကိုယ်တိုင်အဝိုင်းခံရလုနီးပါးဖြစ်နေသည်ကိုမြင်သော် သူ၏ခြေသုံးချောင်းဖြင့် လျှင်လျှင်မြန်မြန်မပြေးနိုင်သဖြင့်၊ ကျွန်ုပ်ကိုခေါင်မိုးထိပ်တွင် ချထားခဲ့လျှက်၊ ထွက်ပြေးလွတ်မြောက်သွား၏။ မြေပြင်မှကိုက်-၃၀၀ အထက် ထိုနေရာတွင် ကျွန်ုပ်အချိန်အတော်ကြာထိုင်နေပြီး၊ လေတိုက်ခံရသဖြင့်၎င်း၊ ကျွန်ုပ်ဖာသာကျွန်ုပ်မူးဝေသဖြင့်၎င်း၊ အောက်သို့ပြုတ်ကျသွားမည့်အခိုက်အတန့်ကို မျှော်လင့်လျှက်၊ ခေါင်မိုးထိပ်မှခေါင်မိုးအစပ်ဆီသို့ လျောဆင်းလာ၏။ သို့သော်ကျွန်ုပ်ဆရာမကလေး၏ အထမ်းသမားတစ်ယောက်ဖြစ်သူ ရိုးသားသောလူတစ်ယောက်က

တက်လာပြီး၊ ကျွန်ုပ်ကိုသူ၏ဘောင်းဘီအိတ်အတွင်းထည့်လျက်၊ အောက်သို့လုံခြုံစွာ ခေါ်ဆောင်လာ၏။

ကျွန်ုပ်၏လည်ချောင်းတွင်း မျောက်ထိုးသွင်းခဲ့သော ညစ်ပတ်သည့်ပစ္စည်းတခုဖြင့်၊ ကျွန်ုပ်အသက်ရှူပိတ်လုနီးပါးဖြစ်နေ၏။ သို့သော် ကျွန်ုပ်၏ဆရာမကလေးက အပ်သေးသေးကလေးဖြင့် ၎င်းတို့ကျွန်ုပ်၏ပါးစပ်အတွင်းမှ ထုတ်ယူ၏။ ထို့နောက် ကျွန်ုပ်အံချလိုက်ရာ၊ အတော်ကိုသက်သာသွား၏။ သို့ဖြစ်လင့်ကစား ကျွန်ုပ်အလွန်ကိုအားအင်ချို့နဲ့နေပြီး၊ မုန်းတီးဘွယ်ကောင်းသော ဤတိရိစ္ဆာန်က ကျွန်ုပ်ကိုဖြစ်ညှစ်လိုက်သဖြင့်၊ **ကျွန်ုပ်၏နံဘေး**များအလွန်ပွန်းပဲ့သွားသဖြင့် အိပ်ယာထဲတွင် ကျွန်ုပ်ရက်သတ္တပတ်(၂)ပတ်နေရ၏။ ဘုရင်-ဘုရင်မနှင့်နန်းတော်မှလူအားလုံးကနေ့စဉ် ကျွန်ုပ်၏ကျန်းမာရေးအခြေအနေကိုမေးမြန်းပြီး၊ ကျွန်ုပ်နေမကောင်းစဉ်ကာလအတွင်း ဘုရင်မက၊ ကျွန်ုပ်ထံမကြာခဏလာရောက်လည်ပတ်၏။ မျောက်ကိုသတ်ပစ်လိုက်ပြီး၊ ထိုကဲ့သို့သော တိရိစ္ဆာန်ကို နန်းတော်တဝိုက်၌ မထားရန်အမိန့်ထုတ်ပြန်၏။

ကျွန်ုပ်သက်သာ**လာပြီး**နောက်၊ ရှင်ဘုရင်ထံကျွန်ုပ်အခစားဝင်ပြီး၊ သူ၏အရေးယူဂ**ရုစိုက်**မှုအတွက် ကျေးဇူးတုန့်ပြန်သောအခါ၊ ဤစွန့်စားမှုနှင့်ပတ်သက်၍ သူကကြေနပ်နှစ်သက်စွာ ကျွန်ုပ်ကိုအတော်ကျီစယ်၏။ မျောက်၏လက်အတွင်း ကျွန်ုပ်လဲလျောင်းနေစဉ်အခါက၊ ကျွန်ုပ်မည်သို့တွေးတောတွက်ချက်နေသနည်းဟု သူက ကျွန်ုပ်ကိုမေး၏။ မျောက်ကျွေးသောအစားအစာများကို ကျွန်ုပ်မည်ကဲ့သို့နှစ်သက်ပုံ၊ သူ၏ကျွေးမွေးပုံအမူအရာနှင့် ခေါင်မိုးပေါ်မှလေကောင်းလေသန့်ကြောင့် ကျွန်ုပ်ဗိုက်ပိုဆာလာသလား စသဖြင့်မေး၏။ ကျွန်ုပ်၏နိုင်ငံတွင်ထိုကဲ့သို့သောကိစ္စများ၌ ကျွန်ုပ်မည်ကဲ့သို့ပြုလုပ်မည်ကို သူကသိချင်၏။ ကျွန်ုပ်တို့စူးစမ်းလိုသဖြင့် အခြားတနေရာမှယူဆောင်လာသောမျောက်များမှလွဲ၍ ဥရောပတွင် မျောက်များမရှိကြောင်းနှင့် သူတို့က အလွန်သေးငယ်ကြသဖြင့် ကျွန်ုပ်ကို သူတို့တိုက်ခိုက်ဘို့စိတ်ကူးကြမည်ဆိုလျှင် သူတို့တဒါဇင်ကို ကျွန်ုပ်တပြိုင်တည်းကိုင်တွယ်နိုင်ကြောင်း၊ အရင်မင်းမြတ်ကို ကျွန်ုပ်ကပြောပြ၏။ ယခုလတ်တလော၊ ကျွန်ုပ်တွေ့ကြုံခဲ့ရသည့်ကြီးမားသော ထိုတိရိစ္ဆာန်နှင့်ပတ်သက်၍မူ၊ (အမှန်ပင် ၎င်းကဆင်လောက်ကြီးမား၏) ကျွန်ုပ်၏ထိတ်လန့်မှုများက ကျွန်ုပ်**၏ဓါး**ကိုအသုံးပြုနိုင်လောက်အောင် ကျွန်ုပ်အားစဉ်းစားခွင့်ပြုမည်**ဆိုလျှင်** ကျွန်ုပ်၏အခန်းထဲသို့ သူ့လက်တဖက်ထိုးသွင်းလာသောအခါ၊ **သူ့**ကို ကျွန်ုပ်ဒဏ်ရာအနာတရဖြစ်အောင် ပြုလုပ်နိုင်မည်ဖြစ်၍၊ **သူကဝမ်း**မြောက်ဝမ်းသာ၊ သွက်လက်စွာဖြင့်လက်ကိုပြန်လည်ရုပ်**သိမ်း**သွားလိမ့်မည်ဖြစ်၏။ သူ၏ဂုဏ်သိက္ခာကိုထိပါးသော မေးခွန်းများမေးလာမည်ကို စိုးရိမ်သောလူတစ်ယောက်ကဲ့သို့ မာကျောသောလေသံဖြင့် ထိုသို့ကျွန်ုပ်ကပြောပြ၏။ သို့သော်လည်း ကျွန်ုပ်၏ပြောစကားကကျယ်လောင်သောရယ်မောသံမှလွဲ၍၊ တခြားဘာကိုမှမဖြစ်စေပါ။ အရှင်မင်းမြတ်ကို

ရှိသေကြသော်ကြောင့် သူ့ဘေးမှ ကျန်လူများကဝင်ရောက်ရယ်မောကြခြင်းမပြုကြပါ။ သူနှင့်၊ အရွယ်အစားနှင့်အရည်အချင်း၊ နှိုင်းယှဉ်၍မရသောလူများအကြားတွင်၊ သူ့ကိုယ်သူဂုဏ်ယူဝင့်ကြွားဘွယ်ဖြစ်အောင်ကြိုးစားနေသော လူတစ်ယောက်အဖို့မူ၊ ကြိုးစားမှုကအချည်းနှီးသာဖြစ်ကြောင်း အရှင်မင်းမြတ်၏ရယ်မောခြင်းက စဉ်းစားမိစေ၏။

ကျွန်ုပ်ကနေ့စဉ်နန်းတော်ရုံးသို့ရယ်မောစရာဇာတ်လမ်းအချို့ကိုတင်သွင်း၏။ ဂလူမ်ဒါလစ်ချ်က ကျွန်ုပ်ကိုအတိုင်းအတာမရှိချစ်သော်လည်း၊ အရှင်သခင်မအား ပျော်ရွှင်နှစ်သက်မှုဖြစ်စေမည့်ရယ်စရာကိစ္စများကို ကျွန်ုပ်ပြုလုပ်သည့်အခါတိုင်း ဘုရင်မကို သတင်းပို့လောက်အောင် သူမကတာဝန်ကျေသူဖြစ်၏။ နေသိပ်မကောင်းသော မိန်းကလေးကို လေကောင်းလေသန့်ရှူစေရန်အတွက်၊ နာရီဝက်ကြာခရီးရှိသောနေရာ၊ သို့မဟုတ်-မြို့မှ မိုင်(၃၀)ခန့်ဝေးသောနေရာသို့ သူမ၏အထိန်းတော်က ခေါ်ဆောင်သွား၏။ လယ်ကွင်းတခု အတွင်းရှိခြေသွားလမ်းကလေးတစ်ခုအနီးအနားတွင် သူတို့ကရထား ယာဉ်ပေါ်မှဆင်းကြပြီး၊ ဂလူမ်ဒါစ်ချ်က ကျွန်ုပ်၏ခရီးသွားသေတ္တာပုံး ကိုချထားပေးသောအခါ၊ ကျွန်ုပ်ကလမ်းလျှောက်ရန်ထိုအထဲမှ ထွက်လာ၏။ လမ်းတွင်နွားချေးပုံတစ်ခုရှိပြီး၊ ၎င်းအပေါ်သို့ခုန်ကျော်ရန်အတွက် ကျွန်ုပ်ကြိုးစားအားစိုက်မှုပြုလုပ်ရမည်ဖြစ်၏။ ကျွန်ုပ်ကတအားပြေးလိုက်၏။ သို့သော်ကံမကောင်း အကြောင်းမလှစွာဖြင့် လွတ်အောင်မခုန်နိုင်ဘဲ၊ နွားချေးပုံအလယ်တွင် ကျွန်ုပ်



ဒူးခေါင်းအထိ နစ်ဝင်နေသည်ကိုသာတွေ့ရ၏။ ကျွန်ုပ်ကခက်ခက်ခဲခဲဖြင့် ရှေ့သို့ တိုးသွားပြီး၊ နွားချေးများဖြင့် ကျွန်ုပ်ညစ်ပတ်စွာပေကြံနေသဖြင့်၊ အထမ်းသမားတစ်ယောက်က၊ လက်ကိုင်ပုဝါဖြင့်တတ်နိုင်သမျှ ကျွန်ုပ်ကို သန့်ရှင်းစင်ကြယ်အောင်သုတ်ပေး၏။ ကျွန်ုပ်တို့အိမ်ပြန်ရောက်သည်အထိ ကျွန်ုပ်၏အထိန်းတော်ကလေးက ကျွန်ုပ်ကိုသေတ္တာထဲသို့ ပြန်ထည့်ထားပြီး၊ နန်းတော်သို့ ပြန်ရောက်သောအခါ၊ မကြာခင်ပင် ဘုရင်မအားဖြစ်ပျက်ခဲ့သမျှကို သတင်းပို့၏။ အထမ်းသမားကလည်း ၎င်းသတင်းကိုနန်းတော် အတွင်းသို့ ဖြန့်ဝေလိုက်ရာကျွန်ုပ်မှာ-ရက်အတော်ကြာအများ၏ ရယ်စရာဖြစ်နေတော့၏။

## အခန်း(၆)

ဘုရင်၏ညီလာခံသဘင်သို့ တပတ်လျှင်နှစ်ကြိမ်၊ သုံးကြိမ် ကျွန်ုပ်တက်ရောက်လေ့ရှိပြီး၊ ဆံပင်ညှပ်ဆရာ၏အောက်တွင် သူ၊ မကြာခဏရှိတတ်**သည်**ကို ကျွန်ုပ်တွေ့ရ၍၊ သင်တုံးဓါးက၊ သာမန်ကိုင်းခုတ်ဓါး**ထက် (၂)ဆကြီး**မားသဖြင့်၊ အစပထမ၌၊ ၄င်းကိုတွေ့မြင်ရသည်မှာ အလွန်ကြောက်မက်ဘွယ်ကောင်းလှ၏။ ထိုနိုင်ငံ၏ ထုံးတမ်းစဉ်လာအရ၊ အရှင်မင်းမြတ်က၊ တပတ်လျှင်နှစ်ကြိမ်သာ မုတ်ဆိတ်မွေးရိတ်၏။ တစ်ခါတွင် မုတ်ဆိတ်မွေးရိပ်သောဆပ်ပြာမှုန့် တချို့ကို ကျွန်ုပ်အားပေးရန်ဆံပင်ညှပ်ဆရာကို ကျွန်ုပ်ကတိုက်တွန်းပြီး၊ ထိုဆပ်ပြာမှုန့်ထဲမှအသန်မာဆုံးအမွေးအပင် (၄၀)(၅၀)ကို ကျွန်ုပ်ကရွေးယူ၏။ ထို့နောက်တွင် ကျွန်ုပ်ကကောင်းမွန်သော သစ်သားချောင်းတစ်ချောင်းကိုယူပြီး၊ ၄င်းကိုဘီး၏နောက်ကျောအခုံးအဖြစ်၊ ခုတ်ဖြတ်ကာ၊ ဂလူမ်ဒါလစ်ချ် ထံမှ ကျွန်ုပ်ရရှိခဲ့သော အပ်ကလေးဖြင့် ၄င်းကိုတူညီသောအကွာအဝေးတွင် အပေါက်များ များစွာဖောက်၏။ အမွေးအတိုများကို ကျွန်ုပ်၏ဓါးဖြင့်ချွန်ထက်အောင်သ၍၊ ကျွန်ုပ်က ကျနစွာတပ်ဆင်လိုက်ရာ၊ အတော်အသုံးဝင်သောဘီးတစ်ချောင်းဖြစ်

လာ၏။ ကျွန်ုပ်ပိုင်ဘီးက အသွားများကျိုးကုန်သဖြင့် သုံးမရလောက်အောင်ဖြစ်နေရာ၊ ၎င်းကိုယာယီအသုံးပြုရ၏။ ကျွန်ုပ်၏ဘီးကဲ့သို့ သေသပ်ကောင်းမွန်သောနောက်ထပ်ဘီးတစ်ချောင်းကို၊ ဤနိုင်ငံမှ ပညာရှင်တစ်ဦးက ကျွန်ုပ်အတွက်ပြုလုပ်ပေးနိုင်မည်လားဆိုသည်ကို ကျွန်ုပ်မည်သည့်အခါမှသိရမည်မဟုတ်ပါ။

ဤအတွေးကကျွန်ုပ်ကိုသဘောကျစေပြီး၊ အားလပ်သော အချိန်များတွင် ၎င်းကိုများစွာတွေးတောမိ၏။ ဘုရင်မ၏အစေခံ အမျိုးသမီးအား ဘုရင်မ၏ဖြီးချထားသောဆံပင်များကို ကျွန်ုပ်အတွက်စုဆောင်းခိုင်းထား၏။ ဤသို့ဖြင့် မကြာခင်တွင်အတော်များများကို ကျွန်ုပ်ရရှိပြီး၊ ကျွန်ုပ်အတွက်အလုပ်လုပ်ပေးရန် အမိန့်ပေးထားခြင်းခံရသော သေတ္တာအခန်းပြုလုပ်ပေးသူ၊ ကျွန်ုပ်၏မိတ်ဆွေနှင့်တိုင်ပင်လျှက်၊ ကျွန်ုပ်၏သေတ္တာခန်းထဲတွင်ရှိသော ထိုင်ခုံများထက်မကြီးသည့်ထိုင်ခုံကိုယ်ထည်နှစ်ခုကို သူ့အားကျွန်ုပ်ပြုလုပ်ခိုင်း၏။ နောက်ကျောမှီနှင့်ဖင်ထိုင်ခုံနေရာတွက် ကျွန်ုပ်ပုံစံချထားသောနေရာများ ပတ်ပတ်လည်တွင်ဆူးချွန်ဖြင့်အပေါက်ကလေးများဖောက်ခိုင်း၏။ အင်္ဂလန်မှကြိမ်ထိုင်ခုံများပုံကိုတုလျှက်၊ ကျွန်ုပ်ထိုးသွင်းရက်လုပ်၏။ ၎င်းကိုပြီးစီးသွားသောအခါ ကျွန်ုပ်က ၎င်းတို့ကိုအရှင်သခင်မအား လက်ဆောင်ပေး၏။ သူမ၏ ၎င်းတို့ကို သူမ၏အခန်းထဲတွင်ထားရှိပြီး၊ အမှန်ပင်၎င်းတို့ကမြင်ရသူများအား တအံ့တသြဖြစ်စေသဖြင့်၊ ၎င်းတို့ကိုစိတ်ဝင်စားဘွယ်ရာများအဖြစ်



ပြသလေ့ရှိ၏။ ဘုရင်မက ကျွန်ုပ်ကို၎င်းထိုင်ခုံတစ်ခုတွင်ထိုင်ခိုင်း၏။ သို့သော်အရှင်သခင်မဦးခေါင်းကို တချိန်ကကျက်သရေဆောင်ခဲ့သော အဘိုးကြီးမြတ်လှသည့်ဤဆံပင်ပေါ်တွင် ယုတ်ညံ့သော ကျွန်ုပ်၏ခန္ဓာကိုယ်ကိုထိုင်စေခြင်းထက်၊ ကျွန်ုပ်အကြိမ်ပေါင်းတစ်ထောင်သာအသေခံလိုကြောင်း၊ ဆန့်ကျင်ပြောလျှက်၊ သူမ၏အမိန့်ကိုလိုက်နာရန်လုံးဝငြင်းဆန်လိုက်၏။ ထိုဆံပင်အမွေးများဖြင့် (၅)ပေခန့်ရှည်လျှားပြီး၊ သေသပ်သောပိုက်ဆံအိတ်ကလေးကို ကျွန်ုပ်ပြုလုပ်ပြီး၊ ပိုက်ဆံအိတ်ပေါ်တွင် ဘုရင်မ၏နာမည်ကိုရွှေစာလုံးဖြင့် ရေးထိုးပေး၏။ ၎င်းကိုဘုရင်မ၏ သဘောတူညီချက်အရ ဂလူမ်ဒါလစ်ချ်အား ကျွန်ုပ်ပေး၏။ အမှန်ကိုပြောရလျှင် ကြီးမားသောဒင်္ဂါးပြားများ၏အလေးချိန်ကိုခံနိုင်လောက်အောင် ခိုင်မာခြင်းမရှိသဖြင့်၊ ၎င်းက အသုံးပြုရန်ထက်အလှပြရန်ပိုကောင်း၏။ ထို့ကြောင့် မိန်းကလေးများနှစ်သက်တတ်သည့် အရုပ်ကလေးများအချို့မှလွဲ၍ သူမက ၎င်းအထဲတွင် ဘာမျှမထည့်ပါ။

တေးဂီတကိုနှစ်သက်သောဘုရင်က၊ နန်းတော်တွင် မကြာခဏ၊ ကပွဲများပြုလုပ်ပြီး၊ ထိုကပွဲများဆီသို့တခါတရံကျွန်ုပ်ကို ခေါ်ဆောင်သွားကာ၊ သူတို့တေးသီချင်းများကို နားထောင်ရန်အတွက် ကျွန်ုပ်၏သေတ္တာပုံးကိုစားပွဲပေါ်တင်ထားပေး၏။ သို့သော် ဆူညံသံများက အလွန်ကျယ်လောင်လွန်းလှသဖြင့်၊ တေးဂီတသံစဉ်ကို ကျွန်ုပ်ခွဲခြားရန်ခက်လှ၏။ တော်ဝင်စစ်တပ်တစ်ခုမှ ဒရမ်များနှင့်

ထရန်းပက်တူရိယာများအားလုံးက အဆွေ၏နား နား၌ကပ်လျှက်တီးမှုတ်ကြမည်ဆိုလျှင် ၎င်းကတေးဂီတသံနှင့်မတူဟု ကျွန်ုပ်ယုံကြည်၏၊ တီးခတ်သီဆိုသူများ ထိုင်နေကြသည့်နေရာမှ ကျွန်ုပ်၏သေတ္တာမုံးကို တတ်နိုင်သမျှဝေးဝေးသို့ ကျွန်ုပ်ရွှေ့သွားတတ်သည့် အလေ့အကျင့်ရှိ၏၊ ထို့နောက်သေတ္တာတံခါးများနှင့် ပြတင်းပေါက်များကိုပိတ်လိုက်ပြီး၊ ပြတင်းပေါက်လိုက်ကာများကို ဆွဲချလိုက်၏။ ၎င်းနောက်တွင် တေးဂီတအသံကနားခံသာရှိလာ၏။

ကျွန်ုပ်ငယ်စဉ်ကလေမှုတ်စန္ဒယားကို အနည်းငယ်တီးခတ်နိုင်ရန်သင်ကြားခဲ့၏၊ ဂလူမ်ဒါလစ်ချ်က သူမ၏အခန်းထဲတွင် တစ်ခုထားရှိပြီး၊ ဆရာတစ်ယောက်က တပါတ်လျှင်နှစ်ကြိမ်သူမကိုလာရောက်သင်ကြားပေး၏။ ၎င်းကလေမှုတ်စန္ဒားယားနှင့်တမျိုးတဖုံတူညီပြီး၊ ထိုကဲ့သို့ပင် တီးခတ်ရသောကြောင့်၎င်းကို ကျွန်ုပ်ထိုသို့ခေါ်ဆိုခြင်းဖြစ်၏။ ဤတူရိယာပစ္စည်းဖြင့်အင်္ဂလိပ်သံစဉ်တစ်ခုကို ဘုရင်နှင့်ဘုရင်မအား ကျွန်ုပ်ဖျော်ဖြေညှခံမည်ဟု ကျွန်ုပ်၏ခေါင်းထဲ၌စိတ်ကူးတစ်ခုရ၏။ သို့သော်၎င်းကအလွန်တရာခက်ခဲလှဟန်တူ၏။ အကြောင်းမူကား လေမှုတ်စန္ဒယားကပေ (၆၀)နီးပါးရှည်လျားပြီး၊ ခလုပ်အသီးသီးက တပေနီးပါးကျယ်ပြန့်သဖြင့်ကျွန်ုပ်၏လက်နှစ်ဖက်ကိုပြန့်ကာထားလျှင်တောင်မှ ခလုပ်ငါးခုထက်ကျော်အောင် ကျွန်ုပ်မမှီနိုင်ပဲ၊ ၎င်းတို့ကို ဖိချရန်အလို့ငှာ ကျွန်ုပ်၏လက်သီးဆုပ်ဖြင့် အတော့်ကိုထုရိုက်ရ၏။ ၎င်းကအလွန်ကိုအားစိုက်



လွန်းရပြီး၊ အရာမရောက်ပါ။ ကျွန်ုပ်ကြံဆလိုက်သော နည်းစနစ်က ဤသို့ဖြစ်၏။ သာမန်လက်ကိုင်တုတ်အရွယ်အစားခန့်ရှိသော တုတ်အလုံး ၂ ချောင်းကို ကျွန်ုပ်ပြင်ဆင်၏။ ၎င်းတို့၏ အဖျားတစ်ဖက်က၊ ကျန်အဖျားတဖက်ထက်အလုံးကိုပိုတုတ်ပြီး၊ ထိုသို့တုတ်သော အဖျားများကိုကြွက် သားရေစတစ်ခုဖြင့် ကျွန်ုပ်ဖုံးလိုက်၏။ ဤသို့ဖြင့်၎င်းတို့နှင့်ထိုးဖိသော် ခလုပ်များကို ပျက်စီးစေခြင်းသော်၎င်း၊ တူရိယာအသံကိုနှောက်ယှက် ခြင်းသော်၎င်း၊ မဖြစ်တော့ပေ။ လေမှုတ်စန္ဒယား၏ရှေ့ ခလုပ်များ အောက်(၄)ပေခန့်တွင် ခုံတန်းတစ်ခုကိုနေရာချထားပြီး၊ ကျွန်ုပ်ကို ထိုခုံတန်းပေါ်သို့တင်ပေး၏။ တုတ်ချောင်းနှစ်ခုဖြင့် သင့်လျော်သော ခလုပ်များကို ထိုးနှိပ်လျှက် ကျွန်ုပ်ကတတ်နိုင်သမျှမြန်မြန်ခုံတန်း တစ်လျှောက်ဟိုမှသည်၊ သည်မှဟိုသို့ပြေးလွှားလှုပ်ရှားပြီး၊ အရှင်မင်း နှစ်ပါးကို အလွန်တရာ ကြေနပ်နှစ်သက်စေရန်အလို့ငှာ၊ မြူးမြူးကြွကြွ တီးခတ်ပြ၏။ သို့သော် ၎င်းကကျွန်ုပ်တွေ့ကြုံခဲ့ရသမျှတွင် အပြင်းထန်ဆုံးသော လေ့ကျင့်ခန်း တစ်ခုဖြစ်၏။ သို့ဖြစ်လင့်ကစားခလုပ် ၁၆-ခုထက်ပို၍ ကျွန်ုပ် မရိုက်နှိပ်နိုင်ဘဲ၊ အလားတူစွာပင် အခြားတူရိယာ ပညာရှင်များ ပြုလုပ်သကဲ့သို့ ဘေ့စ်နှင့် ထရစ်ဘယ်တီးလုံးများကိုလည်း ကျွန်ုပ်တွဲ၍၊ မတီးခတ်နိုင်ပါ။ ၎င်းက ကျွန်ုပ်၏ဖျော်ဖြေမှုအတွက်အလွန် တစ်ရာအားနည်းချက်ပင်ဖြစ်၏။

ယခင်ကကျွန်ုပ်ပြောပြခဲ့သည့်အတိုင်း၊ ဘုရင်ကအလွန်

နားလည်တတ်သောမင်းတစ်ပါးဖြစ်သဖြင့်၊ ကျွန်ုပ်ကိုသေတ္တာအတွင်းသို့ ခေါ်သွားပြီး၊ သေတ္တာခန်းအတွင်းမှစားပွဲပေါ် ချထားပေးသင့်ကြောင်းထပ်ခါထပ်ခါ အမိန့်ပေး၏။ ထိုနောက်သူက ကျွန်ုပ်ကို ကျွန်ုပ်အခန်းထဲမှထိုင်ခုံတလုံးကိုထုတ်ယူခိုင်းပြီး၊ သုံးကိုက်အကွာ ဘီဒိုထိပ်ပေါ်၌ ကျွန်ုပ်ကိုထိုင်ခိုင်းလျှင် ကျွန်ုပ်ကသူ၏မျက်နှာနှင့် တပြေးတည်းနီးပါးဖြစ်သွား၏။ ဤသို့ဖြင့်သူနှင့်ကျွန်ုပ်စကားများစွာ ပြောကြ၏။ ဥရောပနှင့်ကျန်တကမ္ဘာလုံးအပေါ် သူထားရှိခဲ့သော ရွံရှာမုန်းတီးစိတ်သည် သူပိုင်ဆိုင်ထားသော ဦးနှောက်အရည်အချင်းနှင့်လိုက်ဖက်ခြင်းမရှိကြောင်းတနေ့တွင် ကျွန်ုပ်ကအရဲစွန့်၍ အရှင်မင်းမြတ်ကိုပြောပြ၏။ ဤအကြောင်းပြချက်က ခန္ဓာကိုယ်ကြီးမားခြင်းနှင့်မသက်ဆိုင်ပေ။ ဆန့်ကျင်ဘက်အားဖြင့်အရပ်အရှည်ဆုံးလူသည် ဦးနှောက်ရှိမှုနည်းပါးလေ့ရှိကြောင်း ကျွန်ုပ်တို့၏နိုင်ငံတွင် ကျွန်ုပ်တို့သုံးသပ်တွေ့ရှိရပုံ။ အခြားတိရိစ္ဆာန်များအကြားတွင် ပျားနှင့်ပုရွက်ဆိတ်တို့သည်၊ သူတို့ထက်အရွယ်အစားကြီးမားသူများစွာတို့ထက်လို့လရှိမှု၊ တတ်ကျွမ်းမှုနှင့်ဉာဏ်ပညာရှိမှု၊ ပိုမိုကြောင်းဂုဏ်သတင်းကောင်းရှိပုံနှင့် အရှင်မင်းမြတ်က ကျွန်ုပ်ကိုအရေးလုပ်မစဉ်းစားသော်လည်း၊ သူ့အတွက် ကျွန်ုပ်ထင်ရှားသောအမှုကိုထမ်းဆောင်လိုပုံတို့ကိုပြောပြ၏။ ဘုရင်ကကျွန်ုပ်ပြောစကားများကို အာရုံစိုက်လျှက်၊ နားထောင်ပြီး၊ ကျွန်ုပ်ကိုယခင်ကထက်ပို၍၊ နားလည်စပြုလာ၏။ သူကအင်္ဂလန်အစိုးရအကြောင်းကို ကျွန်ုပ်တတ်နိုင်သမျှ၊ တိတိကျကျ



သူ့အားပြောပြစေလို၏။ အဘယ်ကြောင့်ဆိုသော် ဘုရင်ကသူတို့၏ထုံးတမ်းစဉ်လာကို နှစ်သက်သည့်အတိုင်းပင်၊ အတုခိုးထိုက်သောအရာတစုံတခုကို သူနားထောင်ရလျှင်ဝမ်းသာမည်ဖြစ်သောကြောင့်တည်း။

ကျွန်ုပ်တို့၏အုပ်ချုပ်မှုနယ်ပယ်မှာ ကျွန်း(၂)ကျွန်းဖြင့်ဖွဲ့စည်းထားကြောင်း အရှင်မင်းမြတ်ကိုသတင်းပေးရင်းဖြင့် ကျွန်ုပ်စကားလမ်းကြောင်းစလိုက်၏။ ထိုကျွန်း (၂)ခုတွင်ဘုရင့်တစ်ဦးတည်း၏ လက်အောက်ခံနိုင်ငံ (၃) နိုင်ငံပါသည့်အပြင်၊ အမေရိကတိုက်၌လည်း ကျွန်ုပ်တို့အခြေချထား၏။ ရာသီဥတုကောင်းမွန်၍ မြေဩဇာကြွယ်ဝသောမြေပေါ်တွင် ကျွန်ုပ်တို့ကာလကြာရှည်စွာက နေထိုင်ခဲ့ကြ၏။ ထို့နောက်တွင် အင်္ဂလိပ်ပါလီမန်၏ဖွဲ့စည်းပုံဥပဒေကို ကျွန်ုပ်အကျယ်ချဲ့ပြောပြ၏။

ဤစကားပြောပွဲက နာရီပေါင်းများစွာကြာမြင့်ပြီး၊ ဘုရင်ကကြီးစွာအာရုံစိုက်လျှက်အားလုံးကို နားထောင်ကာမကြာခဏဆိုသလိုကျွန်ုပ်ပြောပြသော အရာများကိုမှတ်စုရေး၍ ကျွန်ုပ်အားသူမေးမြန်းရန် ကြံရွယ်ထားသောမေးခွန်းများအားလုံးကိုလည်း မှတ်သားထား၏။

ရှည်လျားလှသော ဤစကားပြောပွဲကို ကျွန်ုပ်အဆုံးသတ်လိုက်သောအခါ၊ အရှင်မင်းမြတ်က ဧည့်ပရိတ်သတ်(၆)ယောက်နှင့်သူ၏မှတ်စုရေးသားချက်များကိုတိုင်ပင်လျက်၊ အချက်အလက်အသီး

သီးနှင့်ပတ်သက်၍များစွာသော သံသယများ၊ မေးခွန်းများနှင့် ဆန့်ကျင်ချက်များကိုအဆိုပြု၏။ ငယ်ရွယ်မြင့်မြတ်သော ကျွန်ုပ်တို့၏ စိတ်ကိုယ်ကိုပြုစုပျိုးထောင်ပေးရန်အတွက်၊ မည်သည့်စနစ်ကို အသုံးပြုကြပုံနှင့် သူတို့၏ဘဝအစဦးဆုံးသင်ကြားမှုအပိုင်းကို မည်ကဲ့သို့သောလုပ်ငန်းဖြင့် သူတို့ကုန်လွန်စေကြပုံကိုသူကမေး၏။ မြင့်မြတ်သောမိသားစုချုပ်ငြိမ်းခြင်းသို့ ရောက်သွားလျှင် ဘာသာရေးအခန်းအနားပြုလုပ်ရန်မည်သို့ဆောင်ရွက်ပုံ၊ မြင့်မြတ်သောအုပ်ချုပ်သူများကို တင်မြှောက်ရန်အတွက် မည်ကဲ့သို့သောအရည်အချင်းများကို လိုအပ်ပုံ၊ သူတို့နိုင်ငံ၏ဥပဒေနှင့်ပတ်သက်၍ ဤအုပ်ချုပ်သူများက ဗဟုသုတမည်မျှရှိပုံ၊ လောဘရမက်ရှိခြင်း၊ မျက်နှာလိုက်ခြင်းတို့မှ ကင်းဝေးလွန်းကြသဖြင့်၊ လာဒ်ပေးလာဒ်ယူဆိုသည်မှာ သူတို့ကြား၌ လုံးဝမရှိပုံ၊ ကျွန်ုပ်ပြောခဲ့သည့်မြင့်မြတ်သော ခေါင်းဆောင်များကို ဘာသာရေးကိစ္စတွင်သူတို့၏ ဗဟုသုတရှိပုံကိုအကြောင်းပြု၍ ထိုရာထူးအဆင့်သို့ အမြဲတမ်းတိုးမြှင့်ပေးပုံစသည်တို့ကို သူကပြော၏။

ထို့နောက်သာမန်လူများဟု ကျွန်ုပ်ခေါ်သောသူတို့ကို ရွေးချယ်ရာတွင်၊ မည်သည့်ပညာကိုအသုံးပြုပုံကိုသူကသိချင်၏။ ပိုက်ဆံအိတ်ဖောင်းဖောင်းရှိသောလူစိမ်းက အကျင့်မကောင်းသောမဲဆန္ဒရှင်များကို သူတို့၏ဆရာများအား လစ်လျူရှုစေလျှက် သူ့အားရွေးချယ်စေလောက်အောင် ဩဇာလွှမ်းမိုးမှုမရှိနိုင်ဘူးလားဟု သူကသိချင်၏။

ကျွန်ုပ်တို့၏တရားဥပဒေရုံးများနှင့် ပတ်သက်၍ကျွန်ုပ်၏



ပြောပြချက်များအပေါ် အရှင်မင်းမြတ်ကအကြောင်းအချက်များစွာတို့တွင် ကြေနပ်နှစ်သိမ့်မှုဖြစ်ချင်၏။ အမှားနှင့်အမှန်ဆုံးဖြတ်ရာတွင် ပုံမှန်အားဖြင့်၊ အချိန်မည်မျှယူလေ့ရှိကြောင်းနှင့် ကုန်ကျစရိတ်မည်မျှရှိကြောင်းကိုသူကမေး၏။ တရားမျှတမှုမရှိခြင်း၊ ဖိနှိပ်မှုရှိခြင်း၊ စိတ်အနှောက်အယှက်မကင်းခြင်းစသည်တို့ရှိရမည်ဟု ထင်ရှားစွာသိရသော အကြောင်းကိစ္စများတွင်၊ ရှေ့နေများအတွက်အသနားခံတင်သွင်းခွင့်ရှိမရှိ၊ ဘာသာရေး သို့မဟုတ် နိုင်ငံရေးအသင်းအဖွဲ့တစ်ခုအနေဖြင့်တရားရေးကိစ္စတွင် အခွင့်သာမှုရှိမရှိ၊ စသည်တို့ကိုသူကမေး၏။

ထို့နောက်ကျွန်ုပ်တို့ဘဏ္ဍာရေးထိန်းသိမ်းမှုနှင့်ပတ်သက်၍ သူကဆက်မေးပြီး၊ ကျွန်ုပ်တို့၏အခွန်အခကတစ်နှစ်လျှင် (၅)သန်း (၆)သန်းခန့်ရှိသည်ဟု ကျွန်ုပ်ကတွက်ချက်သဖြင့်၊ ကျွန်ုပ်၏မှတ်ဉာဏ်များမကောင်းတော့ဟုသူကထင်၏။ ကျွန်ုပ်ကတွက်ချက်ပြသောအခါ၊ ၎င်းတို့က (၂)ဆထက်မကပိုများလာသည်ကို သူတွေ့ရ၏။ သူပြောခဲ့သည့်အတိုင်း ကျွန်ုပ်တို့၏အပြုအမူကိုသိရှိနားလည်ရခြင်းသည် သူ့အတွက်အသုံးဝင်နိုင်သည်ဟုမျှော်လင့်သဖြင့် ဤကိစ္စတွင်သူကမှတ်စုများကိုအသေးစိတ်ရေးမှတ်နေရာ သူ၏တွက်ချက်မှုနှင့်ပတ်သက်၍သူမမှားနိုင်ပါ။ သို့သော်သူ့အား ကျွန်ုပ်ပြောပြသောအရာများမှန်ကန်လျှင်တောင်မှ၊ နိုင်ငံတစ်ခုတည်းအနေဖြင့် ကိုယ်ပိုင်လူတစ်ယောက်ကဲ့သို့ အခြေအနေများမည်ကဲ့သို့ ယိမ်းယိုင်ပျက်စီး

ရသည်ကို သူမသိနိုင်သေးပါ။ ကျွန်ုပ်တို့၏ကြွေးရှင်များက မည်သူတို့ဖြစ်ကြောင်းနှင့်သူတို့ကိုအကြွေးဆပ်ရန်အတွက် ပိုက်ဆံကိုမည်သည့်နေရာ၌ ကျွန်ုပ်တို့ရှာဖွေရမည့်အကြောင်းကို သူကကျွန်ုပ်အားမေး၏။ ကုန်ကျစရိတ်များပြီး၊ ကျယ်ပြန့်လှသောစစ်ပွဲများအကြောင်း ကျွန်ုပ်ပြောပြသည်ကို သူကနှစ်သက်စွာနားထောင်ချင်၏။ ကျွန်ုပ်တို့သည် ရန်လိုသောလူများဖြစ်ရမည်ဖြစ်ကြောင်းသို့မဟုတ် ကျွန်ုပ်တို့သည်အလွန်ဆိုးဝါးသော အိမ်နီးနားချင်းများအကြားတွင်နေထိုင်ရမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့၏စစ်ဗိုလ်ချုပ်များသည် ဘုရင်များထက်၊ ပိုမိုချမ်းသာရန်လိုအပ်မည်ဖြစ်ကြောင်းထိုသို့သူကကြားချင်၏။ ကျွန်ုပ်တို့၏ကျွန်းများတွင် မည်သည့်လုပ်ငန်းများအား ကျွန်ုပ်တို့ပြုလုပ်ကြသည်ကိုသူကမေး၏။ အားလုံးထဲတွင်ငြိမ်းချမ်းမှုအတွက်၊ လွတ်လပ်သောလူမျိုးများအကြား၌ ကြေးစားစစ်တပ်များရှိကြောင်းကျွန်ုပ်ကပြောသည်ကို သူကြားရသဖြင့်အံ့သြသွား၏။ ကျွန်ုပ်တို့၏ကိုယ်စားလှယ်ပုဂ္ဂိုလ်များက၊ မင်းလုပ်အုပ်ချုပ်သည်ကို ကျွန်ုပ်တို့သဘောတူလျှင်၊ မည်သူ့ကိုကျွန်ုပ်တို့ကြောက်ရမည်၊ မည်သူ့ကိုကျွန်ုပ်တို့တိုက်ခိုက်ရမည်ကို သူကစဉ်းစား၍ မရနိုင်ပဲ၊ လူတစ်ယောက်ပိုင်ဆိုင်သော အိမ်ကိုသူကိုယ်တိုင်၊ သူ့ခလေးများနှင့်သူ့မိသားစုက ကာကွယ်ပေးသည်ထက်လုပ်ခနည်းနည်းဖြင့်လမ်းပေါ်မှငှားရမ်းရနိုင်သော လူလိမ်လူကောက်ဒါဇင်ဝက်တို့က ကာကွယ်ပေးလျှင် ပိုကောင်းနေမည်လားဟူသော



ကျွန်ုပ်၏ ထင်မြင်ချက်ကို သူကနားထောင်၏။

ဘာသာရေးနှင့်နိုင်ငံရေးအရ ကျွန်ုပ်တို့အကြားလူစုအမျိုးမျိုးကွဲပြားမှုကိုရေတွက်လျှင်၊ ကျွန်ုပ်တို့၏လူဦးရေအားတွက်ချက်သည့်ကျွန်ုပ်၏သင်္ချာဗေဒပညာကို သူကသဘောကျစွာရယ်မော၏။ ပြည်သူကိုအဆိပ်အတောက်ဖြစ်စေသော အတွေးအခေါ်များရှိသူကို မည်သို့ကြောင့်မှငင်းအတွေးအခေါ်တို့ကိုပြောင်းလဲခိုင်းရန် သို့မဟုတ် ဖုန်းကွယ်ထားခိုင်းရန်အကြောင်းမရှိကြောင်းသူကပြော၏။ အစိုးရအဖွဲ့သည်ပထမနည်းလမ်းကို သုံးလျှင်၊ အာဏာဆန်ခြင်းဖြစ်သလို၊ ဒုတိယနည်းလမ်းကို မသုံးခိုင်းလျှင်လည်းအားနည်းခြင်းပင်ဖြစ်၏။ အကြောင်းမူကား လူတစ်ယောက်အားသူ၏အဆိပ်အတောက်များကို သူ၏သေတ္တာထဲတွင် သိမ်းဆည်းထားခွင့်ပြုနိုင်သော်လည်း၊ ၎င်းတို့ကိုအားဆေးအဖြစ် လှည့်လည်ရောင်းချခြင်းကိုကား ခွင့်မပြုနိုင်ပေ။

လူ့အထက်တန်းလွှာနှင့် အလယ်အလတ်လွှာတို့၏ အပျော်အပါးကစားနှင့်ပတ်သက်၍ ကျွန်ုပ်ကလောင်းကစားခြင်းကိုဖော်ပြ၏။ မည်သည့်အသက်အပိုင်းအခြားတွင် ဤအပျော်အပါးကစားကိုစတင်လုပ်ဆောင်လေ့ရှိပြီး၊ မည်သည့်အချိန်တွင် ၎င်းကိုစွန့်လွှတ်ကြကြောင်းကိုသူကသိချင်၏။ ၎င်းအတွက်သူတို့အချိန်မည်မျှဖြုန်းကြပုံ၊ ၎င်းကသူတို့၏ဥစ္စာဓနကို အလွန်ထိခိုက်မှုရှိမရှိ၊ နိမ့်ကျသောယုတ်ညံ့သောလူများက ဤအတတ်ပညာကိုကျွမ်းကျင်တတ်မြောက်

ခြင်းဖြင့် ချမ်းသာခြင်း**အထွဋ်အထိပ်**သို့ရောက် မရောက်ကိုသူက သိချင်၏။

လွန်ခဲ့သောရာစုနှစ်အတွင်းက၊ ကျွန်ုပ်တို့၏အကြောင်းကိစ္စများကို ရာဇဝင်အချက်အလက်များနှင့်အတူ သူ့အားကျွန်ုပ်ပြောပြသောအခါ၊ သူအမှန်တကယ်အံ့ဩထိတ်လန့်သွားပြီး၊ တော်လှန်ပုန်ကန်မှု၊ လူသတ်မှု၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ ထကြွသောင်းကျန်းမှုနှင့်ကြံစည်ပူးပေါင်းမှုတို့သည် လောဘကြီးခြင်း၊ ရောင့်ရဲမှုမရှိခြင်း၊ **အ**ယောင်ဆောင်ခြင်း၊ သစ္စာမဲ့ခြင်း၊ ရက်စက်ခြင်း၊ ဒေါသကြီးခြင်း၊ ရူးသွပ်ခြင်း၊ မုန်းတီးခြင်း၊ မနာလိုဖြစ်ခြင်း၊ တောင့်တခြင်း၊ အကျင့်မကောင်းခြင်း၊ ပြင်းပြစိတ်ရှိခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်လာသော အဆိုးဝါးဆုံးအကျိုးသက်ရောက်မှုများသာဖြစ်ကြောင်း ဆန့်ကျင်ပြောကြား၏။

နောက်ထပ်တစ်ကြိမ်ညီလာခံတွင် အရှင်မင်းမြတ်က သူမေးခဲ့သောမေးခွန်းများကို ကျွန်ုပ်ဖြေကြားခဲ့သောအဖြေများနှင့် နှိုင်းယှဉ်လျှက်၊ ကျွန်ုပ်ပြောခဲ့သည့်အရာအားလုံး၏အနှစ်ချုပ်ကို ဒုက္ခခံ၍ ပြန်လည်သုံးသပ်၏။ ထို့နောက်ကျွန်ုပ်ကိုသူ၏လက်နှစ်ဖက်ဖြင့် ဆုတ်ကိုင်ပြီး၊ ညင်သာစွာပွတ်သတ်ပေးရင်း၊ ထိုစကားများကို သူပြောကြားခဲ့ရာ၊ ၎င်းတို့ကို ကျွန်ုပ်မမေ့နိုင်သလိုသူ၏ စကားပြောပုံအမူအရာကိုလည်း ကျွန်ုပ်မေ့နိုင့်မည်မဟုတ်ပါ။ သူက ဤသို့ပြော၏။

"ငါရဲ့မိတ်ဆွေကလေး၊ ဂရစ်ဒရစ်-အသင်ဟာ အသင်ရဲ့နိုင်ငံအပေါ်



ကိုရိုသေလေးမြတ်မှုအလွန်ပြုခဲ့ပါတယ်။ လစ်လျူရှုခြင်း၊ ပျင်းရိခြင်းနှင့် ကိုယ်ကျင့်မကောင်းခြင်းတို့ဟာ တစ်ခါတစ်ရံမှာ ဥပဒေပြုအဖွဲ့ဝင်တစ်ယောက်ဖြစ်ဘို့အတွက် လိုအပ်တဲ့အချက်တွေဆိုတာ အသင်ရှင်းလင်းစွာဖော်ပြခဲ့ပြီးပါပြီ။ ဥပဒေတွေကို မှားယွင်းအသုံးချဘို့ ရှောင်ရှားဘို့နဲ့၊ ရှုတ်ထွေးအောင်လုပ်ဘို့သာစိတ်ဝင်စားကြတဲ့ လူတွေကပဲ ဒီဥပဒေတွေကိုအကောင်းဆုံးအဓိပ္ပါယ်ရှင်းပြကြပြီး အသုံးချနေကြတယ်။ အသင်ရဲ့ပြောစကားတွေထဲမှာ မူလကခွင့်ပြုတန်ကောင်းပါပေရဲ့နဲ့၊ တဝက်လောက်ကပျက်ပြယ်သလောက်ဖြစ်ပြီး၊ ကျန်တဲ့အရာအားလုံးကတော့လာဒ်စားမှုတွေနဲ့ ဆိုးညစ်နေတဲ့ ဥပဒေလမ်းကြောင်းတချို့ကို အကျွန်ုပ်တွေ့မြင်ရတယ်။ အသင်ရဲ့ပြောပုံအရ အသင်တို့ရဲ့အကြားမှာလူနေမှု အဆင့်အတန်းတစ်ခုကိုရဘို့အတွက်၊ တစုံတစ်ယောက်ကကောင်းမြတ်တဲ့အကျင့်ကို ပြုလုပ်ရမည်ဆိုတာ မပေါ်လွင်ဘူး၊ ဘုန်းတော်ကြီးတွေဟာ သူတို့ရဲ့လေ့လာသင်ကြားမှုကြောင့် တိုးတက်မှုဖြစ်ရတယ်**ဆိုတာ**၊ စစ်သားတွေဟာ သူတို့ရဲ့အပြုအမူ၊ ဒါမှမဟုတ်ရဲရင့်မှုကြောင့် တိုးတက်မှုရှိတယ်ဆိုတာ၊ တရားသူကြီးတွေဟာ သူတို့ရဲ့ရိုးသားမြင့်မြတ်မှုကြောင့် တိုးတက်မှုရှိတယ်ဆိုတာ၊ ဆီးနိတ်အမတ်တွေဟာ၊ သူတို့ရဲ့နိုင်ငံအပေါ် ချစ်မြတ်နိုးမှုကြောင့် တိုးတက်မှုရှိတယ်ဆိုတာ၊ ရှေ့နေတွေဟာ ပညာရှိမှုကြောင့် တိုးတက်မှုရှိတယ်ဆိုတာ၊ စတာတွေဟာ အသင်ရဲ့ပြောကြားချက်တွေမှာမပေါ်လွင်ဘူး၊ အသင်နဲ့ပတ်သက်လို့ကတော့ (ဘုရင်က

ဆက်လက်ပြော၏) အသင့်ရဲ့ဘဝမှာ အသင်ဟာခရီးများစွာသွားခဲ့သူဖြစ်တာမို့၊ အသင့်နိုင်ငံရဲ့အကျင်ဆိုးများစွာနဲ့အသင်လွတ်ကင်းမှုရှိလိမ့်မယ်လို့၊ အကျွန်ုပ်အလွန်မျှော်လင့်ပါတယ်။ သို့သော်အသင်ရဲ့ပြောကြားချက်တွေက အကျွန်ုပ်သိရသလောက်နဲ့အသင့်ထံမှ အကျွန်ုပ်များစွာကြိုးစားအားထုတ်ပြီး၊ ညှစ်ထုတ်ယူခဲ့ရတဲ့အဖြေတွေအရကတော့၊ အသင်တို့လူမျိုးစုတွေဟာ သဘာဝအလျှောက်ဤကမ္ဘာမြေပြင်ပေါ်သို့ တွားသွားရောက်လာတဲ့ မုန်းစရာအဆိပ်အတောက်လူမျိုးစုတွေသာဖြစ်ရမယ်လို့ အကျွန်ုပ်ကောက်ချက်ချရတော့မယ်။



## အခန်း (၇)

အမှန်တရားကို ကျွန်ုပ်တို့အလွန့်အလွန်ချစ်မြတ်နိုးမှုကြောင့်သာ၊ ကျွန်ုပ်ဇာတ်လမ်းထဲမှ၊ ဤအစိတ်အပိုင်းကို ကျွန်ုပ်ကွယ်ဝှက်မထားခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်အလွန်ချစ်မြတ်နိုးသော ကျွန်ုပ်၏နိုင်ငံကို ထိုကဲ့သို့တရားမမျှတစွာပြုမူပြောဆိုနေစဉ်၊ ကျွန်ုပ်မှာသည်းခံ၍ထိုင်နေရ၏။ ကျွန်ုပ်၏စာရှုသူများထဲမှ တစုံတယောက်အနေဖြင့်လည်း ထိုကဲ့သို့သောအခြေအနေဖြင့်တွေ့ကြုံရလျှင်၊ ဝမ်းနည်းကြမည်ဖြစ်သလို၊ ကျွန်ုပ်လည်းလှိုက်လှဲစွာဝမ်းနည်းမိ၏။ သို့သော်ဤဘုရင်ကစေ့စေ့စပ်စပ်၊ အလွန်စပ်စုပြီး၊ အမေးအမြန်းထူလွန်းသဖြင့်၊ ကျွန်ုပ်ကတတ်နိုင်သမျှကြိုးစားသော်လည်း၊ သူ့အနေဖြင့်ကြေနပ်မှုမရှိဖြစ်နေ၏။ သို့ဖြစ်လင့်ကစား၊ ကျွန်ုပ်ကလည်းဟုတ်မှန်ကြောင်းပြောနေသော်လည်း၊ သူ၏မေးခွန်းများစွာကို ကျွန်ုပ်လိမ္မာပါးနပ်စွာ၊ ရှောင်ရှားပြီး၊ အမှန်တရားခွင့်ပြုသလောက်၊ ကျွန်ုပ်၏လိုရာဘက်သို့ များစွာဆွဲ၍ပြော၏။ ကျွန်ုပ်တို့မိခင်နိုင်ငံ၏ နိုင်ငံရေးအားနည်းချက်နှင့်သဘာဝမကျမှုတို့ကို ကျွန်ုပ်ကဖုံးကွယ်ထားပြီး၊ အမိနိုင်ငံ၏ ကောင်းမြတ်

မှုနှင့်လုပမှုကို **ကျွန်ုပ်**ကမီးမောင်းထိုးပြ၏။ ဤဘုရင်နှင့် ကျွန်ုပ်စကား ပြောခဲ့ရာဟွင် ၎င်းကကျွန်ုပ်၏ရိုးသားသောကြိုးစားမှု ပင်ဖြစ်၏။ သို့သော်ကံမကောင်းအကြောင်းမလှစွာ ၎င်းက မအောင်မြင်ခဲ့ပါ။

သို့သော်တကမ္ဘာလုံးနှင့်လုံးဝခြားနား၍နေထိုင်သဖြင့်၊ အခြားနိုင်ငံများတွင် ဖြစ်ပျက်နေကြဖြစ်သော၊ အပြုအမူ၊ ထုံးတမ်းစဉ်လာများနှင့်ကျွမ်းကျင်မှုမရှိသည့် ဘုရင်တစ်ယောက်ကိုခွင့်ပြုချက်များ များစွာပေးရမည်ဖြစ်၏။ ထိုမျှဝေးလံခေါင်းပါးသောအရပ်မှ၊ ဘုရင်တစ်ယောက်၏ကောင်းမြတ်ခြင်းနှင့်ဆိုးယုတ်ခြင်းအမြင်ကို၊ လူသားအားလုံးတို့အတွက် စံနမူနာအဖြစ်ပြဋ္ဌာန်းပေးရမည်ဆိုလျှင်၊ အမှန်ပင်၎င်းကခက်ခဲလိမ့်မည်ဖြစ်၏။

ယခုကျွန်ုပ်ပြောခဲ့သောအရာကိုအတည်ပြုရန်နှင့် ချုပ်ချယ်ထားသော ပညာရေးတစ်ခု၏ဝမ်းနည်းဘွယ်အကျိုးသက်ရောက်မှု ကိုဖော်ပြရန်အတွက် ဤနေရာ၌ယုံကြည်ရန်ခက်ခဲလှသော စာပိုဒ်တစ်ခုကို ကျွန်ုပ်ထည့်သွင်းပြပါမည်။ အရှင်မင်းမြတ်၏မျက်နှာသာပေးမှုကိုရရှိရန်မျှော်လင့်လျှက်၊ လွန်ခဲ့သောနှစ်ပေါင်းသုံးရာနှင့်လေးရာကြား၊ တွေ့ရှိခဲ့သောတည်ထွင်မှုတစ်ခုကိုသူ့အား ကျွန်ုပ်ပြောပြ၏။ အမှုန့်အချို့ပြုလုပ်၍ အသေးငယ်ဆုံးမီးဖွားကလေးက၊ ထိုအမှုန့်ပုံကိုခဏအတွင်းမီးထလောင်စေက၊ မိုးကြိုးသွားထက်များစွာ ပိုမိုကျယ်လောင်သောအသံဖြင့်၊ ၎င်းက လေထဲသို့လွင့်ပျံကုန်ကြပုံကို ကျွန်ုပ်ကပြောပြ၏။ ဤပေါင်ဒါအမှုန့်ကိုသင့်တော်သောအချိုးအစား



ဖြင့် ကြားရေးအတွက်၊ သူ၏၃၏။ ၎င်းတို့ကို အလွန်ရိုးရှင်းသော အရွယ်အစားင်း သူကကန့်ကွက်ကြပြီး၊ ထိုလူများကအသီးကံကို အရှိန်ဖြင့်တွန်းကန်သကဲ့သို့၊ ၎င်းကိုမပြည်သူ့ကိုမျှပြော်မပြရန် ကျွန်ုပ် ခံနိုင်ခြင်းမရှိပုံ။ ဤသု

ခဲလုံးများသည် စစ်တပ်ခင်မှုနှင့်မြတ်နိုးမှုများ ဖြစ်ပေါ်စေသော မက၊ အခိုင်မာဆုံးနံရံကပိုင်ဆိုင်ထားသည်ဟူသော အမြင်ကျဉ်း တစ်ထောင်ကျော်ဒုလူများ၏ကံကြမ္မာ၊ လွတ်လပ်မှုနှင့် အသက်ကို ဆီသို့နစ်မြှုပ်ပစ်ထားနိုင်သည့် အခွင့်အရေးရနေခြင်းပင်ဖြစ်၏။ ဤ များအတွင်းဖွံ့ဖြိုးသောကောင်းမြတ်မှုများကိုသေးသိမ်မှုဖြစ်စေရန် လူသွားလာဖြင့် ကျွန်ုပ်ပြောနေခြင်းမဟုတ်ပါ။ သို့သော်သူတို့အား စုတ်ဖြဲ များဖြစ်ပေါ်စေသော ဤအားနည်းချက်များကိုသာ စေလျှ၊ အ င်းဖြစ် ပြီး၊ ဥရောပမှဥာဏ်ပညာထက်မြက်သူများက ကို က်ထုဝ နိုင်ငံရေးကိစ္စကို သိပ္ပံပညာသို့သွတ်သွင်းအသုံးပြုခြင်း၊ ောင်းစွာသိရှိပုံ၊ ဘယ်ကြောင့်ဆိုသော်. တနေ့တွင်ဘုရင်နှင့် ၎င်းတို့ကိုရောစပ်ရမည့်အ အစိုးရအုပ်ချုပ်မှုပညာနှင့်ပတ်သက်၍ မင်းမြတ်၏နိုင်ငံတွင်ရှိသော အ ရှိကြောင်း၊ ကျွန်ုပ်ကပြောမိလျှင် ရှိသောပြောင်းလုံးများကို မည် ပည်ခြင်းမရှိပါ။ ပြည်တွင်းရေး သမားများအား ကျွန်ုပ်ညွှန်ကြ သာအခါ၊ ကျွန်ုပ်ဘာဆိုလိုသည်ကို၊ ပေတစ်ရာထက်ပိုရှည်ရန်မလိုအ ဟုသုတကို ကျဉ်းမြောင်းသော ရှိသည့်ပေါင်ဒါမှုန့်နှင့်ခဲလုံး၊ သံ ၊ တရားမမှုကိစ္စ၊ ပြစ်မှုကိစ္စကို

မှုနှင့်လှုပမှုကို ကျွန်ုပ်ကမီးမောင်းထိုးပြ၏။ ဤဘုရင်နှင့် ပြယ်ကွင်း
ပြောခဲ့ရာဘွင် ၄င်းကကျွန်ုပ်၏ရိုးသားသောကြိုးစားအားတွင်း ချီးချ
သို့သော်ကာကောင်းအကြောင်းမလှုစွာ ၄င်းကကို ငြင်းဆန်ရန်
သို့သော်ဘကမ္ဘာလုံးနှင့်လုံးဝခြားကိုဖျက်ဆီးပစ်နိုင်ပုံ၊
အခြားနိုင်ငံများတွင် ဖြစ်ပျက်နေကြဖြစ်ကောအကွယ်ပေးမှုတို့ကို
စဉ်လာများနှင့်ကျွမ်းကျင်မှုမရှိသည့် ဘုရင်ပဲ တုန့်ပြန်သောအားဖြင့်၊
များ များစွာပေးရမည်ဖြစ်၏၊ ထိုမှုဝေးလံပေါ်ကမ်းလှမ်းပုံတို့ကို
ဘုရင်တစ်ယောက်၏ကောင်းမြတ်ခြင်းနှင့်ဆိုးယု
လူသားအားလုံးတို့အတွက် စံနမူနာအဖြစ်ပြဋ္ဌာန်းကောင်းသည့်
အမှန်ပင်၄င်းကခက်ခဲလိမ့်မည်ဖြစ်၏။ ချက်များကို
ယခုကျွန်ုပ်ပြောခဲ့သောအရာကိုအတည်ပြုရန် အားချို့တဲ့
ထားသော ပညာရေးတစ်ခု၏ဝမ်းနည်းဖွယ်အကျိုးသ တ ကောင်က
ဖော်ပြရန်အတွက် ဤနေရာ၌ယုံကြည်ရန်ခက် ခေါ်၊ ဤမှု
တစ်ခုကို ကျွန်ုပ်ထည့်သွင်းပြပါမည်။ အ အကျိုးသက်ရောက်မှု
ပေးမှုကိုရရှိရန်မျှော်လင့်လျှက်၊ လွန် နေသောကြောင့်၊ သူအလွန်
သို့သော လက်နက်ယန္တယားကို
ရာကြားက၊ တွေ့ရှိခဲ့သောတည် းတချို့ကသာ၊ ပထဦးဆုံး ကြိုးစား
၏။ အမှန့်အချို့ပြုလုပ်၍ အသေ ၏။ သူ့အနေနှင့်မူ၊ သဘာဝနှင့်
ပုံကိုခဏအတွင်းမီးထလောင်စေ
တွေ့ရှိမှုများအဖြစ် အချို့အရာများ
ကျယ်လောင်သောအသံဖြင့်၊ ကဲ့သို့သော လျှို့ဝှက်ချက်များကို
ကျွန်ုပ်ကပြောပြ၏။ ဤပေါ်



ဖုံးကွယ်ထားရေးအတွက်၊ သူ၏၃၏။ ၄င်းတို့ကို အလွန်ရိုးရှင်းသော မည်ဖြစ်ကြောင်း သူကကန့်ကွက်ကြပြီး၊ ထိုလူများကအသိကဲကို ကျွန်ုပ်တန်ဘိုးထားသကဲ့သို့၊ ၄င်းကိုမည်သူ့ကိုမျှပြောမပြရန် ကျွန်ုပ်အား အမိန့်ပေး၏။

လေးစားမှု၊ ချစ်ခင်မှုနှင့်မြတ်နိုးမှုများ ဖြစ်ပေါ်စေသော အရည်အချင်းကို ဤဘုရင်ကပိုင်ဆိုင်ထားသည်ဟူသော အမြင်ကျဉ်းမြောင်းမှုကြောင့် ဤလူများ၏ကံကြမ္မာ၊ လွတ်လပ်မှုနှင့် အသက်ကို သူလုံးဝထိန်းချုပ်ထားနိုင်သည့် အခွင့်အရေးရနေခြင်းပင်ဖြစ်၏။ ဤဘုရင်၏ များစွာသောကောင်းမြတ်မှုများကိုသေးသိမ်မှုဖြစ်စေရန် ရည်ရွယ် ချက်ဖြင့် ကျွန်ုပ်ပြောနေခြင်းမဟုတ်ပါ။ သို့သော်သူတို့အား လစ်လျူရှုမှုများဖြစ်ပေါ်စေသော ဤအားနည်းချက်များကိုသာ ကျွန်ုပ်ပြောခြင်းဖြစ် ပြီး၊ ဥရောပမှဉာဏ်ပညာထက်မြက်သူများက ပြုလုပ်ကြသလို နိုင်ငံရေးကိစ္စကို သိပ္ပံပညာသို့သွတ်သွင်းအသုံးပြုခြင်း၊ သူတို့တွင် မရှိပါ။ အဘယ်ကြောင့်ဆိုသော်. တနေ့တွင်ဘုရင်နှင့် ကျွန်ုပ်စကားပြောနေစဉ်၊ အစိုးရအုပ်ချုပ်မှုပညာနှင့်ပတ်သက်၍ စာအုပ်ထောင်ပေါင်း များစွာရှိကြောင်း၊ ကျွန်ုပ်ကပြောမိလျှင် ၄င်းကိုကောင်းကောင်း နားလည်ခြင်းမရှိပါ။ ပြည်တွင်းရေး လျှို့ဝှက်ချက်ဟု ကျွန်ုပ်က ပြောသောအခါ၊ ကျွန်ုပ်ဘာဆိုလိုသည်ကို၊ သူမပြောပြနိုင်ပါ။ အုပ်ချုပ်မှုဗဟုသုတကို ကျဉ်းမြောင်းသော နယ်ပယ်အတွင်း၌သာ၊ သူထားရှိပြီး၊ တရားမမှုကိစ္စ၊ ပြစ်မှုကိစ္စကို

[illegible]သူ့မှုကို ကျွန်ုပ်တမ်းမောင်းထို ခစည်းစားထိုက်သောအကြောင်း အချ[illegible]င် ၎င်းတကျွန်ုပ်၏ဋ္ဌကာ်၊ ရိုးရှင်းသောအကြောင်းဖြင့် ဆုံးဖြတ်၏။ ယ[illegible]ူးတပင် သို့မဟုတ် မြက်တပင်သာ စိုက်နိုင်သောနေရာတွင် ပြောင်းဖူးနှစ်ပင်၊ သို့မဟုတ် မြက်နှစ်ပင် ကိုစိုက်နိုင်သူ၊ မည်သူမဆိုသည် နိုင်ငံရေးသမားများတမျိုးလုံး၊ တဆွေလုံးထက် သူ၏နိုင်ငံကိုများစွာ အကျိုးပြုသူဖြစ်ပြီး၊ ပိုမို ကောင်းမြတ်သောလူသားဖြစ်ထိုက်ကြောင်း သူကထင်မြင်ချက်ပေး၏။

ဤပြည်သူများ၏ပညာသင်ကြားမှုကအလွန်ပင်ပြည့်စုံမှု မရှိပဲ၊ စာရိတ္တ၊ ရာဇဝင်၊ ကဗျာ၊ စာပေနှင့်သင်္ချာပညာတို့သာပါဝင်ပြီး၊ ထိုကိစ္စများတွင်တော့ သူတို့ပိုမိုတော်ကြ၏။ သို့သော်၎င်းတို့ထဲမှ သင်္ချာပညာကိုသာ၊ သူတို့၏ဘဝအတွက်အသုံးဝင်သော အရာများ တွင် အသုံးပြုပြီး၊ စိုက်ပျိုးရေးတိုးတက်မှုနှင့် စက်ယန္တယားပညာ တိုးတက်မှုတို့တွင် အသုံးပြုကြ၏။ ကျွန်ုပ်တို့တွင်မူ ၎င်းကိုအနည်းငယ် သာ တန်ဘိုးထားကြ၏။ ကြံစည်စိတ်ကူးခြင်း၊ ဖြစ်ပေါ်တည်ရှိခြင်း၊ အမည်ပညတ်ချက်ထားခြင်း စိတ်အာရုံစေစားခြင်းစသည့် စကား အသုံးအနှုန်းများနှင့်ပတ်သက်၍၊ ၎င်းတို့ကို အနည်းငယ်မျှပင် သိရှိအောင်သူတို့အား ကျွန်ုပ်လုပ်မပေးနိုင်ပါ။

ထိုနိုင်ငံမှ ဥပဒေစကားလုံးများက သူတို့၏အက္ခရာစကား လုံးများထက် အရေအတွက်ပိုမိုများပြားခြင်းမရှိပါ။ သူတို့အက္ခရာ စာလုံးများက နှစ်ဆယ့်နှစ်လုံးသာရှိ၏။ သို့သော် အမှန်ပင်၎င်းတို့ထဲမှ



အချို့က၊ စကားလုံးရှည်လျားလှ၏။ ၎င်းတို့ကို အလွန်ရိုးရှင်းသော သတ်မှတ်ချက်များဖြင့် ဖော်ပြကြပြီး၊ ထိုလူများကအသိဉာဏ် ထက်မြက်ခြင်း မရှိကြသဖြင့်၊ အဓိပ္ပါယ်တစ်ခုထက် ပိုမို နားလည် ကြခြင်းမရှိပါ။ ထို့အပြင် ဥပဒေတစ်ခုအပေါ်၊ မှတ်ချက် တစုံတရာ ရေးသားခြင်းသည်၊ ပြစ်မှုကြီးပင်ဖြစ်၏။ တရားမမှုကိစ္စများကို ဆုံးဖြတ်ရာတွင်၎င်း၊ ရာဇဝတ်မှုကိစ္စများကိုဆောင်ရွက်ရာတွင်၎င်း၊ သူတို့၏ရှေးယခင်ဆရာများက အရေအတွက်အလွန်နည်းပါးလှ သဖြင့်၊ ထိုကိစ္စတစ်ခုခုဆုံးဖြတ်ရာ၌ အလွန်တစ်ရာကျွမ်းကျင်မှုကို ကြွားဝါရန် သူတို့၌အကြောင်းသိပ်မရှိပါ။

သူတို့တွင်စာပေပုံနှိပ်မှုပညာရှိပြီး၊ တရုတ်စာပေလည်းရှိ၏။ မည်သည့်အချိန်ကစသည်ကို ကျွန်ုပ်မသိပါ။ သို့သော်သူတို့၏ စာကြည့်တိုက်များက အလွန်ကြီးမားလှခြင်းမရှိပါ။ အကြီးဆုံးဟု သတ်မှတ်ထားသောဘုရင်၏စာကြည့်တိုက်တွင် ပေ ၁၂၀၀ခန့် ရှည်လျားသောပြခန်းထဲ၌ စာအုပ် ၁၀၀၀ကျော်ထက် ပိုမရှိသော ကြောင့်ဖြစ်ပြီး၊ ထိုစာကြည့်တိုက်မှ ကျွန်ုပ်ကြိုက်နှစ်သက်သမျှ စာအုပ်ကို ကျွန်ုပ်ငှားရမ်းခွင့်ရှိ၏။ ဘုရင်မ၏လက်သမားဆရာက ဂလမ်ဒါလစ်ချ်၏အခန်းတစ်ခုတွင် ပေ(၂၀)ခန့် မြင့်သော သစ်သား ပစ္စည်းတစ်ခုကိုတည်ထွင်ပြုလုပ်ပြီး၊ မတ်တပ်ရပ်လှေကားတစ်ခုကဲ့ သို့ပုံဖန်တီးလိုက်၏။ လှေကားထစ်များက (၁၅)ပေ အသီးသီးရှည်၏။ ၎င်းက၊ အမှန်ပင်ရွှေ့လျားနိုင်သောလှေကားဖြစ်ပြီး၊ အောက်ဆုံး

အပိုင်းကိုအခန်းနံရံမှ (၁၀)ပေအကွာတွင် နေရာချထား၏။ ကျွန်ုပ်ဖတ်ဖို့ စိတ်ကူးထားသော စာအုပ်ကို နံရံကိုမှီ၍ထောင်ထား၏။ ပထမကျွန်ုပ်ကလှေကားအပေါ်ထစ်ပေါ်သို့ တက်ပြီး၊ စာအုပ်ဘက်သို့မျက်နှာမူလျှက်၊ စာမျက်နှာအစမှစတင်ဖတ်ကာ၊ ဤသို့ဖြင့်စာကြောင်းများ၏အရှည်အရ၊ ဘယ်ဘက်နှင့်ညာဘက်သို့ ခြေလှမ်း(၈)လှမ်း၊ (၁၀)လှမ်းခန့်လှမ်းရင်း၊ ကျွန်ုပ်၏မျက်လုံးများက အောက်သို့အနည်းငယ်စိုက်ကြည့်ရသည့်အထိရောက်လာ၏။ ထို့နောက် ကျွန်ုပ်က တဖြည်းဖြည်းနှင့်ဆင်းလာရာ၊ အောက်ခြေဆီသို့ရောက်လာ၏။ ထို့နောက်တွင်ကျွန်ုပ်ကနောက်တစ်ကြိမ်ပြန်တက်ပြီး၊ ထိုကဲ့သို့သောပုံစံဖြင့် စာရွက်ကိုလှမ်းလိုက်၏။ ၎င်းကကပ်ထူပြားခန့်ထူပြီး၊ မာကြော၍အကြီးဆုံးစာမျက်နှာက (၁၈)ပေ (၂၀)ပေထက်ပို မရှည်သဖြင့် ကျွန်ုပ်သက်သာစွာလှမ်းနိုင်၏။

သူတို့၏ရေးသားပုံက ရှင်းလင်းပြတ်သားပြီး၊ ချောမွေ့၏။ သို့သော်စကားတန်ဆာဆင်ခြင်းမရှိပါ။ ဖော်ပြချက်အမျိုးမျိုးကိုအသုံးပြုခြင်း သို့မဟုတ် မလိုအပ်သောစကားလုံးများကို ထပ်ခါထပ်ခါ အသုံးပြုခြင်းမပြုကြသောကြောင့်ဖြစ်၏။ ရာဇဝင်နှင့်အကျင့်စာရိတ္တတို့နှင့် အထူးပတ်သက်သော စာအုပ်များစွာကို ကျွန်ုပ်လေ့လာဖတ်ရှု၏။ ဤစာအုပ်များနှင့်ပတ်သက်၍မူ၊ ဂလူမ်ဒါလစ်ချ် အိပ်ခန်းထဲတွင် အမြဲတမ်းရှိနေပြီး၊ သူမ၏အုပ်ထိန်းသူပိုင်သော ရှေးဟောင်းကျမ်းစာအုပ်ကလေးတအုပ်ကို ကျွန်ုပ်များစွာသဘောကျမိ၏။ ထို



စာအုပ် က လူသားတို့၏အားနည်းချက်အကြောင်းများကို ဖော်ပြထားပြီး၊ အမျိုးသမီးများကသာ၄င်းကို စိတ်ဝင်စားကြ၏။ သို့သော်လည်း ထိုကဲ့သို့သောဘာသာရပ်အပေါ်၊ ထိုနိုင်ငံမှ စာရေးဆရာအနေနှင့် ဘာပြောနိုင်မည်ကို ကျွန်ုပ်တွေ့မြင်လိုစိတ်ဖြစ်မိ၏။ ဥရောပမှ စာရိတ္တ ပြုပြင်ရေးဆရာတို့ပြောဆိုနေကျ၊ အကြောင်းအချက်များအားလုံးကို ဤစာရေးဆရာကနှံ့နှံ့စပ်စပ်ရေးသားထားပြီး၊ သူတို့၏ကိုယ်ပိုင်ဘဝတွင် လူတို့မည်မျှသေးသိမ်ပုံ၊ ရွံရှာဖွယ်ကောင်းပုံ၊ အကူအညီမဲ့ဖြစ်ပုံ တို့ကိုဖော်ပြထား၏။ တိရိစ္ဆာန်ရိုင်းတို့မှ သို့မဟုတ် ရာသီဥတု ပြင်းထန်မှုတို့မှ သူတို့ကိုယ်၊ သူတို့မကာကွယ်နိုင်ပုံ၊ သတ္တဝါတစ်ကောင်ကအင်အားတွင်၎င်း၊ အခြားတကောင်က လျှင်မြန်မှုတွင်၎င်း၊ တတိယတစ်ကောင်က၊ ကြိုတင်သိမြင်မှုတွင်၎င်း၊ စတုတ္ထတစ်ကောင်က လုံ့လစိုက်ထုတ်မှုတွင်၎င်း၊ သူ့ထက်မည်မျှသာလွန်ပုံတို့ကိုဖော်ပြထား၏။ သဘာဝကြောင့် ယခုဖော်ပြခဲ့သောကိစ္စများအရည်အချင်းကျဆင်းလာကာ၊ ရှေးယခင်အချိန်အခါနှင့်နှိုင်းယှဉ်လျှင်၊ ယခုအခါတွင်သေးငယ်သော ဖန်တီးမှုများကိုသာပြုလုပ်နိုင်တော့ကြောင်း၊ ၎င်းကဆက်လက်ဖော်ပြ၏။ မူလကလူတို့၏ အမျိုးအနွယ်မှာများစွာပို၍ကြီးမားကြယုံမက ရှေးယခင်က၊ ဧရာမလူကြီးများရှိကြောင်းကို စဉ်းစားရန်အကြောင်းခိုင်လုံကြောင်း ၎င်းကပြော၏။ ၎င်းကိုရာဇဝင်နှင့်ထုံးတမ်းစဉ်လာတို့က၊ အခိုင်အမာပြောထားသည့်အတိုင်း၊ နိုင်ငံအနှံ့အပြားတွင် မတော်တဆတူးဖော်ရရှိ

ထားသော ကြီးမားသည့်အရိုးခေါင်းများ၊ အရိုးများက အတည်ပြုထား၏။ သဘာဝအရ၊ အစပထမက၊ ကျွန်ုပ်တို့ကိုပိုမိုကြီးမားသော အရွယ်အစားဖြင့်ပိုမိုကြံ့ခိုင်စွာဖန်တီးခဲ့ကြပြီး၊ အိမ်တလုံးပေါ်မှ အိမ်မိုးကျောက်ပြားပြုတ်ကြခြင်း၊ ခလေးတစ်ယောက်ပစ်ခတ်လိုက်သော ကျောက်တုံးဖြင့်အထိမှန်ခံရခြင်း၊ စမ်းချောင်းကလေးထဲတွင် ရေနစ်ခြင်းစသည့်မတော်တဆမှုများဖြင့် ကျွန်ုပ်တို့ပျက်ဆီးရန် မဖြစ်နိုင်ကြောင်း၊ ၎င်းက တိုက်တွန်းဆိုထား၏။ ဤသို့နည်းဖြင့်၊ အကျိုးအကြောင်းဆင်ခြင်ပြလျှက်၊ လူ့ဘဝအမှုကိစ္စတွင်အသုံးဝင်သော အကျင့်စာရိတ္တဆိုင်ရာ လက်တွေ့အသုံးချမှုများကို စာရေးဆရာက ဆွဲထုတ်ယူထား၏။

သူတို့၏စစ်ရေးကိစ္စနှင့်ပတ်သက်၍မူ၊ ဘုရင်၏စစ်တပ်တွင် ခြေလျင်တပ်သားတစ်သိန်း(၇)သောင်း (၆)ထောင်နှင့် မြင်းတပ်သား သုံးသောင်းနှစ်ထောင်ရှိကြောင်း၊ သူတို့ကကြွားဝါကြ၏။ စစ်တပ်က များစွာသောမြို့တော်များမှ ကုန်သည်များနှင့် ကျေးလက်များမှ လယ်သမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၏။ သူတို့၏ဦးစီးများမှာ လစာရရှိခြင်း၊ ဆုလာဒ်ရရှိခြင်းမရှိကြသော လူအထက်လွှာနှင့် အလယ်လွှာမှလူများဖြစ်ကြ၏။ သူတို့ကိုအမှန်ပင်ကောင်းစွာ လေ့ကျင့်ပေးထားပြီး၊ စည်းကမ်းသေသပ်မှုအလွန်ကောင်းကြ၏။ ၎င်းနှင့်ပတ်သက်၍မြင့်မြတ်ကောင်းမွန်လှသည်ဟု ကျွန်ုပ်မမြင်ပါ။ အကြောင်းမူကား၊ လယ်သမားများက လယ်ပိုင်ရှင်များ၏ အုပ်ချုပ်မှု



အောက်တွင် ရှိနေကြမှတော့၊ အခြားမည်သို့ဖြစ်နိုင်ဦးမည်နည်း။

မြို့တော်အနားတွင်ရှိ၊ မိုင် (၂၀)ပတ်လည်ရှိသော လွင်ပြင်ကြီးတစ်ခုတွင် လောဘရုဂရုမှစစ်သားများလေ့ကျင့်ခန်းပြုလုပ်နေကြသည်ကို ကျွန်ုပ်မကြာခဏတွေ့ဘူး၏။ သူတို့ကခြေလျှင်တပ်သားရှစ်သောင်းငါးထောင်နှင့်မြင်းစီးစစ်သည်ခြောက်ထောင်ထက် ပိုမည်မဟုတ်ပါ။ သို့သော်သူတို့ယူထားသော လွင်ပြင်အကျယ်ကိုစဉ်းစားကြည့်သောအခါ၊ သူတို့၏အရေအတွက်ကို ကျွန်ုပ်တွက်ချက်ရန် မဖြစ်နိုင်ပါ၊ ကြီးမားသောမြင်းကြီးတစ်ကောင်ပေါ်တက်စီးနေသော မြင်းစီးတပ်သားက ပေတစ်ရာခန့်မြင့်၏။ မြင်းတပ်တစ်တပ်လုံးကို ကျွန်ုပ်တွေ့မြင်ရပြီး၊ အမိန့်သံစကားကိုကြားရသောအခါ၊ သူတို့က ဓါးများကိုချက်ချင်းဆွဲထုတ်ကြပြီး၊ လေထဲ၌ဝှေ့ရမ်းကြ၏။ ထိုမျှ ကြီးကျယ်လှသော ထိုမျှအံ့ဩဘွယ်ကောင်းလှသော ထိုမျှထိတ်လန့်ဘွယ်ကောင်းလှသောမြင်ကွင်းကို၊ စဉ်းစားကြည့်၍ရမည်မဟုတ်ပါ။ မိုးကောင်းကင်အဘက်ဘက်မှ မိုးကြိုးလျှပ်ပန်းတသန်းကျော်က တချိန်တည်းတွင်ထွက်ပေါ်လာသကဲ့သို့အလား ၎င်းကဖြစ်ပေါ်နေ၏။

သူ၏အုပ်ချုပ်မှုနယ်ပယ်ကို အခြားနိုင်ငံတစ်ခုခုမှ ကျူးကျော်တိုက်ခိုက်ရန် အဲကြောင်းမရှိသော၊ ဤဘုရင်က စစ်တပ်များကို မည်သို့စဉ်းစားလာမိပုံနှင့် သူ၏ပြည်သူများအား စစ်စည်းကမ်းများမည်သို့ လေ့ကျင့်သင်ကြားပေးပုံကို ကျွန်ုပ်သိချင်၏။ သို့သော်သူတို့၏ ရာဇဝင်များကိုဖတ်ခြင်း၊ စကားပြောဆိုခြင်းတို့ဖြင့် မကြာခင်တွင်

ကျွန်ုပ်သိလာရ၏။ လူ့သက်တမ်းများစွာကာလအတွင်း အခြားအခြားများစွာသောအစိုးရများ တွေ့ကြုံခံစားရသကဲ့သို့၊ ထိုသို့သောဘေးဒုက္ခနှင့်သူတို့တွေ့ကြုံရပြီး၊ အထက်တန်းလွှာလူတန်းစားများက အာဏာရရှိရန်အတွက်၎င်း၊ အောက်ခြေမှပြည်သူများက လွတ်လပ်မှုရရန်အတွက်၎င်း၊ ဘုရင်ကအင်ပါယာတစ်ခုလုံးကိုပိုင်စိုးရန်အတွက်၎င်း၊ ပြိုင်ဆိုင်မှုများရှိခဲ့ကြ၏။ သို့သော်လည်းတိုင်းပြည်ပြဋ္ဌာန်းဥပဒေများဖြင့် ပျော့ပျောင်းစွာချမှတ်ထားခဲ့သောအရာများကို အထက်ဖော်ပြပါပါတီ(၃)ဖွဲ့ (အထက်လွှာ၊ ပြည်သူနှင့်ဘုရင်) အသီးသီးက တခါတရံဖောက်ဖျက်ကြပြီး တကြိမ်မက၊ ပြည်တွင်းစစ်များဖြစ်ခဲ့ကာ၊ ၎င်းတို့ထဲမှ နောက်ဆုံးပြည်တွင်းစစ်ကို ဤဘုရင်၏အဖိုးက အထွေထွေပေါင်းစပ်မှုများပြုလုပ်လျက်၊ ပျော့ပျောင်းစွာအဆုံးသတ်ခဲ့၏။ အထွေထွေသဘောတူညီချက်ဖြင့် ထိုစဉ်ကဖွဲ့စည်းခဲ့သောစစ်တပ်က ထိုအချိန်မှစ၍စည်းကမ်းအသေသပ်ဆုံးဖြစ်ခဲ့၏။



## အခန်း (၈)

တချိန်ချိန်တွင်ကျွန်ုပ်၏လွတ်လပ်မှုကို ကျွန်ုပ်ပြန်လည်ရရှိမည်ဟု ပြင်းပြသော လှုံ့ဆော်စိတ်ကျွန်ုပ်၌ရှိသော်လည်း၊ မည်သည့်နည်းဖြင့်ပြုလုပ်ရမည်ကို စဉ်းစားရန်မဖြစ်နိုင်သလို၊ အောင်မြင်ရန်မျှော်လင့်ချက်ဖြင့် စီမံကိန်းတစုံတရာချမှတ်ရန်လည်း၊ မဖြစ်နိုင်သေးပါ။ ကျွန်ုပ်စီးနင်းခဲ့သော သင်္ဘောကကမ်းခြေမြင်ကွင်းထဲသို့ ပထမဦးဆုံးရောက်လာသော သင်္ဘောဖြစ်ကြောင်းသိရှိရပြီး၊ တချိန်ချိန်၌နောက်ထပ်သင်္ဘောတစင်းစင်းပေါ်ထွက်လာလျှင်၊ ၎င်းကို ကမ်းခြေဆီသို့ယူဆောင်လာ၍၊ ၎င်း၏သင်္ဘောသားများ၊ ခရီးသည်များနှင့်အတူ ၎င်းကိုလှည်းပေါ်တင်လျက်၊ လိုဘရုဂရူ မြို့သို့ သယ်ဆောင်လာရမည်ဟု ဘုရင်က တင်းကြပ်သော အမိန့်များထုတ်ထား၏။ သူက ကျွန်ုပ်၏အရွယ်အစားရှိအမျိုးသမီးတစ်ယောက်ကို ကျွန်ုပ်အတွက်အလွန်ရစေလိုစိတ်ဖြစ်ပေါ်နေပြီး၊ ထိုအမျိုးသမီးဖြင့် ကျွန်ုပ်မျိုးပွားမှုပြုလုပ်နိုင်၏။ သို့သော် ယာဉ်ပါးသော ကြက်တူရွေးငှက်ကဲ့သို့ လှောင်အိမ်ထဲတွင် အထည့်ခံလျက်၊ ကျွန်ုပ်၏သားစဉ်မြေးဆက်

ကို ထားခဲ့ရမည့်သိက္ခာ**ကျဆင်း**ဘွယ်ရာကိစ္စကို ကျွန်ုပ်တွေ့ကြုံခံစားရမည်ထက်၊ အသေ**သာခံ**မည်ဟုစဉ်းစားမိ၏။ ကျွန်ုပ်ကို အမှန်ပင် သနားကြင်နာမှုများစွာဖြင့် ပြုမူဆက်ဆံကြ၏။ ကျွန်ုပ်က ဘုရင်နှင့် ဘုရင်မတို့၏ အချစ်တော်ဖြစ်ပြီး၊ နန်းတော်တခုလုံးက ကျွန်ုပ်ကို နှစ်သက်ကြ၏။ သို့သော်ငှင်းက လူသားတစ်ယောက်၏ ဂုဏ်သိက္ခာအတွက် အောက်တန်းကျလှ၏။ ကျွန်ုပ်၏နိုင်ငံတွင် ထားရှိခဲ့သော ကတိသစ္စာ များကို ကျွန်ုပ်မည်သည့်အခါမှ **မေ့မည်မဟုတ်ပါ။** အဆင့်အတန်းညီမျှစွာ ကျွန်ုပ်နှင့်**စကားပြောနိုင်**မည့် လူများအကြားတွင် ကျွန်ုပ်ပြန်ရောက်ချင်ပြီး၊ **ဖားတစ်ကောင်**(သို့မဟုတ်) ခွေးကလေးတစ်ကောင်ကဲ့သို့ တက်အနင်းခံရ၍၊ သေကျေမည်ကို မစိုးရိမ်ရပဲ၊ လမ်းများ၊ လယ်ကွင်းများတွင် ကျွန်ုပ် လမ်းလျှောက်ချင်၏။ သို့သော် ကျွန်ုပ်၏ လွတ်မြောက်မှုက၊ ကျွန်ုပ် မျှော်လင့်သည်ထက် ပိုမိုလျှင်မြန်ခဲ့ပြီး၊ သာမန်အနေအထားဖြင့်မဟုတ်ခဲ့ပါ။ ငှင်း၏ အခြေအနေအားလုံးနှင့် ဇာတ်လမ်းအစုံကို ကျွန်ုပ်မှန်ကန်စွာ ပြန်လည်ပြောပြပါမည်။

ဤနိုင်ငံတွင် ကျွန်ုပ်ယခု(၂)နှစ်ရှိနေခဲ့၏။ တတိယနှစ်အစခန့်တွင် တောင်ဘက်ကမ်းခြေဆီသို့ ဘုရင်နှင့်ဘုရင်မတို့ တိုင်းခန်းလှည့်လည်ကြသောအခါ၊ ဂလူမ်ဒါလစ်ချ်နှင့် ကျွန်ုပ်တို့လိုက်ပါကြ၏။ ခါတိုင်းကဲ့သို့ပင် ကျွန်ုပ်၏ခရီး**သွား**သေတ္တာထဲတွင် ကျွန်ုပ်ကို သယ်ဆောင်သွားကြပြီး၊ ငှင်းက ကျွန်ုပ်ဖော်ပြခဲ့ပြီးသည့်အတိုင်း ၁၂-



ပေ အကျယ်ရှိအလွန်သက်တောင့်သက်သာရှိသော သေတ္တာပုံးတစ်ခုဖြစ်၏။ အမှုထမ်းတစ်ယောက်က ကျွန်ုပ်ကိုသူ၏ရှေ့တွင်၊ မြင်းပေါ်တင်၍သယ်ဆောင်လာစဉ် တခါတရံ၌၊ ကျွန်ုပ်ဆန္ဒရှိသည့်အတိုင်း ယိမ်းထိုးလှုပ်ရမ်းမှုလျော့ပါးစေရန်အတွက် သေတ္တာအခန်းအပေါ်ထောင့်(၄)ထောင့်မှ ပိုးချည်ဖြင့်အိပ်စင်ပုခက်တစ်ခုကို ကျွန်ုပ်က တပ်ဆင်ခိုင်း၏။ သေတ္တာပုံး၏ခေါင်းမိုးတွင် အိပ်စင်ပုခက်၏အလည်တည့်တည့်နှင့်မဟုတ်ပဲ၊ ပူသောအချိန်၌ ကျွန်ုပ်အတွက် လေရစေရန်၊ တစ်ပေလေးထောင့်ပတ်လည်အပေါက်တစ်ခုကို လက်သမားဆရာအား ကျွန်ုပ်ကဖောက်ခိုင်း၏။ ထိုအပေါက်ကိုလျောထိုးပျဉ်ချပ်နှင့် ရှေ့တိုးနောက်ဆုတ်ပြုလုပ်ခြင်းဖြင့် ကျွန်ုပ်စိတ်ကြိုက်ပိတ်နိုင်၏။

**ခရီးအဆုံး**သို့ ကျွန်ုပ်တို့ရောက်လာသောအခါ၊ ပင်လယ်**ကမ်း**ခြေနှင့် **အင်္ဂလိပ်**မိုင်(၁၈)မိုင်အတွင်းရှိသော မြို့တော်တစ်ခုဖြစ်သည် **'ဖလန်ဖလာစ်နစ်'** အနားတွင်ရှိသော နန်းတော်တစ်ခုတွင် ရက်အနည်းငယ်ကုန်လွန်စေရန်၊ သင့်လျော်မည်ဟု ဘုရင်ကတွေး၏။ ဂလူမ်ဒါလစ်ချ်နှင့် ကျွန်ုပ်မှာများစွာပင်ပန်းနွမ်းနယ်နေ၏။ ကျွန်ုပ် အနည်းငယ်အအေးမိ၏။ သို့သော် မိန်းကလေးခမျာမှာ အလွန် **နေမကောင်းဖြစ်**သဖြင့် သူမ၏အခန်းထဲတွင် နေရ၏။ ကျွန်ုပ်က သမုဒ္ဒရာပြင်ကို တွေ့မြင်ချင်၏။ ကျွန်ုပ်လွတ်မြောက်ရမည်ဆိုလျှင် ငှင်းကကျွန်ုပ်၏တခုတည်းသော လွတ်မြောက်ရာလွတ်မြောက်ကြောင်းဖြစ်ရမည်။ ကျွန်ုပ်ကအမှန်တကယ်ဖျားနာသည်ထက် ပိုမို

ဆိုးဝါးဟန် ဟန်ဆောင်ပြီး၊ ကျွန်ုပ်အလွန်နှစ်သက်၍တခါတရံ၌ယုံကြည်စိတ်ချရသော အမှုထမ်းတစ်ယောက်နှင့်အတူ၊ ပင်လယ်လေကောင်းလေသန့်ကို ရှူရှိုက်ရန်၊ ကျွန်ုပ်ကခွင့်တောင်း၏။ ဂလူမ်ဒါလစ်ချ်ကစိတ်မပါတပါဖြင့် ခွင့်ပြုရပုံနှင့်၊ ဘာဖြစ်တော့မည်ကိုသူမကြိုတင်တွေ့မြင်ဟန်ဖြင့် တချိန်တည်းတွင် မျက်ရည်ဖြိုင်ဖြိုင်ကျလျှက် ကျွန်ုပ်အားဂရုစိုက်ရန်အမှုထမ်းအားတာဝန်တင်းကြပ်စွာပေးအပ်ပုံကို ကျွန်ုပ်မည်သည့်အခါမှမေ့မည်မဟုတ်ပါ။ နန်းတော်မှပင်လယ်ကမ်းခြေရှိ ကျောက်ဆောင်များဆီသို့နာရီဝက်ခန့်ကြာ၊ သူကကျွန်ုပ်ကိုသေတ္တာပုံးထဲထည့်၍၊ ခေါ်ဆောင်သွား၏။ ကျွန်ုပ်ကိုအောက်သို့ချရန်သူ့အားကျွန်ုပ်ကအမိန့်ပေးပြီး၊ ပြတင်းပေါက်တံခါးတခုကိုမတင်လျှက်၊ ဝမ်းနည်းညှိုးငယ်မှုများစွာဖြင့် ပင်လယ်ပြင်ကိုလှမ်းကြည့်လိုက်၏။ ကျွန်ုပ်ကိုယ်တိုင်ကလည်း နေသိပ်မကောင်းသည်ကိုတွေ့ရပြီး၊ ကျွန်ုပ်၏အိပ်စင်ထဲတွင် တရေးအိပ်လိုကြောင်း၊ အမှုထမ်းကိုပြောပြ၏။ ထိုသို့အိပ်လိုက်လျှင် ကျွန်ုပ်နေကောင်းသွားမည်ဟုထင်၏။ ကျွန်ုပ်ကအထဲဝင်သွား ပြီး၊ အမှုထမ်းကအအေးဓါတ်မဝင်စေရန်အတွက် ပြတင်းပေါက်ကို ပိတ်ချလိုက်၏။ မကြာခင်အိပ်ပျော်သွားပြီး၊ ကျွန်ုပ်ခန့်မှန်း၍ရသည်က၊ ကျွန်ုပ်အိပ်ပျော်နေစဉ်အမှုထမ်းက မည်သည့်အန္တရာယ်မှဖြစ်မည် မဟုတ်ဟုထင်မှတ်လျှက်၊ သူလှည့်လည်ရှာဖွေတတ်သည်ကို၊ ယခင်ကပြတင်းပေါက်မှ ကျွန်ုပ်မြင်ခဲ့ဘူးသည့်အတိုင်း၊ ကျောက်ဆောင်များအကြား၊



ငှက်ဥရှာရန်လျှောက်သွားပြီး၊ ကျောက်ဆောင်အစွန်းမှ ငှက်ဥတစ်လုံး၊ နှစ်လုံးကိုကောက်ယူရပေမည်။ ထိုသို့ဖြစ်နေစဉ်၊ ရထားယာဉ်အတွက်အဆင်ပြေစေရန် ကျွန်ုပ်သေတ္တာ၏ထိပ်တွင်တပ်ထားသောသံကွင်းကို ပြင်းထန်စွာဆွဲရမ်းမှုကြောင့် ကျွန်ုပ်ရုတ်တရက်အိပ်ယာမှနိုးသွားသည်ကို တွေ့ရ၏။ ကျွန်ုပ်၏သေတ္တာကလေထဲ၌များစွာမြင့်တက်သွားပြီးနောက်၊ ကြီးစွာသောအရှိန်ဖြင့်ရှေ့သို့သယ်ဆောင်သွားသည်ကို ကျွန်ုပ်ခံစားရ၏။ ပထမဦးဆုံးလှုပ်ခါယိမ်းထိုးမှုက ကျွန်ုပ်ကိုပုခက်စင်ပေါ်မှခါချလိုက်သကဲ့သို့ဖြစ်၏။ သို့သော် ထို့နောက်တွင်ရွေ့လျားမှုက သက်သက်သာသာဖြစ်လာ၏ ကျွန်ုပ်၏အသံကိုမြင့်နိုင်သမျှကျယ်လောင်စွာဖြင့် အကြိမ်ပေါင်းများစွာ ကျွန်ုပ်ကအော်ဟစ်လိုက်၏။ သို့သော်လိုရာသို့မရောက်ပါ။ ပြတင်းပေါက်များဆီသို့ ကျွန်ုပ်လှမ်းကြည့်ပြီး၊ ကောင်းကင်နှင့်တိမ်များမှလွဲ၍ဘာကိုမှကျွန်ုပ်မမြင်ပါ။ အတောင်ပံရိုက်ခတ်သံကဲ့သို့သော ဆူညံသံကို ကျွန်ုပ်၏ဦးခေါင်းပေါ်၌ ကျွန်ုပ်ကြားရ၏။ ထို့နောက် ကျွန်ုပ်ဖြစ်ပေါ်နေသော ဝမ်းနည်းဘွယ်အခြေအနေကို ကျွန်ုပ်သိလိုက်ပြီး၊ သိမ်းငှက်တစ်ကောင်က ကျွန်ုပ်၏သေတ္တာသံကွင်းကို နှုတ်သီးတွင်ကိုက်ချီပြီး၊ လိပ်ခွံထဲမှလိပ်တစ်ကောင်ကိုပြုလုပ်သကဲ့သို့၎င်းကို ကျောက်ဆောင်ပေါ်ပစ်ချပြီးနောက်၊ ကျွန်ုပ်၏ကိုယ်လုံးကိုဆွဲထုတ်၍စားသောက်ရန် ရည်ရွယ်ထားသည်ကိုသိလိုက်၏။ ဤငှက်ကအနံ့ခံကောင်းပြီး၊ ဆုံးဖြတ်ချက်

ကောင်းသဖြင့်နှစ်လက်မထူသော သစ်သားချပ်အတွင်းတွင် ကျွန်ုပ်ဖြစ်နိုင်သမျှပုန်းကွယ်နေသော်လည်း ဝေးလံလှသောနေရာမှသူ၏သားကောင်ကိုသူရှာဖွေနိုင်၏။

ခဏကြာသောအခါ၊ အတောင်ပန်ရိုက်ခတ်ဆူညံသံက၊ အလွန်လျင်မြန်စွာ၊ တိုးလာသည်ကိုကျွန်ုပ်**သတိ**ပြုမိပြီး၊ ကျွန်ုပ်၏သေတ္တာပုံးက၊ လေထန်သောနေရာတွင်**ရှိသောဆိုင်း**ဘုတ်တိုင်တစ်ခုကဲ့သို့မြင့်ချီ-နိမ့်ချီဖြစ်နေ၏။ ကျွန်ုပ်ထင်သည့်အတိုင်း သိမ်းငှက်အားထိုးရိုက်သည့်အသံများကို များစွာကျွန်ုပ်ကြားရ၏။ (ကျွန်ုပ်၏သေတ္တာသံကွင်းကို သူ့နှုတ်သီးတွင်ကိုက်ချီထားရမည်ဟု ကျွန်ုပ်အသေအချာသိသောကြောင့်ဖြစ်၏) ထို့နောက်ရုတ်တရက်ကျွန်ုပ်ကိုယ်တိုင်အောက်သို့ဇောက်ထိုးတည့်တည့်၊ တမိနစ်ကျော်ပြုတ်ကျသွားသည်ကိုခံစားရ၏။ သို့သော်ကျဆင်းမှုအရှိန်က လျင်မြန်လွန်းသဖြင့် ကျွန်ုပ်အသက်ရှူမေ့လုနီးပါးဖြစ်သွား၏။ နိဂါရာရေတံခွန်မှ ရေကျသံထက်ကျွန်ုပ်၏နားထဲတွင်များစွာမြည်ဟီးသွား၏။ ကျောက်မက်ဘွယ်ရိုက်ခတ်သံဖြင့်၊ ကျွန်ုပ်၏ကျဆင်းမှုကရပ်တန့်သွား၏။ ၎င်းနောက်တွင်အမှောင်ထဲ၌ နောက်ထပ်တစ်မိနစ်ခန့် ကျွန်ုပ်တိတ်ဆိတ်နေ၏။ ထို့နောက်တွင် ကျွန်ုပ်၏သေတ္တာကအလွန်မြင့်မားစွာဖြင့်တက်လာသဖြင့်၊ ကျွန်ုပ်၏ပြတင်းပေါက်ထိပ်မှအလင်းရောင်များကို ကျွန်ုပ်တွေ့မြင်ရ၏။ ကျွန်ုပ်၏ကိုယ်အလေးချိန်၊ အထဲတွင်ရှိသောပစ္စည်းများအလေးချိန်၊ အပေါ်နှင့်အောက်၊ ဒေါင့်လေးထောင့်ကို ခိုင်ခန့်စေရန်



အတွက်တပ်ဆင်ထားသော သံပြားများ၏အလေးချိန်တို့ကြောင့် ကျွန်ုပ်၏သေတ္တာကရေထဲတွင် (၅)ပေခန့်မြုပ်လျှက်ပေါ်နေ၏။ ကျွန်ုပ်၏သေတ္တာဖြင့်ပျံသန်းပြေးနေသော သိမ်းငှက်ကိုအခြားနှစ်ကောင်၊ ၃-ကောင်တို့က လိုက်ဖမ်းသော်၊ သူက **သူ့ကိုယ်**သူကာကွယ်နေစဉ်၊ ကျွန်ုပ်ကိုလွှတ်ချလိုက်ရမည်ဟု ထိုစဉ်က ကျွန်ုပ်ယူဆသလို၊ ယခုလည်းယူဆ၏။ သေတ္တာ၏အောက်ခြေတွင်တပ်ဆင်ထားသောသံပြားများကြောင့် (၎င်းတို့ကအခိုင်ခန့်ဆုံးဖြစ်သောကြောင့်) သေတ္တာကျဆင်းလာသောအခါ၊ ၎င်းကတည့်တည့်မတ်မတ်ရှိနေပြီး၊ ရေမျက်နှာပြင်ပေါ်တွင် ကွဲကြေသွားခြင်းမရှိပါ၊ သေတ္တာ၏အဆက်တိုင်းကိုဘီးလူးစွယ်ထွင်း၍ကောင်းစွာဆက်စပ်ထား၏။ တံခါးကပတ္တာအဆက်များ၌ရွေ့ခြင်း၊ လှုပ်ခြင်းမရှိပါ။ ၎င်းကြောင့် ကျွန်ုပ်၏သေတ္တာပုံကအလွန်လုံခြုံနေရာ၊ ရေအလွန်အနည်းငယ်သာဝင်လာ၏။ ကျွန်ုပ်၏ပုခက်အိပ်စင်မှ အလွန်ခက်ခဲစွာဖြင့် ကျွန်ုပ်ဆင်းလာပြီး၊ ပထမအကြိမ်ကဖော်ပြခဲ့ပြီးသည့်အတိုင်း၊ အမိုးပေါ်မှလျှောထိုးပျဉ်ပြားချပ်ကို အရဲစွန့်၍နောက်ပြန်ဆွဲလျှက်၊ လေဝင်ရန်ရည်ရွယ်ချက်ဖြင့် ကြိုးစားပြုလုပ်၏။ လေကောင်းလေသန့်ကောင်းကောင်းမရသဖြင့်၊ ကျွန်ုပ် အသက်ရှူမွန်းကြပ်လုမတတ်ဖြစ်လာ၏။

ထိုအခါကြမှကျွန်ုပ်၏ချစ်လှစွာသော ဂလူမ်ဒါလစ်ချ်နှင့်ကျွန်ုပ်အတူရှိနေချင်မိ၏။ သူမနှင့်ကျွန်ုပ်တစ်နာရီမျှပင်ခွဲခွါနေခဲ့လှ

၏။ ကျွန်ုပ်ကိုဆုံးရှုံးရသဖြင့် သူမခံစားရမည့်ဝမ်းနည်းကြေကွဲမှု၊ ဘုရင်မ၏မကြေနပ်မှုနှင့်သူမ၏အနာဂတ်ပျက်စီးသွားမှုစသည်တို့ဖြင့် ကျွန်ုပ်၏ဆရာမကလေးကို ဝမ်းနည်းကြေကွဲအောင်မလုပ်နိုင်ကြောင်း ကျွန်ုပ်ကံဆိုးမိုးမှောင်ကျနေဆဲကြားမှ၊ ကျွန်ုပ်အမှန်အတိုင်းပြောရပေမည်။ တချိန်ချိန်၌ ကျွန်ုပ်၏သေတ္တာအစိတ်စိတ်အမွှာမွှာကွဲသွားမည့်လား၊ သို့မဟုတ် နောက်ဆုံး၌ပြင်းထန်သောလှိုင်းလုံးကဖုံးလွှမ်းသွားမည်လားဟုမျှော်လင့်လျှက်ဖြင့်၊ ထိုအချိန်၌ကျွန်ုပ်ခံစားနေရသည့်အခက်အခဲများနှင့်စိတ်ဆင်းရဲမှုများကို ခရီးသည်အတော်များများခံစားကြဘူးမည်မဟုတ်ပါ။ ပြတင်းပေါက်တစ်ချပ်ကွဲကြေသွားခြင်းက၊ ရုတ်တရက်သေဆုံးခြင်းကိုဖြစ်ပေါ်နိုင်၏။ များစွာသောအက်ရာများမှ၊ ရေများစိမ့်ဝင်နေသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ ရေစိမ့်မှုကအကြောင်းမဟုတ်လှသေးသော်လည်း၊ ကျွန်ုပ်တတ်နိုင်သမျှ၊ ၄င်းတို့ကိုပိတ်ရန်ကြိုးစား၏။ အဝတ်ဘီဒို၏အမိုးကိုကျွန်ုပ်မ, မနိုင်ပါ။ သို့သော်လည်းနောက်ဆုံး၌၄င်းကို တနည်းနည်းတဖုံဖုံဖြင့် ကျွန်ုပ်ပြုလုပ်နိုင်ပြီး၊ ၄င်း၏အပေါ်တွင်ကျွန်ုပ်ထိုင်နေ၏။ ကျွန်ုပ်ခေါ်သင့်သလို၊ မြေတိုက်ခန်းထဲတွင်ပိတ်မိနေရသည့်ထက်၊ နာရီအတော်ကြာစွာထိုနေရာပေါ်တွင် ကျွန်ုပ်လုံခြုံစွာဆက်လက်ရှိနေ၏။ သို့မဟုတ် ဤအန္တရယ်များမှတစ်ရက်၊ နှစ်ရက်မျှ ကျွန်ုပ်လွတ်မြောက်နေရလျှင်လည်း၊ အအေးဒဏ်နှင့်ငတ်မွတ်မှုတို့ကြောင့် ကျွန်ုပ်ကြေကွဲဘွယ်ကောင်းစွာသေရပေမည်။ ကျွန်ုပ်သေတ္တာ၏ပြတင်းပေါက်များ



မရှိသောအခြမ်းဘက်တွင် ခိုင်မာသောဂျိတ်ကြီး (၂)ဂျိတ်တပ်ဆင်ထားပြီး၊ ထိုဂျိတ်များဖြင့် ကျွန်ုပ်ကိုအမှုထမ်းက၊ သူ့ခါးတွင်ချိတ်လျှက်မြင်းစီးခေါ်ဆောင်သွားကြောင်း၊ စာရှုသူအားကျွန်ုပ်ပြောပြပြီးဖြစ်၏။ ထိုသို့မျှောင်လင့်ချက်ကင်းမဲ့နေသော အခြေအနေတွင် ထိုချိတ်များတပ်ဆင်ထားသည့် ကျွန်ုပ်၏သေတ္တာအခြမ်းဘက်မှ၊ ပွတ်တိုက်ဆူညံသံ တစ်မျိုးကို ကျွန်ုပ်ကြားလိုက်ရ၏။ သို့မဟုတ် ကြားလိုက်ရသည်ဟု ထင်မိလိုက်၏။ မကြာခင်၌ သေတ္တာကိုပင်လယ်ထဲတွင်ဆွဲယူသွားနေသည့်ကို ကျွန်ုပ်စိတ်အထင်ဖြစ်မိ၏။ မကြာခဏဆိုသလို၊ ကျွန်ုပ် အဆွဲယူခံရသလိုလိုခံစားရပြီး၊ ထိုသို့ဆွဲယူခံရသဖြင့် ကျွန်ုပ်၏ပြတင်း ပေါက်များအထက်နားတွင် ရေလှိုင်းများကို မြင့်တက်စေ၍ ကျွန်ုပ် ကိုအမှောင်ချလုနီးပါးဖြစ်သွား၏။ ၄င်းကြောင့် ကျွန်ုပ်စိတ်သက်သာ မှုရရန်၊ မျှော်လင့်မှုရေးရေးဖြစ်မိ၏။ သို့သော်လည်း ထိုမျှော်လင့်ချက်က မည်သို့ဖြစ်မည်ကို ကျွန်ုပ်မစဉ်းစားနိုင်ပါ။ ကြမ်းပြင်နှင့်အမြဲတမ်းတွဲထားသော ကျွန်ုပ်၏ထိုင်ခုံတစ်ခုကို ကျွန်ုပ်က စွန့်စား၍၊ ဝက်အူလှည့်ဖြုတ်လိုက်ပြီး၊ မကြာခင်က ကျွန်ုပ်ဖွင့်ထားပြီးဖြစ်သော လျှောထိုးတံခါးပေါက်အောက်တည့်တည့်သို့ ၄င်းကိုနေရာရွှေ့၍၊ ဝက်အူတခါပြန်ရစ်ကာ၊ ထိုင်ခုံပေါ်သို့ ကျွန်ုပ်တက်လိုက်၏။ အပေါက် နားသို့တတ်နိုင်သမျှနီးကပ်စွာ ကျွန်ုပ်၏ပါးစပ်ကိုထားလျှက်ကျယ်လောင်သောအသံဖြင့်၊ ကျွန်ုပ်နားလည်သောဘာသာစကားအားလုံးဖြင့်၊ အကူအညီလှမ်းတောင်း၏။ ထို့နောက် ကျွန်ုပ်၏

လက်ကိုင်ပုဝါကို ကျွန်ုပ်ကိုင်ဆောင်လာလေ့ရှိသော တုတ်တစ်ချောင်းတွင်ချီပြီး၊ ၎င်းကိုအပေါက်ထဲမှထိုးထုတ်လျှက်၊ လေထဲတွင်အကြိမ်ပေါင်းများစွာဝှေ့ယမ်းပြရာ၊ အနီးအနားတွင်လှေတစ်စင်း သို့မဟုတ် သင်္ဘောတစ်စင်းရှိနေလျှင် သင်္ဘောသားများက ဤသေတ္တာထဲတွင် ကြေကွဲစရာလူသားတစ်ယောက်ပိတ်မိနေကြောင်းခန့်မှန်းကြလိမ့်မည်။

ကျွန်ုပ်လုပ်သမျှအရာအားလုံးမှ အကျိုးသက်ရောက်မှုတစုံတရာကို ကျွန်ုပ်မတွေ့ရပါ။ သို့သော် ကျွန်ုပ်၏သေတ္တာကရွေ့လျားနေသည်ကို ကျွန်ုပ်ထင်ရှားစွာသိရပြီး တစ်နာရီ သို့မဟုတ် တစ်နာရီကျော်ကျော်အကြာတွင်ချိတ်များရှိပြီး၊ ပြတင်းပေါက်များမရှိသည့်သေတ္တာနံရံကိုမာကြောသောတစုံတရာက ရိုက်ခတ်မိ၏။ ၎င်းက ကျောက်ဆောင်တစ်ခုဖြစ်ရမည်ဟုကျွန်ုပ်နားလည်လိုက်ပြီး၊ ခါတိုင်းထက်ပို၍ကျွန်ုပ်မြင့်တက်သွားသည်ကို တွေ့ရှိရ၏။ သေတ္တာအဖုံးအထက်မှသံကြိုးသံကဲ့သို့သော ဆူညံသံနှင့်သံကွင်းအတွင်းသံကြိုးထည့်သံကဲ့သို့သော ဆူညံသံကို ကျွန်ုပ်ထင်ရှားစွာ ကြားလိုက်ရ၏။ ထိုနောက်ယခင်က ကျွန်ုပ်ရှိနေသည့်အနေအထားထက်အနည်းဆုံး (၃)ပေခန့်ပိုမြင့်တက်သွားသည်ကို ကျွန်ုပ်တွေ့ရ၏။ ထိုသို့ဖြစ်သော် ကျွန်ုပ်ကတုတ်နှင့်လက်ကိုင်ပုဝါကို တစ်ခါထိုးထုတ်ပြီး၊ အသံကွဲလုမတတ်အော်ဟစ်လျှက်၊ အကူအညီတောင်းမိ၏။ ထိုသို့အကူအညီတောင်းမှုကိုတုန့်ပြန်သောအားဖြင့်၊ အော်ဟစ်သံကြီးတစ်သံကို ကျွန်ုပ် (၃)ကြိမ်ကြားလိုက်ရာ၊ ကျွန်ုပ်မှာအလွန်တရာပျော်ရွှင်လှသဖြင့်၊



ကျွန်ုပ်ကဲ့သို့ခံစားရဘူးသူများသာ ထိုကဲ့သို့သောပျော်ရွှင်မှုကိုသိရှိခံစားမိပေလိမ့်မည်။ ကျွန်ုပ်၏ဦးခေါင်းအထက်မှ ခြေနင်းသံများကို ကျွန်ုပ်ကြားရပြီး၊ တစ်စုံတစ်ယောက်ကကျယ်လောင်သောအသံနှင့် အင်္ဂလိပ်စကားဖြင့်အပေါက်မှလှမ်းအော်၍အောက်တွင်တစ်စုံတစ်ယောက်ရှိလျှင် သူတို့ကိုစကားပြောခိုင်း၏။ ကံဆိုးမိုးမှောင်ကျမှုကြောင့် သတ္တဝါတစ်ယောက်တွေ့ကြုံခံစားခဲ့ရသမျှတွင် အကြီးမားဆုံးဖြစ်သည့် ဒုက္ခကို တွေ့ကြုံခဲ့ရသည့် အင်္ဂလိပ်လူမျိုးတစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ်ကပြောကြားပြီး၊ ကျွန်ုပ်ရှိနေသည့်အကျဉ်းခန်းထဲမှ ကျွန်ုပ်အားကယ်ဆယ်ပါရန် တောင်းပန်၏။ ကျွန်ုပ်၏ သေတ္တာကိုသူတို့၏သင်္ဘောတွင် ချီနှောင်ထားပြီး၊ လက်သမားတစ်ယောက်က ကျွန်ုပ်ကိုဆွဲထုတ်ယူနိုင်လောက်အောင်ကြီးမားသည့်အပေါက်ကို သေတ္တာအဖုံးတွင်ချက်ခြင်းလာရောက်ဖေါက်လုပ်တော့မည်ဖြစ်သဖြင့် ကျွန်ုပ်လုံခြုံစိတ်ချရပြီဖြစ်ကြောင်း၊ အသံတသံကပြန်ဖြေ၏။ ၎င်းကမလိုအပ်ကြောင်းနှင့် ၎င်းကအချိန်အလွန်ကုန်မည်ဖြစ်ကြောင်း ကျွန်ုပ်ကပြန်ဖြေ၏။ အကြောင်းမူကားအခြားလုပ်စရာများ မလိုပဲ၊ သင်္ဘောသားတစ်ယောက်အားသံကွင်းထဲသို့ လက်ချောင်း တစ်ချောင်းထိုးထည့်ပြီး၊ သေတ္တာကိုပင်လယ်ထဲမှသင်္ဘောပေါ်သို့ ဆယ်ယူစေ၍၊ ဤသို့ဖြင့် မာလိန်မှူး၏အခန်းဆီသို့ သယ်ဆောင်စေ နိုင်သောကြောင့်ဖြစ်၏။ ကျွန်ုပ်ကထိုသို့ရိုင်းပြစွာပြောနေသည်ကို ကြားကြရသောအခါ၊ သူတို့ကကျွန်ုပ်ရူးသွားပြီ

ဟုထင်ကြ၏။ အချို့က ရယ်မောကြ၏။ ကျွန်ုပ်နှင့်အရွယ်အစားတူ အင်အားတူလူများ အကြား ယခုကျွန်ုပ်ပြန်ရောက်နေပြီဆိုသည်ကို အမှန်ပင် ကျွန်ုပ်မစဉ်း စားမိသောကြောင့်ဖြစ်၏။ လက်သမား ဆရာကရောက်လာပြီး၊ မီးနစ် အနည်းငယ်အတွင်းတွင် (၄)ပေ ပတ်လည်ရှိသော အပေါက်တစ် ပေါက်ကိုလွှဖြင့်တိုက်ဖြတ်၍ လှေကားကလေးတစ်ခုကို ချပေး၏။ ၎င်းအပေါ်သို့ ကျွန်ုပ်တက်ပြီး ထိုနေရာမှတဆင့်သင်္ဘောထဲသို့ အလွန်အားနည်းနေသော အခြေအနေဖြင့်ကျွန်ုပ်ကိုသယ်ဆောင်သွား၏။

သင်္ဘောသားများအားလုံးမှာအံ့သြထိတ်လန့်နေကြပြီး၊ ကျွန်ုပ်ကိုမေးခွန်းပေါင်းတစ်ထောင်ခန့်မေးကြ၏။ ၎င်းတို့ကိုကျွန်ုပ်ဖြေကြားလိုစိတ်မရှိပါ။ ကျွန်ုပ်စွန့်ခွာခဲ့သော လူကောင်ကြီးများနှင့် ကျွန်ုပ်၏ မျက်လုံးများက ကာလကြာရှည်စွာအလေ့အကျင့်ဖြစ်နေပြီး နောက်ပိုင်းတွင်၊ သူတို့အား ကျွန်ုပ်ကလူပုကလေးများဟုမြင်သည့်အတိုင်း၊ လူပုကလေးများစွာကို ကျွန်ုပ်တွေ့မြင်ရသဖြင့်၊ စိတ်ရှုတ်မိ၏။ သို့သော်ရိုးသားသူဖြစ်သောမာလိန်မှူးမစ္စတာသောမတ်ဝေလ်ဘွတ်က် က ကျွန်ုပ်မေ့မြောလုနီးပါးဖြစ်နေသည်ကို တွေ့မြင်သဖြင့် ကျွန်ုပ်ကို သူ၏အခန်းဆီသို့ခေါ်ဆောင်၍ သက်သာစေရန်အားဆေးရည် တိုက်ပြီး၊ သူ၏အိပ်ယာထဲတွင် ကျွန်ုပ်ကိုလဲလျောင်းစေကာ၊ အနည်းငယ်အနားယူရန်အကြံပေး၏။ အနားယူရန်လည်းကျွန်ုပ်လွန်စွာလိုအပ်နေ၏။ ကျွန်ုပ်မအိပ်ခင်ကျွန်ုပ်၏သေတ္တာထဲတွင် မပျောက်



ပျက်သင့်သည့် တန်ဘိုးရှိသောပရိဘောဂများရှိကြောင်း၊ ၎င်းတို့က ပခက်အိပ်စင်တစ်ခု၊ ကုတင်တစ်ခု၊ ထိုင်ခုံ(၂)လုံး၊ စားပွဲတစ်လုံးနှင့် ဘီဒိုတစ်လုံးတို့ဖြစ်ကြောင်း၊ သူ့ကိုကျွန်ုပ်နားလည်စေ၏။ ကျွန်ုပ်၏ သေတ္တာခန်းက၊ လေးဘက်လေးတန်တွင်၊ ပိုးချည်များချည်ထည်များဖြင့် ကာရံထားကြောင်း၊ သူ၏သင်္ဘောသားတစ်ယောက်အား၊ ကျွန်ုပ်၏ သေတ္တာခန်းကို သူ၏အခန်းထဲသို့ ယူလာခွင့်ပြုလျှင်၊ ၎င်းကိုသူ၏ ရှေ့တွင် ကျွန်ုပ်ဖွင့်ပြပြီး၊ ကျွန်ုပ်၏ပစ္စည်းများကို သူ့အား ပြသမည်ဖြစ်ကြောင်း၊ သိစေ၏။ ဤအဓိပ္ပါယ်မရှိသော အကြောင်းများကို ကျွန်ုပ်ပြောနေသည်ကို ကြားရသောအခါ၊ မာလိန်မှူးက ကျွန်ုပ် စိတ်လှုပ်ရှားလွန်းစွာစကားပြောနေကြောင်းသုံးသပ်၏။ သို့သော်လည်း ကျွန်ုပ်ဆန္ဒရှိသည့်အတိုင်းအမိန့်ပေးရန် သူကဂတိပေးပြီး၊ ကုန်းပတ် ပေါ်သို့ရောက်သောအခါ၊ သူ့လူတချို့ကို ကျွန်ုပ်၏သေတ္တာခန်းထဲသို့ စေလွှတ်၏။ ထိုနေရာမှကျွန်ုပ်၏ ပစ္စည်းများကို သူတို့ထုတ်ယူကြပြီး၊ စားပွဲခင်း၊ အိပ်ယာခင်းများကိုခွာယူကြ၏။ သို့သော်ကြမ်းပြင်နှင့် ဝက်အူစုတ်ထားသော ထိုင်ခုံများ ဘီဒိုနှင့်ကုတင်တို့မှာ သင်္ဘောသားတို့၏ဂရုမစိုက်မှုကြောင့် များစွာပျက်စီးကုန်ကြ၏။ ၎င်းတို့ကိုသူတို့က အတင်းဆွဲခွာယူကြ၏။ ထို့နောက်သူတို့ကသင်္ဘောတွင်အသုံးပြုရန် အတွက်သစ်သားပြား ဘစ်ချို့ကို ခွာထုတ်ယူကြ၏။ ထို့နောက် သူတို့လိုချင်သော အရာများကိုသူတို့ရပြီးသောအခါ၊ သေတ္တာကိုယ်ထည်ကိုပင်လယ်ထဲပစ်ချ

လိုက်ကြ၏။ အောက်ခြေနှင့်ဘေးပတ်လည်တွင် ဖြစ်ပေါ်နေသော အကွဲအပေါက်များစွာတို့ကြောင့်၎င်းက ချက်ခြင်းနစ်မြုပ်သွား၏။ အမှန်ပင်၊ သူတို့ပြုလုပ်ခဲ့သော အပျက်အစီးများကို ကျွန်ုပ်မတွေ့မြင်ရသဖြင့် ဝမ်းသာမိ၏။ အကြောင်းမူကား၊ ၎င်းကို မြင်ရခြင်းဖြင့် ကျွန်ုပ်မေ့ချင်သော်ယခင်က အဖြစ်အပျက်က ကျွန်ုပ်၏ ဦးခေါင်းထဲသို့ဝင်လာလျှင်၊ ကျွန်ုပ်ခံစားမှုဖြစ်ရမည်ဟု ယုံကြည်ထားသောကြောင့် ဖြစ်၏။

နာရီအနည်းငယ်ကျွန်ုပ်အိပ်၏။ သို့သော် ကျွန်ုပ်ထွက်ခွာလာခဲ့သောနေရာနှင့် ကျွန်ုပ်လွတ်မြောက်ခဲ့သောအန္တရာယ်များကို အိပ်မက် မက်ခြင်းဖြင့် ကျွန်ုပ်မှာအဆက်မပြတ်အနှောက်အယှက်ခံနေရ၏။ သို့သော်လည်း အိပ်ရာမှနိုးလာသောအခါ၊ ကျွန်ုပ်များစွာသက်သာမှုရသည်ကိုတွေ့ရ၏။ ယခုည(၈)နာရီခန့်ရှိပြီဖြစ်ပြီး၊ မာလိန်မှူးက အချိန်ကာလကြာရှည်စွာ ကျွန်ုပ်အစားမစားရသေးဟု ထင်လျှက်၊ ညစာကိုချက်ချင်းမှာလိုက်၏။ သူက ကျွန်ုပ်ကိုဂရုဏာကြီးစွာထားလျှက် ဧည့်ခံကျွေးမွေးပြီး၊ တည်တည်ငြိမ်ငြိမ်ပြောဆိုနေထိုင်ရန်သုံးသပ်ပြော၏။ ကျွန်ုပ်တို့နှစ်ဦးတည်းကျန်ရစ်ခဲ့သောအခါ၊ ကျွန်ုပ်၏ခရီးစဉ်ကို သူ့အားပြောပြစေချင်ကာ၊ ကြီးမားလှသော ဤသစ်သားသေတ္တာကြီးဖြင့်၊ အဘယ်ကဲ့သို့မတော်တဆမှုကြောင့် ကျွန်ုပ်မျောပါလာရသနည်းဟု သူသိချင်၏။ မွန်းတည့်ချိန်(၁၂)နာရီခန့်က မှန်ပြောင်းနှင့်သူကြည့်နေစဉ်အဝေးလှမ်းလှမ်းမှ ဤသေတ္တာကို



သူတွေ့မြင်ရကြောင်း၊ ၎င်းကိုရွက်တိုင်တခုဟုသူထင်ကြောင်း၊ သူ့၌ဘီစကွတ်လက်ကျန်သိပ်မရှိတော့သဖြင့်၊ ထိုသင်္ဘောမှဘီစကွတ်အချို့သူဝယ်ယူရန်မျှော်လင့်ကြောင်းသူကပြော၏။ နီးကပ်လာသောအခါ၊ သူ၏အမှားကိုတွေ့မြင်ရလျှက်၊ ၎င်းကဘာဖြစ်သည်ကိုကြည့်ရှုရန်အတွက် သူ၏လှေကိုစေလွှတ်လိုက်ကြောင်း သူ့လူများက ထိတ်လန့်စွာပြန်လာကြပြီး၊ ရေကူးနေသောအိမ်တလုံးကို တွေ့မြင်ရကြောင်းပြောပုံ၊ သူတို့၏အဓိပ္ပါယ်မရှိသောစကားကြောင့်၊ သူရယ်မောရပုံ၊ ခိုင်ခံ့သောသံကြိုးတစ်ချောင်းကို သူတို့နှင့်ယူလာရန်၊ သူ့လူများကိုအမိန့်ပေးလျှက် သူကိုယ်တိုင်လှေဖြင့်သွားပုံ၊ ရာသီဥတုက ငြိမ်သက်နေသဖြင့်၊ ကျွန်ုပ်ကိုအကြိမ်ပေါင်းများစွာ လှည့်ပတ်လှော်ခတ်ပြီး၊ ပြတင်းပေါက်များနှင့်၎င်းတို့ကိုကာရံထားသည့် သံဇကာများကိုကြည့်ရှုပုံ၊ ပျဉ်ပြားများလုံးဝကပ်ထားသည့်နံရံတစ်ဖက်မှ ချိတ်(၂)ခုကို သူရှာဖွေတွေ့မြင်ပုံ၊ ထိုအခါတွင် သူ့လူများကို ထိုဘက်အခြမ်းသို့ လှော်ခတ်ရန်အမိန့်ပေးပြီး၊ သံကြိုးကိုချိတ်တစ်ချောင်းတွင် ချည်နှောင်လျှက်၊ ကျွန်ုပ်၏သေတ္တာကိုသင်္ဘောဆီသို့ဆွဲယူရန်သူတို့ကို အမိန့်ပေးပုံစသည်ဖြင့် ပြောပြ၏။ သင်္ဘောဆီသို့ရောက်သောအခါ သေတ္တာအဖုံးတွင်တပ်ထားသည့် သံကွင်းတွင်အခြားကြိုးတစ်ချောင်းကို သူကချည်နှောင်ခိုင်းပြီး၊ ကျွန်ုပ်၏သေတ္တာကိုစက်သီးဖြင့် ဆွဲမခိုင်း၏။ ၎င်းကိုသင်္ဘောသားအားလုံးက ၂-ပေ၊ ၃-ပေထက်မြင့်အောင် ဆွဲမှမနိုင်ကြပါ။ ကျွန်ုပ်၏တုတ်ချောင်းနှင့်လက်ကိုင်ပုဝါက အပေါက်

ထဲမှ ထိုးထွက်လာသည်ကို သူတို့တွေ့မြင်ကြပြီး၊ ကံဆိုးသောလူတချို့ အထဲတွင် ပိတ်မိနေရမည်ဟု၊ သူတို့ကသုံးသပ်ချက်ချကြ၏။ ကျွန်ုပ်ကိုပထမဦးဆုံးတွေ့မြင်လိုက်သော အချိန်ခန့်က သူ သို့မဟုတ် သင်္ဘောသားတို့က ကြီးမားသောငှက်ကြီးများကို လေထဲတွင်တွေ့မြင်ရသလားဟု ကျွန်ုပ်ကမေး၏။ ထိုမေးခွန်းကို သူကဖြေကြားရာ၌၊ ကျွန်ုပ်အိပ်ပျော်နေစဉ် ဤကိစ္စကိုသင်္ဘောသားများနှင့်စကားပြောဆိုသော် သူတို့ထဲမှ တစ်ယောက်ကမြောက်ဘက်သို့ပျံသန်းနေသော သိန်းငှက်(၃)ကောင်ကို တွေ့မြင်ရကြောင်းပြော၏။ သို့သော်သာမန်အရွယ်အစားထက်သူတို့ပိုမိုကြီးမားခြင်းကိစ္စနှင့် ပတ်သက်၍ ဘာမှမှတ်ချက်မချကြပါ။ ၄င်းတို့ရှိနေသော အမြင့်ကမြင့်မားနေရမည်ဟု ကျွန်ုပ်ယူဆရမည်ဖြစ်ပြီး၊ ကျွန်ုပ်မေးခွန်းထုတ်နေသော အကြောင်းရင်းကို သူမခန့်မှန်းမိပါ။ ထို့နောက် ကျွန်ုပ်တို့ကုန်းမြေနှင့် မည်မျှအဝေးတွင်ရှိကြောင်း၊ မာလိန်မှူးကို ကျွန်ုပ်ကမေး၏။ သူအကောင်းဆုံးတွက်ချက်ရသလောက်၊ အနည်းဆုံးကျွန်ုပ်တို့မိုင် ၃၀၀ခန့်ရှိနေကြောင်းသူကပြော၏။ ပင်လယ်ထဲသို့ကျွန်ုပ်မကျရောက်ခင်၊ ကျွန်ုပ်လာသောနိုင်ငံမှကျွန်ုပ်ထွက်ခွာလာခဲ့သည်မှာ အချိန်(၂)နာရီကျော်ခန့်သာရှိသဖြင့် သူ၏ခန့်မှန်းချက်ထဲက တဝက်လောက်နီးပါးမှားယွင်းနေရမည်ဟု ကျွန်ုပ်ကသူ့အားအသေအချာပြော၏။ ထိုသို့ပြောသော် ကျွန်ုပ်ဦးနှောက်သိပ်မကောင်းတော့ဟုသူကထင်ပြန်၏။ ဤသို့ဖြင့် သူပေးထားသော အခန်းထဲမှအိပ်ရာပေါ်သွားအိပ်ရန် ကျွန်ုပ်ကိုသူက



အကြံပေး၏။ ကောင်းမွန်စွာကျွန်ုပ်ကိုပြုစုကျွေးမွေးသဖြင့်၊ ကျွန်ုပ်ကောင်းစွာလန်းဆန်းနေသလို၊ ကျွန်ုပ်၏ဘဝတွင်ရှိခဲ့သည့်အတိုင်း ခါတိုင်းကဲ့သို့ပင် စိတ်မှန်နေကြောင်း၊ ကျွန်ုပ်ကအသေအချာပြော၏။ ထိုအခါသူကလေးလေးနက်နက်ဖြစ်လာပြီး၊ ပြစ်မှုကြီးတချို့ကျူးလွန်းသူများကို ရေယိုနေသောရေယာဉ်တစ်စီးဖြင့်အစားအသောက်မပေးဘဲပင်လယ်ထဲသို့ မျောလွှတ်တတ်ကြသည့်အတိုင်း၊ ဘုရင်တပါး၏အမိန့်ဖြင့် ကျွန်ုပ်ကိုသေတ္တာထဲထည့်၍၊ အပြစ်ပေးသည်ဟု သူကထင်မိ၏။ ထိုမျှမကောင်းလှသော လူတစ်ယောက်ကို သူ၏သင်္ဘောပေါ်သို့ ခေါ်ယူမိသဖြင့်၊ သူဝမ်းနည်းသော်လည်း ကျွန်ုပ် တို့ရောက်သည့်ပထမဦးဆုံးဆိပ်ကမ်းတွင် ကျွန်ုပ်ကိုလုံခြုံစွာ ကမ်းပေါ်သို့လွှတ်ပေးမည်ဖြစ်ကြောင်း ကတိပေး၏။ ကျွန်ုပ်၏သေတ္တာနှင့်ပတ်သက်၍အစပထမ၌ သင်္ဘောသားများအား ကျွန်ုပ်ပြောကြားခဲ့သည်အဓိပ္ပါယ်မရှိသောစကားများနှင့် ထို့နောက်တွင်သူ့အား ကျွန်ုပ်ပြောခဲ့သောအဓိပ္ပါယ်မဲ့စကားလုံးများကြောင့်၄င်း၊ ကျွန်ုပ်ညစာစားနေစဉ်ထူးခြားသောအပြုအမူ၊ အမူအရာတို့ကြောင့်၄င်း၊ သူ၏သံသယစိတ်များက ပိုမိုတိုးပွားလာကြောင်းသူကထပ်မံပြော၏။

ကျွန်ုပ်၏ဇာတ်လမ်းကိုပြောပြစဉ်၊ သူသည်းခံ၍နားထောင်ပါရန်ကျွန်ုပ်ကတောင်းပန်၏။ အင်္ဂလန်မှကျွန်ုပ်ထွက်ခွါလာသည့်နောက်ဆုံးအချိန်မှစ၍ ကျွန်ုပ်ကိုသူပထမဦးဆုံးတွေ့မြင်ရသည့်အချိန်ထိ၊ ကျွန်ုပ်၏ဇာတ်လမ်းကိုမှန်ကန်စွာ ကျွန်ုပ်ပြောပြ၏။ အမှန်

တရားသည်အမြဲတမ်းပင်အကျိုးအကြောင်း ဆင်ခြင်တတ်သောဦးနှောက်တွင်နေရာယူတတ်သဖြင့်၊ ဤရိုးသားမြင့်မြတ်သောလူကြီးမင်းက ကျွန်ုပ်အမှန်ကိုပွင့်လင်းစွာပြောကြားနေကြောင်းချက်ခြင်းသိလိုက်၏။ သို့သော် ကျွန်ုပ်ပြောခဲ့သောအရာအားလုံးကိုပို၍ခိုင်လုံစေရန်အတွက် ကျွန်ုပ်၏ဘီဒိုကိုသယ်ဆောင်လာရန်သူ့အားကျွန်ုပ်ကအနူးအညွတ်တောင်းပန်၏။ ဘီဒိုသော့က ကျွန်ုပ်၏အင်္ကျီအိတ်ထဲတွင်ရှိနေ၏။ ကျွန်ုပ်ကဘီဒိုကို သူ့ရှေ့တွင်ဖွင့်ပြီး၊ ထူးဆန်းလှစွာဖြင့် ကျွန်ုပ်လွတ်မြောက်လာခဲ့သော ထိုနိုင်ငံ၌ ကျွန်ုပ်စုဆောင်းထားခဲ့သော ရှားပါးပစ္စည်းများကို သူ့အားကျွန်ုပ်ပြ၏။ ဘုရင်၏မုတ်ဆိတ်မွေးအတိုများဖြင့် ပြုလုပ်ထားသောဘီးတစ်ချောင်းနှင့် ဘုရင်မ၏လက်သဲစကိုလက်ကိုင်အဖြစ်တပ်ဆင်ထားသော ထိုကဲ့သို့သော ပစ္စည်းနောက်တစ်ခုတို့ရှိ၏။ တစ်ပေမှကိုက်ဝက်ခန့်အထိရှည်လျားသောအပ်များ၊ ပင်အပ်များရှိ၏။ လက်သမားဆရာသုံးပရိဘောဂရိုက်သံနှင့်တူသောပိတုန်းနှုတ်သီး (၄)ချောင်း၊ ဘီးဖြင့်ဖီးချထားသောဘုရင်မ၏ဆံပင်များ၊ တနေ့၌ဘုရင်မက သူမ၏လက်သန်းမှချွတ်ယူပြီး၊ အင်္ကျီကော်လံကဲ့သို့ ကျွန်ုပ်၏ဦးခေါင်းပေါ်မှစွတ်ပေးလျှက်၊ အလွန်စေတနာရှိသော အမူအရာဖြင့် ကျွန်ုပ်အားလက်ဆောင်ပေးခဲ့သော ရွှေလက်စွပ်တစ်ကွင်းတို့ရှိ၏။ သူ၏ယဉ်ကျေးပျူငှာမှုကိုတုန့်ပြန်သောအားဖြင့် ဤလက်စွပ်ကို မာလိန်မှူးအား ကျွန်ုပ်ကကျေးဇူးပြုလျှက်၊ လက်ခံစေချင်၏။ ၎င်းကိုသူက



လုံးဝပင်ငြင်းဆန်၏။ ရုံရွှေတော်အမျိုးသမီးတစ်ဦး၏ ခွင့်ပြုချက်အရ ကျွန်ုပ်၏လက်ဖြင့်ကျွန်ုပ်ကိုယ်တိုင်ဖြတ်ယူလာသော ပြောင်းဖူးတစ်ခုကိုသူ့အား ကျွန်ုပ်ကပြသ၏။ နောက်ဆုံး၌ ထိုစဉ်ကကျွန်ုပ်ဝတ်စဉ်ထားပြီး၊ ကြွက်သားရေဖြင့်ပြုလုပ်ထားသော ဒူးကာဘောင်းဘီကိုသူ့အား ကျွန်ုပ်ကပြသ၏။

သူ့ကိုမည်သည့်အရာနှင့်မျှ ကျွန်ုပ်ကစိတ်ဝင်စားအောင်မလုပ်နိုင်ပါ။ သို့သော်အမှုထမ်းတစ်ဦး၏သွားတစ်ချောင်းကိုမူ၊ သူကအလွန်စိတ်ဝင်စားဟန်ဖြင့် စစ်ဆေးကြည့်သည်ကို ကျွန်ုပ်တွေ့မြင်ရပြီး၊ ၎င်းအတွက်သူ့၌စိတ်ကူးရှိနေသည်ကိုသိရှိရ၏။ ထိုကဲ့သို့အသေးအဖွဲ့ပစ္စည်းကလေးအတွက် ထိုက်တန်သည်ထက်များစွာပိုလျှက်၊ ကျေးဇူးအထပ်ထပ်အခါခါတင်ရင်း သူက၎င်းကိုလက်ခံ၏။ ၎င်းကိုမကျွမ်းကျင်သောခွဲစိတ် ဆရာဝန်တစ်ယောက်က ဂလူမ်ဒါလစ်ချ်၏ လူတစ်ယောက်ထံမှ၊ နှုတ်ယူခဲ့ခြင်းဖြစ်၏။ ထိုလူက သွားကိုက်ဝေဒနာခံစားနေရ၏။ သို့သော်နှုတ်လိုက်သောသွားက အကောင်းဖြစ်၏။ ကျွန်ုပ်က၎င်းကိုသန့်ရှင်းဆေးကြောပြီး၊ ကျွန်ုပ်၏ဘီဒိုထဲတွင်ထည့်ထား၏။ ၎င်းကတပေခန့်ရှည်ပြီး၊ အချင်းက (၄)လက်မခန့်ရှိ၏။

မာလိန်မှူးက သူ့အားကျွန်ုပ်ရှင်းပြသည့် ဤအချက်ကိုအလွန်ကြေနပ်နှစ်သက်လျှက် အင်္ဂလန်ကိုကျွန်ုပ်တို့ပြန်ကြသောအခါ၊ ၎င်းကိုစာထက်အက္ခရာတင်လျှက်အများပြည်သူကို သိစေရန်ဖြင့် ကမ္ဘာ၏

အကျိုးကိုကျွန်ုပ်သယ်ပိုးနိုင်ရန် သူမျှော်လင့်ကြောင်းပြော၏။ ခရီးသွားစာအုပ်များဖြင့် ကျွန်ုပ်တို့အလွန်ပြည့်ကြပ်နေပြီဟု ကျွန်ုပ်ထင်ကြောင်း၊ အံ့ဩဘွယ်ရာမဟုတ်လျှင်၊ ယခုအခါဘာမှမအောင်မြင်နိုင်ကြောင်း၊ ထိုကိစ္စတွင်အချို့သောစာရေးဆရာများက ဂရုမမူသောစာရှုသူတို့စိတ်ဝင်စားရေး၊ ကြေနပ်နှစ်သိမ့်စေရေးအတွက် အမှန်ကို ထိန်ချန်ထားသည်ဟု ကျွန်ုပ်သံသယရှိကြောင်း၊ ကျွန်ုပ်၏ဇာတ်လမ်းက ထူးဆန်းသောသစ်ပင်ကြီး သစ်ပင်ငယ်များ၊ ငှက်များ၊ အခြားတိရစ္ဆာန်များနှင့် စာရေးသူအများတို့ရေးသားပြီးဖြစ်သည့် လူရိုင်းများ၏ ရိုင်းစိုင်းသောအလေ့အကျင့်နှင့် ကိုးကွယ်မှုများကို စကားတန်ဆာဆင်၍ ဖော်ပြခြင်းမရှိလျှင်၊ သာမန်အဖြစ်အပျက်ထက်ပိုကဲသောအရာ အနည်းငယ်သာရှိကြောင်း၊ ကျွန်ုပ်ကပြန်လည်ဖြေကြား၏။ သို့သော်လည်း သူ၏ကောင်းမွန်သော စိတ်ကူးဉာဏ်အတွက် သူ့ကိုကျွန်ုပ်ကျေးဇူးတင်ပြီး၊ ထိုကိစ္စကို ကျွန်ုပ်စဉ်းစားရန်ကတိပေး၏။

တခုကိုတော့သူအလွန်အံ့ဩကြောင်းသူကပြော၏။ ၎င်းက ကျွန်ုပ်ထိုမျှအသံကျယ်လောင်စွာစကားပြောသည်ကို သူကြားရခြင်းပင်ဖြစ်ပြီး၊ ထိုနိုင်ငံမှဘုရင် သို့မဟုတ် ဘုရင်မသည် နားလေးသလားဟု သူကမေး၏။ ၎င်းက(၂)နှစ်ကျော်မျှ ကျွန်ုပ်၏အလေ့အကျင့်ဖြစ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်းနှင့် ကျွန်ုပ်အတွက်မူလေသံသဲ့သဲ့မျှသာဖြစ်သည်ဟု ထင်ရသော်လည်း၊ ကျွန်ုပ်ကောင်းစွာကြားရသော သူနှင့်သူ့လူများ၏အသံကိုကျွန်ုပ်အလွန်သဘောကျနှစ်ခြိုက်ကြောင်း



ကျွန်ုပ်ကသူ့ကိုပြောပြ၏။ သို့သော် ကျွန်ုပ်ကိုစားပွဲပေါ်တွင်မတင်ထားလျှင် သို့မဟုတ် တစ်စုံတစ်ယောက်၏လက်ထဲတွင် ဆုပ်ကိုင်မထားလျှင်၊ ထိုနိုင်ငံ၌ ကျွန်ုပ်စကားပြောသောအခါ၊ လမ်းမပေါ်မှလူတစ်ယောက်က ဘုရားရှိခိုးကျောင်းခေါင်မိုးထိပ်ပေါ်မှ လူတစ်ယောက်ကိုလှမ်း၍စကားပြောနေသကဲ့သို့ ၎င်းကဖြစ်ပေါ်နေ၏။ ထိုကဲ့သို့အခြားတစ်ခုကိုလည်း ကျွန်ုပ်သတိထားမိကြောင်း၊ ကျွန်ုပ်က သူ့ကိုပြောပြ၏။ ၎င်းကသင်္ဘောအတွင်းသို့ ကျွန်ုပ်ပထမဦးဆုံးရောက်ရှိပြီး၊ သင်္ဘောသားများက ကျွန်ုပ်၏ဘေးတွင်ဝိုင်းရပ်နေကြသောအခါ၊ သူတို့က ကျွန်ုပ်တွေ့မြင်ခဲ့ရသမျှထဲတွင် ရွံရှာဘွယ်အကောင်းဆုံးသတ္တဝါကလေးများဖြစ်သည်ဟု ကျွန်ုပ်ထင်ခြင်းပင်ဖြစ်၏။ ထိုဘုရင်၏နိုင်ငံတွင် ကျွန်ုပ်ရှိနေစဉ်အတွင်း အမှန်ပင် ထိုမျှကြီးမားလှသောအရာဝတ္ထုများကို ကျွန်ုပ်၏မျက်စေ့ကအသားကျနေလွန်းရာ၊ ကျွန်ုပ်ကိုကျွန်ုပ်ပင်၊ မှန်ထဲ၌မည်သည့်အခါမျှ၊ ကျွန်ုပ်မကြည့်နိုင်ပါ။ အကြောင်းမူကား နှိုင်းယှဉ်ကြည့်လျှင်၊ ကျွန်ုပ်ကိုကျွန်ုပ်စိတ်နာကျည်းသောကြောင့်ဖြစ်၏။ ကျွန်ုပ်တို့ညစာစားနေကြစဉ်က ကျွန်ုပ်ကအရာရာတိုင်းကို အံ့ဩဟန်ဖြင့်ကြည့်နေသည်ကို သူမြင်ကြောင်း၊ အများနှင့်ရောနှော၍၊ ရယ်ရယ်မောမောကျွန်ုပ်ပြုလုပ်နိုင်ဟန် မတူကြောင်း၊ မာလိန်မှူးကပြော၏။ ၎င်းကအလွန်မှန်ကန်ကြောင်း ကျွန်ုပ်ကဖြေ၏။ ငါးပြားစေ့ခန့်အရွယ်အစားရှိသော သူ၏ပန်းကန် ပြားများ၊ တလုပ်စာခန့်ပင်မရှိသော ဝက်ပေါင်တစ်ချောင်း

နှင့် မြေပဲခွန်လောက်မကြီးသောခွက်တခုတို့ကို ကျွန်ုပ်တွေ့မြင်ရသောအခါ၊ ကျွန်ုပ်ဘာမှမပြောပဲနေသည်ကို အံ့ဩမိ၏။ ဤသို့ဖြင့် ကျွန်ုပ်က ဆက်လက်ပြောပြီး၊ သူ၏အိမ်ထောင်ပရိဘောဂများနှင့်အစား အသောက်များကိုထိုကဲ့သို့ပင်ဖော်ပြ၏။ ဘုရင်မ၏အမှုတော်ကို ကျွန်ုပ်ထမ်းဆောင်နေစဉ်က လိုအပ်သောပစ္စည်းကလေးများကို သူမက မှာကြားပေးခဲ့သော်လည်း၊ ကျွန်ုပ်၏ ကြံ့စည်စိတ်ကူးချက်များက ကျွန်ုပ်၏ဘေးပတ်ပတ်လည်၌ တွေ့မြင်ရသောအရာများတွင် လုံးဝနှစ်မြှုပ်နေပြီး၊ လူအများက သူတို့၏ချို့ယွင်းချက်ကို လစ်လျူရှုသကဲ့သို့ ကျွန်ုပ်ကလည်း ကျွန်ုပ်၏သေးကွေးမှုကို လစ်လျူရှုထား၏။ မာလိန်မှူးက ကျွန်ုပ်၏ကျီဆယ်ပြောစကားကိုအလွန်ကောင်းစွာနားလည်ပြီး၊ ကျွန်ုပ်၏မျက်လုံးများက၊ ကျွန်ုပ်၏ဝမ်းဗိုက်ထက်ပိုမို ကြီးမားမည်ဟု သူသံသယဖြစ်ကြောင်းကို အင်္ဂလိပ်စကားပုံဟောင်းတစ်ခုဖြင့် ရွှင်လန်းအားရစွာ တုန့်ပြန်ပြော၏။ အကြောင်းမူကား ကျွန်ုပ်တနေ့လုံး အစားမစားရသော်လည်း၊ ကျွန်ုပ်၏ဝမ်းဗိုက်အတွက် ဂရုမစိုက်ခဲ့သောကြောင့်ဖြစ်၏။ သူကရယ်ရယ်မောမောနှင့် ဆက်လက်ပြောရာတွင် သိမ်းငှက်၏နှုတ်သီးထဲမှ ကျွန်ုပ်၏သေတ္တာပုံးကို သူမြင်တွေ့ရပြီး၊ ထို့နောက်တွင် အလွန်မြင့်မားသောနေရာမှ ပင်လယ်ထဲသို့၎င်း၏ထိုးကျသွားပုံကို တွေ့မြင်ရလျှင်၊ ပိုက်ဆံပေါင် တစ်ရာကို ဝမ်းမြောက်ဝမ်းသာစွာဖြင့် သူပေးမည်ဖြစ်ကြောင်း သူကငြင်းခုန်ပြော၏။ ၎င်းကအလွန်



အံ့ဩဘွယ်ကောင်းသော အရာဖြစ် မည်မှာသေချာပြီး နောင်အနာဂါတ်ကာလအတွက်၊ ဖော်ပြထိုက်၏။

မာလိန်မှူးက 'တွန်ကွင်' သို့ ရောက်ပြီးသောအခါ၊ အင်္ဂလန်သို့အပြန်တွင် အရှေ့မြောက်ဘက်လတ္တီတွဒ် ၄၄ဒီဂရီနှင့်လောင်ဂျီတွဒ် ၁၄၃ဒီဂရီသို့ ဦးတည်သွား၏။ သို့သော် သူ၏သင်္ဘောပေါ်သို့ ကျွန်ုပ်ရောက်ပြီးနောက်နှစ်ရက်ကြာသောအခါ၊ အီကွေတာဘက်သို့ တိုက်ခိုက်နေသော လေဖြင့်တွေ့ကြုံရလျှက်၊ တောင်ဘက်ယွန်းယွန်းသို့ အချိန်ကြာရှည်စွာ ကျွန်ုပ်တို့ရွက်လွှင့်ကြပြီး၊ နယူးဟော်လန်တွင် ဆိုက်ကပ်လျှက်အနောက်တောင်ဘက်သို့ ကျွန်ုပ်တို့ခရီးဆက်ကြ၏။ ထို့နောက် တောင်ဘက်သို့ဆက်သွားရာ ဂွတ်ဟုတ်အငူကို ကျွန်ုပ်တို့ကွေ့ပတ်မိသည်အထိပင်ဖြစ်၏။ ကျွန်ုပ်တို့ရေလမ်းခရီးက အလွန်အဆင်ပြေလှ၏။ သို့သော် ၎င်းကိုအသေးစိတ်ပြောပြခြင်းဖြင့်၊ စာရှုသူကို ကျွန်ုပ်အနှောက်အယှက်မပေးချင်ပါ။ မာလိန်မှူးက ဆိပ်ကမ်းတစ်ခုတွင် ခေတ္တဆိုက်ကပ်ပြီး အစားအစာနှင့် သောက်ရေသန့်အတွက် သူ၏လှေကိုစေလွှတ်၏။ သို့သော် ဒေါင်းသို့ ကျွန်ုပ်တို့ရောက်လာသည်အထိ၊ သင်္ဘောထဲမှကျွန်ုပ်တစ်ခါမှမထွက်ပါ။ ကျွန်ုပ်လွတ်မြောက်လာပြီးနောက် (၉)လခန့်အကြာ၊ ဇွန်လ(၃)ရက်တွင် ဒေါင်းသို့ရောက်၏။ ကျွန်ုပ်၏သင်္ဘောခအတွက် ကျွန်ုပ်၏ပစ္စည်းများကို အပေါင်ထားခဲ့ရန် 'ကျွန်ုပ်ကကမ်းလှမ်း၏။ သို့သော် မာလိန်မှူးက သူ့ပိုက်ဆံတပြားတချပ်မှမယူကြောင်း ကန့်ကွက်

ပြော၏။ ကျွန်ုပ်တို့တစ်ဦးကိုတဦးလိုက်လှဲစွာ နှုတ်ဆက်ကြပြီး၊ ရက်ဒရစ်မှ ကျွန်ုပ်၏အိမ်ဆီသို့ သူ့ကိုလာရောက်လည်ပတ်မည့် အကြောင်း၊ ကျွန်ုပ်က ကတိတောင်း၏။ မြင်းတစ်ကောင်နှင့် လမ်းပြ တစ်ယောက်ကို ၅ရှီလင်နှင့်ကျွန်ုပ်ငှားရမ်း၏။ ထိုပိုက်ဆံကို မာလိန်မှူး ထံမှ ကျွန်ုပ်ချေးယူခဲ့၏။

အိမ်များ၊ သစ်ပင်များ၊ ကျွဲနွားများနှင့်လူများ၏သေးငယ်မှုကို ကြည့်ရှုရင်း၊ လမ်းပေါ်တွင် ကျွန်ုပ်ရှိနေစဉ်၊ လီလီပတ်၌ကျွန်ုပ်ရှိနေ သည်ဟု စဉ်းစားမိစပြုလာ၏။ ကျွန်ုပ်တွေ့ဆုံသမျှ ခရီးသည်ကို တက်နင်းမိမှာ ကျွန်ုပ်စိုးရိမ်မိပြီး၊ သူတို့ကိုလမ်းဖယ်ပေးရန် မကြာခဏ ကျွန်ုပ်အော်ဟစ်မိ၏။

ကျွန်ုပ်၏အိမ်သို့ကျွန်ုပ်ရောက်လာသောအခါ၊ (၎င်းကို ကျွန်ုပ် မေးမြန်းစုံစမ်းရသေး၏) အမှုထမ်းတစ်ယောက်က တံခါးကိုဖွင့်ပေး လျှင်၊ ကျွန်ုပ်၏ဦးခေါင်းကိုတိုက်မိမည်စိုးသဖြင့်၊ ကျွန်ုပ်ကခါးကိုင်း လျှက်ဝင်လာ၏။ ကျွန်ုပ်၏ဇနီးက ကျွန်ုပ်ကိုပြေးဖက်၏။ သို့သော် ကျွန်ုပ်၏ပါးစပ်ကိုသူမ မည်သည့်အခါမှမှီနိုင်မည်မဟုတ်ဟု ကျွန်ုပ် ကထင်လျှက် သူမ၏ဒူးခေါင်းထက်ပို၍နိမ့်စွာကိုယ်ကို ကွေးညွတ် မိ၏။ ကျွန်ုပ်၏သမီးက ကျွန်ုပ်၏ယုယမှုကိုရရှိရန်ဒူးထောက်လိုက်၏။ သို့သော် ကျွန်ုပ်၏ဦးခေါင်းနှင့်မျက်စေ့ကို ပေ ၆၀အထက်သို့ အမြဲ လှန်ထားသည့်အလေ့အကျင့်က ရှည်ကြာလွန်းသဖြင့် သူမ၏ခါးကို လှမ်းဖက်လိုက်၏။ အမှုထမ်းများနှင့် အိမ်ထဲတွင်ရှိသောမိတ်ဆွေ



တစ်ယောက်၊ နှစ်ယောက်တို့ကို သူတို့ကလူပုကလေးများဖြစ်ပြီး၊ ကျွန်ုပ်ကဧရာမလူကြီးတစ်ယောက်ဖြစ်နေသကဲ့သို့အလား၊ ကျွန်ုပ်ငုံ့ ကြည့်လိုက်၏။ ကျွန်ုပ်၏ဇနီးကသူမနှင့်သူမ၏သမီးကို အငတ်ထား နေသည်ဟု ကျွန်ုပ်တွေ့မြင်သောကြောင့် ကျွန်ုပ်၏ဇနီးကို သူမ အစားအသောက်ချွေတာလွန်းလှသည်ဟု ကျွန်ုပ်ကပြော၏။ တိုတို ပြောရလျှင် ကျွန်ုပ်ကအကျိုးအကြောင်းမဆီလျော်စွာပြုမူလွန်းသဖြင့်၊ မာလိန်မှူးက ကျွန်ုပ်ကိုပထမဦးဆုံး တွေ့မြင်သောအခါက တွေးထင် သကဲ့သို့၊ သူတို့ကလည်းထိုသို့တွေးထင်ကြပြီး၊ ကျွန်ုပ်ရူးသွပ်သွားပြီ ဟု ကောက်ချက်ချကြ၏။ အလေ့အကျင့်ဖြစ်ခြင်း၊ အမြင်မှားခြင်း တို့၏အင်အားက၊ မည်မျှကြီးမားလှပုံကို ၎င်းတို့ဖြင့် ကျွန်ုပ်ဥပမာ ဖော်ပြခြင်းဖြစ်၏။

မကြာခင်အချိန်အတွင်း ကျွန်ုပ်၊ ကျွန်ုပ်၏မိသားစုနှင့်မိတ်ဆွေ များကမှန်ကန်စွာနားလည်မှုရလာကြ၏။ သို့သော် ကျွန်ုပ်၏ဇနီးက ကျွန်ုပ်ကိုနောက်ထပ်ပင်လယ်ပြင်သို့ မည်သည့်အခါမှမသွားရန် တန့်ကွက်ပြောကြားသော်လည်း၊ ကျွန်ုပ်၏ကိုယ်စောင့်နတ်ဆိုးက ကျွန်ုပ်ကိုသူမ တားဆီးရန်အာဏာမရှိကြောင်းအမိန့်ထုတ်ထားသည့် အတိုင်း၊ ၎င်းကိုစာရှုသူနောက်ပိုင်း၌ သိရပေမည်။ လတ်တလောတွင် မူ ကံအကြောင်းမလှသော ကျွန်ုပ်၏ရေကြောင်းခရီး၊ ဒုတိယပိုင်းကို ဤနေရာ၌ ကျွန်ုပ်အဆုံးသတ်လိုက်၏။